စာပေဗိမာန်စာမူဆုရ

# လူငယ်အားမာန်နှင့် သားကောင်းရတနာ

ပြဇာတ်များ

တင်ထွန်းဦး (ယဉ်ကျေးမှု)



၂၀၀၉ခုနှစ်၊ စာပေဗိမာန် စာမူဆု
ပြဇာတ်စာပေ တတိယဆုရ

# လူငယ်အားမာန် နှင့် သားကောင်းရတနာ
# တစ်ခန်းရပ် ပြဇာတ်များ

**မောင်တင်ထွန်းဦး (ယဉ်ကျေးမှု)**

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်မွှေး (မွှေးငယ်ငယ်)
စာတည်း

မျက်နှာဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ- ၁၀၀၀

တန်ဖိုး ( ၈၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။
ဂျီတီစီပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## "ရည်ညွှန်းအမှာ"

စာရေးသူသည် စာပေဗိမာန်စာမူ (ပြဇာတ်)ဆုကို "**ရာမာယဏ**" ပြဇာတ်နှင့် "**တို့မြေ၊ တို့ရေ၊ တို့လေ**"ပြဇာတ်များဖြင့် ဆုများ ရရှိခဲ့ဖူးသည်။ ယင်းပြဇာတ်စာမူများကို စင်တင်ပြဇာတ်အဖြစ် ဖန်တီးပြီး ယဉ်ကျေးမှုဇာတ်အဖွဲ့ဖြင့် နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်များတွင် တင်ဆက်ကပြခဲ့ရာ များစွာအောင်မြင်ပြီး ပွဲကြည့်ပရိသတ်များအတွင်း မိမိလိုချင်သည့် ရည်ရွယ်ချက်ကို ထိထိမိမိပေးသွင်းနိုင်ခဲ့သည်ကို တွေ့ရသည်။

ယခုအခါတွင် နိုင်ငံတော်ကလည်း ရည်ရွယ်ချက်ပြည့်ဝပြီး အဓိပ္ပာယ်ရှိသော သန္ဓေမှန်အဆင့်မြင့်ပြဇာတ်များ ပျောက်ကွယ်သွားမည်စိုးသည့်အတွက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲမှစ၍ ပြဇာတ်ပြိုင်ပွဲကို ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်မှာ (၃)ကြိမ်တိတိ ရှိသွားပြီဖြစ်သည်။ ပြိုင်သူလူထုကို ပညာပေး၊ အသိပေး၊ သင်္ခန်းစာပေးရသည်မှာ စာပေထက် စင်တင်ကပြခြင်းက ပိုမိုထိရောက်သည့်အလျောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြိုဂုဏ်ပြုအစီအစဉ် အဖြစ် စာရေးသူသည် အမျိုးသားစာပေဆုရ "**ရွှေအမွေ**"ပြဇာတ်ကို "**မေတ္တာရွှေစောင်း အမွေကောင်း**"ဟူသောအမည်ဖြင့် အမျိုးသား ဇာတ်ရုံတွင် (၅)ရက်တိတိ စင်တင်ကပြခဲ့ရာ လွန်စွာမှ အောင်မြင်ခဲ့သည် ကို တွေ့ရသည်။

ယခုလည်း စာရေးသူသည် ဖော်ပြပါ စာမူများတွင် စင်တင် ပြဇာတ် ရေးလိုသူများ၊ ပြဇာတ်ဒါရိုက်တာလုပ်၍ ဇာတ်စီးလိုသူများ၊ ပြဇာတ်ပညာရပ်ကို စိတ်ပါဝင်စားသူများနှင့် ဗဟုသုတရှာမှီးလိုသူများ အတွက် ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းဖြစ်သော်လည်း ဇာတ်ထုတ်တိုင်း၌ လေးနက်သော ဦးတည်ချက်ဖြင့် ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်တွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများ ပပျောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံ၍ တုမှီးစရာ သင်္ခန်းစာပေး ပြဇာတ်များအဖြစ် ဇာတ်ရှိန်အတက်အကျမှန်ကန်စွာ ရေးသားလိုက်ရခြင်းဖြစ်သည်။

တင်ထွန်းဦး (ယဉ်ကျေးမှု)

# “လူငယ်အားမာန်”ပြဇာတ်

## (ပါဝင်သူများ)

| | | |
|---|---|---|
| ၁။ | မာလု | (ရှမ်းပြည်နယ် လွတ်မြောက်ရေး တပ်ဗိုလ်) SURA |
| ၂။ | ဒီဃ | မာလု၏တပည့် |
| ၃။ | ပြဿဒါး | မာလု၏တပည့် |
| ၄။ | ဦးမှိုင်းညို | SURA ရုံးအဖွဲ့မှူး |
| ၅။ | ဦးအောင်ခိုင် | ကျောင်းအုပ်ဆရာကြီး |
| ၆။ | နီလာ | ဦးအောင်ခိုင်၏ သမီး၊ မာလု၏ ချစ်သူ |
| ၇။ | နန်းမို့မို့ကြည် | နီလာ၏ သူငယ်ချင်း |
| ၈။ | ဒေါ်နန်းသီ | ကျေးလက်ကျန်းမာရေးဆရာမကြီး |
| ၉။ | စိုင်းခွန်အောင် | ရ. ယ. က ဥက္ကဋ္ဌ |
| ၁၀။ | ထွန်းဇော် | ဘိန်းကုန်သည် |
| ၁၁။ | စိုင်းရွှေလွန်း | ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး |
| ၁၂။ | ဗိုလ်မှူးကျော်စွာ | |
| ၁၃။ | တပ်မတော်သားများ | |
| ၁၄။ | ပြည်ခိုင်ဖြိုးအဖွဲ့သားများ | |
| ၁၅။ | အခြားဇာတ်ပို့၊ ဇာတ်ရန်များ | |

## အခန်း (၁)

**နေရာ** — တောလမ်း (တောစိမ်းကား)။

**အချိန်** — နေ့။

**ပါဝင်သူများ** — (၁) ပြဿဒါး
(၂) ထွန်းဇော်

**အခမ်းအနား** — တောစိမ်းကား၏ ရှေ့တန်းတွင် သစ်ငုတ်တို တစ်ခု ထားရှိရမည်။ (စတုတ္ထတိုင်ဖုံးတွင် ထားရမည်။)

**ဇာတ်ညွှန်း** — "ပြဿဒါး" သည် ကွန်မင်ဒိုအင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ပြီး တောဆောင်းဦးထုပ်ကို ဆောင်း၍ သစ်ငုတ်တိုပေါ်သို့ ခြေတစ်ဖက်တင်ထားရမည်။ လက်ထဲမှ သေနတ်ကို အသင့်ပြင်ထားပြီး စီးကရက်တစ်လိပ်ဖွာ၍ လူသွားလူလာကို အကဲခတ်ရင်း ကင်းစောင့်နေရမည်။

"ထွန်းဇော်"သည် ဘောင်းဘီရှည်နှင့် ဂျက်ကင်အင်္ကျီကို ဝတ်ပြီး နေကာမျက်မှန်တပ်၍ လက်ကိုင်အိတ်ကြီးတစ်လုံးကို ဆွဲပြီး တောလမ်းအတိုင်း လာရမည်။ ပြဿဒါးကို





မမြင်ဘဲ ဆက်လျှောက်သွားစဉ် ပြဿဒါး၏ မေးခွန်းများကို ဖြေပြီး ပြဿဒါးခေါ်ရာသို့ လိုက်သွားစေ။

### (မီးဖွင့်)

**ပြဿဒါး** — လျှောက်လှမ်းနေတဲ့ မင်းရဲ့ခြေလှမ်းတွေကို ရပ်တံ့လိုက်စမ်းပါ ကိုယ့်လူ၊ ဒီနေရာမျိုးမှာ ပြေးလမ်းတစ်ရာ၊ ပိုက်ကတစ်ရာရှိမယ်ဆိုတာ သဘောပေါက်။

**ထွန်းဇော်** — အာဏာကလည်း ပြင်းလှချည်လားဗျာ၊ လေသံကတော့ ဇဝရတ်တောင်ထိပ်ကပဲ၊ လူကြည့်တော့ မုဆိုးနောက်လိုက်၊ ဓားသွေးခွေးခေါ်၊ လေချွန်အဆင့်။

**ပြဿဒါး** — သုံးလက်မရှိတဲ့ လျှာတစ်ချောင်းဟာ၊ ခြောက်ပေရှိတဲ့ လူတစ်ယောက်ကို သေစေနိုင်တယ်နော်၊ ကျည်ဆံမှာ ရှောင်ကွင်းသွားနိုင်တဲ့ ဦးနှောက်မရှိဘူး။ ဟောဒီဝန်းကျင်မှာ ကျားချည်းပဲ၊ နွားတစ်ကောင်မှ မပါဘူး။ မင်းကို ငါမေးမယ်၊ ကောင်းကောင်းဖြေ။

**ထွန်းဇော်** — အေးလေ၊ အမေးရှိတော့လည်း အဖြေရှိရမှာပေါ့ဗျာ၊ ကဲ မေး၊ ဘာသိချင်လဲ။

**ပြဿဒါး** — ခင်ဗျား ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ၊ ဘာကိစ္စလဲ။

**ထွန်းဇော်** အားပါး . . . မဂ္ဂဇင်းအင်တာဗျူးပါလား . . . ။ ကျုပ်နာမည် ထွန်းဇော်၊ သွားနေတာက ဆူရာ၊ တွေ့ချင်တာက ဗိုလ်ကြီးမာလု၊ ကိစ္စက အဖြူ။

**ပြသဒါး** အော်. . . ခင်ဗျားက ဒ့ါကြောင့် အကြောတင်းနိုင်တာကိုး၊ ကဲ. . . တစ်လှေထဲစီး၊ တစ်ခရီးတည်းသွား ဖြစ်သွားပြီ။

**ထွန်းဇော်** တစ်လှေတည်းစီးဆိုပေမယ့် စီးတဲ့လှေက တိုက်တန်းနစ်မဖြစ်ဖို့ လိုတယ်နော်. . .

**ပြသဒါး** ညောင်သီးစားမှတော့ မြွားသံလည်း နားစွင့်ထားရမှာပေါ့၊ လာပါ ကိုဧည့်သည်ရယ်။

**(မီးပိတ်)**

## အခန်း (၂)

**နေရာ** တောတွင်းစခန်းတစ်နေရာ (တောင်ခြေ)။

**အချိန်** ညနေ။

**ပါဝင်သူများ** (၁) ဗိုလ်ကြီးမာလု
(၂) ဒီဃ
(၃) ပြသဒါး
(၄) ထွန်းဇော်
(၅) မာလု၏တပည့် (၁)

**အခမ်းအနား** တစ်ဖက်ရပ် အင်ဖက်တဲရှေ့တွင် ဝါးစားပွဲနှင့် ဝါးတန်းလျားထိုင်ခုံ ထားရှိရမည်။ တစ်နေရာတွင် မီးဖိုပေါ်၌ သားကောင်အသားကင်များ သင့်သလို ထားရမည်။

**ဇာတ်ညွှန်း** မာလုသည် စားပွဲပေါ်တွင်ရှိသည့် စားသောက်ဖွယ်ရာများကို ကြည့်ရှုစစ်ဆေးနေစဉ် ပြသဒါးနှင့် ထွန်းဇော် ဝင်လာရမည်။ မာလုနှင့်ထွန်းဇော် ဘိန်းဖြူအရောင်းအဝယ် ကိစ္စပြောပြီး အရက်များသောက်ကြစေ။

## (မီးဖွင့်)

**ပြဿဒါး** ညှော့သည်ပါလာတယ် ဗိုလ်ကြီး၊ ဦးထွန်းဇော်တဲ့။

**မာလု** (လက်ဆွဲနှုတ်ဆက်) တွေ့ရ၊ သိရတာ ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျား အဖြူကိစ္စလာမယ်ဆိုတာ ကြိုတင်သိထားပါတယ်။ (အတွင်းဘက်လှည့်၍) ဒီယ. . . အမြည်း တွေယူခဲ့ကွာ၊ ကဲ. . . ကိုထွန်းဇော် သောက်ဗျာ၊ သောက်ရင်း အရောင်းအဝယ်ကိစ္စ ပြောကြတာပေါ့။

**ထွန်းဇော်** ယမကာတွေကလည်း စုံလှချည်လားဗျာ၊ ဖောရိန်းမိတ်တွေချည်းပဲ၊ ကျွန်တော်က ဒီလောက်ခေါင်တဲ့နေရာမှာ ရမ်တောင် ရှိပ့ါမလားလို့ တွက်နေတာ။

**မာလု** ဒါတွေကလည်း အထက်ခေါင်းဆောင်တွေရဲ့ အကျပါ၊ စားတော်ကျ ခေါ်မလား၊ အောက်ပွဲ ခေါ်မလားဘဲ။ ကျုပ်တို့အဖွဲ့ရဲ့ အဓိက အလုပ်ကတော့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ရေးပဲ၊ လူကြီးတွေရဲ့ ပေါ်လစီလေ၊ ကိုထွန်းဇော်သိတယ်နော်။

**ထွန်းဇော်** ဟုတ်ကဲ့ သိပါတယ်၊ ဒါပေမယ့် ဟို. . .



**မာလု** ကျုပ်ဆက်ပြောမယ်ဗျာ၊ ရှမ်းပြည်နယ်လွတ်လပ်ရေးဆိုတဲ့ ကိစ္စမဟုတ်လား။ ဒါက ရှင်းပါတယ်ဗျာ၊ ဒီလိုကင်ပွန်းတပ်ထားမှလဲ ပြည်ပအုပ်စုတွေ၊ မီဒီယာတွေက ကျုပ်တို့ကို အထောက်အပံ့ ပေးမှာပေ့ါ။ အမှန်ကတော့ မသာရုပ်ကို ပုဝါအုပ်ပြီး ကြော်ငြာအားနဲ့ ကျားကန်ထားတဲ့ သဘောပေ့ါ။

**ထွန်းဇော်** ဗိုလ်ကြီးပြောလိုက်တော့လည်း လယ်ပြင်မှာ ဆင်သွားသလိုပါလား၊ ဗိုလ်ကြီးမာလိုတို့က (SURA)နော်။

**မာလု** ရက်စ်၊ ဟုတ်တယ်။ နယ်စပ်မှာတော့ အရင်က (SURA)ဆိုပြီး လှုပ်ရှားလာခဲ့တာ၊ အခုနောက်ပိုင်းမှာတော့ (SSA-S)လို့ အမည်ခံထားတယ်။ အို. . . ဘယ်လိုပဲ အမည်နာမတွေပြောင်းပြောင်း လူကတော့ ဒီလူတွေပဲလေ၊ လမ်းစဉ်ကလည်း ဒီလမ်းစဉ်ပဲဗျ။

**ထွန်းဇော်** ကြိုက်တယ်ဗျာ၊ လင်သာပြောင်း ကုတင်မပြောင်းပေ့ါ ဟား ဟား ဟား။ အမည်နာမတွေ ဘယ်လိုပြောင်းပြောင်း မူဝါဒက မပြောင်းတာကိုက ကျွန်တော့်အတွက် တအားပါ။ အရင်တုန်းကတော့ ဗိုလ်ကြီးစိုင်းထွန်းနဲ့ အဆက်အသွယ်ယူပြီး အရောင်းအဝယ်

လုပ်တယ်၊ နောက်တော့ သူအဖမ်းခံလိုက်ရတာနဲ့ ကျွန်တော်လည်း ဒီလုပ်ငန်းကို အဆက်အသွယ်ပြတ်သွားတယ် ဆိုပါတော့ဗျာ။ အခုမှ ခြေရာခံလိုက်ရင်း ဗိုလ်ကြီးနဲ့ ဆက်မိတာပါ။ ဒါနဲ့ ဗိုလ်ကြီးက ဒီအဖွဲ့ထဲ ရောက်တာကြာပြီလား၊ စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ ရေရှည်ဆက်ဆံရမဲ့သူတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိရအောင် မေးတာပါ။

**မာလု** ကိုယ်ရေးရာဇဝင်ဆိုတာ. . . တွေ့တွေ့ချင်း မေးသင့်တာမျိုး မဟုတ်ဘူးဗျ။ တစ်ယောက်နဲ့ တစ်ယောက် အူမချေးခါးမကျန် သိတဲ့အချိန်မျိုး ရောက်လာမှာပါလေ. . . အကျဉ်းချုပ်မှတ်ထားချင်ရင်တော့ ဗိုလ်ကြီးမာလု၊ မိဘမရှိ၊ အိမ်ထောင်မရှိ။

**ထွန်းဇော်** ဆောရီးနော် ဗိုလ်ကြီး၊ ကျွန်တော်ဆန္ဒ စောသွားပါတယ်၊ ဒါနဲ့. . . အထက်လူကြီးတွေကတော့ ဗိုလ်ကြီးကို အားကိုးပုံရတယ်နော်။

**မာလု** အားကိုးရမှာပေါ့ဗျာ၊ တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေတဲ့ ငန်းပဲ. . .။ သူတို့လိုတဲ့ငွေကို ကျွန်တော်က ရှာပေးနေတာကိုး။



**ထွန်းဇော်** ဟုတ်ပါတယ်လေ၊ ဗိုလ်ကြီးက အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆိုတော့လည်း ယုံကြည်ကြမှာပေါ့။ ကဲ. . . အရောင်းအဝယ်ကိစ္စလေး စကြရအောင်လေ. . .။

**မာလု** ရပါတယ် ကိုထွန်းဇော်၊ ဈေးက အကြောင်းမဟုတ်ပါဘူး။ ပေါက်ဈေးလည်း ခင်ဗျားသိပြီးသားပါ။ တစ်ခုပဲ ပြောချင်တယ်၊ အဲဒါကတော့ “ကတိသစ္စာ” ဘဲ။ ဒါကလည်း လူသားတိုင်း သုံးကြတဲ့စကားပါ၊ လူဟာ ကတိသစ္စာမရှိရင် အလကားပဲဗျ။

**ထွန်းဇော်** စိတ်ချပါ ဗိုလ်ကြီးရယ်။ ကျွန်တော်အကြောင်းလည်း စုံစမ်းနိုင်ပါတယ်။ ကျွန်တော်အသက်ရှည်ရှည် နေချင်ပါသေးတယ်။ ဒီတောထဲမှာ ကျွန်တော့်ကို လွမ်းသူ့ပန်းခွေပို့မယ့်သူ မရှိပါဘူး။ ဆိုးရွားတဲ့အနာဂတ်ကို လက်ပေးပြီး မတွေ့ရဲပါဘူးဗျာ၊ ဟား ဟား ဟား။

**မာလု** ကောင်းပြီလေ၊ ကျုပ်ကလည်း ပေါင်းတတ်ရင် အရိုးတောင်မပစ်ရတဲ့ ငါးသလောက်ပါ၊ ဝါယာကြိုးဆိုတာ မှန်မှန်ကန်ကန်ဆက်ရင် ဘယ်လောက်ရှုပ်ရှုပ် No Problem၊ မမှန်ရင်

တော့ နှစ်ပင်တည်းလည်း ရှောခ်ဖြစ်လောင်ကျွမ်းမှာပဲ. . .။ ခင်ဗျားပါလာတဲ့ ငွေနဲ့ညီမျှတဲ့ ပစ္စည်းကို ပေးလိုက်မယ်။ (တစ်ဖက်သို့လှည့်၍) ဒီဃ၊ ပစ္စည်းထုတ်တွေယူပြီး ကိုထွန်းဇော်ကို ပြလိုက်. . .။
(ဒီဃသည် ဘိန်းဖြူထုပ်များယူလာပြီး ကိုထွန်းဇော်ရှေ့တွင် ဖွင့်ပြ။ ကိုထွန်းဇော် ပစ္စည်းတစ်ထုပ်ကို စမ်းသပ်ပြီး)

**ထွန်းဇော်** ကြိုက်တယ် ဗိုလ်ကြီးရေ၊ ဟောဒီ ဆုကေ့စ်ထဲက ငွေတွေသာ ယူလိုက်တော့။
(မာလုနှင့်ထွန်းဇော် မတ်တပ်ရပ်ပြီး လက်ဝါးချင်းရိုက်)
မင်္ဂလာပါဗျာ. . . မင်္ဂလာပါ။

**(မီးပိတ်)**

## အခန်း (၃)

**နေရာ** ပျဉ်အိမ်ဧည့်ခန်း။
**အချိန်** နံနက်။
**ပါဝင်သူများ** (၁) ဦးအောင်ခိုင်
(၂) နီလာ
(၃) ဒေါ်နန်းသီ
(၄) စိုင်းခွန်အောင်
**အခမ်းအနား** ပျဉ်အိမ်ကား၏ရှေ့တွင် သစ်သားဆက်တီကုလားထိုင်တစ်စုံ ထားရှိရမည်။ ခပ်လှမ်းလှမ်းတွင် သောက်ရေအိုးစင်တစ်ခု ထားရမည်။
**ဇာတ်ညွှန်း** ဧည့်ခန်းထဲတွင် ဦးအောင်ခိုင်၊ နီလာနှင့် ဒေါ်နန်းသီတို့ ထိုင်နေကြစဉ် ရယကဉက္ကဋ္ဌ စိုင်းခွန်အောင်ဝင်လာပြီး တပ်မဟာမှူး ဦးမိန်စင်နှင့် အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ကြမည့်အကြောင်းများ ပြောကြစေ။

**ဦးအောင်ခိုင်** (တစ်ဘက်သို့ လှမ်းကြည့်ပြီး) ဟော မင်္ဂလာပါဗျာ. . . မင်္ဂလာပါ. . . ဥက္ကဋ္ဌကြီး ထိုင်ဗျာ၊ ရေနွေးကြမ်း သောက်အုံး။

**စိုင်းခွန်အောင်** ဟုတ်တယ် ဆရာကြီးရေ၊ မင်္ဂလာသတင်းပြောချင်လို့ (တစ်ဘက်လှည့်ပြီး) ဟောဒီကဆရာမကြီးဆေးခန်းဘက်ကိုတောင် ဝင်လာပါသေးတယ်၊ ကျောင်းအုပ်ဆရာကြီးအိမ်သွားတယ်ဆိုလို့ လိုက်လာခဲ့တာ။

**ဒေါ်နန်းသီ** ပြောစမ်းပါအုံး ဥက္ကဋ္ဌကြီးရဲ့ ဘယ်လိုမင်္ဂလာသတင်းပါလဲ။

**စိုင်းခွန်အောင်** ဒီလိုပါဗျာ၊ မကြာခင်မှာ SSA-S အဖွဲ့ထဲကဒုစစ်ဦးစီးချုပ် တပ်မဟာမှူး ဦးမိန်စင်နဲ့ အဖွဲ့ (၈၄၈) ဦးဟာ လက်နက်ခဲယမ်းတွေနဲ့အတူ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြမယ်တဲ့။ အဲဒီအခမ်းအနားကို သံတမန်တွေနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာတွေလည်း တက်ရောက်ကြမယ်။ အဲဒါကြောင့် ကျွန်တော်တို့ တစ်ရွာလုံးက ကြိုဆိုရေးမှာပါဝင်ကြဖို့ လာပြောတာဗျာ။

**ဦးအောင်ခိုင်** ဟာ. . . ဝမ်းသာစရာပါပဲဗျာ၊ သူတို့တစ်တွေဟာ ကျဉ်းမြောင်းတဲ့ အတွေးအခေါ်နဲ့ လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ပြီး နိုင်ငံ



တော်ကို ဆန့်ကျင်ခဲ့တဲ့ ဆိုးသွမ်းသူတွေပဲ။ အခုတော့ နိုင်ငံတော်ရဲ့ အကျိုးပြုလုပ်ငန်းတွေကို နားလည်သဘောပေါက်လာကြလို့ ဥပဒေဘောင်အတွင်း ဝင်ကြမှာကိုး. . .။ ကျွန်တော်တို့ကလည်း ကြိုဆိုရမှာပေါ့ဗျာ။

**ဒေါ်နန်းသီ** ဥက္ကဋ္ဌကြီးရဲ့ မင်္ဂလာသတင်းကြားရတာ ဝမ်းသာလိုက်တာရှင်။ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ သွေးခွဲအုပ်ချုပ်မှုကြောင့် ကျွန်မတို့ရှမ်းပြည်နယ်အတွင်း ညီအစ်ကိုအချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုတွေ လုပ်နေတာဟာ ကျွန်မတို့မမွေးခင်ကတည်းကပါ။ ဒေသခံတွေဟာ မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲ၊ ပြေးရင်းလွှားရင်းနဲ့ ကျီးလန့်စာစားနေကြရတဲ့ ဒုက္ခတွေကနေပြီး ငြိမ်းချမ်းရေးနေမင်းကြီးရဲ့ အလင်းရောင်အောက်မှာ နေကြရတော့မှာဆိုတော့ အတိုင်းထက် အလွန်ပါပဲရှင်။

**နီလာ** ဥက္ကဋ္ဌကြီး၊ အဲဒီအခမ်းအနားကို သမီးတို့လူငယ်တွေရော လိုက်လို့ရသလား။

**စိုင်းခွန်အောင်** လိုက်ရမှာပေါ့ သမီးရယ်။ မေတ္တာနဲ့ဖွဲ့စည်းရင် လောကဟာ သိပ်သည်းလှပပြီး နေမင်းလို ထွန်းလင်း၊ လမင်းလို အေးမြ၊ နှစ်လုံး

သားလို နူးညံ့တယ်လေ။ သမီးတို့လူငယ်တွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ကို အဲဒီပွဲမှာ ပြကြရမှာ။

**နီလာ** ဒီလိုဆိုလည်း ကျွန်မတို့ အမျိုးသမီးလူငယ်ထုက သပြေပန်းနဲ့ လက်ကမ်းကြိုဖို့ ကျွန်မ တာဝန်ယူပါတယ် ဥက္ကဋ္ဌကြီး။

**ဦးအောင်ခိုင်** လိမ္မာလိုက်တဲ့ သမီးရယ်. . .။

**အများ** လက်ခုပ်တီး။

**(မီးပိတ်)**

## အခန်း (၄)

**နေရာ** တောတွင်းစခန်းတစ်နေရာ (တောင်ခြေ) (အခန်း ၂ အတိုင်း)။

**အချိန်** ညနေစောင်း။

**ပါဝင်သူများ**
(၁) မာလု
(၂) ပြဿဒါး
(၃) ဒီဃ
(၄) မာလုတပည့် (၁)ယောက်
(၅) ဦးမှိုင်းညို

**အခမ်းအနား** အခန်း(၂)အတိုင်း ပြင်ဆင်ထားရန် (မီးဖိုမပါ)

**ဇာတ်ညွှန်း** မာလုသည် သတင်းစာဖတ်ရင်း ဒေါသဖြစ်ပြီး မကျေနပ်ချက်များကို ပြောရမည်။ စခန်းသို့ ရောက်လာသော ဦးမှိုင်းညိုအား စစ်ဆေးပြီး တပည့်များအားမှာ၍ ခရီးထွက်စေ။

**မာလု** (ဝါးခုံတန်းလျားတွင် သတင်းစာဖတ်ရင်း ဒေါသဖြင့် ထရပ်၍) တောက်. . .၊ မိုက်ရိုင်းလိုက်တာကွာ၊ အချောင်သမားတွေ။ ဗဟိုဆုံမှတ်နဲ့ သွေဖီတဲ့၊ သဏ္ဍာန်မဲ့၊ ဦးတည်ချက်သမားတွေ။

**ဒီဃ** ဘာသတင်းတွေများ ပါလာလို့ လောင်မီးဒေါသ၊ ဟုန်းဟုန်းထနေရတာလဲ အာစရိရဲ့။

**မာလု** ဘာသတင်းပါရမလဲကွာ။ ဦးမိန်စင်တို့အဖွဲ့ ဥပဒေဘောင်ထဲ ဝင်တာကို ထောက်ခံကြသတဲ့ကွာ၊ ဘာမှ စဉ်းစားဉာဏ်မရှိဘူး။ အသွေးအရောင်မရှိ ကာလာမရှိတဲ့ သာပေါင်းညာစားတွေ။

**ပြသဒါး** အာစရိကလဲဗျာ. . .၊ ဒီကိစ္စအတွက် ပေါက်ကွဲစရာ မလိုပါဘူး။ ကိုယ်နဲ့လည်း မဆိုင်ဘူး၊ ကျွန်တော်တို့ အဓိကအလုပ်က ဘိန်းလုပ်ငန်း မဟုတ်လား ဆရာသမားရဲ့၊ ကုန်ကြမ်းအပြည့်အဝရယ်၊ ဝယ်လက်ကောင်းကောင်းတွေ့မယ်ဆိုရင် ပွဲသိမ်းပြီပဲ။ အေးဆေးပဲပေါ့ဗျာ။ ဖိမ်နဲ့ ပစ္စည်းထိုင်ရောင်းနေရင် ပြီးတာဘဲ။

**မာလု** မင်းက ဒါလောက်ပဲ တွေးတာကိုး၊ မိတ်ဆွေဟာ. . . ရန်သူဖြစ်သွားရင် ကြောက်စရာအကောင်းဆုံးပဲ။ မင်းတို့အားလုံး သတိနဲ့နေကြပါ။ အကင်းပါးရမယ်၊ ခြေရာဖျောက်နိုင်ရမယ်။ မင်းပထွေးစစ်တပ်က သိပ်လျင်တာ၊ ငါတို့ဘိန်းစခန်းမိသွားတာကိုပဲ ကြည့်လေ။ ကိုယ်လွတ်ထွက်ပြေးရလို့ ဆုံးရှုံးခဲ့ရတာတွေလည်း မနည်းဘူး။ အထက်ကလည်း ဆော်လှုပြီကွ၊ ဒီတော့ လောလောဆယ် ချို့ယွင်းချက်တွေ မှိုလိုမပေါက်အောင် ဂရုစိုက်။

**ဒီဃ** ဆရာစဉ်းစားရမယ့်ကိစ္စက ဌာနချုပ်က ပို့လိုက်တဲ့ ဦးမှိုင်းညိုဆိုတဲ့ အဘိုးကြီးပဲ၊ အသက်က ဂိန်းဘောရောက်နေပြီ၊ ဘယ်နေရာမှာ သုံးရမလဲ။ (အတွင်းဘက်သို့ လှည့်၍) ဟေ့ ရဲဘော်. . . အဖိုးကြီးကို လွှတ်လိုက်စမ်း။ (ဦးမှိုင်းညို ထွက်လာစေ)

**မာလု** (သေသေချာချာ အကဲခတ်ပြီး) အဘနာမည်

**ဦးမှိုင်းညို** ဦးမှိုင်းညို။

**မာလု** အသက်။

**ဦးမှိုင်းညို** ခြောက်ဆယ်။

**မာလု** အဘက ဘာဖြစ်လို့ ဒီအဖွဲ့ကို ရောက်လာတာလဲ။

**ဦးမှိုင်းညို** ဒီအဖွဲ့ရဲ့ လမ်းစဉ်နဲ့ မူဝါဒကို ကြိုက်လို့ပါ။

**မာလု** ကျွန်တော်တို့ဘဝက အီတလီပိုးသားပေါ်က ပန်းခင်းလမ်းမဟုတ်ဘူး။ ကြမ်းတမ်းတယ်ဆိုတာရော သိရဲ့လား။

**ဦးမှိုင်းညို** သိပါတယ် ဗိုလ်ကြီး။

**မာလု** သစ္စာရော ရှိရဲ့လား။

**ဦးမှိုင်းညို** အဘကို စိတ်ချပါ။ လုံးဝသစ္စာ မဖောက်ဘူး။ ချွေးသီးချွေးပေါက်၊ သွေးသီးသွေးပေါက် ကျအောင် တာဝန်ထမ်းမှာပါ. . . ။

**မာလု** ကောင်းပြီလေ. . . (တစ်ဘက်သို့လှည့်၍) ဒီယ. . . ဒီအဘကို ငါ့နားမှာထား၊ တို့လုပ်ငန်းရဲ့ ရုံးအဖွဲ့မှူးပေါ့ကွာ၊ အဘ ကြားတယ်နော်။

**ဦးမှိုင်းညို** ဝမ်းသာလိုက်တာ ဗိုလ်ကြီးရယ်. . .၊ အဘ ရည်မှန်းချက်ပြည့်ပြီ။

**မာလု** အဘက ဘာတွေရည်မှန်းလာလို့လဲ။

**ဦးမှိုင်းညို** အဘက ဟောဒီဗိုလ်ကြီးလို အရည်အချင်း ရှိတဲ့သူနဲ့ တွဲပြီး ပြည်နယ်လွတ်မြောက်ရေး အတွက် တိုက်ပွဲဝင်ချင်လို့ပါ။

**မာလု** ကောင်းပါပြီ။ ကျွန်တော်ကလည်း ကြိုဆိုပါတယ်။ (တဘက်သို့လှည့်၍) ပြဿဒါး. . ကိုထွန်းဇော်တစ်ယောက် ဘယ်တော့ပြန်လာအုံးမယ်လို့ ချိန်းသွားသလဲ။

**ပြဿဒါး** သူပြန်ဆက်သွယ်မယ်တဲ့ ဆရာ၊ တစ်ဘက်နိုင်ငံထဲ ရောက်အောင်သွားမယ်လို့ ပြောသွားတာပဲ။ သူက သိပ်လည်တယ်။ ဘိန်းဖြူ



တစ်မျိုးတည်း မဟုတ်ဘူး။ ရှေးဟောင်းလည်း ကိုင်တယ်တဲ့၊ ပြန်လာမှာပါ အာစရိရယ်။

**မာလု** ကောင်းပြီလေ. . .၊ ဒီလိုဆို ငါလည်း (၁၀) ရက်လောက် ခရီးထွက်လိုက်အုံးမယ်။ မင်းတို့တစ်တွေ စခန်းကို သေသေချာချာ ကြည့်ထား၊ ငါ့နောက် လိုက်မလာကြနဲ့၊ စစ်ကြောင်းနဲ့တိုးသွားလို့ ခံသွားရမယ်။ အဘက ကျွန်တော့်စခန်းရဲ့ လုပ်ငန်းတွေကို လေ့လာပြီး စာရင်းဇယား စလုပ်တော့။ ငါ စိတ်ချမယ်နော် ဒီယ၊ အပြန်ကျရင် ဘိန်းချက်စခန်းကို တန်းပြီးလာမယ်၊ ဟိုက စောင့်ကြ။

**ဒီယ** အာစရိက ချစ်ချစ်ကလေးနဲ့ သွားတွေ့မလို့လား။ တစ်ခါတည်း နားဖောက်ခဲ့ပေါ့ဗျာ။ ကျွန်တော်လည်း ဝင်လို့ထွက်လို့ရအောင်။

**မာလု** ခုချိန်မှာတော့ အိပ်မက်ထဲမှာ အိပ်ပျော်နေတဲ့အဆင့်ပဲဟေ့၊ အဲ. . . မြားနတ်မောင် မျှားသံပေးရင်တော့ 'ကောင်းချင်းခု သည်ချိန်ခါ' ဆိုတဲ့ သီချင်းသံ ကြားရမှာပေါ့ကွာ။

**(မီးပိတ်)**

# အခန်း (၅)

**နေရာ** — လက်ဖက်ခင်း (မှန်ပန်းချီ)(သို့မဟုတ်)။ တောင်ပန်းချီကား။

**အချိန်** — နံနက်။

**ပါဝင်သူများ** — (၁) နီလာ
(၂) နန်းမို့မို့ကြည်
(၃) ရှမ်းပျိုဖြူ လက်ဖက်ခူးသူ (၈)ယောက်

**ဇာတ်ညွှန်း** — နီလာဦးဆောင်သူ လက်ဖက်ခူးသူ (၈) ယောက်သည် ပလိုင်းများလွယ်၍ သီချင်း သီဆိုရင်း လက်ဖက်ခူးကြသည်။ သီချင်း အပြီးတွင် မာလု ရောက်လာပြီး နီလာနှင့် တွေ့ကြစေ။

## (မီးဖွင့်)

**သီချင်း** — ××××× လာလာလေ၊ သူငယ်ချင်းရေ၊ သွားကြမယ်ဟေ့၊ တောင်ယာမြေ၊ မြင်မြင်ရာ ပသာဒတွေ စိမ်းစိုတင့်မောနေ၊ တောင်ပြာတွေ ရစ်ဆိုင်းနေ မြူဆိုင်းမှိုင်းမှုန်လို့ဝေ ×××





ပျော်ရွှင်စွာ ယာထဲမှာ မမောပန်းနိုင်ဘဲ တစ်နေကုန်နေ၊ သည်အချိန်ခါ တို့ရိုးရာ၊ ဓလေ့ဘာသာအလိုက်လေ၊ တောင်ပေါ်သူ ပျိုအလှတွေ လက်ဖက်ခူးထွက်ခဲ့ပါပေါ့လေ ×××××××(နောင်ညီဖော် သဟာဆွေရင်း၊ သားချင်းတွေ တူယှဉ်လက်တွဲနေ၊ အစဉ်အလာပိုင်ဆိုင်လာတဲ့ တို့ရဲ့မြေ တို့အလွန် မြတ်နိုးပေ)[၂] ပျော်ရွှင်စွာ ယာထဲမှာ မမောပန်းနိုင်ဘဲ တစ်နေကုန်နေ သည်အချိန်ခါ တို့ရိုးရာ၊ ဓလေ့ဘာသာအလိုက်လေ၊ တောင်ပေါ်သူ ပျိုအလှတွေ လက်ဖက်ခူးထွက်ခဲ့ပါပေါ့လေ ××××××)[၂]

(သီချင်းဆုံးသည်နှင့် ယိမ်းပျိုဖြူများ ဝင်သွားကြပြီး နီလာနှင့် နန်းမို့မို့ကြည်တို့နှစ်ယောက် ကျန်ခဲ့စဉ် မာလုရောက်လာစေ)

**မာလု** — ဟာ. . . နီလာရယ်. . . ရှာလိုက်ရတာဟာ၊ ရွာထဲမှာ စုံစမ်းတော့ နင်တို့ လက်ဖက်ခူးထွက်သွားကြတယ်ဆိုလို့ ဒီဘက်ကို လိုက်လာတာဟ။

**နီလာ** — ဟုတ်တယ်၊ အဖော်ကောင်းတာနဲ့ သူငယ်ချင်းတွေနဲ့ လက်ဖက်ခူးထွက်လာခဲ့တာ။ ဟို

တလောကတောင် တပ်မဟာမှူး ဦးမိန်စင်တို့အဖွဲ့ ဥပဒေဘောင်ထဲဝင်လာတုန်းက နင်ပါလာမလားဆိုပြီး ငါလိုက်ရှာသေးတယ်ဟ။

**မာလု** သူတို့က ဌာနချုပ်ကို အာခံပြီး ထွက်သွားကြတဲ့အဖွဲ့ပါ။ Blind Follower ဘုမသိ ဘမသိ နောက်လိုက်တွေ၊ အထင်ကြီးစရာ မဟုတ်ပါဘူး။

**နန်းမို့မို့ကြည်** ဒါဖြင့်လည်း ငါမေးပါရစေဟာ။ နင်တို့ပြည်နယ်လွတ်လပ်ရေးတပ်မတော်က ရွာထဲဝင်ပြီး ဆက်ကြေးတောင်း၊ မရရင် ရွာမီးရှို့ကြတယ်လို့ ကြားတယ်။ အပြစ်မဲ့တဲ့သူတွေကို ဘာကြောင့် ရက်ရက်စက်စက် စတေးရတာလဲဟယ်. . .။

**မာလု** မျက်စေ့မမြင်တဲ့သူဟာ မှန်တစ်ချပ်ရဲ့တန်ဖိုး ဘယ်သိနိုင်မလဲ. . .၊ အူလို့မကြားအောင် ဝေးလွန်းတယ်။ တို့ပြည်နယ်လွတ်မြောက်ရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်နေကြတာ. . . နင်တို့အနေနဲ့ ဂုဏ်ယူသင့်တယ်။

**နန်းမို့မို့ကြည်** ထားပါတော့လေ. . . ရွာထဲက နွားတွေ၊ ဝက်တွေရော၊ ကြက်တွေရော ဖမ်းယူသွားကြတဲ့ကိစ္စကရော. . .။



**မာလု** တို့တပ်မတော်က ရိက္ခာမှ မရှိဘဲဟ။ ဒီလိုဘဲ ပြည်သူရဲ့ အထောက်အပံ့ကို ယူရမှာပေါ့။ ဒါမှ တပ်နဲ့ပြည်သူ ကြည်ဖြူကြမှာလေ. .။

**နန်းမို့မို့ကြည်** တော်စမ်းပါဟယ်. . . ငံပြာရည်ပုလင်းကို ရေမွှေးတံဆိပ် ကပ်မနေစမ်းပါနဲ့၊ ဂုဏ်မရှိပဲ ဂုဏ်ပြုခံချင်လို့ မရဘူး။ ကြည်ဖြူအောင် နင်တို့ လွတ်မြောက်ရေးတပ်မတော်က တို့ပြည်နယ်အတွက် ဘာလုပ်ပေးသေးလို့လဲ။ နင်တို့ကိုသာ အားကိုးနေရရင် ငါတို့မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အကုန်ဆုံးရှုံးကြရမှာ။ အခုဆိုရင် အစိုးရက အထူးဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ပြီး ဆောင်ရွက်ပေးနေတာ၊ ပင်လုံ၊ တောင်ကြီး၊ ကျိုင်းတုံနဲ့ လားရှိုးဒေသတွေမှာ. . . နင်တို့သာ လူထုကို အမှောင်ရိပ်ထိုးပြီး ခြောက်လှန့်နေတဲ့ ရာဇဝတ်ကောင်တွေ ဖြစ်နေပြီ. . .။

**မာလု** တော်ပါတော့ နန်းမို့မို့ကြည်ရယ်. . .။ အရေပြားပေါ်မှာ အယားပြေရုံကလေး သိတဲ့ နိုင်ငံရေးအမြင်နဲ့ ငါ့ကို တရားမဟောနဲ့၊ ဝါးကနဲ သမ်းပြလိုက်မယ်။ နင် ငါ့သူငယ်ချင်းဖြစ်တာ ကံကောင်းတယ်။ ဟောဒီက

ငါ့ချစ်သူနဲ့ ချစ်စကားတွေ တဝကြီးပြောဖို့ လာခဲ့တာဟ၊ (နီလာအနား သွားထိုင်ပြီး) နီလာ. . . ကိုယ်တို့နှစ်ယောက် အတူနေဖို့ အတွက် ရက်မြတ်ရွေးရအောင်နော်. . .။

**နီလာ** ဒါက လူကြီးတွေ အလုပ်ပါ။ အုပ်ထိန်းသူတွေ နဲ့ မိသားဖသားပီပီ လာပြီးတောင်းရမ်းပေါ့။

**မာလု** ဒါတော့ ဒါပေါ့ နီလာရယ်. . .၊ ဒါပေမယ့် ကိုယ့်အခြေအနေက မြေပေါ်မှာနေလို့ မရ သေးတော့ ပေါ်ပေါ်တင်တင်လာပြီး ပြောဖို့ ခက်နေတယ်။ နီလာကို ချစ်တယ်။ မခွဲနိုင်ဘူး ကွာ။ ကိုယ်နဲ့ အခုတစ်ခါတည်း လိုက်ခဲ့ပါ လား။

**နီလာ** နီလာလည်း မာလုကို သိပ်ချစ်တာပါ။ ဖေဖေ က ပြောဖူးတယ်၊ သမီးအိမ်ထောင်ဖက်ဟာ ဆင်းရဲတာ၊ ချမ်းသာတာက အဓိကမဟုတ် ဘူးတဲ့၊ သမီးအပေါ် သစ္စာရှိဖို့ပဲ လိုတယ်တဲ့။ ဒီတော့ ဘာပဲဖြစ်ဖြစ် နင့်ကိုငါနဲ့ သဘောတူ မှာ သေချာတယ်။ ပကာသနမဖက်ပဲ ဗုဒ္ဓ ဘာသာပီပီ ကန်တော့ပွဲလေးနဲ့ဖြစ်ဖြစ် လာတောင်းယူပါလားဟာ. . .။

**မာလု** မဖြစ်နိုင်သေးဘူး။ ငါတို့အဖွဲ့ရဲ့ လုပ်ငန်းတွေ က ရှိသေးတယ်။ လွတ်မြောက်ရေးကိစ္စပေါ့။



**နီလာ** ဒါဖြင့် နင့်ကိုငါ ပွင့်ပွင့်လင်းလင်း မေးပါရစေ။ နင်တို့ပြည်နယ်လွတ်မြောက်ရေးကိစ္စက မလုပ်လို့မဖြစ်ဘူးလား။ အခုရော မလွတ် မြောက်လို့လား၊ ဘယ်သူက ချုပ်ချယ်ထား လို့လဲ၊ ဥပဒေဘောင်ထဲကနေပြီး ဘာမဆို အားလုံးလုပ်လို့ ရနေတာပဲ မဟုတ်လား။

**မာလု** ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့်. . . တို့အနေ အထားက မြွေပွေးလိုအောင်း၊ ကျားလို ချောင်း၊ စွန်မျက်စောင်းနဲ့ နေရတဲ့ဘဝ. . .။

**နီလာ** နင်တို့အဖွဲ့ဟာ နိုင်ငံတော်ကို ဆန့်ကျင်ပြီး တိုက်နေတာ နင်မမွေးခင်ကတည်းကဟ၊ ဘာတွေ အကောင်အထည်ပေါ်သလဲ၊ ကြား က ပြည်သူတွေ ဆင်းရဲဒုက္ခရောက်တာပဲ အဖတ်တင်တယ်။ ဆူးကိုမွေ့ယာ၊ တမာကို ပျားချိုလို့ မထင်ပါနဲ့ဟာ. . . ပိဿာလေးရဲ့ မျက်နှာပြင်မှာ မှိုပေါက်နိုင်လိမ့်မယ်လို့ ထင် သလား။ နင်ဘာဖြစ်ချင်သလဲ။ နင်ဖြစ်ချင် တာကို ငါတို့လူငယ်တွေက ဖြစ်အောင် ကူညီမယ်။

**မာလု** ဒီမိုကရေစီရဖို့ဆိုတာ အဓိကပဲ နီလာ. . . လွတ်လပ်စွာ ဖန်တီးနိုင်ခွင့်လေ။

**နီလာ** ဟုတ်ပြီ. . . ဘယ်လိုဒီမိုကရေစီလဲ၊ သမီးက ဖခင်ရှေ့မှာ သူစိမ်းယောကျ်ားတွေနဲ့ ရင်ချင်း ပွတ်ကပြီး အခန်းထဲဝင်သွားတဲ့ ဒီမိုကရေစီ မျိုး ဗုဒ္ဓဘာသာတရားနဲ့ ယဉ်ကျေးမှုက လက် မခံပါဘူး။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ထူထောင်ဖို့အတွက် ရာခိုင် နှုန်း (၉၀)ကျော်က အတည်ပြုထောက်ခံပြီး ပြီလေ။ ၂၀၁၀ ပြည့်နှစ်မှာ အထွေထွေရွေး ကောက်ပွဲကြီး လာတော့မှာပဲ နင်ဘာစိတ်ပူ နေသလဲ။ နင် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ငါကတော့ သစ္စာရှိရှိ နင့်ကို စောင့်နေမယ်။

**မာလု** ကောင်းပါပြီ နီလာ. . .၊ နင်တို့နှစ်ယောက် စလုံးဟာ ငါ့အပေါ် စေတနာထားတယ်ဆို တာတော့ ငါသိပါတယ်။ ဒါပေမယ့် ထုထည် နဲ့ အရှိန်အဟုန်ကြီးလေ တန့်ကနဲရပ်ဖို့ ခဲယဉ်း လေပဲ၊ ငါ့ကို စဉ်းစားချိန်တော့ ပေးပါဦးဟာ။

**နန်းမို့မို့ကြည်** နင်အခုလို ငါတို့ပြောတဲ့စကားကို လက်ခံ ပေးတဲ့အတွက် ငါတို့ ဝမ်းသာပါတယ်။ မင်းဆိုးလို့ မိုက်လို့ဝရင် ဘုရားကျောင်းထဲ



လိုက်လာပါဆိုတဲ့ သီချင်းလို ငါတို့ကတော့ နင်တို့တစ်တွေကို မျှော်လင့်နေမယ်ဟာ. . ။

**နီလာ** ကဲ မာလု. . . ငါတို့ပြန်မယ်နော်၊ တော်ကြာ ဖေဖေ စိတ်ပူနေဦးမယ်။

**မာလု** (ခေါင်းတစ်ချက်ငြိမ့်) အေး. . . ကောင်းပြီ၊ အကောင်းဆုံးကို မျှော်လင့်ကြတာပေ့ါ။

**(မီးပိတ်)**

## အခန်း (၆)

**နေရာ** ဘိန်းချက်စခန်း(တောင်ခြေ)။

**အချိန်** ညနေ။

**ပါဝင်သူများ** (၁) မာလု
(၂) ဒီယ
(၃) ပြဿဒါး
(၄) ဦးမှိုင်းညို
(၅) မာလုတပည့် (၁) ယောက်
(၆) ထွန်းဇော်

**အခမ်းအနား** ဘိန်းချက်စခန်း၏ ပုံသဏ္ဍာန်ဖြစ်အောင် တိုင်ကီပြတ်များ၊ ပလပ်စတစ်ပုံးများ၊ ခွက်များကို သင့်သလိုထားရမည်။ (ဖြစ်နိုင်ပါက မီးခိုးငွေ့များ ထည့်ရန်)

**ဇာတ်ညွှန်း** ဒီယဦးဆောင်၍ ဘိန်းချက်စခန်းတွင် ပစ္စည်းများစစ်နေစဉ် မာလုဝင်လာပြီး လုပ်ငန်းများအကြောင်း မေးရမည်။ မကြာမီ ထွန်းဇော်ရောက်လာ၍ အရောင်းအဝယ်ကိစ္စများ ပြောကြစေ။





**ဒီယ** မျှော်လင့်တဲ့အတိုင်း ဖြစ်မလာဘူး အာစရိ။

**မာလု** ဘာဖြစ်လို့လဲ ဒီယ။

**ဒီယ** ဟိုတစ်လောက ဘိန်းခင်းတွေ အဖျက်ခံလိုက်ရလို့၊ ခုတလော စစ်ဆင်ရေးတွေ ရှိတယ်လို့ သတင်းရတယ်။ ကုန်ကြမ်းတွေက မှန်းသလောက်မရဘူး။ နောက်တင်ပြစရာရှိတာက အာစရိသွားလို့ ၃ ရက်အကြာ၊ ဦးမှိုင်းညို စခန်းကို တစ်နေကုန်ပစ်ပြီး ဘယ်သွားတယ်မသိဘူး။

**မာလု** ဒီကိစ္စ နောက်မှ ငါမေးမယ်။ ကင်းတွေရော သေသေချာချာ ချထားရဲ့လား။

**ပြဿဒါး** ကင်းအတွက်တော့ စိတ်ချပါ အာစရိ။ ကျွန်တော်ကိုယ်တိုင် ကြပ်မတ်ထားပါတယ်။ ကင်းတိုရော၊ ကင်းရှည်ရော ချထားပါတယ်။

(တစ်ဖက်မှ ထွန်းဇော်ထွက်လာစေ)

**ထွန်းဇော်** ရှာလိုက်ရတာ ဗိုလ်ကြီးရယ်၊ စခန်းတွေကို စုံနေတာပဲ၊ တယ်လူးဘက်မှာဆိုလို့ လိုက်သွားသေးတယ်။ ဟိုမှာ ဘာဖြစ်လို့ ဘိန်းမချက်တာလဲ၊ အနေအထားလည်း ကောင်းသားပဲ။

**မာလု** ဒါက ကျွန်တော့်ရဲ့ လက်ပူတိုက်မဟာဗျူဟာလေ။ ကိုထွန်းဇော် မျက်စိလည်သွားတယ်

မဟုတ်လား။ ဘယ်ခြောက်ခါ ညာလှန်းဆို သလိုပေါ့ဗျာ. . . 'တယ်လူး'ကို အရောင်ပြပြီး၊ 'စမ်းကြီး'မှာ လာချက်တာ။ ဒီနေရာက စစ်ကြောင်းတွေ အရောက်အပေါက်နည်းတယ်၊ နေရာသစ်ဗျ။ ကဲ. . . ဘီယာသောက်ရင်း စကားဆက်ပြောကြတာပေါ့ဗျာ၊ ဒါနဲ့ နေပါဦး. . . ခင်ဗျားက ရှေးဟောင်းကိုလည်း ကိုင်တယ်ဆို. . .။

(ထိုစဉ် ဦးမှိုင်းညိုလည်း ဝင်လာစေ)

**ထွန်းဇော်** ဟုတ်တယ်နော် ဗိုလ်ကြီး၊ တစ်ဖက်နိုင်ငံမှာ အရောင်းအဝယ်လိုက်တယ်ဗျ။ သွားရင်ဟန်လွှဲပေါ့ဗျာ၊ နောက်ပြီး ဘိန်းဖြူထုပ်တွေကိုလည်း ထည့်ယူလို့ကောင်းတယ်။ လူမရိပ်မိဘူးဗျာ။

**မာလု** ကျုပ်ကတော့ အဲဒါတွေ နားမလည်ဘူး။ ဘယ်လိုဟာမျိုးလဲ ဘုရားတွေလား။

**ထွန်းဇော်** နတ်ရုပ်ရော၊ ဘုရားရော အစုံပေါ့ဗျာ။ ပြတိုက်ထဲက ပစ္စည်းဆိုရင် ပိုကောင်းတယ်။ တစ်ခါတစ်လေလည်း ရှေးဟောင်းဆိုပြီး အင်ထုလိုက်ရတာပဲ။

**ဦးမှိုင်းညို** ဒါဆိုရင် အဘတို့နိုင်ငံက သမိုင်းဝင်ပစ္စည်းတွေ တဖြည်းဖြည်းလျော့ပါးကုန်မှာပေါ့။



**ထွန်းဇော်** ဟုတ်တယ် ဦးမှိုင်းညို၊ ရှေးဟောင်းတွေကုန်ရင် ကျွန်တော်လုပ်ငန်းလည်း နားပြီလေ။ ဒါ့ကြောင့် အဖြူနိုင်ငံကို ကြိုဝင်ထားတာ။

**ဦးမှိုင်းညို** ဒီအတိုင်းဆို. . . "ပန်းမှိုင်း"ရွာထိပ်က နတ်ရုပ်ကြီးတွေ ပျောက်သွားတာ ရှေးဟောင်းသမားတွေ လက်ချက်နဲ့တူတယ်။ တစ်ရွာလုံး စိတ်ထိခိုက်နေကြရရှာတယ်။

**ထွန်းဇော်** အမှန်ပေါ့ ဦးမှိုင်းညို၊ ကျွန်တော်တော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီလောကသားတွေမှာ သီလစောင့်တဲ့လူ တစ်ယောက်မှမရှိဘူးဆိုတာတော့ ဦးမှိုင်းညိုသိထားပါ။

**မာလု** ဟုတ်သားပဲ ဦးမှိုင်းညို၊ ကျွန်တော်တို့အလုပ်က ဒုစရိုက်လုပ်ဆိုတာ မေ့နေပြီလား။ ရှမ်းပြည်နယ်လွတ်မြောက်ရေး တပ်မတော်ဆိုတာက မျက်နှာဖုံးစွပ်ထားတာလို့ ပြောထားပြီပဲ၊ ဦးမှိုင်းညိုလည်း ဒီအတိုင်းခံယူပါ။ ဒါနဲ့ ဦးမှိုင်းညို ကျုပ်မရှိတုန်း စခန်းက တစ်နေကုန်ပျောက်နေတယ်ဆို၊ အဲဒါ ဘယ်သွားတာလဲ။

**ဦးမှိုင်းညို** ဒီနယ်မြေရဲ့ ပတ်ဝန်းကျင်အနေအထားကို သွားပြီးလေ့လာနေတာပါ။ ကျုပ်အနေနဲ့ သိသင့်ပါတယ်။ စောစောကအကြောင်း ပြန်ကောက်ရရင် မှန်ပါတယ်။ မင်းရဲ့ဆန္ဒအတိုင်း၊

မင်းရဲ့လမ်းစဉ်အတိုင်းကို ခံယူကျင့်သုံးပြီး မင်းစကားကို နားထောင်ပါ့မယ်။ ကဲ. . . အဘ လုပ်စရာရှိသေးတယ်။ (ဝင်သွား)

**ထွန်းဇော်** (တစ်ဖက်သို့ လှည့်၍) ကဲ. . . ဗိုလ်ကြီးနဲ့ ကျွန်တော် ထဲထဲဝင်ဝင် ရင်းနှီးပြီလို့ ထင်ပါတယ်။ စိတ်အနှောက်အယှက် မဖြစ်ဘူးဆိုရင်တော့ ကျွန်တော်သိချင်တဲ့ ဗိုလ်ကြီးရဲ့ ဘဝအကြောင်း. . .

**မာလု** ခင်ဗျား ဒါကို မမေ့သေးပဲကိုး. . . ပြောပါ့မယ်လေ. . .။ နေရာများစွာမှာ ဝေဒနာများစွာနဲ့၊ ဘဝများစွာ ရှိခဲ့ဖူးပါတယ်။ ရွက်ကြွေတစ်ရွက်လို လေမှာမျောလွင့်၊ မြေမှာလိမ့်၊ ရေမှာမျောခဲ့ရတဲ့ ကျုပ်ဘဝအကြောင်း ပြောရရင်. . .

ကျွန်တော်က တစ်ဦးတည်းသောသား၊ နမ့်ဆန်မြို့နယ်က။ ဖအေက ကုန်သည်၊ ကျွန်တော် (၃) နှစ်သားလောက်ကတည်းက မြိတ်၊ ထားဝယ်ဘက်မှာ ငါးပိ၊ ငါးခြောက် ကုန်ကူးရင်း စက်လှေနစ်လို့ သေသွားပြီလို့ ပြောကြတယ်။ ဒီနေ့အထိ ဘာသတင်းမှ မကြားဘူး။ အဲဒီနောက်တော့ အမေဆရာမ



နဲ့အတူ "မီးသွေးကုန်း"ရွာကို လိုက်ပြီးနေရတယ်။ အဲဒီနေ့တော့ တစ်သက်မမေ့ဘူးဗျာ၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်ညမှာ ကျွန်တော်တို့ရွာကို (SURA)အဖွဲ့က ဝင်လာပြီး လူသစ်စုတယ်တဲ့ဗျာ၊ ကျွန်တော်က အဲဒီတုန်းက (၁၃)နှစ်သားပဲ ရှိသေးတာ။ ကျွန်တော်တို့လို လူငယ်တွေကို အတင်းဖမ်းခေါ်သွားကြတယ်။ တစ်ချို့ကလည်း ထွက်ပြေးကြပေါ့။ အဲဒီမှာပဲ သူတို့ခေါင်းဆောင်က စိတ်ဆိုးပြီး ရွာကိုမီးရှို့ကြတာပဲ၊ ကလေးလူကြီး (၁၃)ယောက် သေကြရတာပေါ့ဗျာ။ အဲဒီအထဲမှာ ကျွန်တော့်အမေပါ ပါသွားတယ်။ ကျွန်တော့်မှာ အဖေအမေမရှိတော့ဘူး။ တစ်ကောင်ကြွက်ပေါ့။ အဲဒီအချိန်ကစပြီး ကျွန်တော် ဒီအဖွဲ့ထဲကို ရောက်လာခဲ့တယ် ဆိုပါတော့ဗျာ။

**ထွန်းဇော်** ဗိုလ်ကြီးအဖြစ်က ကြေကွဲစရာပါလားဗျာ. . .။ ကဲ. . . ဗိုလ်ကြီး ကျွန်တော်လည်း အချိန်ရှိတုန်း ပြန်ရအောင် ပစ္စည်းပေးပါဦး၊ ဟောဒီအိတ်ထဲမှာ ငွေ၊ ကျွန်တော်အခန်းထဲက စောင့်မယ်။ (ဝင်သွား)

**မာလု** ပြဿဒါး. . . သူ့ငွေကို ရေလိုက်၊ ဒီဃက ပစ္စည်းပေးလိုက်။ အဘ ဦးမှိုင်းညိုကို အရောင်းအဝယ်အခြေအနေ ဌာနချုပ်ဆီ သတင်းပို့ခိုင်း။ ကဲ ဒီဃနဲ့ ပြဿဒါး မင်းတို့ကို အထူးတာဝန်တစ်ခု ပေးချင်တယ်။

**ဒီဃ** ပေးပါ အာစရိ. . .။

**ပြဿဒါး** တာဝန်ကျေစေရမယ် အာစရိ. . .။

**မာလု** အခြားတော့ မဟုတ်ဘူး။ ငါ့တို့အလုပ်က ပြည်နယ်လွတ်မြောက်ရေး တပ်မတော် အမည်ခံပြီး မူးယစ်ဆေးဝါး ရောင်းနေကြတာ ဆိုပေမယ့်၊ တိုက်ခိုက်ရေးမှာလည်း လျော့လို့ မဖြစ်ဘူး။ လက်နက်တွေ ဘယ်လောက်ကောင်းကောင်း အသုံးမချတတ်ရင် အလကားပဲ။ ဒီတော့ ဗဟိုကပို့လိုက်တဲ့ လူသစ်တွေကို စစ်သင်တန်းအမြန် ပေးစမ်းကွာ။

**ဒီဃ** ကျွန်တော့်ကို အဲလောက်အထင်ကြီးသလား။

**ပြဿဒါး** ဟုတ်တယ်အာစရိ. . .၊ ကျွန်တော်တို့က သေနတ်ကို ကျည်ဆံထွက်အောင်ပဲ ပစ်တတ်တာ၊ မှန်ချင်ရာမှန် ပစ်နေကြတာဆိုတော့ မလွယ်ဘူးထင်တယ် အာစရိရ။



**မာလု** ခက်တဲ့အကောင်ပဲကွာ. . . မင်းတို့ဟာ ခပ်ချာချာထက် ပိုညံ့နေပါလား. . .။ မြဝတီ ရုပ်မြင်သံကြားကိုကြည့်၊ စစ်တပ်က လုပ်ပြသွားတာ တွေ့လိမ့်မယ်။ အဲဒီအတိုင်း သင်တန်းပေးကွာ. . .။

**ဒီဃ** ဒါလည်း. . . မူကြိုကလေး ဆယ်တန်းအဖြေခိုင်းသလို. . . အဲဒီလေ့ကျင့်ခန်းတွေက သိပ်ခက်တယ်အာစရိရဲ့၊ ကျွန်တော်တို့ မလုပ်နိုင်ဘူး။ ပြန်သင်ဖို့ဆိုတာ ဝေလာဝေး။

**မာလု** တော်တော်နားဝေးတဲ့ ကောင်တွေပါလားကွာ၊ ငါလိုချင်တာက ငါ့တို့ပြည်နယ်လွတ်မြောက်ရေးတပ်မတော်မှာ စစ်သင်တန်းတွေ ပေးနေပြီဆိုတဲ့သတင်း ကမ္ဘာကို ဖြန့်ချင်လို့ ရှင်းပြီလား. . .။ လိမ်ညာခြင်းဆိုတာ မူလသဘာဝ မဟုတ်ဘူး။ သင်ယူတတ်မြောက်ခြင်းပဲ။ အပ်တစ်ချောင်းပျောက်တာကို ဒုံးပျံတစ်စင်းစာဖြစ်အောင် ကမ္ဘာကို ကြေငြာနိုင်ရမယ်။ မရှင်းတာ ရှိလား. . .။

**ဒီဃ+ပြဿဒါး** အားလုံးရှင်းပါတယ် အာစရိ. . .။

**(မီးပိတ်)**

## အခန်း (၇)

**နေရာ** ကျေးလက်ဆေးခန်း။

**အချိန်** နံနက်။

**ပါဝင်သူများ**
(၁) ဒေါ်နန်းသီ
(၂) စိုင်းခွန်အောင်
(၃) နီလာ
(၄) နန်းမို့မို့ကြည်
(၅) ပြည်ခိုင်ဖြိုး ကျားမ (၅)ယောက်
(၆) အမျိုးသမီးရေးရာ (၁)ယောက်
(၇) သူနာပြုဆရာမ အနီဝတ်(၁)ယောက်
(၈) ကြက်ခြေနီ (၁)ယောက်
(၉) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ (၁)ယောက်

**အခန်းအနား** နောက်ခံမှန်ဆလိုက်ရှေ့တွင် ဆက်တင်ဖြင့် ဆေးခန်းထားရှိရမည်။ ပရိသတ်မြင်သာအောင် ကျေးလက်ဆေးခန်း ဆိုင်းဘုတ်တင်ထားရမည်။ ဆေးခန်းရှေ့တွင် သစ်သားကွပ်ပြစ်တစ်ခု ချထားရမည်။ ကွပ်ပြစ်ပေါ်





တွင် ရေနွေးကြမ်းအိုးနှင့် ပန်းကန်များ ချထားရမည်။

**ဇာတ်ညွှန်း** ကျေးလက်ဆေးခန်းတွင် လူငယ်များသန့်ရှင်းရေးလုပ်အားပေးနေစဉ် ရယကဥက္ကဋ္ဌ ဦးစိုင်းခွန်အောင်ရောက်လာပြီး အားပေးစကားပြောကြားစေ။

**(မီးဖွင့်)**

(စိုင်းခွန်အောင် ဝင်လာစေ)

**စိုင်းခွန်အောင်** အားလုံးရှင်းကြလင်းကြနဲ့ ပျော်စရာကြီးဗျာ။ ဆရာမကြီး. . . လုပ်အားပေးအဖွဲ့ကို ဘာမှ မကျွေးဘူးလား. . .။ ကျွန်တော်ဆီမှာ တို့ဟူးကြော်တွေ ပါလာတယ်။

**ဒေါ်နန်းသီ** အဆင်ပြေတာပေါ့ ဥက္ကဋ္ဌကြီးရယ်။ ကျွန်မက ကောက်ညှင်းပေါင်း ပေါင်းထားတာ။ (အတွင်းဘက်သို့ လှည့်၍)ဆရာမလေး ကောက်ညှင်းပေါင်း ထည့်လာခဲ့ပါဟေ့၊ ဥက္ကဋ္ဌကြီးစားရအောင်၊ ကဲ. . . အားလုံး သားတို့သမီးတို့တစ်တွေလည်း နားလိုက်ကြအုံး၊ ကောက်ညှင်းပေါင်း စားရအောင်။

**စိုင်းခွန်အောင်** ကဲ. . . သားတို့သမီးတို့ လာစားကြဟေ့။ ဦးက စာသင်ကျောင်းဘက်က စားလာသေး

တယ်။ ဟိုမှာလည်း ကျောင်းသူ၊ ကျောင်းသားတွေနဲ့ တပျော်တပါးပဲ။ တို့ရွာက စံပြရွာဆိုတော့ သူများတွေထက် ပိုပြီးကြိုးစားရမှာပေါ့လေ။ နီလာတို့လည်း လာစားကြပေါ့။ ဒါနဲ့. . . ဦးအောင်ခိုင်ရော ရှိရဲ့လား။

**နီလာ** ရှိပါတယ် ဥက္ကဋ္ဌကြီး၊ အိမ်စောင့်နေတယ်လေ။ သမီးတို့ လူငယ်တွေရဲ့တာဝန် ဆိုပြီး လွှတ်လိုက်လို့ နန်းမို့မို့ကြည်နဲ့ လာခဲ့တာ။ ဒီရောက်တော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သူငယ်ချင်းတွေတောင် ရောက်နေကြပြီ. . . ။

**စိုင်းခွန်အောင်** အခုလို. . . ကိုယ့်ရပ်ရွာတိုးတက်ရေးအတွက် ညီအစ်ကိုမောင်နှမတစ်တွေ စည်းစည်းလုံးလုံးနဲ့ ဝိုင်းလုပ်နေကြတာကို မြင်ရတော့ ဦးအနေနဲ့ သိပ်ပြီးဝမ်းသာပါတယ်။ နီလာ့အဖေဆိုရင် ဒီအရပ်ဇာတိ မဟုတ်ဘူး။ ကျောင်းအုပ်ဆရာဘဝနဲ့ ဒီဒေသကို ရောက်လာတာ။ သူ့ခံယူချက်က “မြန်မာနိုင်ငံ ဘယ်အရပ်ပဲနေနေ ပြည်ထောင်စုစိတ်ဓာတ်ရှိရမယ်”ဆိုတဲ့ အသိတရားပဲ။ လူမျိုးခွဲ၊ ဝါဒစွဲ၊ ဒေသစွဲကို လက်မခံဘူး။ ကဲ. . . ဘယ်လောက်မွန်မြတ်တဲ့ ခံယူချက်လဲ။ ဦးကတော့ ဂုဏ်ယူတယ်။



**နီလာ** ဖေဖေက သမီးတို့ကိုလည်း ပြောသေးတယ်။ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းကြရမယ့် တာဝန်ဟာ သမီးတို့လူငယ်တွေရဲ့ အမျိုးသားရေးတာဝန်တဲ့။

**စိုင်းခွန်အောင်** ဟုတ်တာပေါ့။ နိုင်ငံတိုင်းရဲ့ အဖိုးထိုက်ရတနာဆိုတာ ရေနံ၊ သစ်တောနဲ့ တွင်းထွက်ပစ္စည်းတွေ မဟုတ်ဘူး။ နိုင်ငံချစ်ပြီး၊ ညီညွတ်တဲ့ သမီးတို့လို လူငယ်တွေပဲ သမီးရယ်။

**နန်းမို့မို့ကြည်** ခုလို သမီးတို့လူငယ်တွေကို မြင့်မြတ်မှန်ကန်တဲ့ အသိတရားတွေ ဝင်ရောက်လာအောင် ပြောဆိုဆုံးမပေးတဲ့ လူကြီးတွေကိုလည်း သမီးတို့က ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါ်နန်းသီ** ဟုတ်ပါတယ်ရှင်။ လူ့အဖွဲ့အစည်းဟာ ဆုံးမပဲ့ပြင် သွန်သင်မှုတွေနဲ့ အသက်ဆက်ခဲ့တာပဲ. . . ။ ကျွန်မတို့ကလည်း ကျရာအခန်းကဏ္ဍကနေပြီး နိုင်ငံတော်တိုးတက်အောင် လုပ်ရမှာပဲ။ ဘယ်သူဖျက်တာမှ အပျက်မခံနိုင်ပါဘူးရှင်။

**စိုင်းခွန်အောင်** ကဲ့ . . . ကြားရတဲ့ စကားတွေကတော့ ဝမ်းသာစရာပါပဲဗျာ၊ ကျွန်တော်လည်း စာကြည့်တိုက်ဖက်ကို သွားလိုက်ဦးမယ်။ (စိုင်းခွန်အောင် ဝင်သွားစေ)

**ဒေါ်နန်းသီ** ကောင်းပါပြီ ဥက္ကဋ္ဌကြီး။ ကဲ. . . နီလာတို့ ထိုင်ကြဦး၊ ဆရာမကြီးတို့ အတွင်းခန်းတွေ ဝင်ပြီး သန့်ရှင်းရေးလုပ်လိုက်ကြဦးမယ်။ (ဒေါ်နန်းသီနှင့် သူနာပြုဆရာမများ၊ ကြက်ခြေနီများ ဝင်သွားကြစေ။)

**နန်းမို့မို့ကြည်** ကဲ. . . နီလာ၊ မာလုအကြောင်း ဘာကြားသေးလဲ။ နင့်ဆီကို လာဆက်သွယ်သေးသလား။

**နီလာ** မကြားပါဘူး သူငယ်ချင်းရယ်. . .။ သူ့သတင်းကတော့ နဂါးငွေ့တန်း လိုက်ဖမ်းရသလိုပါပဲ. . .။ သူ့ဘဝ သူ့အခြေအနေကလည်း မလွယ်ပါဘူးဟာ။ ပေါ်ပေါ်ထင်ထင်လည်း မနေရဲဘူးဆိုတော့ ဘယ်မှာရှိတယ်ဆိုတာ မသိရဘူးပေါ့။ ဗလာထဲမှ အနှစ်ရှာနေသလိုပါပဲဟာ. . .။

**နန်းမို့မို့ကြည်** နင့်အဖေက ဘာပြောသေးလဲ။

**နီလာ** ဖေဖေကတော့ ငါ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါဘူးဟာ။ ဖေဖေ့ဆန္ဒကတော့ သူ့ကို ဥပဒေဘောင်အတွင်းမှာပဲ မြင်ချင်တာပေါ့။



**နန်းမို့မို့ကြည်** သူ့ဘဝက သနားစရာပါဟာ. .။ သူတို့ လူကြီးတွေက အနိုင်အထက်ကျင့်ပြီး ခေါ်သွားလို့ ပါသွားခဲ့ရတာ မဟုတ်လား။ သူဝါသနာပါတာမှ မဟုတ်ဘဲ။

**နီလာ** သူ့ဘဝဟာ ဆူးကိုမမြင်၊ ဝတ်ရည်မင်လို့ မျက်လုံးကန်းရတဲ့ လိပ်ပြာလေးလိုပါပဲဟာ။

**နန်းမို့မို့ကြည်** ဟုတ်တယ်။ ဝရဇိန်လက်နက်ကို လိပ်ပြာဖမ်းရာမှာ အသုံးပြုသလို ဖြစ်နေတယ်။ သူဟာ အရည်အချင်းနဲ့ လူတစ်ယောက်ပါ။ လမင်းရဲ့ ကြည်လင်တဲ့အလင်းရောင်နဲ့ နေမင်းရဲ့ လင်းလက်တဲ့အလင်းပေါင်းစပ်ပြီး တည်ဆောက်ထားတဲ့ ငြိမ်းချမ်းသာယာတဲ့လမ်းကို ရောက်လာတော့မှာပါ။

**နီလာ** နင်ပြောတဲ့အတိုင်း ဖြစ်လာရင်တော့ ဝမ်းသာစရာပဲသူငယ်ချင်း။ ငါ့ဘဝမှာ သူ့အပေါ်ကို အစွဲအလန်း သိပ်ကြီးနေသလိုပဲ။ သူပဲ ငါ့ကို သတိရနေသလားတော့ မသိဘူး။ သူ့ကိုငါ အိပ်မက်ထဲမှာ မကြာမကြာ တွေ့တယ်။

**နန်းမို့မို့ကြည်** ဒီလိုဆိုလည်း ဖူးစာရေးနတ်မင်းဆီမှာ ဆုတောင်းလိုက်ပေါ့။

**နီလာ** ငါမှ နားမလည်ဘဲ၊ ဘယ်လိုဆုတောင်းရမှာလဲ၊ နင်သင်ပေးလေ။

**နန်းမို့မို့ကြည်** ကဲ ဒါဆို ငါရှေ့ကဆိုပေးမယ်။ လိုက်ဆို (နီလာမှ လိုက်ဆိုရန်) အသင်ဖူးစာရေး နတ်မင်းကြီး၊ ကျွန်မနီလာနဲ့ ကျွန်မချစ်သူ မာလု တို့ မကြာခင် အတူတကွ နေထိုင်ပေါင်းဖက် ရပါလို၏ အသင်နတ်မင်းကြီး။ (နီလာမှ ကန်တော့ရန်)

**နန်းမို့မို့ကြည်** (နီလာရှေ့မှ ရပ်၍) ပြည့်စေသတည်း။ ပြည့်စေသတည်း။

(နီလာမှ နန်းမို့မို့ကြည်အား စိတ်ဆိုးဟန်ဖြင့် ထလိုက်၍)။

**(မီးပိတ်)**

## အခန်း (၈)

**နေရာ** တောတပ်စခန်း။

**အချိန်** နံနက်။

**ပါဝင်သူများ** (၁) ဗိုလ်မှူးကျော်စွာ
(၂) ဗိုလ်ကြီး
(၃) ရဲဘော် (၂) ယောက်
(၄) ဦးမှိုင်းညို

**အခမ်းအနား** တောတပ်စခန်း။

**ဇာတ်ညွှန်း** ဦးမှိုင်းညို ဗိုလ်မှူးကျော်စွာထံ သတင်းပေးစေ။

**(မီးဖွင့်)**

**ကျော်စွာ** Duty Concious ဆိုတဲ့ ခင်ဗျားရဲ့ တာဝန်သိစိတ်ကို ဂုဏ်ယူပါတယ် ဦးမှိုင်းညို၊ စိတ်ကောင်းနှလုံးတောင်းဆိုတာ မကောင်းမှုကို ရွံမုန်းပြီး၊ မတရားမှုကို တွန်းလှန်တတ်တဲ့ ခင်ဗျားလို စိတ်ဓာတ်ပိုင်ရှင်မျိုးပါ။

**ဦးမှိုင်းညို** တကယ်တော့ သူတို့ဟာ မှန်ကန်တဲ့ နိုင်ငံရေးအမြင်မရှိတဲ့ ဝိဉာဉ်မဲ့သူတွေပါ။

စက္ကူပန်းဆိုတာ ပကတိပန်းလို မမွှေးနိုင်ပါဘူးဗျာ။ ဒါပေမယ့် လေလွင့်နေတဲ့ ကျည်ဆံတွေဟာ မဲမဲမြင်ရာ ပစ်မှတ်ထင်နေကြတယ်ဗျာ။

**ကျော်စွာ** အင်း. . . တိုင်းပြည်သစ္စာဖောက်မရှိတဲ့ တိုင်းပြည်ဆိုတာ ကမ္ဘာပေါ်မှာမရှိတာပဲဗျာ။ လေကိုမမြင်တဲ့ငှက်၊ ရေကိုမမြင်တဲ့ငါးလို ဒုစရိုက်သမားတွေဟာလည်း ဥပဒေရဲ့ အမှန်တရားကို မမြက်တတ်ကြဘူးလေ။ နောက်ဆုံးကြတော့လည်း လောင်စာကုန်တော့ အရှိန်စဲပြီး မီးခဲမကျန်တဲ့ ကောင်ရိုးမီးလို ဖြစ်သွားမှာပါ။

**ဦးမှိုင်းညို** ဟုတ်တယ်ဗျာ။ သူတို့ပါးစပ်က ထွက်လာတဲ့ စကားတစ်လုံးဟာ ဥပဒေ၊ သူတို့သေနတ်က ထွက်လာတဲ့ ကျည်တစ်တောင့်ဟာ စီရင်ထုံးတစ်ခုလို ကျင့်သုံးကြတာပဲ။ ကျားတစ်ကောင်းရဲ့ အစွယ်ကြားမှာ မေတ္တာစာတစ်ပုဒ်မရှိနိုင်သလိုပေါ့ဗျာ။

**ကျော်စွာ** သမိုင်းမရှိတဲ့လူမျိုးဟာ ကျောရိုးမရှိတဲ့ သတ္တဝါနဲ့ တူတယ်ဆိုတာ အဲဒီပုဂ္ဂိုလ်တွေပါပဲ၊ ကျားအတောင်တပ်ထားတဲ့ အကုသိုလ်



ပွဲစားတွေပေါ့ဗျာ။ ကဲ. . . ဦးမှိုင်းညိုပြောတဲ့အတိုင်းကျနော်တို့ အကွက်ကျကျ လှုပ်ရှားကြမယ်။ ခင်ဗျားဘက် ကလည်းပိရိပါစေ. . .။

**ဦးမှိုင်းညို** ဟုတ်တယ်ဗျာ. . .၊ အလင်းရောင်အတွက် အမှောင်ကို တိုက်ခိုက်ရမှာပဲ။ ဒီနေရာမှာ ဘေးထွက်ဆိုးကျိုး အနေနဲ့ သွေးဆာနေတဲ့ ကစားပွဲတစ်ခုအသွင် ဖြစ်ရင်လည်း ဖြစ်သွားနိုင်ပါတယ်။

**ကျော်စွာ** ကြယ်များဝန်းရံတဲ့ အလံတော်ရိပ်ကို ပြောင်းလဲခိုလှုံနိုင်ကြဖို့ သစ်ကောင်းသစ်ပင်ကြောင့် တောတစ်ခွင် ကြိုင်စေမှာပေါ့ဗျာ. . . .။

**ဦးမှိုင်းညို** ကျေးဇူးတင်ပါတယ် ဗိုလ်မှူး. . .။

**(မီးပိတ်)**

## အခန်း (၉)

**နေရာ** ဘိနိ်းချက်စခန်း။
**အချိန်** နံနက် ဝေလီဝေလင်း။
**ပါဝင်သူများ** (၁) မာလု
(၂) ဦးမှိုင်းညို
(၃) ပြဿဒါး
(၄) ဒီဃ
(၅) ထွန်းဇော်
(၆) မာလုတပည့် (၃) ယောက်
(၇) ရဲတပ်ဖွဲ့ဝင်များ
(၈) တပ်မတော်သားများ
**အခမ်းအနား** ယခင် အခန်း (၆) အတိုင်း။
**ဇာတ်ညွှန်း** မီးဖိုနှင့် မီးခိုးများထွက်နေပြီး မာလုတို့အဖွဲ့ ခွင်ထဲတွင် အားလုံးရှိနေရမည်။ ထွန်းဇော်နှင့် မာလုတပည့် (၃) ယောက်ကျပြီး ဒီဃ ခြေထောက်တွင် ဒဏ်ရာရသွားရမည်။ မာလုကို ဦးမှိုင်းညိုမှ ကာကွယ်၍ ခေါ်ထုတ်သွားစေ။

**(မီးပိတ်)**



## အခန်း (၁၀)

**နေရာ** တောတွင်း။
**အချိန်** နေ့။
**ပါဝင်သူများ** (၁) မာလု
(၂) ဦးမှိုင်းညို
(၃) ဒီဃ
(၄) ပြဿဒါး
**အခမ်းအနား** တောစိမ်းကားတစ်ချပ် ဆွဲချိတ်ထားရမည်။ ရှေ့မှ တောဖောက်ကားတစ်ချပ် ထပ်ချိတ်သည်။
**ဇာတ်ညွှန်း** အသက်လု၍ ထွက်ပြေးလာကြသော မာလုတို့အဖွဲ့ ခေတ္တနားကြပြီး၊ ဒဏ်ရာရသူများအတွက် မာလုသည် ဆေးရှာရန် ထွက်သွားစေ။

**(မီးဖွင့်)**

(ကခွင်သို့ ပြေးဝင်လာကြပြီး)

**မာလု** ဒဃ၊ မင်းခြေထောက်ထိကာ တော်တော်များသလား။

**ဒီဃ** ရှုပ်ပြီးထိသွားတာပါ အာစရိ၊ တစ်ပတ်လောက်ဆေးထည့်လိုက်ရင် ကောင်းသွားမှာပါ။ ဒဏ်ရာဆိုတာ သူရဲကောင်းရဲ့ အမှတ်တံဆိပ်ပါပဲ။

**မာလု** စစ်နှုတ်ခမ်း လျှောက်နေရတဲ့အချိန်မှာ စန္ဒဂုတ်စစ်တိုက်သလို အလယ်ကိုချည်း မဲမတိုက်ရဘူး၊ ဘေးကိုလည်း ကြည့်ရတယ်။ ပြဿဒါး မင်းလက်မှာလည်း သွေးတွေနဲ့ ပါလား။

**ပြဿဒါး** ဟုတ်တယ် အာစရိ၊ အရက်ပုလင်းကိုင်ပြီး ပြေးရင်း ချော်လဲလို့ ပုလင်းကွဲပြီး ရှသွားတာ။

**မာလု** အရေးထဲမှာ မင်းက ဖြစ်ရသေးတယ်ကွာ။

**ပြဿဒါး** အာစရိရော ဘာဖြစ်သေးသလဲ။

**မာလု** ငါ့ မထိပါဘူးကွာ။ ဦးမှိုင်းညို ကယ်ပေလို့ ပေါ့။ သောက်လက်စ စီးကရက်ဘူးတောင် ဘယ်ကျန်ခဲ့မှန်း မသိဘူး။ ခွေးပြေး၊ ဝက်ပြေး ဆိုတာ ဒါမျိုးနဲ့ တူပါတယ်။

**ဦးမှိုင်းညို** မာလု၊ ဒီမှာ မင်းကြိုက်တဲ့ စီးကရက်ဗူး၊ တိုက်ပွဲကြားထဲက ငါရအောင် ယူလာခဲ့တာ၊ မင်းကြိုက်တယ်ဆိုလို့။

**မာလု** ကျေးဇူးတင်လိုက်တာ ဦးမှိုင်းညိုရယ်. . .။



**ဦးမှိုင်းညို** ကျေးဇူးတင်စရာ မလိုပါဘူးကွာ။ မင်း အတွက် ငါအသက်ပေးရဲပါတယ်။ သေမှာ မကြောက်တဲ့လူဟာ ခြိမ်းခြောက်မှုတွေကို ကျော်လွှားနိုင်ပါတယ် လူကလေးရဲ့။

**မာလု** ဟုတ်ပါတယ် ဦးမှိုင်းညိုရယ်။ နိုင်ရင် Hero ရှုံးရင် Zero ဆိုတာ ကျုပ်တို့ဘဝပဲ။ ကဲ. . . ကျွန်တော်တို့လည်း စခန်းပြောင်းမှ ဖြစ်လိမ့်မယ်။ ဒီဃနဲ့ ပြဿဒါး စခန်းအမှတ် (၁၃)က သွားစောင့်ကြ၊ ငါ မင်းတို့အတွက် ဆေးသွားရှာလိုက်ဦးမယ်၊ နှစ်ရက် သုံးရက် ဆို ပြန်ရောက်မှာပါ။

**ဦးမှိုင်းညို** အဘ အဖော်လိုက်ပေးရမလား မာလု၊ မင်း တစ်ယောက်တည်း စိတ်မချလို့။

**မာလု** ရပါတယ် ဦးမှိုင်းညို၊ ကျွန်တော်တစ်ယောက် တည်းပဲ သွားမယ်။ ဘေးမသီရန်မခအောင် ဦးမှိုင်းညိုကို ကန်တော့ပြီး သွားမယ်လေ။ ဦးမှိုင်းညိုက ကျွန်တော်တို့အဖွဲ့မှာ အသက် အကြီးဆုံးမဟုတ်လား။ (မာလု-ဦးမှိုင်းညို အား ကန်တော့)

**ဦးမှိုင်းညို** ဗိုလ်ကြီးမာလု၊ ဘေးမသီ ရန်မခဘဲ ပြန် ရောက်လာပါစေကွယ်. . .။

**(မီးပိတ်)**

## အခန်း (၁၁)

**နေရာ** ကျေးလက်ဆေးခန်း။

**အချိန်** ည။

**ပါဝင်သူများ** (၁) ဒေါ်နန်းသီ
(၂) နီလာ
(၃) နန်းမို့မို့ကြည်
(၄) စိုင်းခွန်အောင်
(၅) မာလု
(၆) မိုးမိုး
(၇) ကြံ့ခိုင်ရေးစည်းရုံးရေးမှူး စိုင်းရွှေလွန်း

**အခမ်းအနား** အခန်း (၇) အတိုင်း။

**ဇာတ်ညွှန်း** မာလုသည် ဆေးခန်းတွင် ဆေးလာတောင်းရင်း နီလာ၊ နန်းမို့မို့ကြည်နှင့် စိုင်းခွန်အောင်တို့အား တွေ့ပြီး ငြိမ်းချမ်းရေးကိစ္စများ ပြောကြားစေ။

### (မီးဖွင့်)

(ဆေးခန်းရှေ့သို့ မာလုသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ရောက်ပါစေ။)





**မာလု** ဆရာမကြီး၊ ဆရာမကြီး၊ လူနာအရေးကြီးလို့ပါ ဆရာမကြီး
(ဒေါ်နန်းသီသည် လက်နှိပ်ဓာတ်မီးဖြင့် ထွက်လာပြီး)

**ဒေါ်နန်းသီ** ဟဲ့ ဘယ်သူတုန်း အချိန်မတော်ကြီး . . . ။

**မာလု** နီလာတို့ နန်းမို့မို့ကြည်တို့ သူငယ်ချင်းမာလုပါ ဆရာမကြီး။ ဆေးလာဝယ်တာပါ၊ ဆေးရောင်းပါနော်။ ညီတစ်ယောက် ဓားထိသွားလို့။

**ဒေါ်နန်းသီ** ဟဲ့ ဆေးရောင်းတဲ့ဆိုင်အမဟုတ်ဘူး။ အခမဲ့ပေးတဲ့ ဆေးခန်းဟဲ့။ ဘယ်မှာလဲ လူနာ။

**မာလု** လူနာက မလိုက်နိုင်လို့ ထားခဲ့ပါတယ်။ နောက်ပြီး နီလာနဲ့လည်း တွေ့ချင်လို့ပါ။ ခေါ်ပေးပါလား ဆရာမကြီးရယ်. . . ကျေးဇူးမမေ့ပါဘူး။

**ဒေါ်နန်းသီ** (အတွင်းဘက်သို့ လှည့်၍) ကဲ မိုးမိုးရေ၊ နီလာတို့၊ နန်းမို့မို့ကြည်တို့ကို သွားခေါ်စမ်းပါကွယ်။ သူတို့ သူငယ်ချင်းတဲ့ (မိုးမိုး၊ လက်နှိပ်ဓာတ်မီးဖြင့် တစ်ဘက်သို့ ဝင်သွားစေ)။ နင့်ကို အားနာလို့၊ သနားလို့ သွားခေါ်ပေးတာနော်၊ အဲဒီ ကွပ်ပျစ်မှာ ထိုင်စောင့်နေ။ နောက်တစ်ခါဆို လူနာခေါ်လာခဲ့။

**မာလု** တကယ်ပဲ ကျွန်တော်အပေါ် သနားကြသလား ဆရာမကြီး၊ မမုန်းကြဘူးလား။

**ဒေါ်နန်းသီ** ဘာဖြစ်လို့ မုန်းရမှာလဲ။ တစ်ယောက်နဲ့တစ်ယောက် မုန်းတယ်ဆိုတာ မကောင်းဘူး။ ငါဟာ နင်တို့အရပ်ဒေသကို ဟိုတနယ်တကျေးကလာပြီး အခြေချနေထိုင်တဲ့ သူနာပြုဆရာမတစ်ယောက်ပါ။ ဒီနယ်သားစစ်စစ်ဖြစ်တဲ့ မင်းက ကိုယ့်ရွာအကျိုး မလုပ်ဘဲ ဘာတွေလျှောက်လုပ်နေကြတာလဲ၊ ရန်မဖြစ်ကြနဲ့။ လိမ္မာစမ်းပါ သားရယ်. . .။ မင်းကြည့်ရတာ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ဖြစ်မှာပါ။ (နီလာနှင့်မိုးမိုးတို့ ရောက်လာကြစေ)

**ဒေါ်နန်းသီ** ကဲ. . . နီလာလည်း ရောက်လာပြီ။ စကားပြောကြအုံး၊ ဆရာမကြီး ဆေးတွေသွားယူလိုက်အုံးမယ်။

**နီလာ** ဟဲ့ မာလု၊ အချိန်မတော်ကြီးဟယ်။

**မာလု** ဟုတ်တယ် နီလာ၊ ဆေးလိုက်ရှာရင်းနဲ့ ရွာထဲဝင်လာတာ။ နင် နေကောင်းတယ်နော်။

**နီလာ** လူက နေကောင်းပါတယ် မာလုရယ်။ စိတ်ကသာ မကောင်းတာပါ။ ငါလေ နင်နဲ့ မြန်မြန်အတူနေရအောင်ဆိုပြီး ရွာဦးက ထုံးဖြူဖြူစေတီကလေးမှာ နေ့စဉ်နဲ့အမျှ ဆုတောင်းနေပါတယ်ဟာ။ ဟန်မဆောင်နိုင်တဲ့ ငါ့ရဲ့ အပူမီးတွေကို ခုဆိုရင် တစ်ရွာလုံးကလည်း သိကုန်ကြပြီ။ နင်ရော ငါ့လို မခံစားရဘူးလား။ ငါ့ကို ချစ်ရင်တော့ ငါ့လိုပဲ နေမှာပါဟာ၊ နင် အခု တိမ်မြုကင်းစင်တဲ့ လမင်းရဲ့ အရောင်အောက်ကို ဝင်မလာချင်သေးဘူးလား။ စဉ်းစားပါ မာလုရယ်။

**မာလု** ဘယ့်နှယ့် ပြောလိုက်တာလဲ နီလာ၊ ငါလည်း နင့်ကို မခွဲနိုင်ပါဘူးဟာ၊ ချစ်တာပဲပေါ့၊ ခုလည်း သတိရလွန်းလို့ ဆေးရှာရင်း နင့်ကို လာတွေ့တာပါ။ အချိန်တော့ နည်းနည်း စောင့်ပါဦး နီလာရယ်။ အလင်းလမ်းကို ရောက်ဖို့ ရောင်ခြည်ဦးကို မြင်နေရပါပြီဟာ။

**နီလာ** ငါ့မှာ နေ့ရှိသ၍ နင့်ကို သတိရနေတယ်ဟာ၊ ဟိုးတလောက ဟောဒီဆေးခန်းမှာ လုပ်အားပေးလာကြသေးတယ်လေ။ ဟောဒီ ကွပ်ပျစ်လေးမှာ ငါထိုင်ရင်းနဲ့ နင့်နဲ့အတူတူ နှစ်ယောက်သား ထိုင်ချင်လိုက်တာလေ။ သိပ်ပြီး သတိရတာပဲ။

**မာလု** ခုလည်း အတူတူ ထိုင်နေရပြီပဲ အချစ်ရယ်။ နင်ဆုတောင်း ပြည့်ပြီပေါ့။

**နီလာ** ငါက တစ်သက်လုံးအတူတူ ထိုင်သွားချင်တာပါ။

(နန်းမို့မို့ကြည်နှင့် စိုင်းရွှေလွန်း၊ စိုင်းခွန်အောင် ဝင်လာစေ။)

**စိုင်းခွန်အောင်** ထိုင်ရမှာပေါ့ သမီးရယ်၊ ဟောဒီက မာလုကို ဥပဒေဘောင်ထဲရောက်အောင် ငါတို့တစ်တွေ အစွမ်းကုန်ကူညီကြတော့မှာပါ။

**မာလု** ဗျာ. . . ။

**စိုင်းရွှေလွန်း** ဗျာမနေပါနဲ့ မာလု။ နန်းမို့မို့ကြည်ပြောလို့ အားလုံးသိရပါပြီကွာ။ မင်း ဘာမှစိတ်ပူမနေပါနဲ့၊ ဥက္ကဋ္ဌကြီးနဲ့ ငါတို့အားလုံး အဆင်ပြေအောင် သက်ဆိုင်ရာတွေနဲ့ ဆက်သွယ်ဆောင်ရွက်ပေးမယ်။ ငါက ပြည်ခိုင်ဖြိုး စည်းရုံးရေးမှူး စိုင်းရွှေလွန်းပါ။

**မာလု** ကျေးဇူးတင်ပါတယ်။ ဘဝင်ဆိုတဲ့ အထက်အရပ်မှာ နရက်ဆိုတဲ့ အဝီစိဟာ တက်ပြီး မရပ်တည်နိုင်ဘူးဆိုတာ ကျွန်တော်ရိပ်မိပါပြီ။ အခွင့်သာတာနဲ့ ကျွန်တော် အချိန်မီဆက်



သွယ်မယ်။ (တစ်ဘက်သို့ လှည့်၍) နီလာ ငါသွားတော့မယ်နော်။

**နန်းမို့မို့ကြည်** ဟဲ့ ငါ့တော့ နှုတ်မဆက်ဘူးလား၊ အဆင်ပြေတာနဲ့ မေ့သွားပြီ။ မာလုနော်. . ။

**မာလု** ဪ၊ အားလုံးကို နှုတ်ဆက်ပါတယ်ဟာ၊ ဆရာမကြီးလည်း ပါတယ်။ သွားပြီနော်။

(ဒေါ်နန်းသီ ပြေးထွက်လာပြီး)

**ဒေါ်နန်းသီ** ဟဲ့ ကောင်လေး. . . ဆေးယူဖို့ မေ့သွားပြန်ပြီလား။

**မာလု** ဪ. . . ဟုတ်ကဲ့။

**(မီးပိတ်)**

## အခန်း (၁၂)

**နေရာ** တောတွင်း။

**အချိန်** နေ့။

**ပါဝင်သူများ** (၁) မာလု
(၂) ဒီယ
(၃) ပြဿဒါး
(၄) ဦးမှိုင်းညို
(၅) ရဲဘော်သစ်များ

**အခမ်းအနား** တောစိမ်းကား၏ရှေ့ရှိ အင်ဖက်တဲစခန်း၊ ဝါးစားပွဲနှင့် တန်းလျားရှည် ချထားပြီး သောက်ရေအိုးတစ်လုံး စားပွဲပေါ်တင်ထား ရမည်။

**ဇာတ်ညွှန်း** ရဲဘော်သစ်များသည် ငှက်ပျောဖက်ပေါ်တွင် ထမင်းကို ဆားထောင်းပြီး စားနေကြစဉ်၊ မာလုဝင်လာပြီး စိတ်ပျက်နေရမည်။ မကြာမီ တပ်သားတစ်ယောက် ရောက်လာ ပြီး ဌာနချုပ်မှစာကို လာပေး၊ စာကို မာလု ဖတ်ပြီး စိတ်တိုသွားစေ။





(ရဲဘော်သစ်များ ထမင်းစားနေစဉ် မာလု ဝင်လာ)

**မာလု** ဟော၊ ရဲဘော်သစ်တွေလားကွ၊ ဘာဟင်း တွေနဲ့ စားနေကြသလဲ။

**ဒီယ** ငရုတ်သီးဆားထောင်း။

**မာလု** ဘာ. . . ။

**ဒီယ** ဟုတ်တယ် အာစရိ၊ ဌာနချုပ်က ရိက္ခာငွေနဲ့ ထောက်ပံ့ကြေးငွေ ခွဲတမ်းရောက်မလာ သေးဘူးလေ၊ ဘာနဲ့ သွားစားကြမလဲ။

**ပြဿဒါး** ကျွန်တော်တို့လဲ ရေပဲသောက်နေကြရတယ် အာစရိ၊ အာစရိ သောက်ချင်ရင် ခပ်ပေး မယ်လေ။

**မာလု** တော်စမ်းကွာ. . .၊ ရဖို့ကြတော့ ချက်ချင်း တောင်းတယ်။ ပေးဖို့ကြတော့ တွန့်ဆုတ် တွန့်ဆုတ်နဲ့၊ ဘယ်နေ့ ပေါက်ကွဲကြမလဲတော့ မသိဘူး။

(တပ်သားတစ်ယောက် စာတစ်စောင်ဖြင့် ဝင်လာစေ)

**မာလု** ဟော့ ရဲဘော်. . . ဘာလဲကွ ပြောစမ်း။

**ရဲဘော်** ဌာနချုပ်က စာပို့လိုက်ပါတယ် ဗိုလ်ကြီး။

(မာလု စာကိုဖတ်ပြီး ဒေါသဖြစ်လျက်)

**မာလု** တောက် ဒါ. . . သက်သက် စော်ကားတာပဲ၊ မယုံရင်လည်း မခိုင်းနဲ့ပေါ့ကွာ။

**ဦးမှိုင်းညို** ဘာစာများလဲ မာလုရဲ့ ဒါလောက်ဒေါသဖြစ်ရအောင်။

**မာလု** ဟိုတလောက ဘိန်းချက်စခန်း ဝင်အတိုက်ခံရလို့ ပျက်စီးဆုံးရှုံးသွားတဲ့စာရင်းကို တင်ပေးလိုက်တာ မဖြစ်နိုင်ဘူးဆိုပြီး စာပြန်လာတာ။ လူသုံးယောက် သေသွားတာကိုတော့ မနှမြောဘူး။ ဘိန်းဖြူကီလို (၂၀) ပျက်စီးရတာကို ကိုယ်တိုင်လာဖြေရှင်းပါတဲ့။ သူတို့ကိုကြည့်လိုက်ရင် နယ်စပ်ဇိမ်ခန်းထဲမှာ ကောင်မလေးတွေနဲ့ စားချင်သလောက်စား၊ သောက်ချင်သလောက်သောက်၊ ဖြုန်းချင်သလောက်ဖြုန်းနဲ့ ကျုပ်တို့မှာ ခွေးပြေးဝက်ပြေး ပြေးရပြီး ငတ်နေတာကို သူတို့ ဂရုမစိုက်ဘူး။ ကဲ. . . ရဲဘော် ပြောလိုက်ကွာ၊ စာရင်းကို အတိအကျသိချင်ရင် ဒီကိုလာပါလို့၊ ငါလည်းဗိုလ်ကြီးမာလု၊ သူတို့လည်း ဗိုလ်ချုပ်တွေ၊ ဗိုလ်ကြီးတွေပဲ။ ဘယ်သူကမှ ပြန်တမ်းထုတ်ပြီး ခန့်ထားတာ မဟုတ်ဘူး။ ကိုယ့်ရာထူး ကိုယ်ပေးထားကြတာပဲ၊ တစ်ယောက်မှ ရာထူးမကြီးဘူး။



လက်ဦးတဲ့ကောင်က ဗိုလ်ပဲ၊ ကဲ ပြန်တော့။ (ဆက်သား ဝင်သွားစေ)

**ဦးမှိုင်းညို** ဘယ်လိုပြောလိုက်တာလဲ မာလု စိတ်ကို ထိန်းမှပေါ့ကွာ။

**မာလု** သည်းခံခြင်းဆိုတာ နားလည်မှုရှိတဲ့အရပ်မှာပဲ ကျင့်သုံးလို့ကောင်းတာ။ ကျွန်တော် ဘယ်လောက်ကောင်းအောင်လုပ်လုပ်၊ ဘယ်လောက်ပဲငွေရှာရှာ၊ တစ်ခါမှ အကောင်းမထင်ဘူး။ စေတနာကိုမသိရင် နေပါ၊ တစ်ခါတစ်လေတော့ အကောင်းပြောသင့်တာပေါ့ ဦးမှိုင်းညိုရယ်။ ကွာခြားလိုက်တာများ. . ။

**ဦးမှိုင်းညို** ဘာ ကွာခြားတယ် ဟုတ်လား၊ မင်းက ဘယ်သူနဲ့နှိုင်းပြီး ကွာခြားတယ်လို့ ပြောလိုက်တာလဲ။

**မာလု** (ဝမ်းနည်းဟန်ဖြင့်) နီလာတို့ရွာသားတွေနဲ့ပေါ့ဗျာ။ ကျွန်တော် ဒဏ်ရာတို့၊ ပြဿနာတို့အတွက် ဆေးသွားရှာတုန်းက၊ ဆေးခန်းဆရာမကြီးက လွယ်လွယ်ကူကူပဲ စေတနာထက်သန်စွာနဲ့ ပေးလိုက်တယ်။ နီလာတို့နန်းမို့မို့ကြည်တို့နဲ့ တွေ့ချင်လို့ ခေါ်ပေးပါဆိုတော့လည်း မှောင်မှောင်မဲမဲထဲမှာ သွားခေါ်ပေးတယ်။ ရယကဥက္ကဋ္ဌကြီးတွေ

ကလည်း ဆွေမျိုးရင်းခြာတစ်ယောက်လို မေတ္တာကြီးမားလိုက်ကြတာ ဦးမှိုင်းညိုရယ်၊ ကျွန်တော့်တစ်သက် မမေ့နိုင်လောက်အောင် ပါပဲဗျာ။ ကျွန်တော်တို့ ခေါင်းဆောင်တွေမှာ အဲဒီလူတွေရဲ့ မေတ္တာတစ်ဝက်လောက်ရှိရင် သိပ်ကောင်းမှာ၊ ကျွန်တော်ခံစားရတယ် ဦးမှိုင်းညို၊ ဒီလူတွေ မေတ္တာတရား ခေါင်းပါး တယ်။

**ဦးမှိုင်းညို** ဒီတော့ မင်းဘာလုပ်ချင်သလဲ၊ မင်းဟာ လူငယ်တစ်ယောက်ပါ။ ကုန်လွန်ခဲ့တဲ့အချိန် တွေအတွက် နိုင်ငံတော်ကို ကျေးဇူးဆပ်ဖို့ တာဝန်တွေက အများကြီးရှိသေးတယ်။ ဥယျာဉ်မှူး လုပ်မှာလား၊ သစ်ခုတ်သမား လုပ်မှာလား။ ဘယ်လမ်းကို ရွေးမလဲဆိုတာ မင်းစဉ်းစားပါ။ ဒါပေမယ့် ဘာကိုပဲလုပ်လုပ် နောက်မကျစေနဲ့၊ တစ်ရက်နောက်ကျရင် တစ်ရက်ခံရမှာပဲ။

**မာလု** (စဉ်းစားပြီး) ဒါဆိုလည်း မနက်ဖြန်။ (အားလုံးမတ်တပ်ရပ်၍ လက်မောင်းများ ဆန့်တန်းလိုက်ကြစေ)

**(မီးပိတ်)**

## အခန်း (၁၃)

**နေရာ** တောလမ်း။

**အချိန်** နံနက်ဝေလီဝေလင်း။

**ပါဝင်သူများ** (၁) မာလု
(၂) ဦးမှိုင်းညို
(၃) ပြဿဒါး
(၄) ဒီဃ
(၅) ရဲဘော် (၅)ယောက်
(၆) စိုင်းထွန်းအောင်
(၇) နီလာ
(၈) ဦးအောင်ခိုင်
(၉) နန်းမို့မို့ကြည်
(၁၀) တပ်မတော်သား (၅) ယောက်
(၁၁) စိုင်းရွှေလွန်း

**အခမ်းအနား** တောလမ်းပန်းချီကားတစ်ချပ် ချိတ်ဆွဲထားပြီး သစ်ငုတ်တိုတစ်ခုကို သင့်သလိုထားရမည်။

**ဇာတ်ညွှန်း** မာလုတို့အဖွဲ့သည် အလံဖြူကိုင်၍ ထွက်လာစဉ် SURA မှ ကြားဖြတ်တိုက်ရမည်။

တပ်မတော်မှ ရန်သူများနောက်သို့ ဆက်လိုက်သွားပြီး တိုက်ပွဲတွင် ဦးမှိုင်းညိုရင်ဘတ်တွင် ဒဏ်ရာပြင်းစွာရခဲ့ပြီး မာလုနှင့်စကားပြောရာမှ အဖေမှန်းသိသွားရမည်။ မာလုနောင်တရပြီး စိုင်းခွန်အောင်တို့နှင့်အတူ ရွာထဲသို့ လိုက်သွားစေ။

**မာလု** လူငယ်တွေအားလုံးပါတယ်နော်။

**ဒီယ** ကျွန်တော်တို့စခန်းထဲက အကုန်ပဲဗျာ။ အားလုံးက အလင်းရောင်ထဲသွားဖို့ ဆန္ဒပြင်းပြနေကြတာ။

**ပြဿဒါး** ကျွန်တော်ကိုယ်တိုင် ဥက္ကဋ္ဌရော၊ စိုင်းရွှေလွန်းကိုပါ ပေးခဲ့တယ်။ အဲဒီအတွက်တော့ စိတ်ချအာစရိ။

**မာလု** ဒီယ၊ ငါတို့ ဥပဒေဘောင်ထဲ ဝင်မဲ့ကိစ္စ ဌာနချုပ်က ရိပ်မိသေးသလား၊ သတင်းရောလုံခြုံရဲ့လား။

**ဒီယ** သတင်းတော့ လုံခြုံပါတယ်။ ဒါပေမယ့် တလောက အာစရိဆီ ဆက်သားရဲဘော်ကို ဟိုတစ်နေ့က စခန်းအနားမှာ တွေ့လိုက်တယ်။ ဘာကိစ္စရှိသလဲမေးတော့ ဘာမှပြန်မပြောဘဲ ထွက်ပြေးသွားတယ်။ အဲဒီကောင်ကိုတော့ သံသယဝင်စရာပဲ။



**မာလု** ဟေ့ကောင်တွေ၊ တို့နောက်က လူသံလိုလိုကြားတယ်။

(တိုက်ပွဲဖြစ်ကြပြီ၊ ဦးမှိုင်းညို ထိသွားတယ်)

(တပ်မတော်အဖွဲ့ ရောက်လာပြီ)

**ဗိုလ်ကြီး** မာလု ဘာမှမပူနဲ့၊ နောက်က ဥက္ကဋ္ဌတို့အဖွဲ့လာနေကြပြီ၊ ကျွန်တော်တို့ ရန်သူနောက်ကို ဆက်လိုက်သွားမယ်။

(ဗိုလ်ကြီးနှင့် တပ်မတော်သားများ ဝင်သွားစေ)

**မာလု** ဦးမှိုင်းညို၊ ဦးမှိုင်းညို ထိသွားတယ်နော်။

**ဒီယ** ဟုတ်တယ် အာစရိ၊ အာစရိဆီလာမယ့်ရန်သူကို တားရင်း သူ့ကိုထိသွားတာ၊ သစ္စာရှိလိုက်တာဗျာ။

**မာလု** ဖြစ်မှဖြစ်ရလေ ဦးမှိုင်းညိုရယ်၊ ဘာဖြစ်လို့ ဝန်ခံလိုက်ရတာလဲ၊ ကျွန်တော်သေချင်သေပါစေပေါ့။

**ဦးမှိုင်းညို** မာလုသေလို့ မဖြစ်သေးဘူးလေ၊ မင်းတို့ လူငယ်တွေရဲ့ အားမာန်နဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုရအုံးမယ် မဟုတ်လား။ ငါသေရတာကို ကျေနပ်ပါတယ်ကွာ။ ငါ့အတွက် စိတ်မကောင်း မဖြစ်ပါနဲ့၊ ငါကျေနပ်တယ်။ ဘာကြောင့်လဲဆိုတော့ မသေခင် ငါ့သားနဲ့အတူတူနေသွားရတယ်လေ။

**မာလု** ဦးမှိုင်းညို ဘာတွေလျှောက်ပြောနေတာလဲ၊ သွေးရူးသွေးတန်းနဲ့ ကယောင်ခြောက်ခြား ဖြစ်နေတယ်ထင်တယ်၊ ဟော့ကောင်တွေ ကြည့်ကြစမ်း။

**ဦးမှိုင်းညို** မဟုတ်ပါဘူးကွာ၊ ငါကောင်းကောင်း သတိရတယ်။ တကယ်တော့ မင်းဟာ ငါ့သားအရင်းပါ။ အဖေက နမ့်ဆန်က၊ မင်းအမေ နန်းဆိုင်ကူနဲ့ အိမ်ထောင်ကျပြီး ငါ့သားသုံးနှစ်အရွယ်လောက်မှာ မြိတ်နဲ့ ထားဝယ်ဘက်ကို စက်လှေနဲ့ ကုန်ကူးခဲ့တယ်။ စက်လှေနစ်လို့ အားလုံးသေကုန်ကြပေမယ့် အဖေ့ကို ဆလုံလှေတစ်စီးက ကယ်လို့ မသေခဲ့ဘူး။ ဒါပေမယ့် အဲဒီဆလုံရွာမှာပဲ ပင်လယ်ငှက်ဖျားမိတာနဲ့ နေမကောင်းဖြစ်ပြီး အနှစ်နှစ်အလလ ကြာခဲ့တယ်။ နလံထပြီးနောက် ပြည်နယ်ကို ပြန်ပြီး နမ့်ဆန်မှာ သားတို့မိသားစုကို စုံစမ်းတော့ မီးသွေးကုန်းရွာကို ပြောင်းသွားတယ်လို့ သိရတယ်။ မီးသွေးကုန်းရွာကို လိုက်သွားတော့ သောင်းကျန်းသူတွေ မီးရှို့လို့ ပြာပုံပဲ တွေ့ရတယ်။ အဲဒီအချိန်မှာ ငါ့သားအသက်က ၁၃ နှစ်လောက် ရှိမှာပေ့ါ။ ပတ်ဝန်းကျင်



ကို စုံစမ်းတော့ နန်းဆိုင်ကူ သေသွားပြီလို့ ကြားသိရတယ်။ ငါ့သားတို့လို လူငယ်တွေကိုတော့ လူသစ်စုဆောင်းတဲ့အထဲမှာ ပါသွားတယ်လို့ သတင်းရတာနဲ့ အဖေ့ရဲ့စိုင်းကောင်းစံဆိုတဲ့ မူရင်းနာမည်ဖျောက်ပြီး မှိုင်းညိုဆိုတဲ့နာမည်နဲ့ သောင်းကျန်းသူအဖွဲ့ ထဲဝင်ပြီး သားရှိရာ စုံစမ်းလိုက်လာခဲ့တာပဲ၊ အခု အဖေသားကို တွေ့ခဲ့ရပြီပဲ၊ သေရမှာကို ကျေနပ်ပါတယ်။

**ဒီဃ** အဘ စကားသိပ်မပြောနဲ့ မောနေမယ်။

**ဦးမှိုင်းညို** သား၊ မာလု အဖေပြောတာ ကြားတယ်နော်။

**မာလု** ဟုတ်၊ ဟုတ်ကဲ့ ကြားပါတယ်။ ဖြစ်မှဖြစ်ရလေဗျာ၊ ဒါ့ကြောင့် အဘက ကျွန်တော့်ကို အရိပ်ကြည့်သလို ဂရုစိုက်ခဲ့တာကိုး။

**ဦးမှိုင်းညို** သား လူလေး၊ ငါ့ကို အဖေ့လို့ ခေါ်လိုက်ပါလားကွာ၊ အဖေ မသေခင် သားခေါ်သံကို ကြားချင်လို့ပါ။

**မာလု** အဘ မသေရဘူး၊ အနာဂတ်မျှော်လင့်ချက် ဇာတ်လမ်းတွေ ဆက်ရဦးမှာဗျ၊ အဖေ. . .။

**ဦးမှိုင်းညို** သား . . .။

**မာလု** အဖေ. . .။

**ဦးမှိုင်းညို** သား. . .။ (အသံပျော့သွားစေ)

**မာလု** အဖေ၊ အဖေ၊ ဒီယ ကြည့်ကြပါအုံးကွာ။ ငါ့အဖေ အသက်မရှိတော့ဘူး။ ငါ့အဖြစ်က ဆိုးလှချည်လားကွာ၊ ရောင်နီပျိုးမှ ညှိုးတဲ့ပန်းလို အဖေသေခါနီးမှ အဖေမှန်းသိရတဲ့ ဘဝပါလား။

**ပြသဒါး** စိတ်ဖြေပါ အာစရိရယ်၊ ပြီးခဲ့တာတွေ ပြီးသွားပြီပဲ။ (ဉက္ကဋ္ဌနှင့်အဖွဲ့ ရောက်လာကြစေ)

**နီလာ** ဟင်၊ မာလု နင်ငိုနေတယ် ဟုတ်လား၊ ဒီအဖိုးကြီးက ဘယ်သူလဲ။

**မာလု** အဲဒါ ငါ့အဖေလေ၊ သူအသက်မရှိတော့ဘူး။

**နန်းမို့မို့ကြည်** နင့်အနားမှာ အမြဲရှိနေတဲ့ ဦးမှိုင်းညိုဆိုတာလား။

**မာလု** ဟုတ်တယ်။ အဖေဟာ. . . ငါ့ဘဝအတွက် လမ်းပြကြယ်စင် မီးအိမ်ရှင်ပဲ နီလာ။

**နီလာ** စိတ်မကောင်းလိုက်တာ မာလုရယ်။

**စိုင်းခွန်အောင်** ကဲ မာလု၊ ဒီလိုပဲနေလို့ မဖြစ်သေးဘူးလေ၊ တို့တစ်တွေ ရွာထဲဝင်သွားကြမှ ဖြစ်မယ်။ လုပ်စရာတွေက အများကြီးရှိသေးတယ်။ မင်းအဖေအလောင်းကိုလည်း ငါတို့သေသေချာချာ သင်္ဂြိုလ်ပေးမယ်။



**မာလု** (ဦးအောင်ခိုင်ကို လှမ်းကြည့်ပြီး) ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး။

**ဦးအောင်ခိုင်** ခွင့်လွှတ်ပါတယ် မာလုရယ်၊ အချိန်မီပါသေးတယ်ကွာ၊ မင်းအဖေကို ချစ်တယ်ဆိုရင် မင်းအဖေပြောတဲ့အတိုင်း မင်းတို့လူငယ်တွေရဲ့ အားမာန်နဲ့ တိုင်းပြည်ကို အလုပ်အကျွေး ပြုပေါ့ကွာ။

**မာလု** ဟုတ်ကဲ့ ဆရာကြီး။ လေဘယ်လောက်ကြမ်းကြမ်း၊ ဦးမညွတ်တဲ့ မျှော်စင်တစ်ခုလို ရပ်တည်ပါ့မယ်။ အများအတွက် အသက်ရှင်တာကမှ တကယ့်အဓိပ္ပာယ်ရှိတဲ့ ဘဝလို့ ခံယူလိုက်ပါပြီ. . .။ ကျွန်တော်တင်မကပါဘူး၊ အလင်းရောင်ကို ဝင်လာကြတဲ့ ကျွန်တော့်တို့လူငယ်တွေ အားလုံးအတွက် ကတိပေးပါတယ်။ စိုင်းရွှေလွန်း ကျွန်တော်တို့ကို ကြိုဆိုတယ် မဟုတ်လား။

**စိုင်းရွှေလွန်း** မာလုရယ် မင်းတို့လိုအမြင်မှန်ရတဲ့ လူငယ်တွေကို ငါတို့တစ်တွေက ရွှေလက်ကမ်းလို့ ကြိုဆိုပါတယ်ကွာ။ (လက်ဆွဲနှုတ်တ်ဆက်)

**(မီးပိတ်)**

## အခန်း(၁၄)

**နေရာ** ရွာလမ်းအဝေး (မွန်ပန်းချီ)

**အချိန်** နံနက်

**ပါဝင်သူများ**

(၁) စိုင်းခွန်အောင်
(၂) စိုင်းရွှေလွန်း
(၃) ဦးအောင်ခိုင်
(၄) ဒေါ်နန်းသီ
(၅) နန်းမို့မို့ကြည်
(၆) ပြုံးဒါး
(၇) ဒီယ
(၈) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း
(၉) ကြက်ခြေနီများ
(၁၀) မာလု
(၁၁) နီလာ
(၁၂) ရွာသူရွာသားများ

**အခမ်းအနား** အလွယ်တကူ တပ်ဆင်ထားသော တံတား တစ်ခု ပြင်ထားရမည်။





**ဇာတ်ညွှန်း** ရွာသူရွာသား၊ ကြက်ခြေနီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ သူနာပြုအဖွဲ့ဝင်များနှင့် မာလုတို့အဖွဲ့ လမ်းပြင်၊ တံတားဆောက်လုပ်ရင်း တံတားပြီးသွားရမည်။ (လူငယ်အားမာန်) ကဗျည်းရေးထိုးရန်။

### (မီးဖွင့်)

**မာလု** နီလာ၊ လူငယ်တွေ ဟိုတစ်စု ဒီတစ်စုနဲ့ ဘာလုပ်နေကြတာလဲ၊ သစ်တွေဝါးတွေလည်း သယ်လို့။

**နီလာ** ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ ရွာချင်းဆက် တံတားဆောက်ပြီး လမ်းဖောက်ကြမလို့လေ၊ လူငယ့်အားမာန်နဲ့ သမိုင်းတွင်သွားအောင်ပေါ့လေ။

**မာလု** အေးဟာ. . . တကယ်တော့ လောကကြီးဟာ မမှောင်ပါဘူး။ တို့က မြင်နိုင်စွမ်းမရှိခဲ့တာပါ. . .။ ခုတော့ တိမ်မည်းတွေ အလွင့်မှာ နေရောင်ခြည်လင်းလက်လာပါပြီ။

**နီလာ** ကိုယ့်အမှားသိတဲ့နေ့ဟာ ကြီးပွားတိုးတက်စေဖို့စတဲ့နေ့ပါ မာလုရယ်. . .။ ခုတော့

နှင့်ဘဝ သမပိုင်းဇုန်က နေမင်းလို ထွန်းလင်း ချိန်ရောက်ပါပြီ။

**မာလု** ဟုတ်တယ်၊ ရန့်သင်းတဲ့ပန်းနဲ့ အဆိပ်ရှိတဲ့ ပေါင်းပင်ကိုလည်း ခွဲခြားတတ်ခဲ့ပါပြီ။ ဒါ မိုးမည်းကိုခွဲပြီး ကိုယ်ထင်ပြတဲ့ ဟောဒီချစ်သူ လမင်းလေးရဲ့ ကျေးဇူးတွေပေါ့။

**နီလာ** လှပတဲ့အနာဂတ်ဟာ တို့နဲ့ လက်တစ်ကမ်း မှာ ရှိနေပါပြီဟာ. . .။ ကြယ်စင်တွေဝန်းရံ နေတဲ့ အလံတော်ရိပ်မှာခိုပြီး ဘဝတစ်ဆစ် ချိုးလို့ အလှသစ်ပျိုးကြမယ်လေ။

**မာလု** ကောင်းလိုက်တဲ့ အစီအစဉ်ဟာ အဆိပ်သင့် နေတဲ့နေ့ဟောင်းတွေ ကျော်လွန်ခဲ့ပါပြီ။ တို့လူငယ်တွေဟာ နိုင်ငံတော်အတွက် အသွေး အင်္ဂတေ၊ အသားအုတ်မြေ ဖြစ်စေရမှာပေါ့။ အဲဒီလူငယ်တွေထဲမှာ ငါလည်း ပါဝင်ချင် တယ်ဟာ။ ကြွေးဆပ်ချင်လို့ ဖြစ်ပါ့မလား။

**နီလာ** ရတာပေါ့၊ အဲဒါဆို နင်ကပေါက်တူးကိုင် မြေပေါက်၊ ငါက မြေသယ်မယ်။

**မာလု** မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့ ဟုတ်လား၊ ဒါနဲ့ ဒီတံတားရဲ့နာမည်က ဘာတဲ့လဲဟင်. . .။



**နီလာ** လူငယ်တွေရဲ့ အားမာန်နဲ့ စုပေါင်းတည် ဆောက်ထားလို့ လူငယ့်အားမာန်တံတားတဲ့။

**မာလု** လူငယ့်အားမာန်။

**သီချင်းဝင်ရန်** -××× နိုင်ငံတော်တိုးတက်အောင် အမြဲတမ်း ရွက်ဆောင်၊ စည်းလုံးညီညွတ်မှုအကျိုး ရွက်ဆောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုံ့လ ဝီရိယနဲ့ အစဉ်သာကြံဆောင် ×××× လမ်းတွေ ဖောက်လို့၊ တံတားတွေ ဆောက် လို့ ရွာချင်းဆက် လမ်းတံတားနဲ့ အသွား အလာ ညီမျှအောင် တို့လူငယ်တွေ အား မာန်ညီစေ၊ ကြိုးစားပါလို့၊ နိုင်ငံဂုဏ်ကို ဆောင်။

(ဒိုးပတ်တစ်လှည့် အိုးစည်တစ်လှည့် တီးပါ)
(နောက်ဆုံးအတီးအကျတွင် "လူငယ့် အားမာန်တံတား" ကဗျာကို ပြရန်)

**(တဖြည်းဖြည်း ကားပိတ်)**

❖ ❖ ❖ ❖ ❖

## “သားကောင်းရတနာ”ပြဇာတ်

(တစ်ခန်းရပ် ပြဇာတ်)

**(ပါဝင်သူများ)**

| | |
|---|---|
| ၁။ ဦးမြသန်း | အလယ်တန်းကျောင်းအုပ်ဆရာ |
| ၂။ ဦးစိုးမြ | ရယကဥက္ကဋ္ဌ |
| ၃။ ဒေါ်ငြိမ်း | အကြော်သည် |
| ၄။ လင်းလင်း | ဦးစိုးမြသမီး |
| ၅။ အောင်အောင် | ဒေါ်ငြိမ်း၏သား |
| ၆။ ရွှေရိုး | ကူးတို့လှေသမား |
| ၇။ သန်းမြင့် | အောင်အောင်သူငယ်ချင်း |
| ၈။ မောင်မောင်လတ် | အောင်အောင်သူငယ်ချင်း |
| ၉။ ဇော်နိုင် | အောင်အောင်သူငယ်ချင်း |
| ၁၀။ ထွန်းဇော် | အောင်အောင်သူငယ်ချင်း |
| ၁၁။ ပေါက်ကျိုင်း | နွားကျောင်းသား |
| ၁၂။ ရောဘတ် | နိုင်ငံခြားစီးပွားရေးလုပ်ငန်းပွဲစား |
| ၁၃။ ဆန်နီ | ရောဘတ်၏တပည့် |
| ၁၄။ မိုက်ကယ် | ရောဘတ်၏တပည့် |
| ၁၅။ နိုရင်း | ရောဘတ်၏တပည့် |





| | |
|---|---|
| ၁၆။ ဂျီနာ | ရောဘတ်၏တပည့် |
| ၁၇။ ဇော်မှိုင်း | ကချင်တိုင်းရင်းသား |
| ၁၈။ ခမ်းလျှံ | ကချင်တိုင်းရင်းသား |
| ၁၉။ သိန်းဟန် | စခန်းမှူး |
| ၂၀။ မြင့်မြင့်မာ | ဆရာဝန် |

# ပြကွက် (၁)

**နေရာ** ရေကျော်ရွာလှေဆိပ်။

**အချိန်** နံနက်။

**အခမ်းအနား** ရေလှိုင်းနောက်ခံကားရှေ့တွင် လှေသုံးစီးအား၊ ရေဒူးပိတ်အတွင်းဘက်၊ ဇာတ်ခုံ၏ လက်ျာဘက်၌ အသင့်ထားရှိရမည်။ သရက်ပင်အောက်တွင် ဝါးကွပ်ပျစ်တစ်ခုထားရမည်။

**မီး** နံနက်ခင်းအလင်းရောင်။

**အသံ** လေတိုးသံခပ်ပါးပါးနှင့် လှိုင်းပုတ်သံများ ပေးထားရမည်။ စကားပြောသံများ ပြတ်သားစေရမည်။ ထော်လာဂျီအသံ ထည့်ထားရမည်။

**ပါဝင်သူများ** (၁) ဦးမြသန်း
(၂) ဦးစိုးမြ
(၃) ရွှေရိုး
(၄) ပေါက်ကျိုင်း

**ဇာတ်ညွှန်း** ရေကျော်ကျေးရွာသို့ အလယ်တန်းကျောင်းအုပ်အဖြစ် ရောက်လာသော ဆရာကြီး





ဦးမြသန်းအား ကျေးရွာရယကဥက္ကဋ္ဌ လာရောက်ကြိုဆိုပြီး၊ နေထိုင်စားသောက်ရေးကိစ္စများ ဆွေးနွေးကြစေ။

**(ပြည်ဖုံးဖွင့်)**

(ဥက္ကဋ္ဌ ဦးစိုးမြသည် ဇာတ်ခုံ၏လက်ျာဘက်သို့ မျှော်ကြည့်နေစဉ် ထော်လာဂျီစက်သံ တဖြည်းဖြည်းပေါ်ထွက်လာပြီး ရပ်သွားရမည်။)

**အတွင်းမှအသံ** ဗျို့ဥက္ကဋ္ဌကြီး ဧည့်သည်ပါတယ်ဗျို့။
(ဦးစိုးမြသည် တိုင်ဖုံးအတွင်းသို့ ခပ်သွက်သွက်ဝင်သွားပြီး ဦးမြသန်းနှင့်အတူ အထုပ်အပိုးများဆွဲ၍ ထွက်လာစေ)

**ဦးစိုးမြ** ဆရာကြီးကို ကျွန်တော်က မနက်ထဲက မျှော်နေတာ။ ကျွန်တော်တို့ရွာက ဖွံ့ဖြိုးမှုကလဲနှေး၊ သွားလာမှုကလဲဝေးတော့ မြို့က ဆရာတွေက ဘယ်သူမှမလာချင်ကြဘူးလေ၊ မပျော်ကြဘူးပေါ့၊ ဆရာကြီးကရော (၂) နှစ်၊ (၃) နှစ်ဘဲလား။

**ဦးမြသန်း** (ဦးစိုးမြကိုကြည့်ပြီး ပြုံး၍) ကျွန်တော် အသက် ၆၀ ပြည့်တဲ့အထိ နေသွားမှာပါ၊ ရာထူးလည်း ကျွန်တော်မယူဘူး၊ ဥက္ကဋ္ဌကြီး

တို့ ရေကျော်ရွာအကြောင်းကိုလည်း သွားမှု လာမှုမှအစ ကျွန်တော်လေ့လာပြီးမှ လာတာပါ။ ကျွန်တော့်အတွက် ရတက်မအေး မဖြစ်ကြပါနဲ့ဗျာ။ စိတ်အေးအေးသာထားကြပါ။ ကျွန်တော်ပျော်အောင် နေတတ်ပါတယ်။

**ဦးစိုးမြ** (အားရဝမ်းသာစွာဖြင့်)ဟာ ဆရာကြီးစကားကြားရတာ ကျွန်တော်တောင် အသက်ပြန်ငယ်ပြီး၊ ကျောင်းပြန်တက်ချင်စိတ်ပေါက်လာတယ်ဗျာ၊ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဒီထက်လည်း ကျွန်တော်စကားပို မပြောတတ်တော့ဘူး၊ ဆရာကြီးနေဖို့အတွက်တော့ ကျောင်းနားမှာ အိမ်တစ်လုံး သီးသန့်ဆောက်ပြီးထားပါတယ်။

**ဦးမြသန်း** ဟာ၊ ရပါတယ်ဥက္ကဋ္ဌကြီး၊ ကျွန်တော်က ကျောတခင်းစာနေရာလေးရရင်ပြီးတာပါဘဲ၊ အပိုတွေမလုပ်ပါနဲ့ဗျာ။ ကျွန်တော့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါ့မယ်။

**ဦးစိုးမြ** အပိုရယ်လို့မဟုတ်ပါဘူး ဆရာကြီးရယ်၊ ဆရာကြီးရဲ့ဂုဏ်က ရှိသေးတယ်မဟုတ်လား၊ ကျွန်တော်တို့ရွာသားတွေရဲ့စေတနာပါ၊ ဆရာကြီးစားဖို့အတွက်ကတော့ ကျွန်တော့်အိမ်ကနေ့တိုင်း ထမင်းချိုင့်ပို့ပေးမယ်။



**ဦးမြသန်း** ဟာ ဒါတော့မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်ချက်စားနိုင်ပါတယ်။ ကျွန်တော့်မှာ အိုးတွေ ခွက်တွေလည်း ပါလာပါတယ်၊ ဆန်လေးဘာလေးသာ ပေးထားပါ။ အဆင်ပြေပါတယ်။

**ဦးစိုးမြ** မဟုတ်တာဘဲ ဆရာကြီးရယ်၊ ကျွန်တော့်မှာ လယ်ရော၊ ငါးကန်တွေပါ အများကြီး ရှိပါတယ်၊ ဆန်စပါးအတွက် ဘာမှပူစရာမလိုဘူး၊ ရွာဦးကျောင်းကိုလည်း နေ့တိုင်း ဆွမ်းပို့နေတာဆိုတော့ တာဝန်မကြီးပါဘူး၊ ကျွန်တော်ကုသိုလ်ယူပါရစေဗျာ။

**ဦးမြသန်း** ဥက္ကဋ္ဌကြီးကတော့ ကျွန်တော့်ကို ရွာကမပြန်နိုင်အောင် လုပ်နေပြီထင်တယ်။

**ဦးစိုးမြ** ရွာမှာသာဆရာကြီး တသက်လုံးနေမယ်ဆိုလို့ကတော့ အိမ်လည်းဆောက်ပေးမယ်၊ လယ်တွေလည်း ပေးမယ်ဗျာ၊ ဆရာကြီးဇနီးနဲ့ သားသမီးတွေကိုသာ ခေါ်ခဲ့ပါ။

**ဦးမြသန်း** ကျွန်တော်က တစ်ယောက်တည်းသမားပါ ဥက္ကဋ္ဌကြီး၊ အိမ်ထောင်မရှိပါဘူး၊ မိဘတွေကလည်း ဆုံးသွားကြပြီလေ၊ ကျွန်တော့်အစ်ကိုနဲ့ အစ်မတွေကတော့ အိမ်ထောင်သည်တွေပါ၊ မိဘတွေမရှိတော့တာနဲ့ အမွေကိစ္စတွေ ရှင်းလင်းပြီး ဥက္ကကြီးတို့ရွာကို

ကျွန်တော်ရွေးပြီး ပြောင်းလာခဲ့တယ်ဆိုပါတော့ဗျာ။

**ဦးစိုးမြ** တခါထပ်ပြီး ဝမ်းသာရပြန်ပြီဗျာ၊ တာဝန်လည်း မကြီးဘူး၊ ဆရာကြီးဘက်ကလည်း နောက်ကြောင်းအေးတယ်ဆိုရင်တော့ အကူအညီတစ်ခုတော့ တောင်းချင်ပါသေးတယ်။

**ဦးမြသန်း** ပြောပါဥက္ကဋ္ဌကြီး၊ ရင်းရင်းနှီးနှီးပေါ့ဗျာ၊ ဘာမှအားမနာနဲ့၊ ကဲ ဘာကူညီရမှာလဲ။

**ဦးစိုးမြ** ဒီလိုပါဗျာ၊ ကျွန်တော်တို့ရွာက ဆယ်တန်းအပြင်ဖြေကြမည့် ကျောင်းသားတွေ ရှိပါတယ်။ ကျူရှင်ကျောင်းနဲ့ကလည်းဝေး၊ ကျူရှင်ရှိပြန်တော့လဲ ငွေကြေးမတတ်နိုင်ကြတော့။

**ဦးမြသန်း** သိပြီ ဥက္ကဋ္ဌကြီး၊ ကျွန်တော်က စာသင်ပေးရမယ်ဆိုပါတော့။

**ဦးစိုးမြ** ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးအတွက်လည်း အကျိုးမယုတ်. . .

**ဦးမြသန်း** (လက်ကာ၍) ဆက်မပြောနဲ့ ဥက္ကဋ္ဌကြီး၊ ကျွန်တော်က အသပြောဆရာမဟုတ်ပါဘူး၊ စာတကယ်ကြိုးစားချင်တယ်၊ ပညာတကယ်လိုလားပါတယ်ဆိုတဲ့ တပည့်တွေကို မေတ္တာနဲ့သင်ပေးပါမယ်ဗျာ။ ဒါမျိုးလိုက်ရှာနေတာပါ။



**ဦးစိုးမြ** ကျွန်တော်တတိယအကြိမ်ထပ်ပြီး ဝမ်းသာရပြန်ပြီ ဆရာကြီး၊ ဆရာကြီးနဲ့တွေ့ရတာ သိကြားနဲ့တွေ့ရတယ်ဘဲ ပြောရမလား။

(ကူးတို့လှေဆိုက်လာစေ)

**ဦးမြသန်း** မဟုတ်ဘူးဗျ၊ ပြဟ္မာနဲ့တွေ့တာ။

**ဦးစိုးမြ** ဟောဟိုမှာ ကူးတို့လှေဝင်လာပြီ၊ သွားကြစို့ ဆရာကြီး။

(ပေါက်ကျိုင်းလှေပေါ်မှ ဆင်းလာစေ)

**ပေါက်ကျိုင်း** ဥက္ကဋ္ဌကြီး ရွာကိုပြောင်းလာတဲ့ ကျောင်းအုပ်ဆရာကြီးဆိုတာလား။

**ဦးစိုးမြ** ဟုတ်တယ်ကွ။ ပေါက်ကျိုင်းရ။

**ပေါက်ကျိုင်း** ရွာထဲမှာလည်း ကျောင်းအုပ်ဆရာကြီးရောက်လာမယ်ဆိုတဲ့ သတင်းတော့ထွက်နေတယ်၊ ကျွန်တော်လည်း မြို့ကပြန်လာမှ ဆရာကြီးအိမ်ကို ရေနွေးကြမ်းနဲ့ သောက်ရအောင် ငါးရံ့ခြောက်ဖုတ်လာပို့ပေးအုံးမယ်နော်။

**ဦးမြသန်း** (ပေါက်ကျိုင်းကို ကြည့်၍ ပြုံးလိုက်ပြီး) ကျွန်တော်တော့ ဥက္ကဋ္ဌကြီးတို့ရဲ့ ရိုးသားပွင့်လင်းတဲ့ရွာကို ရောက်လာရတာ လာရကျိုးနပ်ပြီဗျာ။

**(မီးပိတ်)**

# ပြကွက် (၂)

**နေရာ** ဒေါ်ငြိမ်း၏တဲအိမ်။

**အချိန်** ည။

**အခမ်းအနား** ဇာတ်ခုံရှေ့တည့်တည့် အမြင့်၊ အင်ဖက်တဲတစ်လုံး၊ ထရော်လီပေါ်တွင် ထားရှိရမည်။ တဲ၏ဝဲယာနှင့် နောက်ပိုင်းပိတ်ထားရမည်၊ အတွင်းဘက်ကွပ်ပျစ်ပေါ်တွင် အိပ်ရာခင်းထားရမည်၊ တဲ၏ဝဲဘက်တွင် ထင်းမီးဖိုတစ်လုံးထားရှိပြီး၊ မီးဖိုပေါ်တွင် ရေနွေးအိုး တင်ထားရမည်၊ တဲ၏ ယာဘက်တွင် အသီးမသီးသေးသော ဘူးစင်တစ်ခု ရှိရမည်။

**မီး** ညအရောင်၊ လသာမည်၊ ကြယ်တချို့ပါရှိရမည်၊ ထင်းမီးဖိုမီးတောက်ရန် အသင့်ပြုလုပ်ထားရမည်။

**အသံ** ကြက်တွန်သံတစ်ချက်ပေါ် ထွက်လာရမည်၊ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ** (၁) ဒေါ်ငြိမ်း
(၂) အောင်အောင်





**ဇာတ်ညွှန်း** ဒေါ်ငြိမ်းသည် နေမကောင်းသဖြင့် ကွပ်ပျစ်ပေါ်တွင် စောင်ခြုံ၍ အိပ်နေရာမှ သားဖြစ်သူ အောင်အောင်အား နှိုးပြီး ရေနွေးအိုးတည်ခိုင်းရမည်၊ အောင်အောင်က ရေနွေးအိုးတည်ပြီး၊ မိခင်ဖြစ်သူအား ဆေးတိုက်ရမည်၊ ဒေါ်ငြိမ်းသက်သာပြီး ထထိုင်ရင်း အောင်အောင် ဆယ်တန်းဖြေထားသည့်ကိစ္စကို မေးလိုက်စေ။

**(မီးဖွင့်)**

(ဒေါ်ငြိမ်းသည် ကွပ်ပျစ်ပေါ်တွင် လှဲနေရမည်)

**ဒေါ်ငြိမ်း** (အိပ်ရာပေါ်မှလူးလွန့်လာပြီး) အောင်အောင် . . . အောင်အောင်. . . ဟဲ့သား ထစမ်း။

**အောင်အောင်** မီးခွက်ကို ထွန်း၍ (မိခင်အနီးရောက်လာပြီး) အမေသား ဘာလုပ်ပေးရမလဲ။

**ဒေါ်ငြိမ်း** အဖျားတက်လာလို့ အမေဆေးတစ်ခွက်ထပ်သောက်မယ်၊ ရေနွေးနဲနဲ တည်လိုက်စမ်း။

**အောင်အောင်** ဟုတ်ကဲ့အမေ။ (မီးဖိုနားသို့သွား၍ ရေနွေးတည်လိုက်စေ)

**ဒေါ်ငြိမ်း** သားရေ ဘုရားစင်ပေါ်မှာ အဖျားပျောက်ဆေးပုလင်းရှိတယ်၊ ရေနွေးဆူရင် တစ်ခါတည်း ဖျော်ပြီး ယူလာခဲ့နော်။

**အောင်အောင်** ဟုတ်ကဲ့. . အမေ (အောင်အောင်သည် ရေနွေးနှင့် ဆေးဖျော်ပြီး ယူလာစေ) အမေ ထိုင်လိုက်အုံး၊ ဆေးသောက်ရအောင်။ (အောင်အောင်သည် ဒေါ်ငြိမ်းအနား မထူ၍ ဆေးတိုက်လိုက်ပြီး) ဘယ်လိုနေသေးလဲ အမေ။

**ဒေါ်ငြိမ်း** အေး ချွေးတွေထွက်သွားတော့ သက်သာသွားတယ်ကွယ်။

**အောင်အောင်** အမေ ပြန်လှဲပြီး အိပ်မလား။ မိုးမလင်းသေးဘူး၊ ခုမှ အုန်းမောင်းခေါက်တယ်။

**ဒေါ်ငြိမ်း** မလှဲတော့ဘူး သားရယ်၊ တော်ကြာ ခေါင်းထဲသွေးရောက်ပြီး လေးနေအုံးမယ်၊ အမေ ပေ့ါသွားပါပြီကွယ်၊ ဒါနဲ့ သားဆယ်တန်းစာမေးပွဲဖြေပြီးသွားပြီဆိုတော့ ဖြေနိုင်ရဲ့လားကွဲ့။

**အောင်အောင်** ဖြေနိုင်တယ်အမေ၊ သားအောင်မှာ သေချာတယ်။ ဂုဏ်ထူးတောင် ပါမယ်ထင်တယ်။

**ဒေါ်ငြိမ်း** အောင်ပါစေကွယ်၊ ဒါမှ အနာဂါတ်ကို မျှော်မှန်းထားတဲ့သား ရည်မှန်းချက်ပြည့်မှာ။

**အောင်အောင်** အမေကလည်း ဆယ်တန်းအောင်တာနဲ့ သားရည်မှန်းချက်က ပြည့်နေပြီ၊ အဖေမှ မရှိတော့တာ အမေနဲ့နေပြီး အကြော်ကူရောင်းမယ်လေ၊ သားလဲ အကြော်ကြော်တတ်နေပြီဘဲ၊ ဆယ်တန်းကျောင်းသားအကြော်စုံပေ့ါ။

**ဒေါ်ငြိမ်း** မဟုတ်တာဘဲ သားရယ်၊ တစ်ခုခုတော့ ဆက်လုပ်ရအုံးမှာပေ့ါ။ သားဆယ်တန်းကရော တကယ်အောင်မှာတဲ့လား။

**အောင်အောင်** အောင်မှာ သေချာတယ်အမေရဲ့၊ အဲဒါ ဘယ်သူ့ကျေးဇူးလဲ သိလား။

**ဒေါ်ငြိမ်း** ဆိုစမ်းပါအုံးကွယ်၊ အမေက ဘယ်သိပါ့မလဲ။

**အောင်အောင်** အဲဒါ ဆရာကြီးဦးမြသန်းကျေးဇူး အမေရဲ့၊ သားတို့ရွာက တော်တော်အောင်ကြမယ် ထင်တယ်။ ဆရာကြီးက အလယ်တန်းကျောင်းအုပ်သာ ဆိုတယ်။ ဆယ်တန်းကိုလည်း တော်တော်သင်တတ်တာဘဲ အမေ၊ တပည့်တွေကိုလည်း တော်တော်ချစ်တာ၊ နောက်ပြီးရန်ကုန်မှာထဲက သင်ကြားရေးမှာ တော်တော်နာမည်ကြီးတယ်တဲ့၊ မြို့ကြီးမှာသာ ကျူရှင်ဖွင့်ရင် သူဌေးဖြစ်ပြီ၊ ဘာစိတ်ကူးနဲ့ ကျွန်တော်တို့ရွာကို ရွေးပြီး ပြောင်းလာတာလဲ မသိဘူးအမေရဲ့။

**ဒေါ်ငြိမ်း** ဘာဘဲဖြစ်ဖြစ်ပေ့ါသားရယ်၊ တို့ရွာသားတွေ ကံကောင်းတာပေ့ါ၊ ပဌာန်းဆက်လို့လည်း ဆိုရမှာပေ့ါလေ။

**အောင်အောင်** ကျွန်တော့်ကိုလည်း ဆရာကြီးက သူ့လိုဖြစ်အောင် ကြိုးစားပါတဲ့၊ ကျွန်တော်ကတော့ ရေလိုက်ငါးလိုက်ပဲလေ၊ ကျွန်တော့်စိတ်ထဲမှာ အမေနဲ့လဲ မခွဲနိုင်ဘူး၊ အမေ့ကို ဆင်းဆင်းရဲရဲလဲ မမြင်ချင်ဘူး၊ ချမ်းသာစေချင်တယ်၊ အဖေမရှိတဲ့နောက် ကျွန်တော့်မှာ ရည်ရွယ်ချက်ဆိုတာ မယ်မယ်ရရမရှိသေးပါဘူး အမေရယ်၊ အစားထိုးမရတဲ့ အဖေ့ကို အမြဲတမ်းသတိရနေတယ်၊ ကဲ အမေ မနက်ရောင်းဖို့ ကျွန်တော်အကြော်ကြော်လိုက်အုံးမယ်။

**ဒေါ်ငြိမ်း** အေးကွယ် ငါ့သားကြီး ကျန်းမာပါစေ။

**(မီးပိတ်)**

# ပြကွက် (၃)

**နေရာ** ကျောင်းအုပ်ဆရာကြီး နေအိမ်။

**အချိန်** ညနေ။

**အခမ်းအနား** အိမ်ရှေ့ဝရံတာပါသော ဆေးအဖြူသုတ်ထားသည့် အိမ်တစ်လုံး ထရော်လီပေါ် ထားရှိရမည်၊ အိမ်ရှေ့တွင် ခြံစည်းရိုး ထားရှိပြီး၊ ပန်းအိုးလေးလုံး ချထားရမည်။ အိမ်နှင့် ခြံစည်းရိုးအကြားတွင် ကွပ်ပြစ်တစ်လုံးထားရမည်။

**မီး** ညနေအလင်းရောင်

**အသံ** စကားပြောသံ ပီသရန်

**ပါဝင်သူများ** (၁) ဦးမြသန်း
(၂) လင်းလင်း

**ဇာတ်ညွှန်း** လင်းလင်းသည် ဆရာကြီးဦးမြသန်းထံ ညစာထမင်းလာပို့ရန် ရောက်လာရမည်။ ဦးမြသန်းသည် ပန်းခရားဖြင့် ပန်းပင်များ ရေလောင်းရင်း ခြံတံခါးဖွင့်ပေးရမည်။ ကွပ်ပျစ်ပေါ်တွင် ထိုင်၍ စကားပြောကြရာ

မှ ကျောင်းသူ၊ ကျောင်းသားများအပေါ် စေတနာထား၍ စိတ်ရှည်ရှည် သင်ပေးသော ဆရာကြီးအား ကျေးဇူးတင်ရှိကြောင်း ပြောရမည်၊ ဆရာကြီးကလည်း ရေကျော်ရွာတွင် နေရသည်ကို ပျော်ကြောင်း၊ စာကြည့်တိုက် တစ်တိုက်ဖွင့်ရန်လည်း အစီအစဉ်ရှိကြောင်း ပြောကြစေ။

## (မီးဖွင့်)

(ဦးမြသန်း ပန်းပင်ရေလောင်းနေစဉ် လင်းလင်း ရောက်လာရမည်။)

**ဦးမြသန်း** ဟော သမီးလင်းလင်းပါလား၊ လာလာ (ခြံတံခါးကို ဖွင့်ပေးလိုက်စေ) သမီးလည်း နေ့စဉ် ထမင်းလာပို့နေရတာဆိုတော့ ပင်ပန်းလှပြီနော်။

**လင်းလင်း** ရပါတယ် ဆရာကြီးရယ်၊ လင်းလင်း မပင်ပန်းပါဘူး၊ ဒီထက်မက ပင်ပန်းတဲ့ လယ်ထဲတောင် သွားနေရသေးတာဘဲ၊ ကျန်းမာရေးတောင် ညီညွတ်သေးတယ်၊ ဖေဖေက ဆရာကြီးကို ကျေးဇူးတင်နေတာ၊ ကျောင်းဆရာထဲမှာတော့ သိပ်ပြီးထူးခြားတယ်တဲ့။



**ဦးမြသန်း** ဒါကလဲ ဒီလိုရှိတယ်လေ၊ စာသင်ကျောင်းဟာ အနေပျော်စရာ ကိုယ့်အိမ်လိုဖြစ်နေရမယ် သမီးရဲ့၊ အိမ်ရယ်၊ ကျောင်းရယ်၊ ဘဝရယ်ဆိုတာ အမြဲဆက်စပ် ပေါင်းကူးနိုင်ရမည် မဟုတ်လား၊ ဝန်ထမ်းရယ်လို့ ဖြစ်လာရင် နေရာဟာ ပဓာနမဟုတ်ဘူး ရာထူးအဆင့်ဆိုတာကလည်း အဓိကမဟုတ်ဘူး၊ စေတနာမှန်ကန်မှု၊ ရိုးသားမှုနဲ့ မဖြစ်မနေကြိုးစားအားထုတ်မှုတို့က အဓိကပါ သမီးရယ်၊ အဲဒီခံယူချက်တွေကြောင့် ထူးခြားနေတာဖြစ်မှာပါ။ ခေါင်းလောင်းသံ ညံ့နေသ၍ အလံတော်အောက်မှာ တပည့်တွေအတွက်ဆိုရင် လက်ပျဉ်းကျသည်အထိ သက်ပြင်းမချပါဘူး သမီး၊ အဲဒါဆရာရဲ့ သံမဏိခံယူချက်ပဲ။

**လင်းလင်း** ဆရာကြီးစကားတွေ ကြားရတာ လင်းလင်းတောင် ဗဟုသုတတွေလည်း တိုးလာတယ်၊ ဒါကြောင့်လည်း ဆရာကြီးရဲ့ကောင်းသတင်းတွေက ဟောဒီတနယ်လုံးမှာ ပျံ့သင်းနေတာပါ။ အောင်အောင်တို့အဖွဲ့တွေကိုလည်း အသိဉာဏ်ပညာတွေတိုးအောင် မကြာမကြာပြောပြစမ်းပါ ဆရာကြီးရယ်၊ သူက

တခါတလေ တဖွတ်ထိုး။ သူ့စိတ်က တမျိုးပဲ၊ သမီးလည်း နားမလည်ဘူး။

**ဦးမြသန်း** အေး ပြောရမှာပေါ့ကွယ်၊ ဆရာဆိုတာ လူ့ဘောင်ဘဝမှာ သိက္ခာ၊ သမာဓိ၊ ဉာဏ်ပညာတို့နဲ့ ပြည့်စုံသူ မဟုတ်လား၊ တပည့်တွေကို ဘဝလမ်းမှန်ရောက်အောင် သွန်သင်ပြသနိုင်ရမှာပေါ့။ စိတ်သာချ သမီးရေ။

**လင်းလင်း** ဟုတ်ကဲ့ ဆရာကြီး၊ လင်းလင်းတို့ တစ်ရွာလုံးကတော့ ဆရာကြီးကို လေးစားကြပါတယ်။ အားလဲ အားကိုးတယ်၊ ရှစ်တန်းက လူဆိုးတွေတောင် တော်တော်လိမ္မာကြပြီလေ၊ သူတို့မိဘတွေကတောင် ဆရာကြီးကို ကျေးဇူးဆပ်ကြမလို့တဲ့။

**ဦးမြသန်း** ဆရာကြီးကလည်း ဝမ်းသာလို့မဆုံးပါဘူးကွယ်၊ သမီးတို့ဇာတ်ပွဲကြည့်တဲ့အခါ တွေ့လိမ့်မယ်။ ဇာတ်ခုံပေါ်မှာ ဇာတ်ဆရာလုပ်သူက ဇာတ်ကောင်စရိုက်၊ ဟန်အမူအရာတွေနဲ့ တိတိကျကျသရုပ်ဆောင်ခိုင်းပြီး ဇာတ်လမ်းကောင်းအောင် လုပ်ပြသွားတယ်။ ဒီလိုပဲ ဆရာဆိုတာလဲ ကျောင်းပရိဝုဏ်အတွင်းကနေပြီး သားကောင်းရတနာတို့ရဲ့ တစ်သက်၊ တစ်ဘဝစာ၊ လူသားဘဝကို ဇာတ်ဆရာလို



ဘဲ သရုပ်ပြ၊ အမွန်းတင် ဖန်တီးရတာပဲ၊ မိဘက လက်ဦးဆရာဖြစ်ပေမဲ့ သူတို့ရဲ့ ရင်သွေးကို ဆရာ့ထံ အပ်နှံပြီး ပညာအရပ်ရပ်ကို သင်ကြားစေတယ်။ ဒါကြောင့် ဆရာဆိုတာက မိဘတာဝန်၊ မိဘအရာပါ ယူကြရတယ် သမီးရဲ့။ ဒါနဲ့ သမီးကရော ကျောင်းဆက်မတက်တော့ဘူးပေါ့။

**လင်းလင်း** ဟုတ်ကဲ့ ဆရာကြီး။ သမီးရှစ်တန်းအောင်တဲ့နှစ်မှာ မေမေဆုံးသွားခဲ့တယ်။ ဒါနဲ့ သမီးလည်း ဖေဖေနဲ့အတူ လယ်ယာလုပ်ငန်းတွေ ဝိုင်းကူနေရတာနဲ့ ကျောင်းဆက်မတက်ဖြစ်တော့ဘူး ဆရာကြီးရဲ့။

**ဦးမြသန်း** အေး၊ အဲဒါလည်း ကောင်းတဲ့အလုပ်ပါပဲ သမီးရဲ့၊ မိဘရဲ့ စီးပွားရေးအလုပ်ကို ငယ်ငယ်ထဲက ဝိုင်းကူပြီးလုပ်တော့ တဖြည်းဖြည်း လုပ်ငန်းကို နားလည်သွားတာပေါ့။ တို့နိုင်ငံ စိုက်ပျိုးရေးက စိုက်ပျိုးရေးနိုင်ငံဆိုတာ ကောင်းပါတယ်ကွယ်။ လင်းလင်းကို ဆရာကြီး ချီးကျူးတယ်။ တစ်နေ့ကျရင် လယ်သူမကြီး ဒေါ်လင်းလင်း ဖြစ်လာတော့မှာပေါ့။

**လင်းလင်း** ဒီလိုဆိုရင် ဆရာကြီးက သမီးကို တစ်ခုထပ်ပြီး ချီးကျူးပေးပါအုံး။

**ဦးမြသန်း** ဘာဖြစ်လို့လည်း လင်းလင်းရဲ့။

**လင်းလင်း** သမီး ကျောင်းနေတုန်းက နိုင်ငံတော်က ကျင်းပပြုလုပ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ အက ရွှေတံဆိပ်ရခဲ့ဖူးတယ် ဆရာကြီးရဲ့။

**ဦးမြသန်း** ဟာ တယ်ဟုတ်ပါလား လင်းလင်းရယ်။ နိုင်ငံတော်က ချီးမြှင့်တဲ့ ရွှေတံဆိပ်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ရိုးရာအနုပညာကို မြတ်နိုးတဲ့အတွက် ဆရာကြီးဂုဏ်ယူပါတယ် သမီးရယ်။ ဒီတော့လည်း အနုပညာရှင် လယ်သူမကြီးပေါ့။

**လင်းလင်း** လင်းလင်း တစ်ခုတော့ သိချင်ပါသေးတယ် ဆရာကြီးရယ်၊ ရွာထဲမှာ ပြန်ပြောချင်လို့။

**ဦးမြသန်း** ဘာများလဲ သမီးရဲ့။

**လင်းလင်း** ဒီလိုပါ ဆရာကြီး၊ ဆရာကြီးကရော ခဏနေပြီး ပြောင်းတော့မှာလား။ ဒီရွာမှာ ပျော်ရော ပျော်ရဲ့လားလို့ပါ။

**ဦးမြသန်း** ပျော်ပါတယ် လင်းလင်းရယ်၊ ဟောဒီ ရေကျော်ရွာမှာ စာကြည့်တိုက်ကြီး တစ်တိုက် ထူထောင်ပြီး၊ တစ်သက်လုံး စာကြည့်တိုက်မှူး ဘဝနဲ့ ပညာဒါနတွေ ဝေငှသွားအုံးမှာပါဗျ။

**လင်းလင်း** (လက်ပိုက်၍) ဟုတ်ကဲ့ပါ ဆရာကြီးရှင့်။

**(မီးပိတ်)**

# ပြကွက် (၄)

**နေရာ** ရယကဥက္ကဋ္ဌအိမ်(ပျဉ်အိမ်)။

**အချိန်** နံနက်။

**အခမ်းအနား** ပျဉ်အိမ်ရှေ့ချက်ပန်းချီကားရှေ့တွင် သစ်သား ဆက်တီတစ်စုံချထားရမည်။ စားပွဲပေါ်တွင် ရေနွေးကြမ်းအိုးတစ်စုံ ထားရှိရမည်။

**မီး** နံနက်အလင်းရောင်။

**အသံ** စကားပြောများ ပီသရန်။

**ပါဝင်သူများ**
(၁) ဦးစိုးမြ
(၂) ဦးမြသန်း
(၃) အောင်အောင်
(၄) သန်းမြင့်
(၅) မောင်မောင်လတ်
(၆) ဇော်နိုင်
(၇) ထွန်းဇော်
(၈) ပေါက်ကျိုင်း
(၉) သိန်းဟန်

**ဇာတ်ညွှန်း** ဥက္ကဋ္ဌအိမ်သို့ အောင်အောင်တို့အဖွဲ့ ရောက်လာပြီး၊ ဆယ်တန်းအောင်စာရင်းများ ထွက်

လာသည့်အကြောင်း ပြောကြရမည်၊ သန်းမြင့်နှင့် မောင်မောင်လတ်တို့က တပ်မတော်ထဲ ဝင်မည့်အကြောင်း ပြောရမည်။ အောင်အောင်က တက္ကသိုလ်ဆက်မတက်ဘဲ ရွာ၌ပင် မိခင်နှင့်အတူ လုပ်ကိုင်စားမည်ဟု ပြောရမည်၊ စာမေးပွဲကျသော ဇော်နိုင်နှင့် ထွန်းဇော်တို့က အဆက်အသွယ်ရှိသည့်အတွက် နိုင်ငံခြားတွင် အလုပ်သွားလုပ်မည်ဟု ပြောနေကြစဉ် ဦးမြသန်းရောက်လာပြီး တပည့်များအား ဩဝါဒစကား ပြောလိုက်စေ။

**(မီးဖွင့်)**

(အောင်အောင်တို့သူငယ်ချင်းတစ်စုသည် ဥက္ကဋ္ဌအိမ်သို့ သင့်သလို ထိုင်ကြရမည်)

**ဦးစိုးမြ** ကဲ ဆယ်တန်းအောင်စာရင်း ထွက်ပြီဆိုတော့ ဘယ်သူတွေက အောင်ပြီး၊ ဘယ်သူတွေ ရှုံးတယ်ဆိုတာ ပြောကြစမ်းပါအုံးကွာ။

**မောင်မောင်လတ်** ဟုတ်ကဲ့ပါဥက္ကဋ္ဌကြီး၊ကျွန်တော်ရယ်၊ သန်းမြင့်ရယ်၊ သိန်းဟံနဲ့ သန်းအေးက ရိုးရိုး အောင်ကြပါတယ်၊ ဟောဒီက အောင်အောင်က တစ်ဘာသာ ဂုဏ်ထူး၊ ကျောင်းအနောက်က ဦးလေးသိန်းသမီးမြင့်မြင့်မာကသုံးဘာသာဂုဏ်ထူးနဲ့ အောင်ကြပါတယ်။



**ဦးစိုးမြ** အေး ကြားရတဲ့ သတင်းစကားကြောင့် ဝမ်းသာတယ်ကွာ၊ အဲဒါ ဆရာကြီးရဲ့ကျေးဇူးပဲကွ၊ စာမေးပွဲအောင်တဲ့ မင်းတို့တတွေကို ရွာလူကြီးတစ်ယောက်အနေနဲ့ ငါကလည်း ဆုချီးမြှင့်ရမှာပေါ့ကွာ၊ ဆရာကြီးနဲ့ တိုင်ပင်လိုက်ဦးမယ်ဟေ့။ (ဇော်နိုင်နှင့် ထွန်းဇော်အား ကြည့်ပြီး) ဟိုဘက်ကကောင်တွေ ငြိမ်နေပါလားကွ မင်းတို့ကရော။

(ပေါက်ကျိုင်းသည် မက်တပ်ထရပ်လိုက်ရမည်။)

**ဦးစိုးမြ** ဟေ့ကောင် ပေါက်ကျိုင်း မင်းနဲ့ဆယ်တန်း စာမေးပွဲက ဘာဆိုင်လို့လဲ၊ မင်းက နွားကျောင်းနေတာ မဟုတ်လား။

**ပေါက်ကျိုင်း** ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ နွားကျောင်းတာလဲ ကျောင်းသားပဲလေ၊ ရေနွေးကြမ်း ချရတော့ မလားလို့ မေးမလို့ပါ။

**ဦးစိုးမြ** အရေးထဲ လာပြီးတော့ကွာ၊ သွားစမ်း မီးဖိုချောင်ထဲကို (ပေါက်ကျိုင်း ဝင်သွားရမည်) (ဇော်နိုင်တို့ကို လှမ်းကြည့်ပြီး) ဟေ့ကောင် ဇော်နိုင် ပြောစမ်း၊ စာမေးပွဲ အောင်ရဲ့လား။

**ဇော်နိုင်** (ထွန်းဇော်ကို ကြည့်၍) မင်းပြောလိုက်ကွာ။

**ထွန်းဇော်** မင်းပြောပါလားကွ၊ မင်းမှာလည်း ပါးစပ်ပါတာပဲ။

**ဦးစိုးမြ** တော်တော်ခက်တဲ့ ကောင်တွေပဲကွာ၊ ပြောမဲ့ စကား လွှဲချနေသေးတယ် (သန်းမြင့်ကို ကြည့်၍)သန်းမြင့် ပြောစမ်းကွာ၊ ဒီကောင် တွေ အခြေအနေ။

**သန်းမြင့်** ကျတယ် ဥက္ကဋ္ဌကြီး။

**ဦးစိုးမြ** ငါထင်တော့ ထင်သား၊ စာမေးပွဲကျတာ ဘာ ဆန်းသလဲကွာ၊ ဒီနှစ်ကျရင် နောင်နှစ်ကို ကြိုးစားပြီး ပြန်ဖြေပေါ့၊ ဒါရှက်စရာ မဟုတ် ပါဘူး၊ ကဲ ဆယ်တန်းအောင်တဲ့သူတွေက ဘယ်တက္ကသိုလ်တွေ ဆက်တက်ဖို့ စဉ်းစား ထားကြသလဲ၊ အားလုံး အဆင်ပြေအောင် ငါနဲ့ ဆရာကြီး စီစဉ်ပေးမယ် ကွ၊ (တဘက် သို့ လှမ်းကြည့်ပြီး) ဟော ဟိုမှာ ပြောရင်း ဆိုရင်း ဆရာကြီးလာနေပြီဟေ့။

**ဦးမြသန်း** ဘယ်လိုလဲ ဥက္ကဋ္ဌကြီး၊ လူစုံတက်စုံ ပါလား ဗျာ။ ရှေ့ခရီးအတွက် ရွက်ကုန်ဖွင့်ကြတော့ မယ် ထင်တယ်။

**ဦးစိုးမြ** ဟုတ်ပါတယ် ဆရာကြီး၊ ဆယ်တန်းအောင် စာရင်းကိစ္စ အကျိုးအကြောင်းခေါ်မေးနေ တာလေ၊ လူစုပြီး ဆရာကြီးဆီ လာကြမလို့ လူမစုံသေးလို့။



**ဦးမြသန်း** ကျွန်တော်လဲ ရောက်လာပြီဆိုတော့ ဥက္ကဋ္ဌ ကြီးအိမ်မှာပဲ ပြောကြတာပေါ့ဗျာ။

**ဦးစိုးမြ** ကဲ သန်းမြင့်က စပြောကွာ၊ ဘာဆက်လုပ် မယ်လို့ ရည်ရွယ်ထားသလဲ။

**သန်းမြင့်** ကျွန်တော်နဲ့ မောင်မောင်လတ်က တပ်မ တော်ထဲကို ဝင်ဖို့ စိတ်ကူးထားပါတယ်။

**ဦးမြသန်း** စိတ်ကူးမနေစမ်းပါနဲ့ကွာ၊ မင်းတို့တတွေဟာ အသက်လည်း ငယ်တယ်၊ ကျန်းမာရေးက လည်း ကောင်းတယ်၊ ဒီတော့ ဗိုလ်သင်တန်း ကို လျှောက်ကြ၊ လိုအပ်တာ ဆရာကြီး ကူညီ မယ်၊ စိတ်ကူးကို အကောင်အထည် ဖော် လိုက်စမ်းပါကွာ၊ ဒါမှ နိုင်ငံတော်အတွက် သားကောင်းစစ်သည်တွေ ဖြစ်လာမှာ၊ တပ်မတော်သားဟောင်းကြီးတစ်ဦးရဲ့ အဆို၊ အမိန့်စကားရှိတယ်လေ။ “စစ်တပ်ဆိုတာ အမှန်တကယ်သာ လိုက်နာမယ်ဆိုရင် တကယ့်သားကောင်း သားမြတ်တွေကို မွေး ထုတ်ပေးနေတဲ့ ကျောင်းကြီးတဲ့ကွ” ကြိုက်ပြီ ကွာ။

**ဦးစိုးမြ** အောင်အောင် မင်းကရော။

**အောင်အောင်** ကျွန်တော်ကတော့ ဘာမှမစဉ်းစားသေးဘူး

ဉက္ကဋ္ဌကြီး၊ အမေကလည်း တစ်ယောက်တည်း ဆိုတော့ ကျွန်တော်စိတ်မချဘူး၊ ဆယ်တန်း ပညာနဲ့ပဲ ကျေနပ်ပါပြီ ဉက္ကဋ္ဌကြီး၊ အိမ်အ လုပ်အားတဲ့အချိန်မှာ ဆရာကြီးနဲ့ကျောင်းမှာ အတန်းလေးတွေကိုကူပြီး စာသင်ပေးရတာ ကျွန်တော်ပျော်တယ် ဉက္ကဋ္ဌကြီး။

**ဦးမြသန်း** အောင်အောင်က ကလေးတွေကို စာသင် ပေးရတာ တကယ်ပျော်သလား။

**အောင်အောင်** ဟုတ်ကဲ့ ပျော်ပါတယ် ဆရာကြီး။

**ဦးမြသန်း** ကောင်းပြီလေ၊ အချိန်တွေ ရှိပါသေးတယ် ကွာ၊ ဉက္ကဋ္ဌကြီးနဲ့လဲ ဆရာကြီး တိုင်ပင်ပါ အုံးမယ်။

**ဦးစိုးမြ** ကဲ. . ဟိုစာမေးပွဲကျတဲ့ နှစ်ယောက်က ကြိုး စားပြီး ပြန်ဖြေမယ် မဟုတ်လား။

**ဇော်နိုင်** ကျွန်တော်တို့ ပြန်မဖြေတော့ဘူး ဉက္ကဋ္ဌကြီး၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ ထွန်းဇော်နဲ့ တိုင်ပင်ထားတယ်။

**ဦးစိုးမြ** ဟ. . ဟုတ်မှလဲ လုပ်ကြပါကွာ၊ မင်းတို့ကို ဘယ်သူက ဆက်သွယ်ပေးလို့လဲ၊ ပေါက်တီး ပေါက်ရှာကွာ။

**ထွန်းဇော်** ကျွန်တော်တို့မှာ အဆက်အသွယ်ရထားပါပြီ



ဉက္ကဋ္ဌကြီး၊ စိတ်ချပါ၊ နိုင်ငံခြားမှာ အဆင်ပြေ ရင် ရွာက လူတွေပါ ကျွန်တော်တို့ ပြန်ခေါ် မယ်၊ အောင်အောင်လဲ အသင့်ပြင်ထားပေါ့ ကွာ။ မင်းက တက္ကသိုလ် ဆက်မတက်တော့ ဘူး မဟုတ်လား။

(ပေါက်ကျိုင်း ပြေးထွက်လာပြီး)

**ပေါက်ကျိုင်း** ကိုကြီးထွန်းဇော် ကျွန်တော်ပါ လိုက်မယ်ဗျာ။ ရွာမှာ နွားကျောင်းရတာ သိပ်မမိုက်ဘူး၊ နိုင်ငံ ခြားမှာဆိုရင် မြင်းစီးပြီး ကျောင်းတာ မဟုတ် လား။ ဗီဒီယိုထဲမှာ တွေ့ဖူးတယ်ဗျ၊ ကောင်း ဘွိုင်ဆိုလား ဘာဆိုလား။

**ဦးစိုးမြ** ဟေ့ကောင် ပေါက်ကျိုင်း၊ ကောင်းဘွိုင် မဟုတ်ပဲ ခေါင်းဘွိုင်ဖြစ်သွားချင်သလား။ နွားတင်းကုပ်ထဲမှာ သွားနေစမ်း။

**ပေါက်ကျိုင်း** မီးဖိုချောင်ထဲ မဟုတ်ဘူးလား ဉက္ကဋ္ဌကြီး။

**ဦးစိုးမြ** မဟုတ်ဘူး၊ မင်းက ခေါင်းထဲရောက်မဲ့ကောင် ဆိုတော့ သချိုင်းဇရပ်မှာ သွားနေရင် ပို ကောင်းတယ်။

(ပေါက်ကျိုင်း ဝင်သွားစေ)

**ဦးမြသန်း** စဉ်းစဉ်းစားစားလည်း လုပ်ကြပါအုံး မောင်

ထွန်းဇော်တို့ရယ်၊ မင်းတို့မှာက အတတ်ပညာဘာမှ မရှိသေးဘူး မဟုတ်လား၊ သူများနိုင်ငံမှာ အလုပ်ရှာပေးပါတယ်ဆိုတဲ့ အေးဂျင့်တွေကလဲ အမှန်အကန်တွေ ရှိသလို လူလိမ်တွေလည်း များတယ်၊ စာမေးပွဲပြန်ဖြေဖို့ မစဉ်းစားတော့ဘူးလား၊ ဘာအခက်အခဲရှိလဲ၊ ဆရာကြီးဘက်က ဘာကူညီရမလဲ။

**ဇော်နိုင်** အခက်အခဲ မရှိပါဘူး ဆရာကြီး၊ ကျွန်တော်တို့က နိုင်ငံခြားကို သွားချင်နေကြတာ၊ နိုင်ငံခြားမှာဆိုရင် တစ်လကို သိန်းပေါင်းများစွာရတယ်တဲ့ ဆရာကြီးရဲ့၊ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက်က ဆုံးဖြတ်လိုက်တာပါ။ ဟောဒီ ကျွန်တော်တို့ လက်တွေဟာ ထွန်တုံးထွန်တံ မကိုင်ချင်တော့ဘူး ဆရာကြီးရေ၊ ဒေါ်လာ၊ ဒေါ်လာဘဲ ကိုင်တော့မယ်။

**ဦးမြသန်း** အေး မင်းတို့ပြောတဲ့ ဒေါ်လာမရဘဲ တော်ကြာမှ မတော်တာတွေ မဖြစ်ကြပါစေနဲ့လို့ ဆရာကြီး ဆုတောင်းလိုက်ပါတယ်ကွာ။
(ပြောပြီး ဝင်သွားစေ)

**(မီးပိတ်)**

## ပြကွက် (၅)

**နေရာ** ကျောင်းအုပ်ဆရာကြီး နေအိမ်။

**အချိန်** ညနေ။

**အခမ်းအနား** အိမ်ရှေ့ဝရံတာပါသော ဆေးအဖြူသုတ်ထားသည့် အိမ်တစ်လုံး ထရော်လီပေါ်ထားရှိရမည်၊ အိမ်ရှေ့တွင် ခြံစည်းရိုးထားရှိပြီး၊ ပန်းအိုးလေးလုံး ချထားရမည်။

**မီး** ညနေအလင်းရောင်။

**အသံ** ကျောင်းဆင်းခါနီး ကျောင်းသားများ ရွတ်ဆိုသည့်အသံနှင့် ကျောင်းဆင်းခေါင်းလောင်းထိုးသံများ အသင့်ဆောင်ထားရမည်၊ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ**
(၁) ဦးမြသန်း
(၂) အောင်အောင်
(၃) လင်းလင်း
(၄) ရွှေရိုး

**ဇာတ်ညွှန်း** လင်းလင်းသည် ထမင်းချိုင့်နှင့်အတူ ကျောင်းဆင်းလာမည့် ဆရာကြီးအား

ကွပ်ပျစ်ပေါ်တွင် ထိုင်၍ စောင့်နေရမည်။ ရွှေရိုးသည် ငှက်ပျောခိုင်တစ်ခိုင်နှင့် ရောက်လာရမည်။ လင်းလင်းနှင့် စကားလက်ဆုံကြစေ၊ ဆရာကြီးသည် ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ဝင်လာပြီး၊ လင်းလင်းတို့နှင့် စကားပြောရမည်။ အောင်အောင်သည် လင်းလင်းထံ လိုက်လာစဉ် ဆရာကြီးနှင့် တွေ့ပြီး ဆရာကြီး၏စကားတွင် "လိမ္မာစမ်းပါ သားရယ်" ဟု ပါသွားသည်ကို အကြောင်းပြု၍ စိတ်ဆိုးပြီး ထွက်သွားစေ။

**(မီးဖွင့်)**

(လင်းလင်းသည် ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ဆရာကြီးအလာကို စောင့်နေစဉ် ရွှေရိုးထွက်လာရမည်။)

**ရွှေရိုး** ဟဲ့လင်းလင်း၊ တစ်ယောက်ထဲ ဘာထိုင်လုပ်နေတာလဲ။

**လင်းလင်း** ဆရာကြီးဆီ ညနေစာထမင်းလာပို့တာလေ၊ ကျောင်းမဆင်းသေးလို့ စောင့်နေတာ ကိုရွှေရိုးရဲ့၊ ဒါနဲ့ ငှက်ပျောခိုင်ကြီးက ကောင်းလှချည်လား။

**ရွှေရိုး** ဟုတ်တယ်ဟ၊ ခြံထွက်လေ၊ ဆရာကြီးကို စားစေချင်လို့လာပို့တာ၊ ငါက ဆရာကြီးရဲ့ တပည့်ကျောင်းသားမဟုတ်ပေမဲ့ ဆရာကြီး



စိတ်ဓာတ်နဲ့ စေတနာကို လေးစားလို့ပါဟာ၊ ဆယ်တန်းအောင်လိုက်ကြတာတွေလဲ မနဲဘူး၊ မကြာခင်မှာ ကျောက်ကောင်းတစ်စေ့ ပန်းကောင်းတစ်ပွင့်ဆိုထိုက်တဲ့ တပည့်တွေ ငါတို့ရွာမှာ အများကြီးဖြစ်လာတော့မှာဟ။

**လင်းလင်း** ဟုတ်ပါတယ် ကိုရွှေရိုး၊ ဆရာကြီးရဲ့ မေတ္တာဟာ အပေါ်ယံရွှေမှုန်ကြဲ၊ အထဲက နောက်ချေးခံဆိုတဲ့ အတုအယောင် မေတ္တာမျိုး မဟုတ်ဘူး၊ အပေါ်ယံရွှေမှုန်ကြဲ၊ အထဲက စိန်ဝတ်ဆံဆိုတာ ဟောဒီဆရာကြီးပဲ၊ ပညာရေး မိုးနည်းရပ်ဝန်းလို ဖြစ်နေတဲ့ ကျွန်မတို့ရွာအတွက်ကတော့ စေတနာမိုး၊ မေတ္တာမိုး၊ အကြင်နာမိုးတွေ ရွာသွန်းပေးနေတဲ့ ဆရာကြီးလို ပုဂ္ဂိုလ်မျိုး ရတာကိုက ကုသိုလ်ကံထူးတယ်လို့ ဆိုရမှာပေါ့နော်၊ ဒါနဲ့ ကိုရွှေရိုး၊ ဇော်နိုင်တို့ ထွန်းဇော်တို့အကြောင်း ကြားပြီးပြီလား။

**ရွှေရိုး** ဟေ. . . ဘာဖြစ်လို့လဲ၊ ငါဘာမှ မသိဘူး။ ပြောစမ်းပါအုံးဟာ။

**လင်းလင်း** စာမေးပွဲကျကြလို့လေ၊ နိုင်ငံခြားမှာ ဒေါ်လာရအောင် အလုပ်သွားလုပ်ကြမလို့တဲ့၊ ကိုရွှေရိုးရော ခုလိုချောင်းထဲမှာ ကူးတို့လှေ

လှော်နေမဲ့အစား နိုင်ငံခြားမှာ သဘော်သား သွားမလုပ်ချင်ဘူးလား။

**ရွှေရိုး** မလုပ်ချင်ပါဘူး လင်းလင်းရယ်၊ ကိုယ့်တိုင်းပြည်ရဲ့ ရေပြင်ပေါ်မှာ ငါ့လှေလေးနဲ့ပဲ လှော်ခတ်ရင်း ထမင်းစားရတာ မြိန်ပါတယ်ဟာ၊ ကုသိုလ်လဲ ရတယ်၊ ဝမ်းလဲ ဝတယ်၊ ကဲ ဘယ်လောက်ပျော်စရာ ကောင်းလိုက်သလဲ၊ နိုင်ငံခြားကို ငါတော့ စိတ်လဲ မဝင်စားဘူး၊ ရေခြား၊ မြေခြား တော်ကြာ သေသွားရင် မြန်မာပြည်မှာ လူပြန်မဖြစ်ဘဲ နေအုံးမယ်ဟ။ မရေရာတဲ့ပန်း အကြွေလမ်းကို ခြေမလှမ်းချင်ပါဘူးဟာ။

**လင်းလင်း** လင်းလင်းက ကိုရွှေရိုးစိတ်ကို စမ်းလိုက်တာပါ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကိုရွှေရိုးရဲ့။ ဘယ်သူတွေက မက်လုံး ဘယ်လောက်ပေးပေး သမာသမတ်နဲ့ ရပ်တည်နိုင်အောင် စိတ်ခိုင်ရမှာပေါ့။

(အောင်အောင် ထွက်လာစေ)

**အောင်အောင်** လင်းလင်း။

**လင်းလင်း** အောင်အောင်ပါလား၊ နင် ဘယ်ကလှည့်လာသလဲ။



**အောင်အောင်** မြင့်မြင့်မာက နင့်ကို တွေ့ချင်တယ်ဆိုလို့ ငါ လာပြောတာဟ၊ အပြန်ကြရင် ဝင်သွားလိုက်ပါအုံးနော်။

(ကျောင်းဆင်းခေါင်းလောင်းသံ ကြားရမည်၊ ဆရာကြီး အိမ်သို့ ပြန်လာစေ)

**ဦးမြသန်း** ဟော. . . အောင်အောင်တို့ လင်းလင်းတို့ ရောက်နေကြတာကိုး၊ အိမ်ထဲမှာ သဘော်သီးမှည့်တွေ ရှိတယ်ဟေ့၊ ခွာစားကြ။

**အောင်အောင်** ရပါတယ်ဆရာကြီး။ ကျွန်တော်တို့က ပြန်ကျွေးရမှာပါ။ ပညာရေးအလင်းတံခါးတွေ ဖွင့်ပေးနေတဲ့ ဆရာကြီးကို ကျွန်တော်တို့တတွေက ကျေးဇူးသိရမှာပေါ့။

**ဦးမြသန်း** မောင်ရွှေရိုးက ဘယ်ကလှည့်လာသလဲ၊ ဒီနေ့ ကူးတို့ မထွက်ဘူးလား။

**ရွှေရိုး** ထွက်ပါတယ် ဆရာကြီး၊ ငှက်ပျောတွေခုတ်စရာရှိလို့ စောစောသိမ်းလာခဲ့တာပါ။ ဆရာကြီးကိုလည်း ဟော့ဒီငှက်ပျောခိုင်နဲ့ ကျွန်တော်ကန်တော့ပါတယ်။ ခိုင်းစရာရှိတာလဲ ပြောပါနော်။

**ဦးမြသန်း** ကောင်းပါပြီကွယ်၊ မောင်ရွှေရိုးတစ်ယောက် ကျန်းမာပြီး ချမ်းသာပါစေ။

**ရွှေရိုး** ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဆရာကြီး၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံးနော်။

**ဦးမြသန်း** အေးအေး မကြာမကြာလဲ လာလည်နော်၊ ဘာမှယူမလာနဲ့။

(ရွှေရိုးဝင်သွားစေ)

ကဲအောင်အောင်တို့ လင်းလင်းတို့ကွပ်ပျစ်ပေါ်ထိုင်ကြကွာ၊ ကဲ အောင်အောင် ဘယ်တက္ကသိုလ်တက်မယ်လို့များ စဉ်းစားပြီးပြီလား။

**အောင်အောင်** ကျွန်တော် မစဉ်းစားရသေးဘူး။

**လင်းလင်း** ဆရာကြီးကပဲ အောင်အောင့်ရှေ့ရေးအတွက် စီစဉ်ပေးတာ ကောင်းလိမ့်မယ်ထင်ပါတယ်။ ဒီလိုမဟုတ်ရင် အဓိပ္ပါယ်မဲ့တဲ့တေးကို ဆွေးဆွေးမြေ့မြေ့ တွန်ကျူးနေတဲ့ ငှက်လိုဖြစ်နေလိမ့်မယ် ဆရာကြီး။

**ဦးမြသန်း** ကောင်းပြီလေ၊ ဆရာပြောတာကို သေသေချာချာနားထောင်ပါ အောင်အောင်၊ လောက လူ့ရွာမှာ မရှိမဖြစ်လိုအပ်တာက ဆရာပဲကွ၊ လူ့ဘောင်ဘဝကို ဦးဆောင်ဖန်တီးတာကလည်း ဆရာဘဲ၊ အဲဒီလူ့ဘောင်ဘဝကို လှပအောင်လုပ်နိုင်တာလဲ ဆရာပဲ။ ဒါကြောင့်



ဆရာဆိုတာ သိက္ခာသမာဓိ၊ ဉာဏ်ပညာတို့နဲ့ ပြည့်စုံသူပဲ ဖြစ်တယ်ကွ၊ ကဲ ဒီထဲမင်းမပါချင်ဘူးလား၊ မင်းရဲ့ရွာက သားကောင်းရတနာလေးတွေကို လောကအကျိုးပြုသူတွေ၊ ဆေးပညာရှင်ကြီးတွေ၊ ဗိသုကာပညာရှင်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ၊ သမ္မတကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေ ဖြစ်လာအောင် မင်းဖန်တီး မပေးချင်ဘူးလား။ မြန်မာမှုနယ်ပယ်မှာ ဆရာအမည်ခံဖို့က မလွယ်ဘူးကွ၊ ဆရာဖြစ်ပြီဆိုတာနဲ့ မြင့်မြတ်တဲ့ လူ့ပြဟ္မာကြီးတွေ ဖြစ်တော့တာပဲ၊ ဘယ်နဲ့လဲ။

**လင်းလင်း** ဖြေလိုက်လေ အောင်အောင်။

**ဦးမြသန်း** မိဘဆိုတာက သားသမီးကို ချစ်ချင်းမေတ္တာနေရာမှာပဲ သာတယ်၊ ဆရာဆိုတာက မိဘထက် ပိုပြီး ဖန်တီးနိုင်စွမ်းရှိတယ်ကွ၊ မင်းကိုဆရာကြီးက၊ ဆရာကြီးလို ဖြစ်စေချင်တယ်၊ ရှင်းရှင်းပြောရရင် ပညာရေးအလင်းတံခါးပိတ်နေတဲ့ ဒေသတွေမှာ ဆရာပြန်လုပ်နိုင်တဲ့ သားကောင်းရတနာလေးတစ်ယောက်အဖြစ် မြင်ချင်တယ်ကွာ၊ စိတ်ကူးမလွဲပါနဲ့ သားရယ်။

**အောင်အောင်** (ဒေါသဖြစ်လျက်) ကျွန်တော့်အဖေ မဟုတ်ပဲနဲ့ ကျွန်တော့်ကို သားလို့မခေါ်နဲ့ဆရာကြီး။ (ပြောပြောဆိုဆိုနှင့် ထွက်သွားစေ)

**လင်းလင်း** (အံ့ဩစွာဖြင့်) အောင်အောင် . . . အောင်အောင် . . . အားနာလိုက်တာ ဆရာကြီးရယ်၊ သမီး သူ့အစားတောင်းပန်ပါတယ် ခွင့်လွှတ်ပါနော်။

**ဦးမြသန်း** ရပါတယ် သမီးရယ်၊ ဆရာကြီး သည်းခံနိုင်ပါတယ်၊ မိဘတိုင်းဟာ ကိုယ့်သားသမီးကို ဆင်းစီးမြင်းရံတာ မြင်ချင်တာပဲ မဟုတ်လား၊ ဒီလိုပဲ သားသမီးတွေအပေါ်ထားတဲ့ မိဘစေတနာမျိုး ဆရာ့မှာလည်း ရှိပါတယ်။ မိဘရင်ထဲမှာက ကိုယ့်သားသမီးအရေး တစ်ခုထဲပါ။ ဆရာဆိုတာက မတစ်ထောင်သားတွေအတွက် ဆိုတာတော့ အောင်အောင်တစ်ယောက် သိစေချင်ပါတယ်၊ ပြောရရင် အနားသပ်ကမ်းစပ် မရှိတဲ့ စေတနာပါ၊ ဖြူနေတဲ့ အောင်အောင်ရဲ့ ပကတိနှလုံးသားကို မည်းသွားအောင် ဆရာဆေးမဆိုး ရက်ပါဘူး သမီးရယ်၊ ဝန်တိုသူကို ပေးကမ်းခြင်းနဲ့ အနိုင်ယူရတယ်တဲ့၊ ကြမ်းတမ်းသူကို နူးညံ့ခြင်းနဲ့ သိမ်းသွင်းရာ၏တဲ့၊ အငြိုးဖွဲ့သူကိုတော့ ခွင့်လွှတ်ခြင်းနဲ့ အောင်နိုင်ရာ၏တဲ့ သမီးရဲ့၊ သဘောထားကြီး လက်စနဲ့ ဆရာကြီး ခွင့်လွှတ်လိုက်ပါတယ် သမီးရယ်။

**(မီးပိတ်)**

## ပြကွက် (၆)

**နေရာ** ဒေါ်ငြိမ်း၏တဲအိမ်။

**အချိန်** နံနက်။

**အခမ်းအနား** အခန်း (၂) အတိုင်း ပြင်ဆင်ပြီး၊ တဲရှေ့တွင် ဝါးကွပ်ပြစ် တစ်ခုချထားရန်နှင့် တဲတစ်ဘက်တွင် ဘူးစင်နှင့် ဘူးသီး(၃)လုံးကို ပြရန်။

**မီး** နံနက်ခင်း အလင်းရောင်။

**အသံ** စကားပြောသံများ ပီသရန်နှင့် တစ်ချက်တစ်ချက် ကြက်တွန်သံကို ဖွင့်ပေးရန်။

**ပါဝင်သူများ** (၁) ဒေါ်ငြိမ်း
(၂) ဦးစိုးမြ
(၃) ဦးမြသန်း

**ဇာတ်ညွှန်း** ဦးစိုးမြသည် ဒေါ်ငြိမ်းအိမ်သို့ ကျန်းမာရေး သတင်းမေးရန် ရောက်လာရမည်။ ဒေါ်ငြိမ်းက ရေနွေးကြမ်းနှင့် အကြော်ကို ဧည့်ခံရမည်။ ယင်းနောက် ဦးစိုးမြက ယမန်နေ့က အောင်အောင်တစ်ယောက် ဆရာကြီး ဦးမြသန်းအား ရိုင်းစိုင်းစွာ ပြောဆိုခဲ့သည့်



အကြောင်း၊ လင်းလင်းက တောင်းပန်ခဲ့သည့် အကြောင်းများ ပြောနေစဉ် ဦးမြသန်း ရောက်လာပြီး၊ သူ့ဘဝအကြောင်းကို ပြော၍ လူငယ်များကို ခွင့်လွှတ်ကြောင်း ပြောကြစေ။

**(မီးဖွင့်)**

(ဦးစိုးမြသည် ဒေါ်ငြိမ်း၏တဲရှေ့သို့ ရောက်လာရမည်)

**ဦးစိုးမြ** ဟေ့ မိငြိမ်း၊ မိငြိမ်း ဘယ်များ သွားနေကြသလဲ၊ သားအမိတွေ တစ်ယောက်မှ မတွေ့ပါလား။

**ဒေါ်ငြိမ်း** လာပြီ ဉက္ကဋ္ဌကြီးရေ၊ ဘုရားဆွမ်းတော်ကပ်နေလို့ပါ။
(ဒေါ်ငြိမ်းသည် ရေနွေးကြမ်းအိုး၊ အကြော်စုံဗန်းဖြင့် ထွက်လာစေ) ဘယ်ကလှည့်လာသလဲ ဉက္ကဋ္ဌကြီး။

**ဦးစိုးမြ** ဘုန်းကြီးကျောင်းက အပြန် နှင့်ကျန်းမာရေး သတင်းလာမေးတာဟ။

**ဒေါ်ငြိမ်း** နေကောင်းသွားပါပြီ ဉက္ကကြီး၊ အကြော် လည်း ပြန်ကြော်နိုင်ပါပြီ။

**ဦးစိုးမြ** ဒါနဲ့ အောင်အောင်တစ်ယောက် မတွေ့ပါလား၊ ဘယ်သွားသလဲ။

**ဒေါ်ငြိမ်း** အနောက်ပိုင်းကို အကြော်သွားပို့ရင်း ဇော်နိုင်တို့အိမ်ကို သွားတယ်ထင်တယ်။ ဟိုကောင်တွေက နိုင်ငံခြားကို သွားကြမယ် ဆိုလား ဘာဆိုလား။

**ဦးစိုးမြ** အင်း နိုင်ငံခြားရောဂါကလည်း မသေးပါလား၊ ဒါတွေ ထားပါဦးဟာ၊ ဒါနဲ့ ဟိုနေ့ညနေက အောင်အောင်တစ်ယောက် ဆရာကြီးကို စိတ်ဆိုးပြီး၊ ခပ်ရိုင်းရိုင်းပြောသွားတယ်ဆိုလား၊ လင်းလင်းပြောတာပဲ၊ သူကတော့ တောင်းပန်ခဲ့တယ်တဲ့ နင်သိပြီးပြီလား။

**ဒေါ်ငြိမ်း** ယဂဏန တော့ မသိသေးဘူး ဥက္ကဋ္ဌကြီး၊ အဲဒီနေ့ကတော့ သားအမူအရာက ထူးခြားနေတယ်။ ညစာထမင်းလည်း မစားဘူး၊ အိပ်ရာထဲမှာလည်း မအိပ်ဘဲနဲ့ လူးလိမ့်နေပြီး တစ်ခုခု ခံစားနေရသလိုပဲ။

**ဦးစိုးမြ** အင်း လူငယ်တွေ လူငယ်တွေ၊ လူတော်လူကောင်း၊ သားကောင်းတစ်ယောက်ဖြစ်ချင်သူဟာ အဆုံးအမ နခံတတ်ရမှာပေါ့၊ အသိပညာ မြင့်မားပါတယ်ဆိုတဲ့ အခြေခံလူတန်းစားထဲမှာ အောင်အောင်တို့လို



လူငယ်တွေက ပိုပြီး အခြေခံကျတယ်ဟာ၊ ဆရာကြီးရဲ့စေတနာနဲ့ မေတ္တာကို သဘောပေါက်နားလည်စေချင်တယ်၊ ကုန်ကုန်ပြောရရင် အောင်အောင်ရဲ့ နှလုံးသားထဲမှာ ထာဝရ စွဲနေစေချင်တယ်ဟာ၊ ဒီမှာ မငြိမ်း၊ အောင်အောင် အပါအဝင် တို့ရွာက လူငယ်တွေ ဆယ်တန်းအောင်တဲ့အထိ ငွေကြေးမှ အစ အဖက်ဖက်မှ ကူညီနေတာ ဘယ်သူမှတ်သလဲ။

**ဒေါ်ငြိမ်း** ဥက္ကဋ္ဌကြီးပဲလေ၊ မပြည့်စုံတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို အမြဲထောက်ပံ့နေတာ မဟုတ်လား။

**ဦးစိုးမြ** ဘယ်က ဟုတ်ရမှာလဲ မိငြိမ်းရယ်၊ ဆရာကြီးဟ၊ ဆရာကြီး၊ ဆယ်တန်းဖြေကြမဲ့ ကျောင်းသား၊ ကျောင်းသူတွေကို သူတာဝန်ယူပါရစေတဲ့၊ တက္ကသိုလ်ရောက်တဲ့အထိလည်း သူပဲ တာဝန်ယူပါရစေဆိုပြီး၊ ငါ့ဆီမှာ ပိုက်ဆံတွေ လာအပ်ထားတယ်၊ အထူးသဖြင့် အကြော်သည်ဘဝနဲ့ အသက်မွေးဝမ်းကြောင်းပြုနေတဲ့ နင်တို့သားအမိကို ပိုပြီး ဂရုစိုက်ခိုင်းတယ်၊ ကုန်ကုန်ပြောရရင် နင်တို့

အိမ်ကိုတောင် ပြင်ဆောက်ပေးဖို့ သူက ပြောနေတာ၊ အဲဒါတွေ နင်သိရဲ့လား။

**ဒေါ်ငြိမ်း** ဟုတ်လား ဉက္ကဋ္ဌကြီး၊ ကျွန်မ မသိပါဘူးရှင်၊ ဉက္ကကြီးက ငွေကြေးထောက်ပံ့နေထာလို့ ထင်နေတာ၊ အားနာစရာ ကောင်းလိုက်တာ ဉက္ကဋ္ဌကြီးရယ်၊ ကျွန်မ ဘာဆက်လုပ်ရမလဲ။ အမှားကို သိလို့ကတော့ ဝန္ဒာမိဆိုတာ ကျွန်မအတွက် ဝန်မလေးပါဘူးရှင်။

**ဦးစိုးမြ** အားနာနေရင်လည်း နင့်သားကို ဆရာကြီး ဖြစ်စေချင်တဲ့ ဘဝမျိုးရောက်အောင် ဆုံးမ ပေါ့ဟ၊ ဝိဉာဉ်မဲ့သလိုဖြစ်နေတဲ့ နင့်သားရဲ့ ရုပ်ခန္ဓာကို အသက်ပြန်သွင်းလိုက်စမ်းပါ ပြောရင်းဆိုရင်း ဟိုမှာ ဆရာကြီးတောင် လာနေပြီ။

(ဦးမြသန်း ထွက်လာစေ)

**ဦးမြသန်း** ဟော. . . ဉက္ကဋ္ဌကြီး ရောက်နေတာကိုး။

**ဦးစိုးမြ** ဟုတ်ပါတယ် ဆရာကြီး၊ တလောက မငြိမ်း နေမကောင်းဘူး သတင်းကြားလို့ သတင်း လာမေးတာပါ။

**ဦးမြသန်း** ဟုတ်လား မငြိမ်း၊ အခုရော ဘယ်လိုနေသေး လဲ၊ ကျွန်တော့်မှာ ဆေးတွေ အစုံရှိတယ်။



လိုတာပြောနော်။ (ဟိုဟိုဒီဒီ ကြည့်ပြီး) သားတော်မောင် တစ်ယောက် မမြင်ပါလား။

**ဒေါ်ငြိမ်း** ဟုတ်ကဲ့၊ ရွာအနောက်ပိုင်းကို အကြော်သွား ပို့ရင်း ဇော်နိုင်တို့ဆီကို ဝင်တယ်ထင်တယ်၊ ဒါနဲ့ ဆရာကြီးရယ် ဟိုနေ့က ဖြစ်တဲ့ကိစ္စကို ကျွန်မလဲ ဉက္ကဋ္ဌကြီး ပြောပြမှ သိရတယ်၊ အားနာလိုက်တာ ဆရာကြီးရယ်၊ ဆရာကြီး ကျေနပ်တဲ့အထိ ကျွန်မတောင်းပန်ပါရစေ ခွင့်လွှတ်ပါနော် ဆရာကြီး။ သားကို ကျွန်မ လည်း ဆုံးမပါဦးမယ်၊ ဒီလိုဖြစ်တာတော့ ကျွန်မလည်း ခွင့်မလွှတ်နိုင်ပါဘူး။

**ဦးမြသန်း** ဟာ မဟုတ်တာဘဲ မငြိမ်းရယ်၊ ဘာမှဖြစ် တာမှ မဟုတ်ဘဲ၊ ဘာကို တောင်းပန်ရမှာလဲ။

**ဒေါ်ငြိမ်း** ဒီလိုပါ ဆရာကြီးရယ်၊ သားက မဆိုးလှပါဘူး၊ သူ့အဖေကို သိပ်ချစ်တာ၊ ဖအေဆုံးသွား ကတည်းက အစားထိုးမရတဲ့ ဖခင်အတွက် စိတ်ထိခိုက်ပြီး၊ အပြောအဆို ကြမ်းသွားတာ ပါ ဆရာကြီး၊ ကျွန်မတောင်းပန်ပါရစေ။ သူ့ဘဝမှာ အာရုံဦးအလင်းရောင်ကို မေ့နေ ပြီး ဆည်းဆာချိန်လို့ပဲ အမြဲထင်နေတာပါ ဆရာကြီးရယ်။

**ဦးမြသန်း** — မတောင်းပန်ခင်ကတည်းက ကျွန်တော်ခွင့်လွှတ်ပြီးသားပါ။ ဒါပေမယ့် မငြိမ်း၊ လောကမှာ မအေမရှိလို့ ဖအေမရှိလို့ဆိုပြီး နေရာတကာမှာ သိမ်ငယ်နေစရာ မလိုပါဘူး၊ နေလုံးကြီးကွယ်ပြီဆိုပြီး ဝမ်းနည်းငိုကြွေးနေရင် လမင်းနဲ့ကြယ်တာရာတွေရဲ့အလှကို ဘယ်မှာခံစားရပ့်မလဲ၊ မိဘမပြည့်စုံလို့ဆိုတဲ့ အားနည်းချက်နဲ့ ထင်ရာစိုင်းနေမယ်ဆိုရင်တော့ ရာဇကုမာရဟာ ဘယ်မှာလူနတ် ချီးကျူးခြင်းခံရမှာလည်း၊ အောင်အောင့်ကို ရာဇကုမာရလို နှလုံးသားမျိုး ကိန်းဝပ်စေချင်တယ် မငြိမ်းရယ်။ ဒါ ကျွန်တော့်စေတနာပါ။

**ဦးစိုးမြ** — ကဲ ဆရာကြီးပြောတာ ဘယ်လောက်တန်ဖိုးရှိသလဲ မငြိမ်း၊ ဒီတစ်ခါတော့ အောင်အောင်ကို ငါပါ ဝိုင်းပြီး နားချမယ်၊ ဆုံးမမယ်ဟာ။ ဒီလိုမှ မဟုတ်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ်ဟ။

**ဒေါ်ငြိမ်း** — ဥက္ကဋ္ဌကြီးကိုရော၊ ဆရာကြီးကိုရော ကျွန်မအပ်ပါတယ်။ ကြိုက်သလိုသာ ဆုံးမကြပါ။ သားလေးက ကျွန်မကို ငဲ့ပြီး တက္ကသိုလ်ဆက်မတက်ချင်တာနဲ့ တူတယ်၊ ဘာပဲဖြစ်



ဖြစ် ကျွန်မကတော့ ဆရာကြီးကို အထပ်ထပ်တောင်းပန်ပါရစေရှင်။

**ဦးမြသန်း** — မငြိမ်း တောင်းပန်တာ များပြီဗျာ၊ ကျွန်တော့်မှာ ထားစရာမရှိတော့ဘူး၊ ကျွန်တော်ကလည်း တစ်ခုတော့ ပြန်ပြီးတောင်းပန်ပါရစေ။

**ဒေါ်ငြိမ်း** — ရှင်၊ ဆရာကြီးက ဘာများ တောင်းပန်စရာရှိလို့လဲ။

**ဦးမြသန်း** — ရှိတာပေါ့ဗျာ၊ အဲဒီနေ့က ဖြစ်သွားရတဲ့ကိစ္စပေါ့၊ ကျွန်တော်ဟာ အောင်အောင့်ရဲ့ အဖေမဟုတ်မှန်း သိပါတယ်၊ ဖခင်မေတ္တာငတ်နေတဲ့သားကို လူ့အောက်မကျအောင် စိတ်အားမငယ်ရအောင်၊ နိုင်ငံရဲ့ သားကောင်းရတနာဖြစ်ရအောင် ဆိုပြီး ပုံသွင်းပေးနေတာပါ။ ကျွန်တော် မှားသွားသလားတော့ မသိဘူး။ အဒီနေ့ကဆိုရင် ကျွန်တော့်နှလုံးသားကို ဆုတ်ချေလိုက်သည့်အလား ခံစားလိုက်ရပါတယ် မငြိမ်း။ ကဲ ကျွန်တော် သွားမယ်နော်။
(ဦးမြသန်း ဝင်သွားစေ)

**ဒေါ်ငြိမ်း** — (ဦးမြသန်းအား လှမ်းကြည့်၍) အော် ဆရာကြီးရယ်။

**(မီးပိတ်)**

## ပြကွက် (၇)

**နေရာ** ရေကန်။

**အချိန်** ညနေစောင်း။

**အခမ်းအနား** ရေကန်ပန်းချီကားရှေ့တွင် ခရေပင် ရှိရမည်။ ခရေပင်အောက်တွင် ထိုင်၍ရသော သစ်ငုတ်တစ်ခု ထားရမည်။

**မီး** ညနေခင်း အလင်းရောင် ပေးထားရမည်၊ ရေကန်ထဲသို့ ရေအိုး နှစ်ခပ်လိုက်ရာတွင် ရေများ လှုပ်သွားရမည်။ (ဆက်တင်နှင့် ပေါင်းရန်)

**အသံ** ကျေးငှက်သံ အနည်းငယ်ပေးရန်နှင့် စကားပြောများ ပီသရမည်။

**ပါဝင်သူများ** (၁) အောင်အောင်

(၂) လင်းလင်း

(၃) အမျိုးသမီး ရေခပ်သူ (၂) ယောက်

(၄) ပေါက်ကျိုင်း

(၅) လယ်ယာလုပ်ငန်းမှ ပြန်လာသူ (၅) ယောက်၊ (ပေါက်တူး၊ ထွန်ခြစ်။ တောင်း





စသည့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ကိုင်လာရန်)

**ဇာတ်ညွှန်း** ရေကန်တွင် ရေခပ်သူများ ဥဒဟို ဝင်ထွက်နေကြရမည်၊ အောင်အောင်သည် ဆိုင်းတံပိုးနှင့် ရေခပ်ရန် ထွက်လာပြီး၊ လင်းလင်းအလာကို စောင့်နေရမည်၊ လင်းလင်း ရောက်လာသည့်အခါတွင် ဆရာကြီး၏ စေတနာအကြောင်း ပြောကြစေ။

### (မီးဖွင့်)

(အောင်အောင်သည် ရေပုံးကို ချ၍ သစ်ငုတ်တွင် ထိုင်နေစဉ် ပေါက်ကျိုင်း အောင်အောင့် အနီးသို့ ရောက်လာရမည်)

**ပေါက်ကျိုင်း** ဟေ့ကောင် အောင်အောင်၊ မင်းဘယ်သူ့ကို လာစောင့်နေတယ်ဆိုတာ ငါသိတယ်။

**အောင်အောင်** (စိတ်မရှည်ဟန်ဖြင့်) သိလည်းပြီရောကွာ၊ ဒါပဲ မဟုတ်လား၊ ပြန်တော့။

**ပေါက်ကျိုင်း** အခင်အမင်ပျက်အောင် မလုပ်နဲ့လေ၊ သူငယ်ချင်း အချင်းချင်းပဲကွာ၊ အရေးကြီးတဲ့ စကား ပြောစရာရှိလို့ကွ၊ ဟိုနေ့ကလေ လင်းလင်းက မင်းအကြောင်းတွေ ငါ့ကို ရင်ဖွင့်နေလိုက်တာ ပြန်တော့မယ်ကွာ။

**အောင်အောင်** နေပါဦး၊ လင်းလင်းက ငါ့အကြောင်းတွေ ပြောတယ် ဟုတ်လား၊ ထိုင်စမ်းပါဦးကွာ၊ အေးအေးဆေးဆေးပေါ့၊ ပြောစမ်းပါဦး၊ ဖြည်းဖြည်းမှ ပြန်လည်းရတာပဲ။

**ပေါက်ကျိုင်း** မထိုင်တော့ဘူး ပြန်မယ်။

**အောင်အောင်** မပြန်ပါနဲ့ဦး သူငယ်ချင်းရာ၊ ငါတို့အိမ်မှာ ကြက်သားနဲ့ ဘူးသီးချက်တယ်။ ငါနဲ့အတူ လိုက်စားပါ အချစ်ဆုံးသူငယ်ချင်းရယ်။

**ပေါက်ကျိုင်း** (ရက်သီချင်းဟန်ဖြင့်) မစားဘူး၊ ပြန်ပါတော့မယ်။ ခုမှတော့ လာမချော့နဲ့၊ တို့ကို ဘာမှတ်လို့လဲ၊ စောစောက ပြန်ခိုင်းပြီးတော့။ ငါကတော့ သူငယ်ချင်းဆိုပြီး လင်းလင်းမှာတာ ပြောပြမလို့၊ ဝို့ . . . ဝို့ . . ဝို့××××။

**အောင်အောင်** ရိုးရိုးပြောစမ်းပါကွာ၊ စောစောက ငါတို့ရွာရဲ့ အလှအပကို သတိမထားမိဘူးကွ၊ ကြည့်စမ်း၊ ရေကန်ကြီးကလည်း ကျက်သရေရှိလိုက်တာ၊ မင်းကို မြင်စေချင်လို့ကွ၊ ကဲ လင်းလင်းက ဘာပြောသလဲ၊ ပြောစမ်းပါကွာ၊ မင်းကို ငါမုန့်ဖိုးပေးပါ့မယ်၊ ဟောဒီမှာ တွေ့တယ်မဟုတ်လား၊ အကြော်ဖိုးငွေတွေ သွားတောင်းလာတာ၊ ရော့ ငါးရာ။



**ပေါက်ကျိုင်း** ဟင့်အင်း ငါးရာဖိုးမက ပြောရမှာကွ၊ မင်းက သိပ်နားဝေးတဲ့ကောင်၊ ယောကျ်ားလေး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ထောင့်ငါးရာ ဆိုတဲ့စကား မင်းသိလား၊ ငါးရာ နှစ်ဆယ့်ရှစ် မကဘူးနော်၊ ပေါက်ပြီလား၊ သေသေချာချာ စဉ်းစား၊ မပေါက်ရင် ထပ်ပြောမယ်။ (ရက်သီချင်းဖြင့်) (မိန်းကလေးက ချစ်တယ်ဆိုတာ သူကစပြီး ပြောရမှာလား)[၂] မြင်းကမလှုပ်၊ ခုံကလှုပ်တော့ ဂွမ်းပြန်ကျရောပေ့။ ဝေ့ါ ဝေ့ါ ဝေ့ါ။

**အောင်အောင်** ပေါက်ပြီ ပေါက်ပြီ၊ ရော့ တစ်ထောင်ထပ်ယူ၊ တစ်ထောင့်ငါးရာ ပြည့်သွားပြီ၊ ပြောတော့။

**ပေါက်ကျိုင်း** ဟိုတနေ့က လင်းလင်း တစ်ယောက် ငါ့ကို တွေ့တော့ပြောတယ်၊ ပေါက်ကျိုင်းရယ်၊ ငါလေ အောင်အောင့်ကို တစ်ထောင့်ငါးရာ ပေးချင်တယ်တဲ့၊ ဒါပေမယ့် ဒါပေမယ့် ဒါပေမယ့်။

**အောင်အောင်** ဒါပေမယ့် ဘာဖြစ်သလဲကွာ၊ မင်းစကားကလည်း ဒါပေမယ့်က မတက်တော့ဘူး။

**ပေါက်ကျိုင်း** ဒါပေမယ့်တဲ့ ငါ့မှာ ထောင့်လေးရာဘဲ ရှိသေးတော့ နင်ပဲတစ်ရာစိုက်ပြီး သူ့ကို ပေးလိုက်ပါတဲ့။

**အောင်အောင်** ဟာ ငါက အကောင်းမှတ်လို့ကွာ၊ ငါ့ပိုက်ဆံ ပြန်ပေးတော့ အဓိပ္ပာယ်မရှိတာကွာ။

**ပေါက်ကျိုင်း** အလိုက်တဲ့ သူငယ်ချင်း ငနုံရ၊ ဟိုမှာ လင်းလင်းလာနေပြီ၊ ထောင့်ငါးရာ တောင်းလိုက်၊ ထောင့်ငါးရာဟေ့၊ ထောင့်ငါးရာနော်။ (လင်းလင်းထွက်လာပြီး ပေါက်ကျိုင်းဝင်သွားစေ)

**လင်းလင်း** ဟဲ့ အောင်အောင် နင်နဲ့ပေါက်ကျိုင်း ဘာဖြစ်နေကြတာလဲ၊ ထောင့်ငါးရာ၊ ထောင့်ငါးရာနဲ့။

**အောင်အောင်** အလကားကောင်ပါဟာ၊ ငါ့ဆီက ပိုက်ဆံ ထောင့်ငါးရာ တောင်းသွားတယ်၊ နင်ပြန်ပေးလိမ့်မယ်တဲ့၊ ပေး ထောင့်ငါးရာ။

**လင်းလင်း** ငါနဲ့ ဘာဆိုင်လို့တုန်း၊ ထောင့်ငါးရာကိစ္စက။

**အောင်အောင်** ဆိုင်တာပေါ့ဟာ၊ နင်က ငါ့ကို ထောင့်ငါးရာ ပေးမလို့ဆို၊ သူက သေသေချာချာ ပြောသွားတာ၊ ငါကလည်း နင်ပေးတဲ့ ထောင့်ငါးရာကိုပဲ လိုချင်တာ၊ ဘယ်သူပေးတာမှ မယူချင်ဘူး၊ နင် သေသေချာချာ စဉ်းစားလိုက်စမ်းပါဟာ၊ အဓိပ္ပာယ်ရှိတဲ့ စကားပါပဲ။

**လင်းလင်း** နင် ဘာကိုဆိုလိုတယ်ဆိုတာ ငါမသိဘူးဟာ။

**အောင်အောင်** အေး နင်နားလည်အောင် ငါပြောပြမယ်။ ဧရာဝတီမြစ်ဟာ ရေကြည်ရေနောက်တွေနဲ့ မရပ်တည်ဘဲ ဘယ်လိုပဲ စီးချင်သလိုစီး ရေလမ်းကြောင်းတွေလည်း ပြောင်းချင်သလို ပြောင်း၊ ဧရာဝတီကတော့ ဧရာဝတီပဲ မဟုတ်လား။ ဒါဆိုရင် ငါ့စိတ်သဘောကို သိရောပေါ့။



**လင်းလင်း** နင်က ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှာ အလုပ်သွား လျှောက်မလို့ ဒါတွေ လေ့လာထားတာ မဟုတ်လား။ ငါသိတာပေါ့၊ အဲဒီအလုပ်ကလဲ ကောင်းပါတယ်ဟာ၊ ငါကတော့ သဘောကျတယ်။

**အောင်အောင်** နင်ကလဲ တော်တော်နုံတာဘဲ၊ ငါဆိုလိုတာ အဲဒါမဟုတ်ဘူးဟ၊ ဒါဆို နောက်တစ်မျိုး ပြောမယ်ဟာ၊ ငါ့ဘဝကလေ ချစ်တေးကို အလင်္ကာဖွဲ့ပြီး၊ ဟောဒီက အကြင်နာဆိုတဲ့ ပန်းကလေး လန်းသွားအောင် မြေဆီတွေ ကျွေးနေရတဲ့ ပန်းပျိုးသူ ဥယျာဉ်မှူး တစ်ယောက်ဆိုတာ နင်သိစေချင်တယ်။

**လင်းလင်း** ဒါလဲ ကောင်းတောင်းတောင်းပဲ အောင်အောင်ရဲ့၊ ပန်းဆိုတာ မြေဆီကျွေးရတာပဲလေ၊ ဒါမှ အပွင့်တွေ လှပြီး၊ ဈေးကောင်းရမှာပေါ့၊ နင့်စိတ်ကူး မဆိုးဘူး၊ တချို့ ဒီလိုပဲ

ဂန္ဓမာတို့ နှင်းဆီတို့ စိုက်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေကြတာ ငါတွေ့ဖူးတယ်၊ ကောင်းပါတယ်ဟာ၊ ရိုးသားတဲ့ အလုပ်ပဲ။

**အောင်အောင်** တော်တော်ခက်ပါလား လင်းလင်းရယ်။ ငါ ဘယ်လိုပြောပြော နင်နားမလည်နိုင်ပါလား။

**လင်းလင်း** နင်ပြောတာတွေကို ငါ အကုန်နားလည်တယ်လေ၊ ပြောစရာ ကျန်သေးလို့လား။ ထပ်ပြော၊ ငါနားထောင်မယ်။ နင့်စိတ်ကူးတွေက ကောင်းသားပဲ။

**အောင်အောင်** ကောင်းပြီလေ၊ အဲဒီပြောခဲ့တဲ့ စကားတွေကို အခြေခံပြီး နင့်ကို ငါချစ်တယ်။

**လင်းလင်း** ဟယ်၊ ငါက တကယ်ထင်ပြီး ပြောခိုင်းတာ၊ ကဲဟယ်၊ ကဲဟယ်။

(အောင်အောင်ကို လက်သီးနှင့် ထုလိုက်ရမည်၊ အောင်အောင်သည် ခရေပန်းများကိုကောက်ပြီး လင်းလင်းအား ပေးလိုက်စေ)

**အောင်အောင်** ရော့ လင်းလင်း၊ ဟောဒီ ငါပေးတဲ့ ခရေပန်းလေးတွေကို သိမ်းထား၊ ခရေပန်းဆိုတာက ဘယ်လောက်ကြာကြာ ရနံ့မပြယ်ဘူးဟ၊ ဒီလိုပဲ ငါ့မေတ္တာကလဲ နင်နဲ့ ဘယ်လောက်ပဲဝေးနေကြပါစေ၊ မေတ္တာရနံ့က အမြဲတမ်းသင်းနေတယ် ဆိုတာ နင်သိစေချင်လို့ပါဟာ။



**လင်းလင်း** နေပါဦး၊ နင်နဲ့ငါက ဘာဖြစ်လို့ဝေးနေကြရမှာလဲ။

**အောင်အောင်** မြို့မှာ ပညာရေးကောလိပ် သွားတက်မလို့လေ။

**လင်းလင်း** တကယ်၊ ဝမ်းသာလိုက်တာ အောင်အောင်ရယ်၊ နင်တကယ် ပြောတာနော်။

**အောင်အောင်** တကယ်။

**လင်းလင်း** ဒါဆိုရင် ငါ့ဆီက ထောင့်ငါးရာ လိုချင်တာရော။

**အောင်အောင်** တကယ်။

**လင်းလင်း** ငါ့ကို ချစ်တာကရော။

**အောင်အောင်** တကယ်။ (လင်းလင်းအား ဖက်လိုက်စေ)

**(မီးပိတ်)**

## ပြကွက် (၈)

**နေရာ** ကျောင်းအုပ်ဆရာကြီး နေအိမ်။

**အချိန်** နံနက်။

**အခမ်းအနား** ပြကွက် (၁) အတိုင်း။

**မီး** နံနက်ခင်း အလင်းရောင်။

**အသံ** ကျောင်းခေါင်းလောင်းသံနှင့် ကျောင်းသားများ အတန်းဝင်သံများ ဖွင့်ပေးရန်၊ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ**
(၁) ဦးမြသန်း
(၂) သန်းမြင့်
(၃) မောင်မောင်လတ်
(၄) ဒေါ်ငြိမ်း
(၅) အောင်အောင်
(၆) သိန်းဟန်

**ဇာတ်ညွှန်း** သန်းမြင့်နှင့် မောင်မောင်လတ်တို့သည် အကြော်နှင့် ကောက်ညှင်းပေါင်းများယူ၍ ဦးမြသန်းအိမ်သို့ လာရမည်။ ဗိုလ်သင်တန်း သွားကြတော့မည့်အကြောင်း ပြောပြီး ဦးမြ





သန်း၏ ဩဝါဒကို ခံယူကြရမည်။ ဒေါ်ငြိမ်းနှင့် အောင်အောင်တို့လည်း နွားနို့ပုလင်းနှင့် ရောက်လာပြီး၊ အောင်အောင် ပညာရေးကောလိပ်တက်မည့်အကြောင်း ပြောရမည်။ ဦးမြသန်းက ဩဝါဒ ပေးရမည်။ ကျောင်းသားများ ထိုင်ကန်တော့အပြီး ဦးမြသန်းက ဆုမွန်ကောင်းများ ပေးလိုက်စေ။

### (မီးဖွင့်)

(ဦးမြသန်းက ကွပ်ပျစ်ပေါ်ထိုင်၍ သန်းမြင့်နှင့် မောင်မောင်လတ်တို့က ကွပ်ပျစ်အောက်တွင် ထိုင်ကြရမည်)

**ဦးမြသန်း** ကဲ မင်းတို့နှစ်ယောက်က ဗိုလ်သင်တန်းတက်ကြတော့မယ်ဆိုတော့ ရေကျော်ရွာသားစစ်ဗိုလ်တွေ ထွက်ပေါ်လာဦးမှာပေါ့ကွာ၊ ဆရာကြီးအနေနဲ့ ဂုဏ်ယူပါတယ်။ မြန်မာ့တပ်မတော်ဟာ ပြည်သူကြားက မွေးဖွားလာသူတွေဖြစ်တဲ့အတွက် ရောက်ရာဒေသ၊ ကျရာတာဝန်တွေမှာ ပြည်သူလူထုကို ကိုယ့်မိဘအရင်းအချာတွေလို သဘောထားဖို့ ဆရာကြီး မှာချင်တယ်၊ သင်တန်းဆရာတွေ

ကလည်း မင်းတို့ကို သဘောတရားရေးရာနှင့် ပတ်သက်ပြီး သင်သွားမှာပါ။ သေသေချာချာ မှတ်သားလိုက်နာကြပေတော့၊ ဆရာကြီး မြင်တွေ့နေရတာကတော့ တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ရင်း အခြားတစ်ဖက်ကလည်း ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို နေ့မအား ညမအား လုပ်နေတာတော့ တွေ့ရတာပဲ၊ တပ်မတော်ထဲ ရောက်သွားကြပြီဆိုရင် မင်းတို့လည်း ဒီတာဝန်တွေနဲ့ မကင်းပါဘူး၊ မြန်မာနိုင်ငံ ဘယ်အရပ်ဒေသမှာပဲ တာဝန်ထမ်းဆောင်ရ ထမ်းဆောင်ရ စေတနာပါပါနဲ့သာ ဆောင်ရွက်ကြကွာ၊ ပြည်သူက တုန့်ပြန်ပါလိမ့်မယ်၊ ပြည်သူချစ်အောင် လုပ်ကြ။

**သန်းမြင့်** ဟုတ်ကဲ့ ဆရာကြီးရဲ့ ဩဝါဒစကားတွေကို မမေ့မလျော့ဘဲ ကျွန်တော်တို့ မှတ်သားထားပါ့မယ်။

**သိန်းဟန်** ကျွန်တော်ကတော့ ရမည်းသင်းမှာ ရှိတဲ့ ရဲဗဟိုလေ့ကျင့်ရေးကျောင်းမှာ သင်တန်းတက်ပါမယ် ဆရာကြီး။



**ဦးမြသန်း** ကောင်းတာပေါ့ မောင်သန်းဟန်ရယ်၊ အဲဒီကျောင်းမှာ ဆရာကြီးသူငယ်ချင်းတွေလည်း ရှိတယ်ကွ၊ "ရိုးသားမှုနှင့် ကြိုးစားမှုဖြင့် ပြည်သူကို ကူညီစောင့်ရှောက်"ဆိုတဲ့ အဲဒီ သင်တန်းကျောင်းရဲ့ ဆောင်ပုဒ်ကို ဆရာကြီး သိပ်သဘောကျတာကွ၊ ရဲဆိုတာလည်း တိုင်းပြည်မှာ မရှိမဖြစ် လိုအပ်တာကွ၊ ဥပဒေနဲ့အညီ ပြည်သူ့အကျိုးကို ဆောင်ရွက်ဖို့ အမြဲရပ်တည်နေရတဲ့ အဖွဲ့မဟုတ်လားကွ။ ဒုစရိုက်ဟူသမျှကို ပြည်သူနဲ့ အမြဲလက်တွဲပြီး ချေမှုန်းရတဲ့ အလုပ်ဆိုတော့ မင်းရဲ့ ဆုံးဖြတ်ချက်ကို ဆရာကြီး ဂုဏ်ယူပါတယ်ကွာ။ တပ်မတော်က နိုင်ငံတော် ကာကွယ်ရေးကို တာဝန်ယူရသလို ရဲဆိုတာကလည်း နိုင်ငံတော်ရဲ့ လုံခြုံရေးကို တာဝန်ယူရတာဆိုတော့ ကောင်းတာပေါ့ကွာ။ ရဲဝန်ထမ်းဖြစ်ပြီဆိုတာနဲ့ "ကူညီပါရစေ"ဆိုတဲ့ စာလုံးငါးလုံးကိုတော့ မမေ့နဲ့နော်။

**သိန်းဟန်** ဟုတ်ကဲ့ပါ ဆရာကြီး။

**မောင်မောင်လတ်** ဟောဟိုမှာအောင်အောင်တို့သားအမိ လာနေကြတယ် ဆရာကြီး။

(ဒေါ်ငြိမ်းနှင့် အောင်အောင် ထွက်လာကြစေ။)

**ဦးမြသန်း** သားအမိတွေ ဘယ်က လှည့်လာကြတုန်း၊ ထိုင်ကြဟေ့။

**ဒေါ်ငြိမ်း** ဆရာကြီး တပည့်က ပညာရေးကောလိပ် တက်မလို့တဲ့၊ ဆရာကြီးကို လာကန်တော့ တာလေ။

**အောင်အောင်** ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ဆရာကြီးလို ဆရာမျိုးဖြစ်အောင် ကြိုးစားပြီး ကျောင်းဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ ဆရာကြီး။

**ဦးမြသန်း** ကောင်းတာပေါ့ကွာ၊ ပညာရေးမိုးနဲရပ်ဝန်း တွေမှာ စေတနာမိုး၊ အကြင်နာမိုးတွေနဲ့ ပန်းတိုင်းပွင့်ပါစေဆိုတဲ့ခံယူချက်နဲ့ ကျောင်း ဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်တဲ့ မင်းရဲ့စိတ် ဓာတ်ကို ဆရာကြီးနှစ်ထောင်းအားရစွာ ကြို ဆိုလိုက်ပါတယ်၊ အခုလိုသတင်းအချက်အ လက်ခေတ်မှာ သင်ကြားမှုသက်သက်သာ ဖြစ်တဲ့ ရုပ်မြင်သံကြားကတစ်ဆင့် သင်ကြား တာမျိုးတွေ ဘယ်လိုဘဲထွန်းကားနေပါစေ စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး လူ့ဘောင် ဘဝ၊ လူ့အဖွဲ့အစည်းအတွက် လူငယ်ပြုစု



ပျိုးထောင်ရေး လုပ်ငန်းတွေကိုပါ ဆောင် ရွက်ကြရပြီဆိုလျှင် ဤကမ္ဘာပေါ်မှာ တပည့် တပန်းတွေရှိနေသ၍ ဆရာဆိုတာ ဘယ် တော့မှ ပျောက်ကွယ်မသွားဘူး၊ မတိမ်ကော ဘူးပေါ့ကွာ၊ မင်းကို ဆရာရဲ့ လက်ဆင့်ကမ်း အမွေဆက်ခံမည့် တပည့်တစ်ယောက်အဖြစ် ဆရာကြိုဆိုလိုက်ပါတယ်။ ကဲ ကန်တော့ ကြကွာ။

(ဒေါ်ငြိမ်းမှ လွဲ၍ လက်အုပ်ချီ ကန်တော့ကြစေ)

**ဦးမြသန်း** ကျောင်းသားတစ်ယောက်ရဲ့ ရည်မှန်းချက် အတိုင်း စာမေးပွဲတွေ အဆင့်ဆင့် အောင်ပြီး ပညာတတ်တွေ ဖြစ်ကြပါစေ။

**အများ** ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာကြီး။

**သန်းမြင့်** ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဆရာကြီး။

**ဦးမြသန်း** အေး အေး ပြန်ကြကွာ၊ ခရီးသွားဖို့ ပြင်ဆင် ကြတော့ဟေ့။

(မောင်မောင်လတ်၊ သိန်းဟန်၊ သန်းမြင့်တို့ ဝင်သွားစေ)

**ဦးမြသန်း** မငြိမ်းကရော ကျွန်တော့်ကို မကန်တော့ဘူး လား။

**ဒေါ်ငြိမ်း** ဘာဆိုင်လို့လဲ ဆရာကြီးရဲ့။

**ဦးမြသန်း** ဆိုင်ပါပြီကောဗျာ၊ ကိုယ့်ထက် အသက် တစ်ရက်၊ တစ်မနက်ကြီးတဲ့သူဆို ကန်တော့ရမှာပေါ့။ ကျွန်တော်က မငြိမ်းထက် တစ်နှစ်ကြီးတယ်လေ။

**ဒေါ်ငြိမ်း** ဟို.. ဟို နောက်၊ နောက်မှပဲ ကန်တော့မယ်၊ သားလာဟေ့ သွားကြမယ်။

**ဦးမြသန်း** အော်. . . မငြိမ်း၊ မငြိမ်း။

**(မီးပိတ်)**

## ပြကွက် (၉)

**နေရာ** ကုမ္ပဏီရုံးခန်း။

**အချိန်** နေ့။

**အခမ်းအနား** ခန့်ညားသော ကုလားထိုင်တစ်လုံးနှင့် စားပွဲတစ်လုံး ချထားရမည်။ စားပွဲပေါ်တွင် တယ်လီဖုန်း (၄) လုံး တင်ထားရမည်။ ရုံးခန်းနံရံတွင် ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ ဟောင်ကောင်၊ မလေးရှားနှင့် ထိုင်းဓာတ်ပုံများ ချိတ်ဆွဲထားရမည်။

**မီး** နေ့အလင်းရောင်။

**အသံ** နိုင်ငံခြား သီချင်းသံများ ဖွင့်ထားရမည်။ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ**
(၁) ရောဘတ်
(၂) ဆန်နီ
(၃) မိုက်ကယ်
(၄) ဂျီနာ
(၅) နိုရင်း
(၆) ဇော်နိုင်

(၇) ထွန်းဇော်
(၈) ပေါက်ကျိုင်း

**ဇာတ်ညွှန်း** ရောဘတ်သည် အနောက်တိုင်းဝတ်စုံ အနက်၊ နေကာမျက်မှန် အနက် ဝတ်ဆင်ပြီး၊ ဆေးပြင်းလိပ် တစ်လိပ်ကိုင်ထားရမည်။ ၎င်းအနီးတွင် ရပ်ရမည်၊ ဂျိနာနှင့် နိုရင်းတို့သည် တီရှပ်အနက် ဆင်တူ၊ ဘောင်းဘီရှည် အနက် မျက်မှန်အနက်များ တပ်ဆင်ထားရမည်။ တယ်လီဖုန်းကိုင်ကြသော ဆန်နီနှင့် မိုက်ကယ်တို့သည် ဘောင်းဘီရှည်အနက်၊ တီရှပ်အနက်၊ မျက်မှန်အနက် ဆင်တူများ ဝတ်ထားပြီး အသင့်ရှိနေကြရမည်၊ ဇော်နိုင်တို့အဖွဲ့ဝင်လာပြီး သတ်မှတ်နေရာတွင် ထိုင်၍ နိုင်ငံခြားအလုပ်ကိစ္စ ဆွေးနွေးကြစေ။

## (မီးဖွင့်)

(ရုံးခန်းအတွင်း ရောဘတ်အနီးတွင် ဆန်နီ၊ မိုက်ကယ်နှင့် ဂျိနာ၊ နိုရင်းတို့ တစ်ဘက်စီ ခွဲရပ်နေရမည်။)
(ဇော်နိုင်တို့အဖွဲ့ ဝင်လာစေ)



**ပေါက်ကျိုင်း** ဟာ ရုံးခန်းကလည်း ဘာမှ မမြင်ရပါလား၊ မှောင်မဲနေတာပဲ။ မီးမလာဘူး ထင်တယ်။

**မိုက်ကယ်** မီးအမြဲ လာတယ်ဟေ့၊ တိုက်ခန်းတိုင်းမှာ မီးစက်ရှိလို့။

**ပေါက်ကျိုင်း** (ရုပ်ခံပေးရန်)

**ရောဘတ်** (လက်ဟန်ဖြင့်ပြ)

**ဆန်နီ** ဟဲလို၊ ဝီအောဘလက်၊ အနက်ရောင်တွေ ဝတ်ထားလို့ မှောင်နေတာ၊ အလုပ်ကို လေးလေးနက်နက်လုပ်တဲ့ သဘောကွ။ ကုမ္ပဏီရဲ့ နာမည်က ဖိုးတွမ်တီးဘလက် ဆိုတော့ နာမည်နဲ့လိုက်အောင် စတိုင်ထုတ်ထားတာ။

**ပေါက်ကျိုင်း** ဇော်နိုင်ရေ ငါတို့တော့ နေရာမှားလာပြီ။ စိတ်ကျန်းမာရေးဆေးရုံက ဆင်းလာတဲ့ မျက်မမြင်တွေကွ၊ H1N1 ရောဂါကြောင့် ဒီအခန်းထဲမှာ သီးသန့်ထားကြတာလား မသဘူး၊ အားလုံးမျက်မှန်နက်တွေနဲ့၊ သနားပါတယ်ကွာ။ စကားတွေကလည်း ဘယောက်ဘယက်နဲ့။

**ရောဘတ်** (မိုက်ကယ်ကို လက်ဟန်ပြ)

**မိုက်ကယ်** ဘာကိတ်။

**ပေါက်ကျိုင်း** ရက်စ်၊ ရက်စ်၊ ဘတ်တာကိတ် ကျွေးမလို့ ဟုတ်လား၊ စားမယ်ဗျာ ယူခဲ့။

**မိုက်ကယ်** နင်တို့ကို ကျွေးဖို့နေနေသာ ငါတောင်မစားရဘူး၊ ဘာကိစ္စနဲ့ လာကြတာလဲလို့ မေးနေတာ။

**ဇော်နိုင်** ဒီလိုပါဗျာ၊ ကျွန်တော်တို့က နိုင်ငံခြားမှာ အလုပ် သွားလုပ်ချင်လို့ ခင်ဗျားတို့ကုမ္ပဏီကို လာပြီး ဆက်သွယ်တာပါ၊ လမ်းညွှန်လိုက်လို့ ဟိုနားက တရုတ်ကြီးက။

**မိုက်ကယ်** ဟုတ်ပြီ၊ ကုလားကျင်ဝှက်က ပြောလိုက်တာထင်တယ်၊ သူက ဒါမျိုးလုပ်စားနေတာ၊ (ရောဘတ်ကို ကြည့်၍) ဘော့စ်တယ်နော်၊ မပြောတော့ဘူး လေကုန်တယ်။

**ရောဘတ်** (ဆန်နီကို လက်ပြလိုက်စေ)

**ဆန်နီ** ခင်ဗျားတို့တွေ ငွေတတ်နိုင်ရဲ့လား၊ နိုင်ငံကောင်းကောင်းကို ပို့ပေးမယ်၊ ကျုပ်တို့ ကုမ္ပဏီက အဆက်အသွယ် သိပ်ကောင်းတယ်။

**ထွန်းဇော်** ဒါဆိုရင် တစ်ယောက်ကို ဘယ်လောက်ပေးရမှာလဲ (ဆန်နီသည် ထွန်းဇော်အား လက်တား၍ စားပွဲပေါ်မှ ဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်စေ)



**ဆန်နီ** ဟဲလို. . တိုကျိုကလား၊ ဟုတ်ပါတယ်၊ သူဌေးရောဘတ် ကုမ္ပဏီကပါ၊ ဘယ်လောက်ပေးမယ်၊ ဟုတ်ကဲ့ လခ တစ်လကို ဒေါ်လာ တစ်ထောင် ခဏနေဦးနော် မေးလိုက်ဦးမယ်။ ရက်ဆား တစ်လကို မြန်မာငွေ ဆယ့်နှစ်သိန်းလောက်ရမယ်၊ ဘော့စ်ကြားတယ်နော်။ ထပ်မပြောတော့ဘူး၊ ပါးစပ်ညောင်းလို့။

(ရောဘတ်သည် ဆန်နီလှမ်းပေးသော ဖုန်းကို တွန်းချလိုက်ရမည်။)

**ထွန်းဇော်** ဘာလဲဗျ. . . တစ်လကို ဆယ့်နှစ်သိန်း ဟုတ်လား၊ ကျုပ်တို့ လုပ်မှာပေ့ါဗျာ။

**ဆန်နီ** မလောပါနဲ့၊ သိပ်နည်းနေတယ်၊ ကျုပ်တို့ ကုမ္ပဏီ နာမည်အပျက်မခံနိုင်ဘူး၊ ဘော့စ်မကြိုက်ဘူး၊ ဘော့စ်က တစ်ကမ္ဘာလုံးရဲ့ ကုမ္ပဏီတွေကို အကုန်သိပြီးသား၊ ဒေါ်လာများများရတဲ့ ကုမ္ပဏီကို ရှာစုံစမ်းနေတာ။

(မိုက်ကယ်သည် ဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်စေ)

**မိုက်ကယ်** ဟဲလို၊ စင်္ကာပူကလား၊ ပြောပါဗျ၊ လခဘယ်လောက်ပေးမှာလဲ၊ အမေရိကန် ဒေါ်လာနဲ့ ပြောနော်၊ ထောင့်တစ်ရာ ဟုတ်လား၊ နေဦး၊

ရက်စ်ဘော့စ် မြန်မာငွေ ဆယ့်သုံးသိန်း လောက်ရမယ်။ ကြားတယ် မဟုတ်လား။ နားမလေးပါဘူးနော်။

(ရောဘတ်သည် မိုက်ကယ်လှမ်းပေးသော ဖုန်းကို တွန်းချလိုက်ပြီး၊ မကျေနပ်သည့် အမူအရာဖြင့် ရှိနေစေ)

**ဇော်နိုင်** ဆရာ တစ်လ ဆယ့်သုံးသိန်းလောက်ဆိုတော့ ကျုပ်တို့ လုပ်မှာပေ့ါဗျာ၊ လူဘယ်နှစ်ယောက်လိုသလဲ၊ ကျုပ်တို့ရွာက ပြန်ခေါ်ပေးမယ်။ ခင်ဗျားတို့ဘော့စ်ကို ကျုပ်တို့လုပ်မယ်လို့ ပြောပေးပါ၊ နှမြောစရာကြီးဗျာ။

(ဂျိနာသည် ဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်စေ)

**ဂျိနာ** ဟဲလို၊ ဖိုးတွမ်တီး ကုမ္ပဏီက ပြောနေတယ်။ ကိုရီးယားကလား၊ အလုပ်သမား အားချင်းလိုတယ် ဟုတ်လား၊ လခ ဒေါ်လာတစ်ထောင့်နှစ်ရာ ၊ ခဏစောင့်ပါနော်။ ဘော့စ်ကို အကြောင်းကြားလိုက်ဦးမယ်၊ ဆယ့်လေးသိန်းလောက်ရမယ် ဘော့စ်။ ဖုန်းကို တွန်းချဦးမယ် ဟုတ်လား။ ဘော့စ်ပင်ပန်းမှာစိုးလို ကျွန်မပဲ ပစ်ချလိုက်တော့မယ်။ (ဖုန်းကို ပစ်ချလိုက်စေ)



(နိုရင်းက ကျန်သည့်ဖုန်းကို ကိုင်လိုက်စေ)

**နိုရင်း** ဟဲလို၊ မီလျံနာ ရောဘတ်ရုံးကပါ။ ဟုတ်ပါတယ်။ အလုပ်သမားက အဆင်သင့် ရှိတယ်။ တစ်ပတ်အတွင်း ပို့ပေးနိုင်ပါတယ်၊ လခသာကောင်းပါစေ၊ ဒေါ်လာ တစ်ထောင့်သုံးရာ စရိတ်ငြိမ်းဟုတ်လား။ မြန်မာငွေ ဆယ့်ငါးသိန်းလောက် ရမယ်တဲ့ ဘော့စ်။

(ရောဘတ်သည် ကျေနပ်သလိုရှိပြီး ခေါင်းကို ညိမ့်လိုက်)

အိုကေ၊ တစ်ပတ်အတွင်း လူ (၂) ယောက် ပို့ပေးမယ်၊ လေဆိပ်က လာကြိုပါ၊ ဘိုင်။ မစ္စတာ ဆန်နီ ဆက်လုပ်။

**ဆန်နီ** လခ ဘယ်လောက်ရမယ်ဆိုတာ ခင်ဗျားတို့ ကြားတယ်နော်၊ ဒီတော့ တစ်ယောက်ကို သိန်းလေးဆယ် ဘယ်လိုလဲ။ ဒါလောက်ကတော့ ကုန်ရမှာပေ့ါဗျာ၊ အပင်စိုက်တဲ့ သဘောပါ၊ တစ်ဖြည်းဖြည်း အသီးအပွင့်တွေ စားရမှာပေ့ါ။

(ထွန်းဇော်နဲ့ ဇော်နိုင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြစေ)

**ရောဘတ်** (နိုရင်းအား လက်ဟန်ဖြင့် ပြစေ)

**နီရင်း** အစ်ကိုတို့က များတယ် ထင်နေလို့လား၊ တစ်ဝက်ပဲ ပေးရမှာပါ၊ အစ်ကိုတို့ကို မိတ်ဖြစ် ဆွေဖြစ် ကုမ္ပဏီက တစ်ဝက်စိုက်ပေးမယ်။ ကျွန်မတို့ဘော့စ်က သိပ်သဘောကောင်းတာ။

**ထွန်းဇော်** ဒါလောက်ဆိုရင် ဖြစ်တယ်ဗျာ၊ နွားတွေရောင်းပြီး ငွေလာပေးမယ်၊ ဘယ်နေ့ပေးရမှာလဲ။

**ဂျီနာ** အစ်ကိုကြီးကလည်း မေးနေရသေးလား၊ တစ်ပတ်အတွင်း အစ်ကိုကြီးတို့ သွားရမှာလေ၊ ဒီတော့ စောစော ငွေလာသွင်းလေ ကောင်းလေပဲ၊ နောက် ကြာသွားရင် အဲဒီအလုပ်ကို လွတ်သွားဦးမယ်၊ လခသိပ်ကောင်းနေတာ၊ အဝတ်အစားတွေပါ ယူခဲ့ပေါ့၊ ပွဲသိမ်းပဲ။

**ဇော်နိုင်** ညီမလေး၊ ဒီနေ့ ဆယ်ရက်ဆိုတော့ ဆယ့်သုံးရက်နေ့ ငွေလာသွင်းရင်း တစ်ခါတည်း လာခဲ့မယ်နော် ညီမလေးတို့ စောင့်နေမှာလား။

**ဂျီနာ** အိုကေ၊ စောင့်ရမှာပေါ့။

**ပေါက်ကျိုင်း** အပေးအယူတည့်တာတော့ ဟုတ်ပါပြီ၊ ခင်ဗျားတို့ ကုမ္ပဏီက လူတွေနဲ့လည်း ကျွန်



တော်တို့ကို မိတ်ဆက်ပေးဦးလေ၊ ရွာကျရင် ပြန်ပြောရခက်နေဦးမယ်။

**ဆန်နီ** ဟုတ်သားပဲ၊ ထိုင်နေတဲ့ ဘော့စ်နာမည်က တော့ ရောဘတ်တဲ့။ ဒီကုမ္ပဏီရဲ့ မန်နေဂျင်း ဒါရိုက်တာကြီး။

**ပေါက်ကျိုင်း** လောဘ. . . ဟုတ်လား။ ယုံတယ်၊ ဒီရုပ်မျိုးက လောဘကြီးတယ်ဆိုတာ မပြောဘဲ သိတယ်၊ လုပ်မဲ့ရုပ်။

(ရောဘတ် ရုပ်ခံထားစေ)

**ဆန်နီ** ရောဘတ်ဗျ။

**ပေါက်ကျိုင်း** ကျုပ်က တောသား၊ ကျုပ်နားလည်သလို ခေါ်မယ်၊ ဘတ်ချင်လဲ ဘတ်ပေါ့ဗျာ။

**ဆန်နီ** ကျုပ်နာမည်က ဆန်နီ။

**ပေါက်ကျိုင်း** ဆန်တစ်ပြည် ဟုတ်လား၊ ဆန်တစ်ပြည် တောင် ရှိမဲ့ရုပ် မဟုတ်ဘူး။ မနက်စာ စားပြီး ညစာမရှိတဲ့ ရုပ်မျိုး။

(ဆန်နီသည် ရုပ်ခံပြီးမှ ဆက်ပြောစေ)

**ဆန်နီ** သူကတော့ မိုက်ကယ်။

**ပေါက်ကျိုင်း** မိုက်တယ် ဟုတ်လား၊ လာလေ စမ်းကြည့်ရအောင်။ တောသားအကြောင်း ပြလိုက်မယ်။

**ဇော်နိုင်** မိုက်ကယ်ပါကွာ၊ မင်းကလည်း သူပြောတာလဲ နားထောင်ပါဦး။ တလွဲချည်းပဲ။

**မိုက်ကယ်** ဟိုအနက်ရောင် ဝတ်ထားတဲ့ ချောချောလေး ကတော့ နိုရင်းတဲ့။

**ပေါက်ကျိုင်း** နို့အရင်းမှ ကင်ဆာတဲ့လား၊ ဖြတ်လိုက်ရင် ကောင်းသွားမှာပါ။ ဒါက မဆန်းပါဘူး။

**မိုက်ကယ်** ဟိုအမဲရောင်နဲ့သူကတော့ ဂျီနာတဲ့။

**ပေါက်ကျိုင်း** ယုံတယ်ဗျာ၊ မပြောခင်ထဲက သိတယ်။ ဂျီက တော်တော်နာနေပြီပဲ၊ ဘာမှ မရှိတော့ဘူး၊ နေပါဦးဗျာ၊ တစ်ခုလောက် မသိလို့ မေးပါရစေ၊ ခင်ဗျားတို့ရဲ့ ဘော့စ်ဆိုတဲ့ လူကြီးက စကားလည်း တစ်ခွန်းမှ မပြောပါလား၊ အနေသလား။

**မိုက်ကယ်** နိုးနိုး၊ သူက မြန်မာနိုင်ငံမှာ အနေနည်းတော့ မြန်မာစကား မတတ်တော့ဘူး၊ သူ့စီးပွားရေး လုပ်ငန်းတွေက် တစ်ကမ္ဘာလုံးကို လှည့်သွားနေတာ၊ ထိုင်းမှာ မနက်အတွက် ထမင်းကြမ်း စားတယ်၊ နေ့လည်စာ စင်္ကာပူမှာ ဆန်ပြုတ် သောက်တယ်၊ ညစာ ဂျပန်မှာ ဝက်ရိုးကိုက် တယ်။ (ရောဘတ် ရုပ်ခံထားစေ)

**ပေါက်ကျိုင်း** ညလည်စာ ကျုပ်တို့ရွာမှာ ထမင်းရည်လာ သောက်လိုက်ပါဦးလား၊ ထားပါတော့လေ။ ကမ္ဘာ့လှည့်နေရတော့လည်း ဗမာစကားမေ့ သွားတာပေ့ါ လက်ခံပါတယ်ဗျာ။



**မိုက်ကယ်** ဟုတ်ယ်၊ ရက်စ် . . ရက်စ်၊ ဗမာစကားလုံးဝ မပြောတတ်ဘူး။

**ပေါက်ကျိုင်း** ဟေ့ သူငယ်ချင်းတို့၊ သူတို့ရဲ့ဘော့စ် ရောဘတ်ဆိုတဲ့ လူကြီးကို ငါရင်းရင်းနှီးနှီး မြင်ဖူးတယ်ကွ၊ ပျဉ်းမနားဘူတာမှာ ရေသနံ့ဘူး ကောက်တဲ့လူကြီးလား မသိဘူး။

**ရောဘတ်** (ရုတ်တရက် ထ၍) အိမ်သာကျင်းဖော်တဲ့ ကုလားဟေ့။

**(မီးပိတ်)**

# ပြကွက် (၁၀)

**နေရာ** ဒေါ်ငြိမ်း၏တဲအိမ်။

**အချိန်** ညနေ။

**အခမ်းအနား** အခန်း (၂) အတိုင်း ပြင်ဆင်ပြီး၊ တဲရှေ့တွင် ဝါးကွပ်ပျစ်တစ်ခု ချထားရန်နှင့် တဲတစ်ဘက်တွင် ဘူးစင်နှင့် ဘူးသီး (၃)လုံးကို ပြရန်။

**မီး** ညနေ အလင်းရောင်၊ မီးဖိုပေါ်မှ မီးတောက်နေရမည်။

**အသံ** အဝေးမှ ရန်ဖြစ်သံများ။

**ပါဝင်သူများ** (၁) ဦးမြသန်း
(၂) ဒေါ်ငြိမ်း

**ဇာတ်ညွှန်း** ဦးမြသန်းသည် ဒေါ်ငြိမ်းအိမ်သို့ လာလည်ရာတွင် မည်သူမျှ မတွေ့သဖြင့် ကွပ်ပျစ်ပေါ် ထိုင်နေရမည်။ ဒေါ်ငြိမ်းသည် တဖက်လူနှင့် ရန်ဖြစ်၍ ပြန်လာသည့်ဟန်ဖြင့် တဖွဖွ ပြောနေရမည်။ ဦးမြသန်းက အတန်တန်မေးမှ စကားပြန်ပြော၊ ဦးမြသန်း ရှက်ပြီး ပြန်သွားစေ။

(မီးဖွင့်)





(ဦးမြသန်းသည် ဒေါ်ငြိမ်း၏ တဲရှေ့သို့ ရောက်လာရမည်)

**ဦးမြသန်း** မငြိမ်း၊ မငြိမ်း၊ ဘာသံမှလည်း မကြားပါလား။ ဘယ်များ သွားနေပါလိမ့်၊ မီးဖိုပေါ်မှာလည်း ဆီအိုးကြီးတင်လို့။

(ကွပ်ပြစ်ပေါ်တွင်ထိုင်၍ ဦးမြသန်းစောင့်နေရမည် ခပ်ဝေးဝေးမှ ဒေါ်ငြိမ်းအသံကြားနေစေ)

**ဒေါ်ငြိမ်း** ဟေ့ မိငြိမ်းတဲ့ တစ်ယောက်ထဲရှိတယ်၊ ငါ့အကြောင်းသိသွားကြပြီမဟုတ်လား၊ နာမည်ကသာ မိငြိမ်း၊ ငါနဲ့တွေ့လိုကတော့ ငရဲမီးထက်ပူထက် ပူလောင်တယ်လို့မှတ်လိုက်၊ အကုန်လုံး လောင်တိုက်သွင်းလိုက်လို့ သိင်္ဂိုလ်ပြည် မီးဟုန်းဟုန်းတောက်သလို ဖြစ်သွားမယ်၊ မိန်းမတွေကိုက အားအားယားယား အတင်းချဖို့ဘဲ၊ ဒီကြားထဲအပျိုသိုးကြီးတွေကပါ ပါသေးတယ်၊ နင်တို့ဒီအကြောင်း မပြောရရင်အိပ်မပျော်ကြဘူးလား၊ ငါသည်းခံနေတာကြာပြီ၊ သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်ဟေ့၊ တာပေါ်ရေလျှံလိုကတော့ လုံးဝလက်မခံဘူး။

**ဦးမြသန်း** မငြိမ်း ဘာတွေဖြစ်လာတာလဲ။

**ဒေါ်ငြိမ်း** ဒီမှာကောင်မတွေ သတ္တိရှိရင်အချိန်မရွေး လာခဲ့၊ မကြောက်လို့တစ်ယောက်တည်း နေတာ သိရဲ့လား၊ မိငြိမ်း တစ်ငြိမ်းတည်းရှိတယ်။

**ဦးမြသန်း** စိတ်ကိုထိန်းပါ မငြိမ်းရယ်၊ ဘယ်သူနဲ့ရန်ဖြစ်လာတာလဲ။

**ဒေါ်ငြိမ်း** ညည်းတို့သိဖို့က မငြိမ်းဆိုတဲ့မိန်းမဟာ သေတောင်အလံမလှဲဘူး၊ ထဘီစွန်တောင် ဆွဲပြီး ရင်ဆိုင်လိုက်မယ်၊ ထောင့်အပြင်တန်း မရှိဘူးဟေ့၊ နင်တို့ဦးနှောက်နဲ့ အသိဉာဏ်တွေက ကျွဲခြေရာခွက်ကို ပင်လယ်နက်လို့ ထင်နေကြတာဟဲ့၊ အိုင်ငယ်ကို သမုဒ္ဒရာ ထင်ပြီး အမြင်ကျဉ်းနေတဲ့ကောင်မတွေ လှိုင်းလေထန်ပြီး၊ မုန်တိုင်းကြီးလို နင်တို့ဒေါသအစွမ်းတွေကို ပြချင်လို့လား၊ လာစမ်း မိငြိမ်းဆိုတဲ့ ပင်လယ်ပြင်က ဟားတိုက်ပြီး ရယ်ပြ လိုက်ချင်သေးတယ်။ တကတည်းတော် အတင်းပြောစရာ ဒီလောက်တောင် ရှားသလား၊ စိန်ခေါ်လို့ကတော့ တိမ်ပေါ် အထိလိုက်မယ့် မိငြိမ်းဆိုတာတော့ သိထားကြနော်။



**ဦးမြသန်း** ကျွန်တော့်လည်း သိအောင်ပြောပြစမ်းပါဦး မငြိမ်းရယ်။ ဘယ်လိုဖြစ်တာတုန်း။

**မငြိမ်း** ဒီလိုဆရာကြီးရေ၊ ဆရာကြီးနဲ့ ကျွန်မကို ပေးစားကြတယ်လေ၊ ကျွန်မကမုဆိုးမဘဲ သည်းခံနိုင်ပါတယ်၊ ကျွန်မဘက်က နာစရာလဲ မရှိဘူး၊ ဆရာကြီးအတွက်သာ။

**ဦးမြသန်း** ဩော် ကျွန်တော့်ဘက်ကလည်း . . . မငြိမ်း ပြန်မယ်နော်။

**မငြိမ်း** ဟောတော့၊ သူပဲ သိချင်ပြီးတော့။

**(မီးပိတ်)**

## ပြကွက် (၁၁)

**နေရာ** ရွာလမ်း။

**အချိန်** နံနက်အာရုံတက်။

**အခမ်းအနား** ရွာလမ်းပန်းချီကား ဆွဲချိတ်ထားရန်။

**မီး** နံနက်ခင်း အလင်းရောင်။

**အသံ** ကြေးစည်သံ ကျေးငှက်များ အိပ်ရာနိုးသံများဖွင့်ပေးရမည်၊ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ**
(၁) ဦးစိုးမြ
(၂) လင်းလင်း
(၃) ဇော်နိုင်
(၄) ထွန်းဇော်
(၅) ပေါက်ကျိုင်း
(၆) ရွှေရိုး
(၇) ရွာသူ၊ ရွာသားများ။

**ဇာတ်ညွှန်း** နိုင်ငံခြားသို့သွားရန် အထုပ်အပိုးများဖြင့် ထွက်လာကြသော ဇော်နိုင်တို့သည် ရွာဦး





ကျောင်းမှ ဆွမ်းချိုင့်ပို့ ပြန်လာသည့် ဦးစိုးမြတို့နှင့် တွေ့ကြရမည်၊ ဦးစိုးမြအား အကျိုးအကြောင်းပြော၍ ထိုင်ကန်တော့ကြပြီး ခရီးဆက်ကြစေ။

### (မီးဖွင့်)

(လမ်းပေါ်တွင် လူများ သွားလာနေရမည်)

**ဇော်နိုင်** မြန်မြန် လာကြကွာ၊ မိုးလင်းသွားဦးမယ်။

(ဦးစိုးမြနှင့် လင်းလင်း ဆွမ်းချိုင့်နှင့်ရောက်လာစေ)

**ဦးစိုးမြ** ဟေ့ကောင်တွေ အထုပ်အပိုးတွေနဲ့ ဝေလီဝေလင်း ဘယ်သွားကြမလို့လဲကွ။

**ထွန်းဇော်** နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြမလို့လေ၊ အားလုံးစီစဉ်ပြီးသွားပြီ။

**ဦးစိုးမြ** ဟုတ်မှလဲလုပ်ကြပါကွာ၊ လူလိမ်လူညာတွေက သိပ်ပေါတာကွ၊ တိုင်းတပါးမှာ ဒုက္ခရောက်ရင် မင်းတို့ကို ဘယ်သူမှ ကူညီမှာမဟုတ်ဘူး၊ တို့မြန်မာပြည်မှာက ထမင်းတစ်နပ်ကို ဘယ်အိမ်တက်စားစားကွ။

**ဇော်နိုင်** သေချာပါတယ် ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော်တို့ရှေ့မှာ ဖုန်းဆက်ပြီး သေသေချာချာ ချိတ်လိုက်တာပါ။

**ဦးစိုးမြ** အေးလေ၊ ဟုတ်လည်း ပြီးရောပေါ့ကွာ၊ ငါက စိုးရိမ်လို့ပါ၊ ဒုက္ခတွေ့လို့ကတော့ ရွာပြန်လာနော်။ ရောက်ရာအရပ်က ငါတို့ကို အကြောင်းကြား၊ မင်းတို့သွားမယ့် တိုင်းပြည်မှာ မြန်မာဘုန်းကြီးကျောင်းတွေရှိရင်လည်း သွားပြီး ဦးတိုက်ကြ။

**လင်းလင်း** ကိုပေါက်ကျိုင်းကရော နိုင်ငံခြားကို လိုက်သွားမလို့လား။ ရှင့်အတတ်ပညာနဲ့ ဘာသွားလုပ်မှာလဲ၊ ထွေးစိန်ကို တကယ်ခွဲနိုင်သလား။

**ပေါက်ကျိုင်း** မဟုတ်ပါဘူးဟာ၊ ငါက ဒီကောင်တွေကို လိုက်ပို့တာပါ။ ထွေးစိန်ကို ငါဘယ်ခွဲနိုင်ပါ့မလဲဟာ၊ သူနဲ့ငါနဲ့က ခွဲမရနိုင်တဲ့ ကုက္ကိုရွက်လို။

**လင်းလင်း** စွယ်တော်ရွက်ပါ ကိုပေါက်ကျိုင်းရဲ့။

**ပေါက်ကျိုင်း** စွယ်တော်ပင်က သေသွားပြီ၊ အဲဒီနားမှာ ကုက္ကိုပင် ပေါက်နေတယ်။

**ထွန်းဇော်** ဟော့ကောင် တော်စမ်းကွာ၊ မင်းလေရှည်နေတာနဲ့ နောက်ကျကုန်ဦးမယ်။

**ဇော်နိုင်** ကဲ့ ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ ကန်တော့ခဲ့ပါတယ်။ ကျွန်တော်တို့ အိမ်တွေကိုလည်း စောင့်ရှောက်ပေးပါဦးနော်။



**ဦးစိုးမြ** အေးအေး စိတ်ချသာ သွားကြပါကွာ၊ ဘေးဘယာ ဝေးကွာကြပါစေ။

**ဇော်နိုင်/ ထွန်းဇော်** ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဥက္ကဋ္ဌကြီး။

**ပေါက်ကျိုင်း** လင်းလင်း. . . ထွေးစိန်ကိုလည်း ပြောလိုက်ပါ၊ ကောင်းမှုပြုတိုင်း ငါ့ကို အမျှဝေပါလို့။

**လင်းလင်း** ကိုပေါက်ကျိုင်းက သေပြီလား။

(ပေါက်ကျိုင်း ရုပ်ခံလိုက်စေ)

**(မီးပိတ်)**

## ပြကွက် (၁၂)

**နေရာ** ကုမ္ပဏီရုံးခန်း။

**အချိန်** နေ့။

**အခမ်းအနား** အခန်း (၉) အတိုင်း ပြကွက်။

**မီး** နေ့အလင်းရောင်။

**အသံ** နိုင်ငံခြား တီးလုံးများ ဖွင့်ထားရမည်။ တယ်လီဖုန်းသံများ မကြာမကြာ ပေါ်ထွက်နေရမည်။

**ပါဝင်သူများ**
(၁) ရောဘတ်
(၂) ဆန်နီ
(၃) မိုက်ကယ်
(၄) ဂျီနာ
(၅) နိုရင်း
(၆) ပေါက်ကျိုင်း
(၇) ဇော်နိုင်
(၈) ထွန်းဇော်

**ဇာတ်ညွှန်း** ဇော်နိုင်တို့သည် ရောဘတ်တို့ထံတွင် ငွေများ သွင်းကြရမည်။ လေယာဉ်လက်မှတ်





စောင့်ရင်း ဟိုတယ်တစ်ခုတွင် ခေတ္တထား ပေးမည်ဟု ဂျီနာနှင့် နိုရင်းတို့က ပြောကြစေ။

**(မီးဖွင့်)**

(ဇော်နိုင်တို့အဖွဲ့ ကုမ္ပဏီရုံးခန်းထဲသို့ ဝင်လာရင်း)

**ပေါက်ကျိုင်း** ကဲ လာကြဟေ့၊ ဆန်တစ်ပြည် မရှိတဲ့ ကိုဆန်နီ၊ ကျုပ်တို့သူငယ်ချင်းတွေ ရောက်လာပြီ။

(ရောဘတ်သည် ရင်ဘတ်တွင် ရွှေတံဆိပ်သုံးခု ဆွဲပြီး ခန့်ညားစွာ ထိုင်နေရမည်)

**ဆန်နီ** သွင်းမဲ့ငွေတွေ ငွေစာရင်းမှာ သွားစစ်ဆေးဖို့အတွက် ဂျီနာနဲ့ နိုရင်းတို့ ယူသွားကြဟေ့။

(ဂျီနာနှင့် နိုရင်း ပြန်ထွက်လာပြီး၊ ရောဘတ်ကို ကြည့်၍)

**ဂျီနာ** ငွေတွေ အားလုံးပြည့်ပါတယ် ဘော့စ်။

(ရောဘတ်သည် တယ်လီဖုန်း တစ်လုံး လက်ညှိုးထိုးပြစေ)

**နိုရင်း** (ဖုန်းတစ်လုံးကို နှိပ်လိုက်ပြီး)ဟလို ရှင်တို့ သတ်မှတ်တဲ့လစာနဲ့ လောလောဆယ် လူ (၂) ယောက် အမြန်ပို့လိုက်ပါ့မယ်၊ ကျန်တဲ့ ရှစ်ယောက်အတွက်လည်း မကြာမီ ဆက်ပို့ပါမယ်၊ ပညာနည်းပြီး ဥပဓိရုပ်မကောင်းတဲ့ သူတွေကို မပို့ချင်ပါဘူး၊ အခု ပို့မဲ့သူတွေက ပညာလဲ တတ်တယ်၊ စာရိတ္တလဲ ကောင်း

တယ်၊ ဥပဓိရုပ်လည်း သန့်တယ်၊ လူချော လူလှတွေပါ၊ ကောင်းပါပြီ၊ ဂွတ်ဘိုင်၊ (ရောဘတ်ကို ကြည့်၍) ဘော့စ်အားလုံး စီစဉ်လိုက်ပါပြီ။

**ဂျီနာ** ဒီက အစ်ကိုတို့ နှစ်ယောက်ကို ဂျီနာတို့က ဟိုတယ်ကြီး တစ်ခုမှာ လောလောဆယ် ထားမယ်၊ လေယာဉ်လက်မှတ် စောင့်ရင်းပေါ့။ သိပ်မကြာပါဘူး။

**ထွန်းဇော်** ဘယ်ဟိုတယ်ကို သွားရမှာလည်း ကျွန်တော်တို့ မသိဘူးနော်။ တော်ကြာ ဧည့်စာရင်း မတိုင်လို့ ဆိုပြီး။

**ဂျီနာ** မပူပါနဲ့ အစ်ကိုရယ်၊ ဂျီနာနဲ့ နိုရင်းက လိုက်ပို့မှာပါ၊ အေးအေးဆေးဆေး ဇိမ်နဲ့သာ နေကြပါ။ ကျွန်မတို့ကုမ္ပဏီက နိုင်ငံခြားသွားမဲ့လူတိုင်းကို ဒီလိုပဲ ဟိုတယ်မှာ ထားနေကြ။

**ဇော်နိုင်** လေယာဉ်ပျံက ဘယ်နေ့စီးရမှာလဲဗျာ၊ လေယာဉ်စီးချင်လှပြီဗျ။

**နိုရင်း** နှစ်ရက်၊ သုံးရက်ပါ အစ်ကိုရယ်၊ လေယာဉ်လက်မှတ်ရောက်လာတော့မှာပါ။

**ဇော်နိုင်** ပေါက်ကျိုင်းရေ ရွာကလူတွေ ပြောလိုက်ပါ။ ငါတို့နှစ်ယောက် ရက်ပိုင်းအတွင်းမှာ မြန်မာပြည်က ထွက်ခွာသွားပြီလို့။



**မိုက်ကယ်** ဒီက ဘရားသားတို့ကို တစ်ခုခုနဲ့ ဧည့်ခံဖို့ ဘော့စ်ကို မေးလိုက်ဦးမယ်နော်၊ ကဲ မေးပြီးပြီ၊ ရက်စ်ဘောစ်၊ ဘော့စ်က ပြောတယ်။ စပါယ်ရှယ် သူသောက်တဲ့ ဘီယာနဲ့ ဧည့်ခံပါတဲ့၊ ဟေ့ နိုရင်းနဲ့ ဂျီနာ၊ အသုံးတို့ ထုံးစံပဲ့။

(နိုရင်းနဲ့ ဂျီနာ ဘီယာဘူးများ လာချပေးစေ)

**ပေါက်ကျိုင်း** (ဘီယာဘူးကို မော့သောက်လိုက်ရင်း) ဘီယာဆိုတာက ကျုပ်တို့ရွာရေကန်ထဲက ရေလိုပဲနော်။

**ဆန်နီ** ဟုတ်တယ်၊ ဘီယာဘူးခွံထဲ ရေထည့်ထားတာလေ၊ ကျုပ်တို့ဘော့စ်ကလည်း ဒါမျိုးပဲ သောက်တာ။

(ရောဘတ် ဆန်နီအား လက်ပြ)

**ဆန်နီ** ရက်စ်ဘော့စ်၊ ဘော့စ်က ပြောတယ်၊ ခင်ဗျားတို့ကို ကမ္ဘာမှာ နာမည်ကြီးနေတဲ့ ဟစ်ဟော့သီချင်းနဲ့ ဧည့်ခံမယ်တဲ့။ မိုက်ကယ် ဖွင့်လိုက်စမ်း။

(မေရှင်၏ အောင်ခြင်းရှစ်ပါးသီချင်း ပေါ်ထွက်လာပြီး ရပ်သွားစေ)

**ပေါက်ကျိုင်း** မိုက်တယ်ဆိုတဲ့ လူကြီးရေ၊ တော်ပါတော့ဗျာ၊ ခင်ဗျား ဟစ်ဟော့ကလည်း။

**မိုက်ကယ်** မိုက်ကယ်ပါကွ တောသားကလည်း။

**ပေါက်ကျိုင်း** တော်ပါပြီဗျာ၊ သီချင်းတော့ နားမထောင်တော့ပါဘူး၊ သိချင်တာလေး မေးပါရစေ၊ ခင်ဗျားတို့ဘော့စ်က ရင်ဘတ်မှာ တံဆိပ်တွေ များလှချည်လား၊ ဘယ်ဘက်မှာ ဆွဲထားတဲ့ နှစ်ခုက ဘာတွေလဲ။

**မိုက်ကယ်** အဲဒီတံဆိပ်အသေးက ဂျပန်ကုန်သည်ကြီးများအသင်းက ချီးမြှင့်တာ၊ အလတ်ကတော့ ဥရောပဘုံဈေးအဖွဲ့က ချီးမြှင့်တာလေ။

**ပေါက်ကျိုင်း** ဒါဆို ညာဘက်မှာ ဆွဲထားတဲ့ တံဆိပ်အကြီးကြီးကရော။

**ရောဘတ်** (မတ်တပ်ထရပ်၍) ဂေါပကလူကြီးဆီက ငှားလာတာဟ့။

**(မီးပိတ်)**

## ပြကွက် (၁၃)

**နေရာ** လှေဆိပ်။

**အချိန်** ညနေ။

**အခမ်းအနား** ရေလှိုင်းနောက်ခံကားရှေ့တွင် လှေသုံးစီးသည် ရေဒူးပိတ် အတွင်းဘက် ဇာတ်ခုံ၏ လက်ျာဘက်၌ အသင့်ထား ရှိရမည်။ သရက်ပင်အောက်တွင် ဝါးကွပ်ပျစ်တစ်ခု ထားရမည်။

**မီး** အပြာနှင့် ပန်းရောင်။

**အသံ** နောက်ခံတေးသီချင်း ပီသစေရန်။

**ပါဝင်သူများ**
(၁) အောင်အောင်
(၂) လင်းလင်း
(၃) မောင်မောင်

**ဇာတ်ညွှန်း** (အိပ်မက်ခန်း) နောက်ခံတေးနှင့်အတူ ချစ်သူနှစ်ဦးပျော်မြူးနေကြရမည်။ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေသော အောင်အောင့်ကို သူငယ်ချင်းဖြစ်သူ မောင်မောင်က မျက်နှာကို ရေနှင့်ပက်လိုက်မှ လန့်နိုးစေ။

**(မီးဖွင့်)**

(စုံတွဲသီချင်း)

**ကျား** ××× ရင်ထဲမှာ သို၀ှက်ထား မဆိုရက်တဲ့ အချစ်စကား ဘွင်းဘွင်းပြောတော့မယ်၊ လင်းလင်း သိစေဖွယ်၊

**မ** ××× နှလုံးသားရဲ့ လိုအင်၊ ပျော်ချင်တာ မဟုတ်လားရှင် စောနေတယ်ဆိုတာ၊ သတိထား စေချင်တယ်၊

**ကျား** ××× မျှော်လင့်စောင့်စား အကြင်နာလေးရယ်၊ မင်္ဂလာရက်တွေ တွေးနေသေးရင် ဝေးသွားမှာကို တွေးပူမိတယ်၊

**မ** ××× စိတ်ပူရန်ကော ချစ်သဲရယ်၊ ကဗျာလေး တသသနဲ့ ဆရာလေးဘ၀ရောက်မှ ချစ်တေးသံပြိုင် ဆိုကြမယ်၊

**ကျား+မ** အကြင်နာပန်းတွေ ဘယ်အခါမနွမ်းကြွေ၊ ရင်မှာလန်းနေ၊ မေတ္တာလွှမ်းလို့၊ ထွေးပိုက်မွှေးချင်တယ် ×××

**(မီးပိတ်)**

(အောင်အောင် ကုလားထိုင်ပေါ် ရောက်ပြီးချိန် မီးဖွင့်)

(အိပ်ပျော်နေသော အောင်အောင်အား မောင်မောင်က မျက်နှာကို ရေနှင့်ပက်၊ အောင်အောင်လန့်နိုးသွားစေ)

အောင်အောင် ဟာ ဒီကောင်ကတော့ လုပ်ပြီကွာ။

**(မီးပိတ်)**

## ပြကွက် (၁၄)

**နေရာ** ရွာလမ်း။

**အချိန်** နံနက်စောစော။

**အခမ်းအနား** ရွာလမ်းပန်းချီကား ဆွဲချိတ်ထားရန်။

**မီး** ပုံမှန်။

**အသံ** စကားပြောသံများ ပီသရန်။

**ပါဝင်သူများ**
(၁) ဒေါ်ငြိမ်း
(၂) လင်းလင်း
(၃) ရွှေရိုး
(၄) ရွာသူ (၂) ယောက်
(၅) ရွာသား (၄) ယောက်

**ဇာတ်ညွှန်း** ဒေါ်ငြိမ်းသည် ရွာလမ်းအတိုင်း အကြော်စုံ အော်ရောင်းလာရမည်၊ ခရီးသွား၊ လယ်ယာလုပ်ငန်းခွင်ဝင်သူများက ဇာတ်ခုံ၏ လက်ဝဲ၊ လက်ျာမှာ သင့်သလို ထွက်လာပြီး၊ အကြော်ဝယ်စားကြရမည်၊ ဘုန်းကြီးကျောင်းမှ ဆွမ်းချိုင့်ပို့ပြန်လာသော လင်းလင်းနှင့် လမ်းတွင် တွေ့ပြီး၊ အောင်အောင်ကိစ္စ ပြောကြရမည်။

လှော်တက်ကို ကိုင်၍ လှေဆိပ်ကို သွားရန် ထွက်လာသော ရွှေရိုးနှင့် တွေ့ပြီး ဖော်နိုင်တို့အကြောင်း သိသွားစေ။

**(မီးဖွင့်)**

(လမ်းပေါ်တွင် လူများ သွားလာနေရမည်)

**ဒေါ်ငြိမ်း:** ဟောဒီက အကြော်စုံ၊ အကြော်စုံ ပူပူနွေးနွေး စားကြဦးမလား။

(ရွာသူရွာသားများ ကိစ္စကိုယ်စီဖြင့် ထွက်လာကြပြီး ဝယ်စားကြစေ)

**လင်းလင်း:** (တစ်ဖက်မှ ထွက်လာပြီး) ဒေါ်လေး ရောင်းလို့ ကောင်းရဲ့လား။

**ဒေါ်ငြိမ်း:** ကောင်းပါတယ် သမီးရယ်၊ ဆွမ်းခံ မထွက်ခင် ကုန်တာပါပဲ၊ ဒီနေ့ ဆွမ်းချိုင့်သွားပို့တာ သမီးတစ်ယောက်တည်းလား၊ ဥက္ကဋ္ဌကြီး မပါဘူးလား။

**လင်းလင်း:** ဟုတ်တယ် ဒေါ်လေးရဲ့၊ အဖေက လယ်ထဲကို စောစောသွားမယ်ဆိုပြီး အိမ်က အစောကြီး ထွက်သွားတာနဲ့ ကျွန်မတစ်ယောက်တည်း ဆွမ်းသွားပို့တာ၊ ဒါနဲ့ ဒေါ်လေး အောင်အောင့်ဆီက စာလာသေးသလား။



စာမ လာတာတောင် တော်တော်ကြာသွားပြီနော်။

**ဒေါ်ငြိမ်း:** ဟုတ်တယ် သမီးရဲ့၊ ပြီးခဲ့တဲ့ လကတော့ သင်တန်းဆင်းခါနီးမို့ အလုပ်များနေလို့ ဆိုလား၊ အခု သမီးသူငယ်ချင်းက ကချင်ပြည်နယ်၊ မချမ်းဘောမြို့ကို ပြောင်းရတယ်တဲ့၊ မချမ်းဘောမြို့ရဲ့ လှပသာယာတဲ့ အကြောင်းတွေလည်း စာထဲမှာ ပါတယ်။ နောက်ပြီး ဆရာကြီးကို သတိရတဲ့အကြောင်း၊ လင်းလင်းကိုလည်း သတိရတဲ့အကြောင်း စုံနေတာပါပဲအေ၊ သမီးဖတ်ကြည့်ရင် တွေ့ပါလိမ့်မယ်။

**လင်းလင်း:** ဒေါ်လေးပြောမှပဲ၊ အောင်အောင်တစ်ယောက် မချမ်းဘောမြို့ကို ပြောင်းရတဲ့ အကြောင်းသိရတယ်။ ဒါလည်း ကောင်းပါတယ် ဒေါ်လေးရယ်၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲတွေ ရှိနေရင် ဘယ်ကောင်းပါ့မလဲ။ ပြီးခဲ့တဲ့လကတောင် လမုတန်းရွာကျောင်းကို ရှမ်းနယ်ပြည်က ဆရာ စိုင်းရွှေလွန်းဆိုတာ ရောက်လာသေးတာပဲ။ သမီးလည်း သူ့စာ ဖတ်ပြီးမှ စာအရှည်ကြီး ပြန်ရေးလိုက်ဦးမယ်။

(တစ်ဖက်မှ ရွှေရိုး ထွက်လာစေ)

**ရွှေရိုး:** ဒေါ်ငြိမ်း အကြော်နှစ်ရာဖိုး ပေးဗျာ၊ သေသေချာချာ ထုပ်ပေး၊ လှေဆိပ်ရောက်မှ ရေနွေးနဲ့ သောက်မယ်။

**ဒေါ်ငြိမ်း:** ဟောဒီမှာ ရွှေရိုးရေ၊ တစ်ခု ပိုပေးလိုက်တယ်နော်။

**ရွှေရိုး:** ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ ဇော်နိုင်တို့ ထွန်းဇော်တို့ အကြောင်းကြား ပြီးပြီလား။

**လင်းလင်း:** ကိုရွှေရိုးကြီးကလည်း ဘယ်ကအိပ်မက်လာမက်နေတာလဲ၊ နိုင်ငံခြားရောသွားကြပြီလေ၊ မသိလိုက်ဘူးလား။

**ရွှေရိုး:** ဟဲ့ လင်းလင်း၊ နင်ဘာမှ မသိဘူး မဟုတ်လား။

**ဒေါ်ငြိမ်း:** ပြောစမ်းပါဦး ရွှေရိုးရယ်၊ နင်က ဘာတွေသိလာလို့တုန်း။

**ရွှေရိုး:** ဇော်နိုင်တို့ ထွန်းဇော်တို့က နိုင်ငံခြားကို ရောက်ဖို့နေနေသာသာ မင်္ဂလာဒုံလေဆိပ်က ပြန်လာရတယ်တဲ့။

**ဒေါ်ငြိမ်း:** ဘယ်လို ဖြစ်လို့တုန်း။

**ရွှေရိုး:** ဘယ်လို ဖြစ်ရမလဲဗျာ၊ လူလိမ်နဲ့ တွေ့သွားတာလေ၊ လေယာဉ်တော့ စီးရပါရဲ့ ပုဂံညောင်ဦးကို ရောက်မှပဲ အလိမ်ခံရမှန်း သိကြတယ်။ ဆရာကြီးစကားမှ နားမထောင်ဘဲ၊ မနေ့က ညမိုးချုပ်မှ ကျွန်တော့်လှေနဲ့ ပြန်လာကြတယ်၊ ရှက်လို့တဲ့ အိမ်ထဲကနေ အိမ်ပြင်မထွက်ရဲကြဘူး၊ နွားတွေလည်း ကုန်ပြီလေ၊ ဘာလုပ်စားကြမလဲ မသိဘူး။

**လင်းလင်း:** ဒီကိစ္စကတော့ ဆရာကြီးကို အသိပေးမှ ဖြစ်မယ်။ ဆရာကြီးက အကြံကောင်း၊ ဉာဏ်ကောင်းပေးနိုင်တယ်၊ သူတို့တတွေက ကျေးညီနောင် ပုံပြင်ထဲက မုဆိုးတွေဆီ ရောက်သွားတဲ့ ကျေးသားတွေလို ဖြစ်သွားကြပြီ၊ ရသေ့ကျောင်းသင်္ခမ်းနဲ့တူတဲ့ ဆရာကြီးဆီကို အမြန်လွှတ်မှပဲ၊ ကဲ သမီးသွားမယ်နော် ဒေါ်လေး။

**ဒေါ်ငြိမ်း:** ကောင်းပါပြီ၊ သူတော်စင်မလေးရယ်၊ သာဓုပါကွယ်၊ သာဓု၊ သာဓု။

**(မီးပိတ်)**

## ပြကွက် (၁၅)

**နေရာ** ကချင်အိမ်လှေကားအဆင်း မြေကွက်လပ်။

**အချိန်** ည။

**အခမ်းအနား** နောက်ခံ တောင်ပန်းချီကား တစ်ချပ် ချိတ်ဆွဲထားရမည်။ လှေခါးအဆင်း မြေကွက်လပ်တွင် ထင်းမီးပုံကြီး တစ်ခုထားရှိရမည်။ မီးပုံပေါ်တွင် သားကောင်အကင်ကြီး တစ်ခုရှိရမည်။ လှေခါးအဆင်းထိပ် စားပွဲပေါ်တွင် ခေါင်ရည် အချိုရည်ပုလင်းများနှင့် ဖန်ခွက်များ၊ စားစရာ အကင်များ တင်ထားရမည်။ လှေခါးနှင့် ဆန့်ကျင်ဘက် ဒုတိယတိုင်ဖုံး အနီးတွင် သစ်ငုတ်ကြီး တစ်ခုထားရှိရမည်။ သစ်ငုတ်အနီးတွင် လူထိုင်နိုင်သော သစ်ငုတ်တို အသေးတစ်ခု ထားရှိရမည်။

**မီး** ညအလင်းရောင် ပေးထားရမည်။ မီးဖိုမီးတောက်ရန်နှင့် မီးခိုးမှုတ်ပေးရမည်။

**အသံ** စကားပြောသံများ ပီသရမည်။





**ပါဝင်သူများ**
(၁) အောင်အောင်
(၂) ဇော်မှိုင်း
(၃) ခမ်းလှို
(၄) သန်းမြင့်
(၅) သိန်းဟန်
(၆) မြင့်မြင့်မာ
(၇) ရွာသူ၊ ရွာသားများ

**ဇာတ်ညွှန်း** ဇော်မှိုင်းသည် စားသောက်ဖွယ်ရာများ ပြင်ဆင်နေရာမှ အိမ်ပေါ်ထပ်ရှိ အောင်အောင်အား လှမ်းခေါ်ရမည်။ အောင်အောင်သည် လှေခါးပေါ်မှ ဆင်းလာပြီး ပတ်ဝန်းကျင်အလှအပကို ကြည့်ရှုခံစားရမည်။ စိတ်ထဲမှာလည်း ချစ်သူလင်းလင်းကို သတိရပြီး၊ စာဆိုရှင် နဝဒေး၏ ရတုကို ဆိုလိုက်ရမည်။ ရတုဆိုအပြီး ဧည့်သည်များ ရောက်လာကြရမည်။ ဧည့်သည်များထဲတွင် သူငယ်ချင်းအများစု ပါလာသည်ကို တွေ့ပြီး၊ သူငယ်ချင်းတစ်စု ရွာတွင် ပြန်ဆုံကြရန် ဆုမွန်ကောင်း တောင်းရင်း မီးပုံကြီးအား ဝိုင်းဖွဲ့၍ ကကြစေ။

**(မီးဖွင့်)**

(မီးပုံအနီးတွင် ဦးဇော်မိုင်းသည် သားကောင်အကင်ကို ပြင်ဆင်နေရာမှ အိမ်ပေါ်ထပ်သို့ လှမ်းကြည့်ပြီး)

**ဦးဇော်မိုင်း** ဆရာလေး... ဗျို့ ဆရာလေး... အိမ်ပေါ်မှာ ပျင်းနေရင် အောက်ကို ဆင်းခဲ့လေ။ ပတ်ဝန်းကျင်မှာ အလှအပတွေလည်း ကြည့်ရတာပေ့ါ။

**အောင်အောင်** ကောင်းပါပြီ ဦးဇော်မိုင်း၊ အဝတ်အစား ဝတ်ပြီးတာနဲ့ ဆင်းလာခဲ့ပါ့မယ်။ ဦးဇော်မိုင်းတို့ ရိုးရာအိမ်က ဝါးပိုးကို တိုင်ထူပြီး၊ သက်ကယ်မိုးထားပေမဲ့ ပတ်ဝန်းကျင်အလှနဲ့ သိပ်ပနံရတယ်ဗျာ။

(အောင်အောင် လှေကားပေါ်မှ ဆင်းလာစေ)

**ဦးဇော်မိုင်း** ဟာ ဆရာလေးက ကချင်ဝတ်စုံနဲ့ဆိုတော့ ကျွန်တော်တောင် လူမှားသွားတယ်၊ သိပ်ပြီး ကြည့်လို့ ကောင်းတာပဲနော်။

**အောင်အောင်** ကျေးဇူးတင်ပါတယ် ဦးဇော်မိုင်းရယ်၊ ကျွန်တော်က တိုင်းရင်းသား ဝတ်စုံတွေကို သိပ်ပြီး မြတ်နိုးတာဗျ။

**ဦးဇော်မိုင်း** ဆရာလေး အေးအေးဆေးဆေး နေဦးနော်၊ တော်ကြာ ဧည့်သည်တွေ ရောက်လာမှာပါ။ ကျွန်တော်အိမ်ပေါ်မှာ လုပ်စရာရှိတာတွေ တက်လုပ်လိုက်အုံးမယ်။



**အောင်အောင်** ကောင်းပါပြီ ဦးဇော်မိုင်း၊ ကျွန်တော်လည်း တန်ဖိုး မဖြတ်နိုင်တဲ့ သဘာဝအလှတွေကို ကြည့်ပြီး၊ ကျွန်တော့်ဘဝရဲ့ ဘယ်နှစ်ကြိမ် မြောက်မှန်းမသိတဲ့ စိတ်ကူးယဉ်အလှတွေကို ဖြန့်ကျဲလိုက်ဦးမယ်ဗျာ။

(အောင်အောင်သည် ပတ်ဝန်းကျင်သဘာဝ အလှများကို ကြည့်ပြီး၊ တစ်ယောက်တည်း နှုတ်မှ ထွက်လာစေ)

**အောင်အောင်** လင်းလင်းရယ်၊ သဘာဝအလှတွေ ခံစားရင်းက မင်းကို သတိရနေတဲ့အတွက် စာဆိုရှင် နဝဒေးရဲ့ ရတုလေးကို တမ်းတမိသေးတယ်ကွယ်။

**(သီချင်း)**

××× ပျပျမွှေး၍ ပိုက်ထွေးရင်ငွေ့
တူခက်လေ့ကို၊ အောက်မေ့မြင်ယောင်
ရှင်မောင် ခေါ်တမ်း ငယ်ဘော်ကျွမ်းဟု
အလွမ်းရှည်မြင့် ကြသနှင့်သော် ×××
ထပ်ဆင့်ဗျာပါ မပျော်စွာ၍ အခါသရစ်
ဆောင်မျိုးနှစ်လည်း အဖြစ်သည်နှယ် ×××
မရှိဖွယ်တည့် သက်လှယ်မောင်နှင့် ကြင်ပေ
တင့်စွ မျက်ပွင့်စံတည် မျိုးချစ်ကြည်သည်
လွမ်းသည်သူမတန်တကား×××

(ဦးဇော်မှိုင်း အိမ်ပေါ်မှ ပြန်ဆင်းလာစေ)

**ဦးဇော်မှိုင်း** ဆရာလေး၊ ဆရာလေး ဘာတွေများ တစ်ယောက်တည်း စိတ်ကူးယဉ်နေတာလဲ၊ မွေးရပ်မြေကို လွမ်းနေပြီထင်တယ်၊ ဧည့်သည်တွေလည်း ရောက်လာကြတော့မှာပါ။ လူစုံတော့မှပဲ ဝိုင်းဖွဲ့ကခုန် စားသောက်ကြတာပေါ့လေ။

**အောင်အောင်** ကောင်းပါပြီဗျာ၊ ဒါနဲ့ ဘာအထိမ်းအမှတ်နဲ့ ထမင်းစားပွဲလုပ်တာလဲ ဦးဇော်မှိုင်းရဲ့၊ ခါတိုင်းလည်း ဦးဇော်မှိုင်းအိမ်မှာ ကျွန်တော်ထမင်းစားနေကြပဲ မဟုတ်လား၊ ဘာထူးလို့လဲ။

**ဦးခမ်းလျှံ** ဆရာလေးနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက ကျွန်တော်တို့မြို့ကို ရောက်လာတဲ့ ဗိုလ်ကြီးသန်းမြင့်ပါ။

**အောင်အောင်** ဦးခမ်းလျှံကို သိပ်ပြီး ကျေးဇူးတင်ပါတယ်ဗျာ။ ဗိုလ်ကြီးသန်းမြင့်ကို ကျွန်တော်သိပ်တွေ့ချင်နေတာ၊ (ကချင်လို ဝတ်ထားသော အောင်အောင်က ဗိုလ်ကြီးသန်းမြင့်အား လက်ဆွဲနှုတ်ဆက်လိုက်ပြီး) ဟေ့ကောင် ငါ့ကို မမှတ်မိဘူးလား။ အောင်အောင်လေကွာ။



**ဦးခမ်းလျှံ** ဟော ဆရာလေးနဲ့ ဗိုလ်ကြီးက သိပြီးသားတွေကိုး။

**အောင်အောင်** ဟုတ်ကဲ့ ငယ်သူငယ်ချင်းတွေပါ ဦးခမ်းလျှံ။

**သန်းမြင့်** (အံ့သြလျက်)ဟာ အောင်အောင် တော်တော်နောက်တဲ့ ကောင်ပဲကွာ၊ မင်းက ကချင်လို ဝတ်ထားတော့ ရုတ်တရက် ဘယ်မှတ်မိမှာလဲ။

**အောင်အောင်** ငါက အဝေးကြီးထဲက မင်းကို မြင်နေရတာ၊ ငါက ဒီမြို့က ကျောင်းမှာ ကျောင်းဆရာကွ (၃)နှစ် ကျော်သွားပြီ၊ မင်းကရော ဒီကို ဘယ်လိုရောက်လာတာလဲ။

**သန်းမြင့်** မင်းလိုပဲပေါ့ သူငယ်ချင်းရာ၊ ငါလည်း ဒီကို ပြောင်းလာတာကွ၊ သိပ်မကြာသေးဘူး၊ မင်း ရွာရောက်သေးသလား။

**အောင်အောင်** ရွာက ထွက်လာတည်းက တစ်ခါမှ မရောက်သေးဘူးကွာ၊ ဒါပေမယ့် အမေ့ဆီရော၊ ဆရာကြီးဆီကိုပါ စာတော့ ရေးဖြစ်ပါတယ်။ ဆရာကြီးက ခုလို တစ်နယ်တစ်ကျေးမှာ ငါတို့တစ်တွေ တာဝန်ထမ်းတောင်နေကြတာကို သိပ်ပြီး ဂုဏ်ယူနေတာကွ။

**သန်းမြင့်** နေပါဦး၊ မင်းပြောသွားတဲ့ စကားထဲမှာ မင်းအမေနဲ့ ဆရာကြီးဆီကို စာရေးတာတော့

ဟုတ်ပါပြီ၊ လင်းလင်းဆီကိုရော မရေးဘူးလား။

**အောင်အောင်** မင်းကလည်းကွာ၊ တွေ့တာနဲ့ စလာပြီ၊ မရေးပဲ နေပ့ါမလားကွ၊ ခွဲခွာခြင်းဆိုတာက ခံစားတတ်တဲ့သူတိုင်းအတွက် ဝမ်းနည်းကြရတာ ဓမ္မတာပဲ မဟုတ်လား၊ စာနဲ့ပဲ ဖြေရတာပေ့ါ သူငယ်ချင်းရာ။

**သန်းမြင့်** ဒါနဲ့ နေပါဦး၊ ရဲကြီးသိန်းဟန်နဲ့ မင်းနဲ့ အဆက်အသွယ်ရသေးသလား။

**အောင်အောင်** တိတိကျကျတော့ မရဘူး သူငယ်ချင်း၊ ကယားမှာလို့လည်း ကြားတယ်။

**သန်းမြင့်** မြင့်မြင့်မာကတော့ ကရင်ပြည်နယ်ရောက်နေတယ်လို့ မောင်မောင်လတ်ပြောတာပဲ ဒါနဲ့ သူငယ်ချင်း၊ ဒီနှစ် စာဆိုတော်နေ့မှာ ဆရာကြီး တည်ထောင်ထားတဲ့ စာကြည့်တိုက်ဖွင့်မယ်လို့ သိရတယ်ကွ။

**သန်းမြင့်** ဟုတ်တယ် သူငယ်ချင်း။ ဟောဒီ ထမင်းစားပွဲမှာ ဆုတောင်းကြရမှာပေ့ါကွာ။

(ဧည့်သည်များ ဝင်လာကြစေ)

**ဦးဇော်မှိုင်း** ကဲ့ ဧည့်သည်တွေလည်း ဆုံကြပြီတော့ ခေါင်ရည်သောက်ရင်း တပျော်တပါးကခုန်ကြတာပေ့ါဗျာ။



**အများ** (ခေါင်ရည်ခွက်များကို ကိုင်၍) ဦးဇော်မှိုင်း သက်တော်ရာကျော် ရှည်ပါစေ။

(ခေါင်ရည်နှင့် အချိုရည်ကို ပြိုင်တူမော့သောက်လိုက်ကြရင်း ပေါ်ထွက်လာသော အိုးစည်သံနှင့်အတူ မီးပုံကြီးအား ဝိုင်း၍ ကကြစေ)

## (သီချင်း)

**ကျား** အပေါင်းအသင်း ရောင်းရင်းတွေ ပျော်မြူးကြဟေ။

**မ** သီချင်းသံတွေ ညံမစဲ၊ အိမ်သစ်တက်ပွဲ။

**ကျား** မိတ်ဆုံစားပွဲ ကျင်းပရာ၊ မချမ်းဘောမှာ

**မ** ကချင်ပြည် သာယာအလှ၊ လွမ်းမောဘွယ်စွ။

**ကျား** မြေပြန့်ညီနောင် သွေးသားတွေ၊ ပျော်ရဲ့လားဟေ။

**မ** ရိုးရာသံ အိုးစည်အကြွ၊ ဝိုင်းဖွဲ့ကကြ။

## (မီးပိတ်)

## ပြကွက် (၁၆)

**နေရာ** ကျောင်းအုပ်ဆရာကြီး နေအိမ်။

**အချိန်** ညနေ။

**အခမ်းအနား** ပြကွက် (၃) အတိုင်း။

**မီး** ညနေခင်း အလင်းရောင်။

**အသံ** စကားပြောသံများ ပီသရန်။

**ပါဝင်သူများ** (၁) ဦးမြသန်း
(၂) ဦးစိုးမြ
(၃) ဒေါ်ငြိမ်း
(၄) လင်းလင်း
(၅) ဇော်နိုင်
(၆) ထွန်းဇော်

**ဇာတ်ညွှန်း** ဦးမြသန်းက ဇော်နိုင်နှင့် ထွန်းဇော်တို့အား ခေါ်ရသည့်ကိစ္စပြော၊ မဆင်ခြင်ဘဲ ကျွဲ၊ နွားတွေရောင်းပြီး နိုင်ငံခြားကို သွားချင်ဇောနဲ့ အမှားတွေ ဖြစ်သွားခဲ့ရသော်လည်း ဆရာကြီးအနေဖြင့် အပြစ်မတင်လိုကြောင်း၊ ပြီးခဲ့တာတွေ သင်ခန်းစာယူပြီး မိမိတို့ပိုင်သည့်





ရတနာမြေပေါ်မှာ လယ်ပြန်လုပ်ရန် ဆရာကြီးက လယ်ထွန်စက် ဝယ်ပေးမည့်အကြောင်း ပြောကြားလိုက်စေ။

**(မီးဖွင့်)**

(ဦးမြသန်း၊ ဦးစိုးမြနှင့် ဒေါ်ငြိမ်းတို့က ကွပ်ပျစ်ပေါ် ထိုင်ကြပြီး၊ ကျန်လူများက အောက်တွင် ဝဲ/ယာ မျှထိုင်ကြရမည်။)

**ဦးမြသန်း** မောင်ဇော်နိုင်နဲ့ မောင်ထွန်းဇော်တို့ကို ဆရာကြီးခေါ်ရသည့် ကိစ္စကတော့ မင်းတို့မှားခဲ့တဲ့ကိစ္စအတွက် နောင်ကို မဖြစ်ရအောင် ဝန်ချဖို့ပဲကွဲ့၊ လူဆိုတာ အမှားသိသွားရင် အမှန်ရောက်ပြီပေါ့ကွာ၊ ဘာမှ ရှက်စရာမလိုပါဘူး၊ တကယ်တော့ မင်းတို့တွေဟာ အရည်အချင်းရှိတဲ့ လူငယ်တွေပါ။ နိုင်ငံအတွက်လည်း လိုအပ်နေတဲ့သူတွေပဲ၊ အရောင်တင်လိုက်ရင် တန်ဖိုးရှိတဲ့ ရတနာတွေ ဖြစ်လာမှာပါ၊ မင်းတို့အရည်အချင်းကို ဆရာကြီး ယုံကြည်တယ်၊ အဲဒီတော့ လယ်ယာလုပ်ငန်းကို မင်းတို့ ပြန်လုပ်ကြပါ၊ နွေစပါးပါ စိုက်မယ်ကွာ ဘယ့်နှဲ့လဲ။

**ဇော်နိုင်** ကျွန်တော်တို့ရဲ့ အမှားကြောင့် နွားတွေလည်း ကုန်ခဲ့ရပါပြီ ဆရာကြီးရယ်၊ ဒီတော့ လယ်လုပ်ဖို့ . . .

**ဦးမြသန်း** (လက်ဝါးကာ၍) ဆရာကြီး သဘောပေါက်ပြီ၊ ဒီ့အတွက်လည်း ဆရာကြီး စီစဉ်ထားပြီးသား၊ မင်းတို့ကို လယ်ထွန်စက် ဝယ်ပေးမယ်ကွာ၊ တစ်ပတ်လောက် ထွန်စက်မောင်းတတ်တဲ့သူနဲ့ တွဲလိုက်ရင် အဆင်ပြေပြီပေါ့၊ ဝယ်လက်စနဲ့ ရေတင်စက်ပါ ဝယ်ပေးမယ်၊ နွေစပါး စိုက်ရအောင်၊ မျိုးစပါးအတွက် မြေဆီအတွက်ပါ အရင်းအနှီးအားလုံး ဆရာကြီးကပဲ စိုက်ထုတ်ပေးမယ်ကွာ ဘယ်နှယ်လဲ။

**ဇော်နိုင်** ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ဆရာကြီးကို ကျွန်တော်တို့ ဘယ်လိုကျေးဇူး ဆပ်ရမှန်းတောင် မသိတော့ဘူး။ အမှားခံတွင်းထဲ ထိုးသွင်းခံလိုက်ရတဲ့ ကျွန်တော်တို့ဘဝကို နောင်တ အကြိမ်ကြိမ်ရမိပါပြီ။

**ဦးစိုးမြ** ဟ၊ မင်းတို့တတွေ အလုပ်နဲ့ သက်သေပြပြီး ကျေးဇူးဆပ်ပေါ့ကွ။ မင်းတို့ရဲ့ ဝီရိယအစွမ်းနဲ့ အလုပ်စခန်းကို ဖွင့်ကြစမ်း။

**ဦးမြသန်း** အမှန်ပေါ့ကွာ၊ မင်းတို့အရည်အချင်းကို ဆရာကြီး ယုံပါတယ်။ ဒါပေမယ့် လေတိုက်လို့ တစ်ဝက် တစ်ပျက်နဲ့ ငြိမ်းသွားတဲ့ ဖယောင်းတိုင်လိုတော့ မလုပ်ကြနဲ့ပေါ့ကွာ၊ ဖယောင်းတိုင် အတိုအထွာဆိုတာ မြေကြီးပေါ် ကျသွားရင် သူနင်း ငါကျော်နဲ့ အလဟဿဖြစ်သွားရောကွ၊ ဒီတော့ တပည့်တို့က ဖယောင်းဆီခန်းသည်အထိ ဇွဲကောင်းကောင်းနဲ့ လင်းပြလိုက်စမ်းပါကွာ။

**ဒေါ်ငြိမ်း** ဟုတ်သားပဲ။ တစ်နယ်တစ်ကျေး သွားပြီး အလုပ်လုပ်ရတာမှ မဟုတ်ဘဲဟာ၊ ကိုယ်တတ်တဲ့ ပညာနဲ့ မိမိအကျိုးရော၊ ရပ်ရွာအကျိုးရော သယ်ပိုးပြလိုက်စမ်းပါဟာ၊ နင်တို့ ဆရာကြီးကို ကြည့်ပါလား။

**ဦးမြသန်း** မငြိမ်းကတောင် ကျွန်တော့်စေတနာတွေ သိနေပါလား။

**လင်းလင်း** ဟုတ်တယ် ဆရာကြီး၊ ဒေါ်လေးငြိမ်းက အားအားရှိ ဆရာကြီးအကြောင်းပဲ ပြောနေတာ။

**ဒေါ်ငြိမ်း** (ရှက်သလို ဖြစ်သွားပြီး) ဟဲ့ လင်းလင်း လူကြီးကို ဘာတွေ လျှောက်ပြောနေတာလဲ။

**လင်းလင်း** ဟုတ်တယ်လေ၊ ဒေါ်လေးပဲ ပြောပြောနေတာပဲ၊ ဆရာကြီးကို သူ့သားရဲ့ ကျေးဇူးရှင်တဲ့၊

သူ့သားရဲ့ ကျေးဇူးရှင်တဲ့၊ သူ့သားကျေးဇူးရှင် ဆိုတော့ သူ့ရဲ့ကျေးဇူးရှင်လည်း ဖြစ်တယ်တဲ့။

**ဒေါ်ငြိမ်း** အော် ခက်တော့တာပဲ၊ ဉက္ကဋ္ဌကြီး လင်းလင်း ကို ပြောဦးလေ။

**ဦးစိုးမြ** ကဲ ငါပြောမယ် မငြိမ်း၊ ဆရာကြီးဟာ မငြိမ်း ရဲ့ကျေးဇူးရှင်သာမကဘူး၊ တစ်ရွာလုံးရဲ့ ကျေးဇူးရှင်ပါဟာ၊ ကဲ နင်အရှက်ပြေပြီ မဟုတ်လား၊ အဲ နင်ကျေနပ်ပြီ မဟုတ်လား။

**ဦးမြသန်း** မောင်ထွန်းဇော်တို့တတွေလည်း စိတ်ချမ်း သာကြတော့၊ စိတ်အား ထက်သန်ရင် ကြံစည် တဲ့အတိုင်း ဖြစ်ရမှာပေါ့ကွာ၊ ဆရာဆိုတာ ကတော့ တပည့်တွေရဲ့ အားကိုးအားထား ရာ ပုဂ္ဂိုလ်တွေ၊ တပည့်တွေကို လမ်းမှန် ရောက်အောင် ညွှန်ပြပေးရမှာပေါ့၊ ကဲ သွား နိုင်ကြပါပြီ။

**ထွန်းဇော်** ကျွန်တော်တို့ရဲ့ မဆင်ခြင်တဲ့ မိုက်မှားမှုတွေ ကို ဝီရိယအတိုးနဲ့ ဆပ်ပါ့မယ်လို့ ကတိပြု ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ ကန်တော့ ခဲ့ပါရစေ။ (လက်အုပ်ချီ)

**ဦးမြသန်း** တပည့်တို့တတွေဟာ သူတစ်ပါးရဲ့ ပြစ်တင် ပြောဆိုမှုမှန်သမျှကို သည်းခံနိုင်သူတွေ ဖြစ်



ကြပြီး၊ မကြာသော ကာလမှာ လူအများရဲ့ ချီးမွမ်းဖွယ်ရာ သားကောင်းရတနာတွေ ဖြစ် ကြပါစေကွယ်။

**ထွန်းဇော်/ ဇော်နိုင်** ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာကြီး။

(ထွန်းဇော်နှင့် ဇော်နိုင် ဝင်သွားကြစေ)

**ဒေါ်ငြိမ်း** ဆရာကြီး။

**ဦးမြသန်း** ဘာလဲ မငြိမ်း။

**ဒေါ်ငြိမ်း** စောစောက စကားမပြတ်လို့၊ ဆရာကြီးကို ကျွန်မက ဝမ်းသာစကား ပြောမလို့၊ ရင်ထဲ မှာ ကလိကလိ ဖြစ်နေတာပဲ၊ ဆရာကြီး မျှော်လင့်နေတာ။ ကျွန်မမုဆိုးမကိုလည်း သနားပါဦး ဆရာကြီးရယ်။

**ဦးမြသန်း** (ဦးစိုးမြနဲ့ လင်းလင်းကို ကြည့်၍ မနေတတ် မထိုင်တတ်ဖြစ်ပြီး) မငြိမ်းရယ်၊ နောက်မှ အေးအေးဆေးဆေး ပြောလို့မရဘူးလား၊ ကျွန်တော် သစ်ပင်ရေလောင်းစရာတွေ ရှိ သေးလို့ (ပန်းခရားကို ထယူလိုက်ရမည်)

**ဒေါ်ငြိမ်း** စကားမလွှဲပါနဲ့ ဆရာကြီးရယ်။ အပြောင်း အလဲမြန်လှချည်လား၊ ဆရာကြီးစကားကို ကျွန်မက တကယ်ယုံနေတာ၊ ကျွန်မနဲ့ ထပ်

တူ ဆရာကြီးကို ဝမ်းသာလိမ့်မယ်လို့ မျှော်လင့်နေတာ။ ကျွန်မမုဆိုးမကိုလည်း သနားပါဦး ဆရာကြီးရယ်။

**ဦးမြသန်း** ဖြည်းဖြည်းမှာ ပြောလဲရတာပဲ မဟုတ်လားဗျာ၊ ကျွန်တော့်စိတ်ထဲမှာ ဇော်နိုင်တို့ ထွန်စက်မှ ဝယ်တတ်ပါ့မလားလို့ စဉ်းစားနေတာ။ ဒီအချိန်မှာ တခြားကိစ္စတွေ မစဉ်းစားနိုင်သေးဘူး မငြိမ်းရယ်၊ မငြိမ်းပြောချင်ရင် နောက်တော့ ရင်ဖွင့်တာပေါ့။

**ဦးစိုးမြ** ကဲ မငြိမ်း၊ ဝမ်းသာစရာစကားဆိုလဲ မြန်မြန်ပြောလိုက်စမ်းပါဟာ၊ ငါတို့လည်း ကြားချင်တာပေါ့။

**ဒေါ်ငြိမ်း** ဒီလို ဆရာကြီးရေ၊ သား အောင်အောင်ဆီက စာလာတယ်၊ ကချင်ပြည်နယ်၊ မချမ်းဘောက နေပြီး၊ ရွာကျောင်းကို ပြောင်းမိန့်ကျလာပြီတဲ့၊ မကြာခင် ပြန်လာတော့မယ်ဆိုလား။ ကျွန်မဘဝ မုဆိုးမတစ်ယောက် မနေနဲ့က သားလေး ပြန်ရောက်လာတော့ အဖော်ရတာပေါ့၊ ပျော်လိုက်တာ။

**ဦးမြသန်း** ဩော် ဒါလား (သက်ပြင်းချရင်း ပန်းခရား လွှတ်ချလိုက်ရသည်) တော်သေးတာပေါ့ မငြိမ်းရယ်၊ ကျွန်တော့်ရုံးခန်းထဲကစာ အဲဒီ



ကိစ္စ ထင်တယ်၊ ဖွင့်မဖတ်ရသေးဘူး၊ ဟိုကောင်နှစ်ယောက်ကိစ္စ အဆင်ပြေအောင် လုပ်နေရတာနဲ့။

**မငြိမ်း** ကဲ ဆရာကြီး၊ တပည့်ကို မျက်စေ့အောက်မှာ တွေ့ရတော့မယ်ဆိုတော့ ဆရာကြီးစိတ်ထဲမှာ မပျော်ဘူးလား။

**ဦးမြသန်း** ပျော်ပါတယ်ဗျာ။

**မငြိမ်း** ကျွန်မနဲ့ ထပ်တူ ဝမ်းမသာဘူးလား။

**ဦးမြသန်း** ထပ်တူထပ်မျှ ဝမ်းသာပါတယ်ဗျာ၊ အောင်အောင့်အပေါ် မျှော်လင့်ခဲ့တာတွေ ဖြစ်ချင်တာတွေ အခုတော့ ဆန္ဒပြည့်သွားပါပြီဗျာ၊ ဒီခံစားမှုဟာ ဘာနဲ့မှ အစားထိုးလဲယူလို့ မရပါဘူး၊ ကျွန်တော် သေပျော်ပါပြီ၊ ဝမ်းသာတယ် ဆိုတာကလွဲလို့ မပြောတတ်တော့ပါဘူးဗျာ၊ တစ်ရွာလုံးက ကျွန်တော့်စေတနာနဲ့ မေတ္တာကို သဘောပေါက်နားလည်ကြပြီဆိုရင် ကျွန်တော် အသက်ရှင်နေသ၍ ဥဒါန်းတင်သွားမှာပါ။ ကျွန်တော့်သားတပည့် အောင်အောင်ကို လှေဆိပ်မှာ ကျွန်တော်ကိုယ်တိုင် သွားကြိုမယ်။

**(မီးပိတ်)**

## ပြကွက် (၁၇)

**နေရာ** လှေဆိပ်။
**အချိန်** နံနက်။
**အခမ်းအနား** ရေလှိုင်းနောက်ခံကားရှေ့တွင် လှေသုံးစီးသည် ရေဒူးပိတ် အတွင်းဘက် ဇာတ်ခုံ၏ လက်ျာဘက်၌ အသင့်ထားရှိရမည်။ သရက်ပင်အောက်တွင် အကြော်ဖိုတွင် ဝါးကွပ်ပျစ်တစ်ခုထားရမည်။
**မီး** နံနက်ခင်း အလင်းရောင်။
**အသံ** လှိုင်းရိုက်သံများ၊ လေမုန်တိုင်းတိုက်ခတ်သံများ သင့်သလို ဖွင့်ပေးရန်၊ စကားပြောများ ပီသရန်။
**ပါဝင်သူများ** (၁) ဦးမြသန်း
(၂) အောင်အောင်
(၃) ရွှေရိုး
**ဇာတ်ညွှန်း** လှေဆိပ်တွင် ဦးမြသန်းကို မြင်လိုက်သည်နှင့် အောင်အောင် ဝမ်းသာသွားရမည်။ လှေဖြင့် ထွက်လာကြရာတွင် မုန်တိုင်းတိုက်ပြီးမိုးများရွာသဖြင့် အောင်အောင် ရေထဲလိမ့်ကျသွားရမည်၊ ဦးမြသန်းက အောင်အောင့်ကို လိုက်ဆယ်ပြီး လှေပေါ် ပြန်တင်ရမည်။ ဦးမြသန်း ရေစီးထဲ မျှောပါသွားစေ။

**(မီးဖွင့်)**

**ဦးမြသန်း** ရွှေရိုးလာကွာ၊ အကြော်စားရင်း စောင့်ကြတာပေ့ါ။
**ရွှေရိုး** (ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ရင်း) ဆရာကြီးကို တစ်ရွာလုံးက ကျေးဇူးတင်မဆုံးပါပဲဗျာ၊ ဇော်နိုင်တို့နှစ်ယောက်လည်း ဘဝပြောင်းသွားပြီဗျ။
**ဦးမြသန်း** ဘယ်လို ဘဝပြောင်းတာလဲ၊ ငါ့လည်း နားလည်အောင် ပြောစမ်းပါဦးကွာ။
**ရွှေရိုး** မိုးလင်းက မိုးချုပ် လယ်ထဲမှာ ချည်းပဲ၊ အစက လက်ကြောမတင်းတဲ့ ကောင်တွေ ဆရာကြီးရဲ့ အခုတော့ မယုံနိုင်လောက်အောင် တအားကြိုးစားနေလိုက်ကြတာ အပြောင်းလဲကြီး ပြောင်းလဲသွားတာပဲ။
**ဦးမြသန်း** ဒီလိုပေ့ါ မောင်ရွှေရိုးရယ်၊ အသိတရား၊ အလိမ္မာတရား၊ နားလည်မှုတရားတွေကို

မြင်လာပြီဆိုရင် တိုးတက်မှုဘက်ကို ပြောင်းလဲသွားကြတာပဲ။

**ရွှေရိုး** ဆရာကြီးလို ဆရာမျိုးကတော့ ရှားပါတယ်ဗျာ၊ ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ အရင်တုန်းက ဆရာတွေနဲ့ကို မတူဘူး။

**ဦးမြသန်း** အေး မင်းပြောတာလဲ မှန်ပါတယ်ကွာ၊ ဆရာဆိုတာ နှစ်မျိုးရှိတယ်လေ၊ တစ်မျိုးက သင်ရိုးညွှန်းတန်းကို တတ်အောင် သင်ကြားသူဖြစ်တယ်။ နောက်တစ်မျိုးကတော့ တပည့်တွေကို စေတနာ မေတ္တာပါ ပေါင်းပြီး မိဘသဖွယ် စိတ်ထားပြီး သင်တဲ့သူကွ၊ အဲဒီဒုတိယဆရာရဲ့ တပည့်တွေက ဆရာမျှော်မှန်းသည်ထက် အဆတစ်ရာမက ကြီးပွားတိုးတက်ကြတယ်၊ မကြာခင် မင်းတို့ရေကျော်ရွာမှာ မြင်ရတော့မှာပါကွာ။

**(ထော်လာဂျီသံ ပေါ်ထွက်လာစေ)**

**ရွှေရိုး** ဟော ဆရာကြီး၊ အောင်အောင်တော့ လာပြီထင်တယ်၊ ဒိန်းဒေါင်းအသံ ကြားတယ်။

**ဦးမြသန်း** အေး ဟုတ်တယ်ကွ၊ သွားကြည့်စမ်း ပေါက်ကျိုင်း။



(ပေါက်ကျိုင်းသည် တိုင်ဖုံးကြားထဲ ဝင်သွားပြီး၊ အောင်အောင်နှင့် ပြန်ထွက်လာစေ)

**အောင်အောင်** ဆရာကြီး နေကောင်းတယ်နော်။ (ထိုင်ကန်တော့၍ နှုတ်ဆက်)

**ဦးမြသန်း** ငါ့တပည့်ရဲ့ ပို့သတဲ့မေတ္တာကြောင့် ကျန်းမာပါတယ်ကွာ။ ငါ့တပည့်ကြီးလည်း နိုင်ငံတော်က မျှော်မှန်းတဲ့ သားကောင်းရတနာ တစ်ယောက် ဖြစ်လာပြီပေါ့ကွာ။

**ရွှေရိုး** သူငယ်ချင်း မင်းကို ဆရာကြီးကိုယ်တိုင် လာကြိုတာနော်၊ သူ့တပည့်ကို သူကိုယ်တိုင် ကြိုရမှ ကျေနပ်မယ်ဆိုပြီး ရွာထဲမှာ ပြောနေတာကွ၊ တခြားလူတွေတောင် မလိုက်ခဲ့ရဘူး။

**အောင်အောင်** ငါကလည်း ဆရာကြီးကို သိပ်ချစ်ပါတယ်ကွာ၊ နေ့စဉ်နဲ့အမျှ ဆရာကြီးကိုလည်း ကန်တော့၊ အမေ့ကိုလည်း ကန်တော့ပြီးမှ အိပ်ယာဝင်တာ၊ ဒါနဲ့ အမေနေကောင်းတယ် မဟုတ်လား။

**ရွှေရိုး** မင်းအမေရော မင်းသတိရတဲ့ လင်းလင်းရော နေကောင်းပါသတဲ့ဗျာ။

**ဦးမြသန်း** မောင်ရွှေရိုးရေ မင်းတို့သူငယ်ချင်းက မောင်အောင်အောင် မဟုတ်တော့ဘူး၊ ဆရာ

ဦးအောင်အောင် ဖြစ်သွားပြီကွ၊ ဆရာဖြစ်ပြီဆိုတော့ မာဃဒေဝမှာ ရေးဖွဲ့ထားတဲ့ မန်လည်ဆရာတော်ကြီးရဲ့ လင်္ကာလေးကို စွဲမှတ်စေချင်တယ်။ "ရှိသေချစ်ထိုက် ချီးမွမ်းထိုက်နှင့် လွဲရိုက်ဆုံးမ၊ မေးသမျှခံ၊ ဓမ္မံနက်နဲ ဟောနိုင်မြဲ၍၊ ကျိုးနည်းမတွန်း၊ ခွန်နစ်ခန်းနှင့် ပြည့်လျှပ်ညီညာ၊ မြတ်ဆရာ"လို့ ဖွဲ့ဆိုခဲ့တယ်ကွ။ အဲဒီအချက် (၇) ချက် ညီညွတ်မှ မြန်မာမှုနယ်ပယ်မှာ ဆရာဖြစ်တယ်၊ အဲဒါကို မင်းမမေ့နဲ့။

**အောင်အောင်** ဟုတ်ကဲ့ပါ ဆရာကြီး။

**ရွှေရိုး** ဆရာကြီး ကျွန်တော်တို့ သွားကြမှ ထင်တယ်။ ဟိုးဘက်မှာ မိုးနည်းနည်း ညိုနေတယ်၊ တော်ကြာ မိုးမိမှာစိုးလို့။

**ဦးမြသန်း** အေး ဒီလိုဆိုလည်း သွားကြမယ်ကွာ၊ ကျောင်းကျမှ အေးအေးဆေးဆေး ပြောကြတာပေ့ါ။

(လှေပေါ်တက်ပြီး လှော်သွားကြရမည်၊ မိုးအနည်းငယ်ရွာလာပြီ၊ လေတိုက်လာသည့်အတွက် လှေလှော်၍ မရဘဲရှိရမည်၊ လှေသည် လှိုင်းမိပြီး အောင်အောင် ရေထဲကျသွားရမည်။



ဦးမြသန်းက လိုက်ဆယ်သည့်အတွက် အောင်အောင့်ကို ကယ်နိုင်သော်လည်း ဦးမြသန်းမှာ ရေလုံးများနောက်သို့ ပါသွားစေ။)

**အောင်အောင်** ဆရာကြီး၊ ဆရာကြီး။

**ရွှေရိုး** ဗျို့ဆရာကြီး၊ ဆရာကြီးရေ . . .

(အသံများ တဖြည်းဖြည်း တိုးသွားစဉ်)

**(မီးပိတ်)**

## ပြကွက် (၁၈)

**နေရာ** ကျောင်းအုပ်ဆရာကြီး နေအိမ်။

**အချိန်** နံနက်။

**အခမ်းအနား** အိမ်ရှေ့ဝရံတာပါသော ဆေးအဖြူ သုတ်ထားသည့် အိမ်တစ်လုံး ထရော်လီပေါ် ထားရှိရမည်၊ အိမ်ရှေ့တွင် ခြံစည်းရိုး ထားရှိပြီး၊ ပန်းအိုးလေးလုံး ချထားရမည်။ အိမ်နှင့် ခြံစည်းရိုး အကြားတွင် ကွပ်ပျစ်တစ်လုံး ထားရမည်။ အိမ်ရှေ့တွင် ဦးမြသန်း၏ ဓာတ်ပုံကြီးတစ်ခု ဆွဲချိတ်ထားပြီး၊ ဓာတ်ပုံရှေ့တွင် လွမ်းသူ့ပန်းခွေနှင့် ဖယောင်းတိုင်များ မီးထွန်းထားရှိရမည်။

**မီး** ခပ်မှိန်မှိန် (အပြာခံပေးရန်)။

**အသံ** စကားပြောများ ပီသရန်။

**ပါဝင်သူများ** (၁) ဦးစိုးမြ
(၂) ဒေါ်ငြိမ်း
(၃) အောင်အောင်
(၄) လင်းလင်း





(၅) ဒုဗိုလ် သန်းမြင့်
(၆) ဒုဗိုလ် မောင်မောင်လတ်
(၇) ဇော်နိုင်
(၈) ထွန်းဇော်
(၉) ရွှေရိုး
(၁၀) ပေါက်ကျိုင်း
(၁၁) ရဲအုပ် သိန်းဟန်
(၁၂) ဒေါက်တာ ရွှေရည်ဝင်း

**ဇာတ်ညွှန်း** ကွယ်လွန်သူ ဆရာကြီး ဦးမြသန်း၏အိမ်ရှေ့တွင် အောက်မေ့ဖွယ်ရာအဖြစ် ကြေကွဲစရာ စကားများ ပြောကြစေ။

### (မီးဖွင့်)

(ဦးမြသန်း၏ ဓာတ်ပုံရှေ့တွင် အားလုံးကြေကွဲစွာ ရပ်နေကြရမည်။)

**ဦးစိုးမြင့်** အနှိုင်းမရှိတဲ့ ဆရာကြီးတစ်ယောက် သဘာဝဘေးဒဏ် ကြမ္မာဆိုးသင့်ပြီး၊ ရင်နင့်ခဲ့ရပါပြီလား ဆရာကြီးရယ်။

**ဒုဗိုလ်သန်းမြင့်** ဆရာကြီးသားတို့ဗိုလ်သင်တန်းဆင်းပါလာပြီး၊ စစ်ဗိုလ်တွေ ဖြစ်လာတာတောင် မမြင်တွေ့လိုက်ရပါလား ဆရာကြီး၊ သားတို့ကို

ဩဝါဒစကားလေးတွေ ခွန်းသီဆင့်ပြီး ချီးမြှင့်ပါဦး ဆရာကြီးရယ်။

**ဇော်နိုင်** စဉ်းစားဉာဏ်ကင်းမဲ့ပြီး လောဘနောက်ကို လိုက်မိလို့ လမ်းမှားလျှောက်မိတဲ့ သားတို့ဘဝကို လမ်းမှန်ရောက်အောင် တည့်မတ်ပေးတဲ့ ဆရာကြီးကို ကျွန်တော်တို့ ဘယ်လိုအစားထိုးရမှာလဲ ဆရာကြီး၊ ကျွန်တော်တို့ရဲ့ အောင်မြင်မှုတွေကို တမလွန်ကသာ ကြည့်ပြီး ပီတိနှလုံးနဲ့ ကျွန်တော်တို့ ကျေနပ်အောင် ပြုံးပြလိုက်စမ်းပါ ဆရာကြီးရယ်။

**လင်းလင်း** လေးလေး ဆရာကြီး၊ အနှစ်နှစ်အလလ ထမင်းပို့ခဲ့ရတဲ့ သမီးရဲ့ပျော်ရွှင်မှုဘဝဟာ တဒင်္ဂအတွင်းမှာ ပျောက်ကွယ်ခဲ့ရပါလား ဆရာကြီး၊ သမီး ဘယ်လိုဖြေရတော့မှာလည်း ဆရာကြီးရယ်၊ ထမင်းချိုင့်ကို ဖွင့်ကြည့်ပြီး ဒီနေ့လည်း စားကောင်းဦးမှာပဲ ပြောတဲ့ ဆရာကြီးရဲ့စကားသံကို သမီးကြားချင်သေးတယ် ဆရာကြီး၊ သမီးကို စကားလာပြောပါဦး၊ သမီးတို့ တစ်ရွာလုံး ယူကြုံးမရဖြစ်ပြီး၊ အပူလုံး ကြွနေတာကို ဆရာကြီးသိတော့မှာ မဟုတ်ပါဘူး၊ သမီးတို့ မိသားစု



ရွာဦးကျောင်းမှာ နေ့စဉ်အာရုံဆွမ်း ကပ်လှူပြီး ဆရာကြီးကို အမျှပေးဝေပါမယ် ဆရာကြီး၊ ရောက်ရာဘဝကနေပြီး သာခုခေါ်ပါတော့။ အမျှ. . အမျှ. . အမျှ။

**အောင်အောင်** ကျွန်တော့်ကြောင့် ဆရာကြီး သေရတာ။ ဆရာကြီးပေးတဲ့ အသက်ပဲ ကျွန်တော့်မှာ ရှိပါတော့တယ် ဆရာကြီးရယ်၊ ကျွန်တော့်ကို သားလို့ခေါ်လိုက်စမ်းပါ ဆရာကြီး၊ ကျွန်တော် ကျေနပ်ပါတယ် ဆရာကြီး၊ ကျွန်တော်ဟာ ဖခင်ငတ်နေသူပါ။ ကျွန်တော် အပေါ် ဖတဆိုးလေးဆိုပြီး ဖခင်မေတ္တာပေးခဲ့တာကို အသိနောက်ကျလို့ နောင်တရလို့မဆုံးတော့ပါဘူး ဆရာကြီး၊ ကျွန်တော့် ပြောမှားဆိုမှားရှိခဲ့တာတွေကို ခွင့်လွှတ်ပေးပါ ဆရာကြီး၊ ကျွန်တော် အကြိမ်ကြိမ် ကန်တော့လိုက်ပါတယ် ဆရာကြီးရယ်။ သားကန်တော့ပါတယ်နော် ဆရာကြီး။

**ဒေါ်ငြိမ်း** ဟုတ်ပါတယ် ဆရာကြီး၊ သားရဲ့ အပြစ်တွေကို ခွင့်လွှတ်ပေးပါနော်၊ ဆရာကြီးဟာ ကျွန်မတို့ သားအမိအပေါ် စေတနာမေတ္တာ အပြည့်ရှိတယ်ဆိုတာကို ဥက္ကဋ္ဌကြီးပြောလို့

ကျွန်မသိရပါပြီ၊ ကျွန်မသားလေးကိုလည်း ဆရာကြီးရဲ့ သားရင်းပမာ သဘောထားပြီး တမလွန်ဘဝကနေ သားလို့ခေါ်လိုက်စမ်းပါ ဆရာကြီးရယ်၊ ကျွန်မ ကျေနပ်ပါတယ်၊ ကျွန်မရင်ထဲမှာလည်း ဆရာကြီးကို ပြောပြစရာတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ဆရာကြီး ကြားရတော့မှာ မဟုတ်ပါဘူးလေ၊ ကျွန်မတို့ အလွမ်းပြေရအောင် ကျွန်မတို့ ရွာမှာပဲ ဆရာကြီးတစ်ယောက် လူပြန်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်. . .။

**ဥက္ကဋ္ဌကြီး** ကဲ မငြိမ်းတို့ ဒီလိုပဲ ပူဆွေးသောက ရောက်နေရုံနဲ့ မပြီးသေးဘူးလေ၊ တကယ်တော့ ဆရာကြီးဟာ တို့ရွာသူရွာသားတွေအပေါ်မှာ မေတ္တာလည်း ထားရှာတယ်၊ စေတနာလည်း ထားရှိတယ်၊ ဂရုဏာလည်း ပိုတယ်၊ မုဒိတာလည်း မကင်းပဲ ဥပေက္ခာတရားကိုလည်း လက်ကိုင်ထားပြီး ရင်ဝယ်သားလို သဘောထားတဲ့အတွက် တို့ရွာအတွက်ကတော့ ဆရာကြီးဟာ ဆရာဗြဟ္မာ၊ လူဗြဟ္မာကြီးပါပဲကွယ်၊ ဒီတော့ ဆရာကြီး ရည်မှန်းထားတဲ့ စာကြည့်တိုက်ကို ဖြစ်အောင် ဖွင့်မယ်။



**လင်းလင်း** ဟုတ်ပါတယ် ဖေဖေ၊ ဆရာကြီးက သမီးကို ခဏခဏ ပြောဖူးတယ်၊ စာကြည့်တိုက်ဆိုတာ ပညာရာစုဖြစ်တဲ့ အခုလို အချိန်မှာ ဘဝအလင်းရောင်ပဲတဲ့၊ ရွာမှ စာကြည့်တိုက် တစ်တိုက်ကို ထူထောင်ကြရမယ်၊ ဒီစာကြည့်တိုက်ကို ရွာသူ၊ ရွာသားတိုင်း အသုံးပြုနိုင်ရမယ်၊ အသုံးပြုနိုင်အောင် စာမတတ်သေးတဲ့ ရွာသူ၊ ရွာသားတွေကို စာတတ်ပြီးတဲ့ သူတွေက သင်ပေးပြီး၊ စာပေဒါနပွဲကြီးလည်း ပြုလုပ်ကြရမယ်တဲ့၊ နောက်ပြီး သမီးကိုလည်း အဲဒီစာကြည့်တိုက်မှာ စာကြည့်တိုက်မှူး လုပ်ရမယ်ဆိုပြီး သင်ပေးသွားသေးတယ်။

**အောင်အောင်** လင်းလင်းပြောတာ မှန်ပါတယ်၊ ရွာမှာ စာကြည့်တိုက် တစ်တိုက် ဖြစ်ပေါ်လာဖို့ဆိုတာဟာ ဆရာကြီးရဲ့ ရည်မှန်းချက်ပဲ မဟုတ်လား၊ အခုလို စာကြည့်တိုက်ကြီး မားမားမတ်မတ် ပေါ်ပေါက်လာချိန်မှာ ဆရာကြီး မရှိတော့တာက ဖြေမဆည်နိုင်စရာပါဘဲ လင်းလင်းရယ်။

**လင်းလင်း** ဆရာကြီး မရှိတော့တဲ့အတွက် ကြေကွဲဝမ်းနည်းကြရတာကတော့ တစ်ရွာလုံးပါပဲဟာ။

**မြင့်မြင့်မာ** ဟုတ်တယ် သူငယ်ချင်းတို့ရယ်၊ ဆရာကြီး မရှိတာ မှန်တယ်၊ တို့တတွေက ဆရာကြီး ဖြစ်စေချင်တာတွေ ဆရာကြီးရဲ့ ဆန္ဒတွေကို အကောင်အထည် ဖော်ကြရမှာပေါ့၊ ဆရာကြီးက ငါတို့လူငယ်တွေကို နိုင်ငံ့သားကောင်းရတနာတွေ ဖြစ်စေချင်တယ် မဟုတ်လား၊ ငါဆိုရင် ဆရာကြီးစကားကို နားထောင်ပြီး ကြိုးစားလာလိုက်တာ ခုဆရာဝန်ဖြစ်လာပြီ၊ ငါတတ်တဲ့ ပညာနဲ့ လူသားတွေရဲ့ အသက်ကို ကယ်တင်မယ်။ ဒါကြောင့် တို့လူငယ်တွေဟာ ဆရာကြီးဖြစ်စေချင်တာတွေကို ဖြစ်အောင် ကြိုးပမ်းနေသမျှ ဆရာကြီး ဘယ်တော့မှ မသေဘူးပေါ့။

**လင်းလင်း** အေး၊ နင်ပြောတာ ဟုတ်တယ် မြင့်မြင့်မာ၊ ဆရာကြီး ဘယ်တော့မှ မသေဘူး (ငိုသံပါ) နှင့် ဆရာကြီး ဘယ်တော့မှ မသေဘူး။

**အောင်အောင်** ဟုတ်တယ်၊ ဆရာကြီးရဲ့ အတွေးတွေ ဆန္ဒတွေ တို့ရွာမှာ အမြဲရှင်သန်နေရအောင် ငါတို့ လူငယ်တွေက တက်ညီလက်ညီ အကောင်အထည် ဖော်ကြပါစို့။

(သီချင်းဝင်စေ)



**(မီးဖွင့်)**

**(သီချင်း)**

တို့ရွာ၊ တို့မြေ. . . တို့မြေရွာမှာ အသိတရားတွင် ရှင်သန်ရမယ်။
တို့ပြည်၊ တို့ရွာ. . . တို့ပြည်ရွာမှာ အရှိတရားတွေ ရှင်သန်ရမယ်။
တို့တတွေ ကြိုးစား. . . နိုးကြား ဆောင်ရွက်ကြတယ်။
လာကြပေ့. . . တို့အများ ကြိုးစားကြမယ်။
အရှေ့အရပ်က ရောင်ခြည်လာပြီကွယ်။
တို့နိုင်ငံ သားကောင်းတွေရယ်
စုပေါင်းအားနဲ့ . . .လုပ်ဆောင် အကောင်အထည်ဖော်ပါမယ်။
ကြိုးစားကြ. . . နိုးကြားကြ
ကြိုးစားကြ. . . နိုးကြားကြ
ကြိုးစားကြ. . . နိုးကြားကြ
ကြိုးစားကြ. . . နိုးကြားကြ
တို့တတွေ ဆောင်ရွက်အကောင်အထည်ဖော်မယ်။

**(မီးပိတ်)**

**(မီးဖွင့်)**

(စာကြည့်တိုက် ဖွင့်ပွဲအတွက် ပြင်ဆင်ထားကြစေ)

**အောင်အောင်** ယခုအချိန်ကစပြီး ရေကျော်ရွာရဲ့ “သားကောင်းရတနာ” စာကြည့်တိုက်ကို ဖွင့်လှစ်လိုက်ပါပြီ ခင်ဗျား။ (လက်ခုတ်သံများ) ဆက်လက်ပြီး ပန်းမျိုးတစ်ရာ စာပေတိုက်မှ စာအုပ်များ လှူဒါန်းမှာဖြစ်တဲ့အတွက် စာကြည့်တိုက်မှူး ဒေါ်လင်းလင်းကို လက်ခံပေးဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျား။

(လက်ခုတ်သံများ)

**လင်းလင်း** ဟုတ်ကဲ့ရှင့်၊ ဆရာကြီးကိုယ်တိုင်က သားကောင်းရတနာ တစ်ယောက်ဖြစ်သလို ကျွန်မတို့တတွေကလည်း ဆရာကြီးတပည့်များပီပီ သားကောင်းရတနာတွေအဖြစ် နိုင်ငံတော်ရဲ့ တာဝန်များကို ဆက်လက်ထမ်းဆောင်ကြဖို့ ကတိပြုလိုက်ကြပါစို့။

**(ဇာတ်သိမ်းသီချင်း)**

အနုပညာ၊ အနုပညာ၊ ရသံစုံစွာ၊ ပြဇာတ်ဂုဏ်ပနာ ××××
မြှင့်တင်ကာ၊ ယှဉ်ပြိုင်နွှဲ၊ ဘဝင်အသဲ စွဲစေမှာ
(အပြုံးပန်းတွေ ဝေဝေဖြာ ပီတိထောပနာ)



ရန်ကုန်တိုင်းရဲ့ မေတ္တာ ပြည်သူများရဲ့ ချစ်သဒ္ဒါ၊
အောင်ပန်းတွေ ဆွတ်ခူးလို့ အောင်လံလွှင့်ကာ၊
ဂုဏ်ဆောင်လျက်ပါ
မြန်မာ့အလှ နေပြည်တော်မှ သင်းရနံ့ဝေဖြာ
(ရန်ကုန်တိုင်းရဲ့ သားကောင်းရတနာ)

**(တဖြည်းဖြည်း ပြည်ဖုံးကားပိတ်)**

❖ ❖ ❖ ❖ ❖

# 'သားလိမ္မာ" ပြဇာတ်

## (ပါဝင်သူများ)

၁။ သက်ထူး (ဒေါ်သန်းရီ၏ သားငယ်)
၂။ ဒေါ်သန်းရီ (သက်ထူး၊ ထူးအောင်၏မိခင်၊ မုဆိုးမ)
၃။ လေခါ (ဦးစတီး၏ သမီး၊ ဆလုံအမျိုးသမီး)
၄။ ဦးစတီး (တလွန်း ရွာသူကြီး- ဆလုံတိုင်းရင်းသား)
၅။ ဦးချစ်လှိုင်(ကျောင်းဆရာ)
၆။ ထူးအောင် (ဒေါ်သန်းရီ၏ သားကြီး၊ ဆရာဝန်)
၇။ နှင်းရည်ဝင်း (ထူးအောင်၏ ဇနီး)
၈။ ဗိုလ်မှူး သက်တင်အောင် (ရေတပ်အရာရှိ)
၉။ ဌေးကို (ကျောင်းထုတ်ခံရသည့် ကျောင်းသား)
၁၀။ မြဟန် (ကျောင်းထုတ်ခံရသည့် ကျောင်းသား)
၁၁။ ဆရာတော် ဦးနန္ဒိယ (တလွန်းရွာကျောင်း ဆရာတော်)
၁၂။ ကျော်ဗလ (ဒေါက်တာထူးအောင်၏ တပည့်)
၁၃။ ဒေါ်အေးတင် (ဒေါ်သန်းရီ၏ သူငယ်ချင်း)
၁၄။ ဦးမြလှိုင် (လက်ဖက်ရည်ဆိုင်ရှင်)
၁၅။ ဇော်မင်း (စားပွဲထိုး)





၁၆။ ဝိနာပွန် (ထိုင်းအဆိုတော်)
၁၇။ ဆွန်ပေါ (ထိုင်းကုန်သည်)
၁၈။ ရွှေအိုး (ရေတပ်သား)
၁၉။ ပန်းအောင်း (ဆလုံတိုင်းရင်းသား)
၂၀။ အငင်း (ဆလုံတိုင်းရင်းသား)

## အခန်း (၁)

**နေရာ** ဆလုံရွာ၊ နတ်တိုင်။

**အချိန်** နံနက်အာရုံတက်။

**အခမ်းအနား** နောက်ခံ ရေပန်းချီကား ရှေ့အလယ်တည့်တည့်တွင် မျက်နှာအပိုင်းသာ ပါသော လူဦးခေါင်းပုံ (၇) ပေခန့် တိုင်လုံးကို စိုက်ထူထားရမည်။ ယင်းနတ်တိုင်အား အနီရောင် သုတ်ထားရမည်။ နတ်တိုင်အောက်ခြေတွင် ဖယောင်းတိုင်မီးများ ထွန်းညှိထားရမည်။

**မီး** အလင်းရောင် ခပ်ဖျော့ဖျော့ ပေးရမည်၊ မီးခိုးစက် မှုတ်ပေးရမည်။ ပူဇော်သူများနှင့် အံကျအောင် မီးတောက်များ တက်ပေးရမည်။

**အသံ** သံကျော်ဖြင့် လူအုပ်စုအော်သံများ ပေးထားရမည်၊ လှိုင်းတံပိုးသံများ ပေးရမည်။

**ပါဝင်သူများ** (၁) ဦးစတီး

(၂) လေခါ

(၃) ပန်းအောင်





(၄) အငင်း

(၅) ရွာသူရွာသားများ

**ဇာတ်ညွှန်း** ကခွင် မီးဖွင့်လိုက်သည်နှင့် နတ်တိုင်တစ်ခုတည်း ပြရမည်၊ နတ်တိုင်အား sport Light ပေးထားရမည်၊ နတ်တိုင်အောက်ခြေတွင် ဖယောင်းတိုင်မီးများ ထွန်းညှိပေးထားရမည်။ တစ်ဦးချင်းထွက်လာ၍ စားသောက်ဖွယ်ရာများ၊ သစ်သီးများ အမွှေးတိုင်များ ပန်းများ ယူဆောင်လာ၍ နတ်တိုင် အောက်ခြေတွင် ထားရမည်။ နတ်တိုင်အား ကန်တော့ပြီးသူများသည် မီးတောက်ဖြင့် မီးပူဇော်ပြီး နတ်တိုင်အနီးတွင် ရပ်နေကြရမည်။ အားလုံး ပူဇော်ပြီးသည့်နှင့် လိုရာဆုတောင်း၍ အောင်မြင်သော အထိမ်းအမှတ်အဖြစ် ကခုန်ကြစေ။

**(ပြည်ဖုံးကားဖွင့်)**

နောက်ခံတီးလုံးအတိုင်း၊ သရုပ်ဆောင်ကြစေ။

**(မီးပိတ်)**

## အခန်း (၂)

**နေရာ** လမ်းဘေးဓာတ်တိုင်။

**အချိန်** ည။

**အခမ်းအနား** လမ်းမီးဓာတ်တိုင်တစ်တိုင် စိုက်ထူထားရမည်။

**မီး** ညအလင်းရောင်၊ ဓာတ်တိုင် မီးလင်းရမည်။

**အသံ** ခွေးဟောင်သံ၊ ခွေးအူသံများ သင့်သလို ပေးရမည်၊ စကားပြောများ ပီသရမည်။

**ပါဝင်သူများ** (၁) သက်ထူး
(၂) မြဟန်
(၃) ဌေးကို

**ဇာတ်ညွှန်း** သက်ထူးသည် ဓာတ်တိုင်မှီ၍ ခံစားချက်တေးတစ်ပုဒ်ကို ကိုယ်ပိုင်သံစဉ်ဖြင့် သီဆိုနေရမည်၊ မြဟန်နှင့် ဌေးကို ရောက်လာပြီး သက်ထူးအား ခေါ်ဆောင်သွားကြစေ။

**(မီးဖွင့်)**

(သက်ထူးသည် ဓာတ်တိုင် မှီ၍ ဂီတာတီးနေရမည်။)

**သက်ထူး** ×××× လောကကြီးဟာ မတရား ငါ့အပေါ် ဘယ်သူမှမသနား၊ ××× ကံတရားက မျက်နှာ





လိုက်လေသလား၊ ညီအစ်ကို နှစ်ယောက်ကြား၊ ငါ့အပေါ်သာ အပြစ်တွေများ ××× အမေဆူတာ နားပူတယ် တအား၊ နေအိမ်ကိုစွန့်ကာထား၊ ခြေဦးတည့်ရာ လျှောက်လို့သွား ×××

(မြဟန်နှင့် ဌေးကို သက်ထူးရှေ့ရောက်လာကြစေ)

**မြဟန်** ဟေ့ကောင် သက်ထူး၊ ဆယ်တန်း ထပ်ကျတာနဲ့ ဒီလောက်တောင် ဖြစ်နေရသလား၊ ငါတို့နှစ်ယောက်ကို ကြည့်စမ်း၊ ကျောင်းက ထုတ်လိုက်တာတောင်မှ အေးအေးဆေးဆေးပဲ၊ ဘာမှ မခံစားရဘူး၊ ပျော်ပျော်နေစမ်းပါ သူငယ်ချင်းရာ၊

**သက်ထူး** မင်းတို့အမေက မဆူဘဲကိုကွာ။

**မြဟန်** မဆူဘဲ နေပါ့မလဲကွာ၊ မင်းက အဖေမရှိတော့လို့ အမေက တစ်ယောက်တည်းက ဆူတာ၊ ငါဆိုရင် အဖေရော၊ အမေရော ဆူရုံတင် မကဘူး၊ အစ်ကိုကြီးကပါ လက်သီးနဲ့ ထိုးလို့ မေးစေ့ကွဲခဲ့ရသေးတယ်၊ ဘယ်လောက်ဆူဆူ သူတို့ပြောတာတွေကို ဒီဘက်နားက နားထောင်ပြီး ဟောဒီဘက်က ပြန်ထုတ်ပစ်လိုက်တယ်၊ စိတ်ထဲမှာကို မထား

ဘူး၊ မင်းသေသေချာချာ မှတ်ထား၊ မိဘဆိုတာ သားသမီးကို ဆူဖို့ လူဖြစ်လာတာကွ၊ ရှေးလူကြီးတွေ ပြောခဲ့တဲ့ "ပျော်ပျော်နေ သေခဲ" ဆိုတဲ့စကားကို လိုက်နာမှပေါ့ကွ၊ ဒါမှလူလိမ္မာဖြစ်မှာ၊ ခံစားတတ်သူတိုင်း အတွက်ကတော့ ဝမ်းနည်းကြေကွဲမှုဆိုတာ ဓမ္မတာပါပဲ သူငယ်ချင်းရာ။

**ဧွေးကို** ဒီမှာ သက်ထူး၊ ငါ့ကို ကြည့်စမ်း၊ နေ့ရှိသ၍ အိမ်က ငါ့ကို နှင်ချနေတာကွ၊ ငါကတော့ ပန်းပန်းလျက်ပါပဲလေ၊ အဓိကကတော့ ငါတို့ဘဝမှာ ဟောဒီလို စီးကရက်မျိုး သောက်နေရရင်ပြီးတာပဲ၊ အဲဒါမှ တကယ့်ဟက်ပီးဝါး၊ ပျော်စရာကမ္ဘာကွ၊ ဒီစီးကရက်က ဘာလဲ ဆိုတာ မင်းသောက်ကြည့်စမ်း၊ ဒါမှ မင်းသိလိမ့်မယ်၊ (စီးကရက်ကို လှမ်းပေးစေ) နောက်မှ အသိနောက်ကျတယ် မပြောနဲ့။

**သက်ထူး** ဟင့်အင်း၊ ငါဆေးလိပ်မသောက်ဘူး၊ မင်းတို့လည်း သိသားပဲ။

**ဧွေးကို** သိတယ်လေ၊ ဒါက ဆေးလိပ်မဟုတ်ဘူး၊ လောကစည်းစိမ်း နတ်သုဒ္ဒါကွ၊ တောတောင်အထပ်ထပ် ရှုမြောင်ချောက်ကမ်းပါး တွေကို ဖြတ်ပြီးမှ အတားအဆီးတွေကြားက ခဲရာခဲဆစ် ရလာခဲ့တဲ့ ပစ္စည်းကွ၊ မင်းမသောက်ချင်လည်း နေပါကွာ၊ အခု ငါတို့ နှစ်ယောက်က တင်လှတို့ အသိုက်မှာ သွားဥမလို့၊ ဟိုမှာ ယမကာလည်း ကောင်းကောင်းရှိတယ်၊ ဒါတွင်မကဘူး ပစ္စည်းအစုံအလင်လည်း မင်းတွေ့လိမ့်မယ်၊ စိတ်ညစ်တယ် ဆိုပြီး မျက်လုံးမဖွင့်ပဲနဲ့ ဒီကရိမျက်မှန်တပ်ထားလို့က ဘာမှမထူးဘူး၊ လိုက်ခဲ့စမ်းပါကွာ။

**သက်ထူး** ငါ အရက်လည်း မသောက်တတ်ဘူးကွာ၊ ငါ့ခံစားချက်တွေကို ငါ့ဟာငါ ဖွင့်ထုတ်နေတာပဲ ကောင်းပါတယ်၊ မင်းတို့ပဲ သွားကြပါကွာ၊ ငါ့ကို လက်ကမ်းနေတဲ့ မင်းတို့ရဲ့ စိတ်တွေကို သော့ခတ်ထားလိုက်စမ်းပါကွာ။

**မြဟန်** မဟုတ်တာပဲ သူငယ်ချင်းရယ်၊ မင်းကို ဘောဒါစိတ်နဲ့ ငါတို့က ခေါ်နေတာကွ၊ ဓာတ်တိုင်အောက်မှာ အချိန်မတော်ကြီး တစ်ယောက်တည်းနေတာ လူဘယ်လောက် အထင်သေးသလဲ၊ ငါတို့က လူအထင်သေး တဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး၊ ဒါကြောင့် စိတ်ကူးမလွဲနဲ့ လိုက်ခဲ့ပါကွာ။

**သက်ထူး** ငါက အိမ်ပေါ်က ဆင်းလာာကွ၊ ဒီနေရာမှာ ရင်ဖွင့်ပြီးရင် ခြေဦးတည့်ရာ သွားမှာ၊ ဒါကြောင့် ငါ့ကို မနှောင့်ယှက်ကြပါနဲ့ကွာ၊ ငါ့ဟာငါ အေးအေးဆေးဆေး ရွက်တစ်ဆင့် တက်တစ်စင်းနဲ့ လှေလှော်ရင်း ထွက်ပါရစေ။

**မြဟန်** ရပါတယ်လေ၊ ခြေဦးတည့်ရာ သွားမှာဆိုတော့၊ မင်းမှာ ငွေဘယ်လောက်ပါသလဲ၊ ကြမ္မာနှောက်လို့ မုန်တိုင်းဖောက်လာရင် မင်းဘယ်လို ရင်ဆိုင်မလဲ။ ရေစုံမျောတဲ့ ဘဝကို ရောက်သွားမှာပေါ့၊ မင်း ခံနိုင်ပါ့မလား။ မုန်တိုင်းကို အံတုလို့ မရဘူးကွ။

**သက်ထူး** (ခေါင်းခါပြ) ငွေမလိုပါဘူးကွာ၊ ဆည်းဆာအို အမှောင်ရောက်လို့သာ အလင်းရောင် ပျောက်တာပါ။

**ဌေးကို** ကောင်းရောကွာ၊ လောကမှာ ငွေမရှိပဲနဲ့ ဘယ်ကို သွားမှာလဲ၊ နေဖို့ အိပ်ဖို့ စားဖို့ရော မင်းမတွေးတော့ဘူးလား၊ ဒါကြောင့် မင်း ဆယ်တန်းကို ထပ်တလဲလဲကျတာ၊ ငါတို့ နှစ်ယောက်က ကျောင်းထုတ်ခံထားရတဲ့ အပြစ်ပဲ ရှိတာ၊ ငါတို့ အတွေးအခေါ်က ဂုဏ်ထူးတန်းအဆင့်မှာ ရှိတယ်၊ မင်းဟာ



လေ နုံလည်းနုံ၊ အလဲအတဲ့ကောင်။ လူငယ်ဆိုတာ အိုင်ကျူကောင်းရတယ်ကွ။

**မြဟန်** အင်း ဒီအတိုင်း ဒီနေရာမှာ ဆက်နေမယ်ဆိုလို့ကတော့ မသင်္ကာမှုနဲ့ ရဲက ဖမ်းသွားလိမ့်မယ်၊ မင်းအမေ မုဆိုးမကြီးကို ထောင်ဝင်စာ လာတွေ့ခိုင်းမလို့လား၊ ငါတို့ကတော့ သူငယ်ချင်းကောင်း ပီသစွာနဲ့ မင်းကို စောင့်ရှောက်ရမှာပဲ၊ အခုအချိန်မှာ ငါတို့ရဲ့ အလုပ်တွေက ရေလျှံနေတယ်ကွ၊ လောလောဆယ် ငါတို့နဲ့ လိုက်ခဲ့၊ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနားပြီးမှ မင်းလိုရာ ခရီးကို တောင်ပံဖွင့်ပြီးပြန်တော့၊ ကဲ လာ သွားကြမယ်။

**သက်ထူး** ဒါဆို မင်းတို့နဲ့ ငါတစ်ညပဲ နေမှာနော်၊ ဘဝနေညိုလို့သာ ကွန်းခိုရာမှာ တစ်ထောက်နားတဲ့ သဘောပဲ။

**မြဟန်** ဟုတ်ပါပြီ သူငယ်ချင်း၊ တစ်ညပဲ နေနေ၊ တစ်လပဲ နေနေ၊ တစ်ဘဝပဲ နေနေပေါ့၊ ဟား ဟား ဟား ဟား။

**(မီးပိတ်)**

## အခန်း (၃)

**နေရာ** — လမ်းဘေးလက်ဖက်ရည်ဆိုင်။

**အချိန်** — နံနက်။

**အခမ်းအနား** — ထီးမိုးထားသော လက်ဖက်ရည်ဆိုင် အပြင်အဆင် ထားရှိရမည်။ ထိုင်ခုံနှင့် စားပွဲ (၃)စုံ ထားရမည်။

**မီး** — နံနက်ခင်း အလင်းရောင်။

**အသံ** — စကားပြောသံများ ပီသရမည်၊ အတွင်း၌ အိုးသံ၊ ခွက်သံများ ပေါ်ထွက်ပေးရမည်။

**ပါဝင်သူများ** —
(၁) ဦးချစ်လှိုင်
(၂) သက်ထူး
(၃) ဦးမြလှိုင်
(၄) ဇော်မင်း
(၅) ဒွေးကို
(၆) မြဟန်
(၇) လမ်းသူ လမ်းသား (၁)
(၈) လမ်းသူ လမ်းသား (၂)
(၉) လမ်းသူ လမ်းသား (၃)
(၁၀) လမ်းသူ လမ်းသား (၄)





**ဇာတ်ညွှန်း** — ခါးပိုက်နှိုက်များ နောက်သို့ လူများပြေးလိုက်လာရမည်၊ သက်ထူးကို ဦးချစ်လှိုင် တွေ့သွားပြီး လိုက်လာသူများအား တောင်းပန်ရမည်၊ လူများ ခါးပိုက်နှိုက် နောက်သို့ ဆက်လိုက်သွားကြစေ။

**(မီးဖွင့်)**

(ဆရာ ဦးချစ်လှိုင်သည် လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ရမည်)

**ဦးချစ်လှိုင်** — ကိုမြလှိုင်ရေ၊ လက်ဖက်ရည်တစ်ခွက်။

**ကိုမြလှိုင်** — ဆရာကြီး လက်ဖက်ရည်သောက်မယ်ဟော့၊ ရေနွေးကြမ်းချပေး။
(ဇော်မင်းသည် ရေနွေးကြမ်းလာချပေးစေ)

**ဇော်မင်း** — ဆရာကြီး ဘာမုန့်စားမလဲ။

**ဦးချစ်လှိုင်** — ကောက်ညှင်းပေါင်းနဲ့ အကြော်စုံပေါ့ကွာ၊ အကြော်စုံက တစ်ပွဲသာ အပြည့်ချလိုက် မောင်ဇော်မင်းရေ၊ အပေါင်းအသင်းထဲက ဘယ်သူတွေ ရောက်လာဦးမလည်း မသိဘူး။
(ဇော်မင်းသည် ကောက်ညှင်းပေါင်း၊ အကြော်နှင့် လက်ဖက်ရည် ချရမည်၊ ဦးချစ်လှိုင် လက်ဖက်ရည်သောက်နေစဉ် ဆူညံသံများ ပေါ်ထွက်လာစေ)

**အတွင်းမှအသံများ** ကျွန်မပိုက်ဆံအိတ် လုသွားပါတယ်ရှင်၊ ခါးပိုက်နှိုက်ဟေ့၊ ခါးပိုက်နှိုက်၊ ရှေ့က ဖမ်း လိုက်ကြပါဗျို့၊ (သက်ထူး၊ မြပဟန်နှင့် ဌေးကိုတို့ ရှေ့ဆုံးမှ ပြေးထွက်လာပြီး နောက်မှ လူအများ ဒုတ်၊ ခဲများ ကိုင်၍ လိုက်စေ)

**ဦးချစ်လှိုင်** (လက်ဖက်ရည်သောက်နေရာမှ ထရပ်လိုက်ပြီး) ဟေ့ သက်ထူး၊ လာစမ်း ကျွန်တော်က အေးရွာလေးက ကျောင်းဆရာပါဗျာ၊ ဒီကောင် ခါးပိုက်နှိုက် မဟုတ်ပါဘူး၊ ကျွန်တော်တပည့်ပါ သူ့အတွက် ကျွန်တော်တာဝန်ယူပါတယ်။

**ရပ်ကွက်သား(၁)** ဟိုနှစ်ယောက် လက်ထဲမှာ ပိုက်ဆံအိတ်ပါ သွားတယ်ကွ ဆက်လိုက်ကြမယ်ဟေ့ လာ။ (ဦးချစ်လှိုင်သည် လူအုပ်ကြီးနောက်ကို တစ်ချက်လှမ်းကြည့်ပြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်စေ)

**ဦးချစ်လှိုင်** ထိုင်ကွာ၊ မောင်သက်ထူး၊ စိတ်ကို အေးအေးဆေးဆေးထား၊ ကဲ. . . မင်းသောက်ချင်တာ မှာ၊ သမာသမတ်နဲ့ ရပ်တည်နိုင်အောင် ကြိုးစားမယ်လို့ စိတ်ကို မွေးလိုက်စမ်းပါကွာ၊



ယောက်ျားပဲကွ။

**သက်ထူး** ကျွန်တော် ဘာမှ မသောက်ချင်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော် ရှက်လည်း ရှက်ပါတယ်။ ကျွန်တော် ခါးပိုက်နှိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော် ဆရာကြီးကို ရှင်းပြပါ့မယ်။ အခုလို ကယ်လိုက်တဲ့အတွက် ဆရာကြီးကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဘယ်တော့မှ ကျွန်တော် ကျေးဇူးမမေ့ပါဘူး။ (ဆရာကြီးအား ထိုင်ကန်တော့လိုက်စေ။)

**ဦးချစ်လှိုင်** မင်း ဘာမှမပြောနဲ့၊ ရှင်းလည်း ရှင်းမပြနဲ့၊ ဆရာကြီး အားလုံးသိပြီးသား၊ တကယ်တော့ မင်းဟာ အဖြူရောင် သက်သက်ပါ၊ ပစ်တိုင်းထောင်ရုပ်ကို ကြိုးရုပ်အောင် လုပ်လိုက်တာ ဟိုနှစ်ကောင်ကွ၊ သားကို ငယ်က၊ မဆုံးမက၊ မိဘတစ်လီ၊ ရန်သူ မည်သတဲ့၊ အမေဖြစ်သူနဲ့ အစ်ကိုကြီးက စာမေးပွဲကျလို့ မင်းကို ဆုံးမတာ နာစရာလားကွာ၊ မင်းစိတ်ထဲမှာ အဖေမရှိလို့ မအေလုပ်တဲ့သူက နှိမ်တယ်၊ သားကြီးကို ချစ်ပြီး သားငယ်ကို မုန်းတယ်လို့ ထင်နေတယ်၊ ထားပါတော့ကွာ၊ အဖေမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ နေရာတိုင်း

ကြက်ခေါင်းဆိပ်မခံ စိတ်ဓာတ်မွေးနေရင် အချိန်တန်ရင် မင်းပဲ ဒုက္ခရောက်မှာ၊ ဟုတ်တယ် မဟုတ်လားကွ။

**သက်ထူး** ဟုတ်ပါတယ် ဆရာကြီး။

**ဦးချစ်လှိုင်** မင်းဟာ ငယ်တော့တာ မဟုတ်ဘူး ၁၈ နှစ်ကျော်သွားပြီ၊ တနည်းအားဖြင့် အရွယ်ရောက်ပြီးပေါ့ အဖေမရှိလို့ စိတ်ညစ်ရပါတယ်ဆိုပြီး ပုံစံမကျတဲ့ မျက်မှန်ထူထူကြီးတွေ တပ်ထားလို့ကတော့ မြင်ကွင်းအားလုံးဟာ ကြည်လင်မှာ မဟုတ်ဘူး၊ မင်းရဲ့ ဆုံးဖြတ်ချက်မှန်သ၍ မှားလိမ့်မယ်၊ ဒီတော့ ဖြူနေတဲ့ မင်းရဲ့ ပကတိနှလုံးသားလို့ ဘယ်သူ့အရောင်ဆိုးတာမှ ဆရာမခံနိုင်ဘူး၊ စိတ်ကို လျှော့လိုက်စမ်းပါ၊ မောင်သက်ထူးရယ်၊ အရာရာကို မေတ္တာနဲ့ ကြည့်စမ်းပါ၊ ဤခရီးနီးသလားဆိုသလို မင်းရဲ့အနာဂတ်ကို မျှော်ကြည့်လိုက်စမ်း အဝေးကြီး ကျန်သေးတယ်၊ မင်းဆရာ့စကားကို နားထောင်မယ်ဆိုရင် မင်းနဲ့ ပါလာတဲ့ သံသယ အမွေတွေကို ဖြတ်လိုက်စမ်း။ (ဆရာမင်းကို ကူညီနိုင်တယ်)

**သက်ထူး** (လက်အုပ်ချီ၍) ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်နားထောင်ပါ့မယ်၊ ကျွန်တော်ရဲ့ အနာဂတ်ဖြောင့်ဖြူးတဲ့ ခရီးလမ်းအတွက် ဆရာ့ကို အပ်ပါတယ်၊ ခရောင်းလမ်းကို ကျွန်တော် မလျှောက်ချင်ဘူး ဆရာရယ်။



**ဦးချစ်လှိုင်** "ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား၊ သရက်ပင်မင်း၊ သီးချိုကင်းသို့" ဆိုသလို ဘယ်လောက်ချိုတဲ့ သရက်ပဲဖြစ်ဖြစ် ခွေးတောက်မြစ်ယှက်လာရင် ခါးသွားစမြဲပဲ၊ ရှင်းရှင်းပြောရရင် တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဖြစ်သွားအောင် ဒီကောင်တွေက ပုံသွင်းနေတာကွ သိရဲ့လား။

**သက်ထူး** သိပါပြီ ဆရာ။

**ဦးချစ်လှိုင်** ရိုင်းတယ်၊ ရိုင်းတယ်နဲ့ ဝိုင်းပယ်ထားရင် အရိုင်းစံပယ်လေးတွေ ဘယ်မှာပွင့်တော့မှာလဲ၊ ဆိုးသတဲ့ ဆိုးသတဲ့နဲ့၊ အငြိုးဖွဲ့နေရင်လည်း အိုးရွဲ့ကလေးတွေ ဖြစ်ကုန်မှာပဲ၊ မင်းကိစ္စက မဖြစ်စလောက်ပါ၊ စိတ်ကောက်ပြီး သပိတ်မှောက်နေရင် အဆိပ်အတောက်တွေ ဖြစ်သွားမှာပေါ့၊ မင်းတို့လို တိမ်းလွယ်ညွတ်လွယ်တဲ့ လူငယ်တွေကို အနာဂါတ်ရဲ့ သားကောင်းရတနာတွေ ဖြစ်လာအောင်

ပုံသွင်းဖို့က ဆရာ့တာဝန်ပဲ၊ ဆရာမေးတာကို မင်းမှန်မှန်ဖြေ၊ မင်း အိမ်ကို ပြန်မလား၊ မပြန်ချင်ဘူးလား၊ ဆရာက ဘာမှ မတိုက်တွန်းဘူးနော်။

**သက်ထူး** မပြန်ချင်ဘူး ဆရာ၊ အဓိပ္ပာယ်မဲ့တဲ့ တေးသီချင်းတွေကိုလည်း ကျွန်တော် မသီဆိုချင်တော့ဘူး။ ကျွန်တော် လူလိမ္မာဖြစ်ချင်တယ်၊ ဘာဆက်လုပ်ရမလဲ ဆရာ။

**ဦးချစ်လှိုင်** မင်းအမေကို ချစ်သလား။

**သက်ထူး** ချစ်ပါတယ်။

**ဦးချစ်လှိုင်** အမေ့ကျေးဇူးကိုရော ဆပ်ချင်သလား။

**သက်ထူး** ဆပ်ချင်ပါတယ် ဆရာရယ်၊ ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိလို့ပါ။ ဗတ်စကို ဒဂါးမားလိုပဲ မျှော်လင့်ခြင်းဆိုတဲ့ အငူတွေကို ကျွန်တော်ရှာချင်တယ်။

**ဦးချစ်လှိုင်** ကောင်းပြီ ဆရာနဲ့ အခုပဲ ရန်ကုန်ကို တစ်ခါထဲ လိုက်ခဲ့။ မင်းကို အလင်းတံခါး ဖွင့်ပေးလိုက်မယ်။ မင်း ဆက်လျှောက်တော့။

**သက်ထူး** ဝမ်းသာလိုက်တာ ဆရာရယ်၊ ဘာအလုပ်လုပ်ရလုပ်ရ ကျွန်တော် လုပ်မယ်၊ ဘဝတက်လမ်းအတွက် ကျွန်တော်ကြိုးစားမယ်၊ ဆရာ့



စကားတွေကြားရတာ အနာဂါတ်ရဲ့ အလင်းတန်းတွေ တွေ့နေရသလိုပဲ။ ကျွန်တော့်စိတ်တွေ ပေါ့သွားတယ်ဆရာ။

**ဦးချစ်လှိုင်** ကောင်းပြီလေ၊ လူတိုင်းဟာ ကိုယ့်ဘဝတိုးတက်ရေးအတွက် ဘာအလုပ်ဖြစ်ဖြစ်လုပ်နေကြတာပဲ၊ ဒါပေမယ့် ကံတရားက မျက်နှာသာ မပေးတဲ့အခါ မျှော်လင့်တိုင်းတော့ ဖြစ်မလာကြဘူးပေါ့၊ ဒါကို လက်မြောက်အရှုံးပေးမယ်ဆိုရင် ယောကျ်ားပီသတဲ့ လူတွေရဲ့အလုပ် မဟုတ်ဘူးဆိုတာတော့ မင်းစွဲစွဲမြဲမြဲသာ မှတ်လိုက်တော့ ကဲလာ၊ အခုအချိန်ကစလို့ ခရောင်းလမ်းကို ကျော်ပြီး ဖယောင်းလမ်းကို လျှောက်ပေတော့ကွာ။

**(မီးပိတ်)**

## အခန်း (၄)

**နေရာ** ဒေါ်သန်းရီအိမ်။
**အချိန်** နေ့။
**အခမ်းအနား** ပျဉ်အိမ်ကားရှေ့တွင် သစ်သား ဆက်တီ ကုလားထိုင်ဟောင်း တစ်စုံချထားရမည်။ ရေအိုးစင်ကို သင့်သလို ထားရမည်။
**မီး** နေ့ အလင်းရောင်။
**အသံ** စကားပြောသံများ ပီသရမည်။
**ပါဝင်သူများ** (၁) ဒေါ်သန်းရီ
(၂) ထူးအောင်
**ဇာတ်ညွှန်း** အိမ်ကထွက်သွားသော သားဖြစ်သူ သက်ထူး အတွက် မကျေမနပ်ဖြစ်နေသော ဒေါ်သန်းရီ အား ထူးအောင်က ဖျောင်းဖျစေ။

### (မီးဖွင့်)

(ဒေါ်သန်းရီသည် ဂနာမငြိမ်စွာဖြင့် ဖြစ်နေသည့်ဟန်ဖြင့် ပြောရမည်)

**ဒေါ်သန်းရီ** လူမိုက်၊ မိဘစကား နားမထောင်ချင်တဲ့ အကောင်သွား၊ ပြန်မလာနဲ့၊ နင့်ကို မွေးရတာ ဝမ်းရေစပ်တယ်၊ ငါသေလည်း မလာနဲ့၊ နင်သေလည်း ငါမလာဘူး၊ တကတဲတော် အိမ်ပေါ်က ဆင်းသွားရသေးတယ်တဲ့၊ ဒင်းက ဘာအရည်အချင်း ရှိလို့လဲ၊ ပညာလေး မတောက်တခေါက်နဲ့ ဘာလုပ်စားမှာတဲ့လဲ၊ တကတည်း မပြောလိုက်ချင်ဘူး၊ နင့်လိုသားမိုက်ကြောင့် ငါ့နှလုံးသားက ကျောက်သားလို မာနေပြီ သက်ထူးရဲ့။

**ထူးအောင်** အမေရယ် တော်ပါတော့၊ ပတ်ဝန်းကျင်ကို အားနာပါဦး၊ သူကြားမှာလည်း မဟုတ်ပဲနဲ့ ဘာဖြစ်လို့ လေကုန်ခံပြီး ပြောချင်နေရတာလဲ၊ အမေ သူ့ကို ဝနေအောင် ပြောဆိုပြီးပြီပဲ၊ ကျေနပ်ရောပေါ့။

**ဒေါ်သန်းရီ** မကျေနပ်နိုင်ဘူးဟေ့၊ စိတ်ထဲပေါ်နေသ၍ တော့ ပြောနေမှာပဲ၊ ငါ့သားကြီး လိမ္မာတာကိုတွေ့လေ သူ့ကို မုန်းလေပဲ၊ ငါ့သားကြီးက ဆရာဝန် ဖြစ်တော့မှာဆိုတော့ ဘဝရဲ့ အလင်းတန်းကို မြင်နေရပြီ၊ ဒီကောင်က အမှောင်ထဲမှာ လျှောက်တိုးတုံး၊ သူ့အကြောင်း တွေးလိုက်တိုင်း ဘယ်တော့မှ မချမ်းမြေ့ရဘူး၊ အသဲနှလုံးထဲမှာ ဆုတ်ချေ

ထားသလို ခံစားနေရတယ်၊ ငါရဲ့ ခံစားချက်တွေကို ဒီလူမိုက် သိရအောင် နှလုံးသားပြတင်းပေါက်က ကဲ့ချပြလိုက်ချင်တယ်ဟယ်။ ဒီကောင်ကြောင့် ငါ့ရင်ဝကို ကံကြမ္မာဂြိုလ်ဆိုးက တစ်ခုပြီးတစ်ခု ဝင်ဆောင့်တိုက်နေသလိုပဲ။

**ထူးအောင်** အမေရယ် ရင်ထဲမှာ ဆူပွက်နေတဲ့ လှိုင်းဂယက်တွေကို ခွင့်လွှတ်ခြင်းနဲ့ တားဆီးလိုက်စမ်းပါ ကျွန်တော် ပြောပြီးပြီပဲ၊ ကျွန်တော်က ဆရာဝန် ဖြစ်တော့မှာဆိုတော့ အမေက ဆရာဝန်ရဲ့ အမေလေ၊ ဘယ်လောက် ဂုဏ်ရှိသလဲ၊ အမေ့ကို တင့်တောင်းတင့်တယ်ထားမယ်၊ အမေ ပင်ပန်းတဲ့အလုပ် ဘာမှလုပ်စရာမလိုတော့ဘူး၊ အခိုင်းအစေတွေကို လက်ညှိုးထိုး ခိုင်းရုံပဲ၊ ကဲ ဘယ်လောက် အဆင်ပြေစရာ ကောင်းလိုက်သလဲ၊ ကျွန်တော်ဟာ အမေ့အတွက် သားကောင်းတစ်ယောက် ကျောက်ကောင်း တစ်စေ့မဟုတ်လား၊ လမ်းခင်းဖို့တောင် အသုံးမကျတဲ့ သက်ထူးလိုကျောက်ကို အမေ့စကားထဲဘာလို့ ထည့်ပြောနေတာလဲ။ အမေ့ကို စုံကန်



ထွက်သွားတဲ့ သားမိုက်ကို စာရင်းထဲ ထည့်မတွက်ပါနဲ့ဗျာ။

**ဒေါ်သန်းရီ** သားရဲ့ အားပေးစကားတွေ ကြားရလို့ အမေကျေနပ်ပါတယ်။ စိတ်ထဲမှာလည်း အားမငယ်ဘဲ အားတွေပြည့်လာတယ်၊ မိဘဆိုတာတော့ သားသမီးတွေရဲ့ ဘဝကို အလှကိုယ်စီ တန်ဆာဆင်ပေးချင်တာပဲ၊ ဥယျာဉ်မှူးတစ်ယောက်ရဲ့ ပီတိမျိုးပေါ့ သားရယ်၊ ကိုယ်ပြုစုပျိုးထောင်တဲ့ ပျိုးခင်းကလေးကို ဖူးရာမှ ငုံ၊ ငုံရာမှ ပွင့် ဆိုသလို အောင်မြင်မှုအသီးအပွင့်တွေ ဖြစ်လာတဲ့အထိ မြင်ချင်တယ် သားရဲ့။

**ထူးအောင်** သားက အမေ့စေတနာကို သိပြီးသားပါ၊ မကြာခင် အမေဖြစ်စေလိုတဲ့ ဥယျာဉ်မှူးဘဝ ရောက်တော့မှာပါ၊ သားကလည်း သားလိမ္မာ မဟုတ်လား၊ ဆရာဝန်အမေဆိုပြီး အမေ့နားမှာ လူနာရှင်တွေနဲ့ အမေ့အပေါင်းအသင်းတွေ ဝိုင်းဝိုင်းလည်နေလိမ့်မယ်နော်၊ သားဆရာဝန်ကြီးဖြစ်ရင် မြို့ကိုပြောင်းပြီး အခုလိုအိမ်မျိုးနဲ့ မဟုတ်ဘဲ တိုက်ကြီးနဲ့ အမေ့ကို ထားမှာပါ။ အမေ့ရဲ့ ကျန်းမာ

ရေးကိုလည်း ကျွန်တော်ကိုယ်တိုင် ကြည့်မယ်၊ အမေ့ကို ဘာရောဂါမှ အဖြစ်မခံဘူး။ မျက်စေ့အောက်မှာကို ကျွန်တော်ထားမယ်၊ မိဘကျေးဇူးဆိုတာ တလှည့် ပြန်ဆပ်ရမှာ မဟုတ်လား၊ ဆပ်လို့ကုန်တာမှ မဟုတ်ဘဲ၊ ဒါကြောင့် သက်ထူးနဲ့ ပတ်သက်လာတဲ့ စိတ်အညစ်အကြေးတွေကို တစ်ဆစ်တစ်ရွေးမှ မကျန်အောင် ထုတ်ပစ်လိုက်စမ်းပါ အမေရယ်။

**ဒေါ်သန်းရီ** လိမ္မာလိုက်တဲ့ သားကြီးရယ်၊ သားရဲ့ အားပေးစကားတွေကြောင့် အမေ အမောပြေရပါပြီကွယ်။

**ထူးအောင်** အမေ့သားပဲ လိမ္မာရမှာပေါ့၊ မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းထဲလေ၊ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့သာ"တဲ့ ဟုတ်တယ် မဟုတ်လား အမေ။

**ဒေါ်သန်းရီ** ဟုတ်ပါပြီ သားရယ်၊ ဒါပေမယ့် သားစကားကို အမေအပြည့်တော့ မယုံကြည်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ သားက ဆရာဝန်



ရုပ်ချော၊ အပြောကောင်းဆိုတော့ သားကို လိုချင်တဲ့ မိန်းမတွေလည်း ဝိုင်းဝိုင်းလည်နေမှာ၊ ဒါကလည်း သဘာဝပဲလေ၊ အချိန်တန်အရွယ်ရောက်တော့လည်း သားအိမ်ထောင်ပြုရမှာ မဟုတ်လား၊ သတိတော့ထားပြီး ရွေးချယ်ပေါ့ သားရယ်၊ သစ်ကောက်တာသာ မြင်နိုင်တာ လူကောက်တာတော့ မမြင်နိုင်ဘူးပေါ့၊ အကြင်နာကင်းပြီး သိမ်ဖျင်းနိမ့်ကျတဲ့ မိန်းမမျိုးနဲ့ အသဲညှာမှာ မာယာပြည့်နေတဲ့ ဟာမျိုးတွေတော့ ရှောင်ပေါ့။၏

**ထူးအောင်** စိတ်ချစမ်းပါ အမေ၊ သား နားလည်ပြီ၊ သားက အမေနဲ့ တည့်တဲ့မိန်းမမှ ယူမှာပေါ့၊ အမေ့အပေါ်ကို သားလို မချစ်နိုင်တဲ့ လူဆို မယူဘူး၊ သွားပေါ့ အမေ့ရဲ့၊ ဒါများ စိတ်ပူစရာများလား အမေရယ်၊ ကျွန်တော်ယူတဲ့ မိန်းမဟာ ကျွန်တော့်လိုပဲ အမေရဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုစုနိုင်သူ ဖြစ်ရမယ်၊ ဆရာဝန်ကတော်ဆိုပြီး ဘော်ကြော့နေလို့ မရဘူး၊ စိတ်တိုင်းကျကျနော် ရွေးယူမှာပါ။ ဇမ္ဗူမှတ်တမ်းမှာ မဥ္ဇူသက နတ်ပန်းဆိုတာ ရှိတယ်

မဟုတ်လား အမေရဲ့၊ အဲဒီပန်းမျိုးနဲ့တူတဲ့ မိန်းမကိုမှ ယူမှာပါ၊ ဒါကြောင့် အမေ သားကို စိတ်ချပြီး သားစကားကို ယုံကြည်တော့။

**ဒေါ်သန်းရီ** ကဲ အမေ ယုံလိုက်ပြီ သားရေ။

**(မီးပိတ်)**

## အခန်း (၅)

**နေရာ** ဆေးခန်း။

**အချိန်** ညနေ။

**အခမ်းအနား** ဆေးခန်း အပြင်အဆင်သဏ္ဍာန် ခင်းထားရမည်။

**မီး** ပုံမှန်။

**အသံ** စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ** (၁) ထူးအောင်
(၂) ကျော်ဗလ
(၃) နှင်းရည်ဝင်
(၄) ကျား/မ လူနာ (၃) ဦး

**ဇာတ်ညွှန်း** ကျော်ဗလသည် ထူးအောင်ရောက်မလာမီ ဆေးခန်းအား ပြင်ဆင်နေရမည်၊ လူနာအချို့နှင့် ရယ်စရာဖြစ်အောင် လုပ်ရမည်။ ထူးအောင်ရောက်ချိန်တွင် နှင်းဝတ်ရည်နှင့် ရင်းနှီးသွားစေ။

**(မီးဖွင့်)**

(ကျော်ဗလသည် ဆရာဝန်ဟန်ဖြင့် ဆေးခန်းတွင် ထိုင်နေစဉ် အမျိုးသားလူနာနှစ်ဦး ဝင်လာရမည်။)

**ကျော်ဗလ** ကဲ ဘာဖြစ်သလဲပြော။

**လူနာ (၁)** ဒီလိုပါ ဒေါက်တာ၊ လကွယ်နေ့ညသန်းခေါင်ယံကပေါ့ဗျာ၊ တလောကလုံးကို မဟူရာအလှတွေ ချယ်မှုန်းထားတဲ့ တစ်နေ့ကိုတော့ မေ့မရနိုင်အောင်ပါဘဲ ဒေါက်တာရယ်၊ အဲဒီနေ့ညမှာ ကျွန်တော်ဟာ နေကာမျက်မှန်အနက်ကို တပ်ပြီး ဝေဒနာကို ဖွေရှာနေတယ် ဆိုပါတော့။

**ကျော်ဗလ** နေပါအုံး၊ ခင်ဗျားကို ခံစားချက်သီချင်းရေးနေတာလား။ ဖြစ်တဲ့ရောဂါကို ပြောနေတာလား။

**လူနာ (၁)** ကျွန်တော်ပြောတာ သီချင်းလိုဖြစ်နေလို့လား။ ဒါဆိုလည်း ကျွန်တော်သံစဉ် ရှာမရလို့ သံစဉ်ထည့်စမ်းပါ ဒေါက်တာရယ်။

**ကျော်ဗလ** လကွယ်နေ့သန်းကောင်ယံမှာ၊ မဟူရာကျောက်ရိုင်းတစ်လုံးကို၊ လူတကာတေါကောက်ခိုင်းဦးတော့. . . အို. . . ကျွန်တော်ယောင်ကုန်ပြီ၊ ရောဂါဖြစ်တာကို ပြောပါဗျာ၊ ဒါမှ ကုလို့ရမှာပေါ့။



**လူနာ(၁)** လမ်းသွားရင်းခလုပ်တိုက်မိလို့ ခြေမပဲ့သွားတယ်။

**ကျော်ဗလ** ဒါများ သွယ်ဝိုက်ပြီး ပြောနေရသေးတယ်လား။ (မျက်စဉ်းခတ်ပေးစဉ်)

**လူနာ(၁)** ဘာဆိုင်လို့ မျက်စဉ်းခတ်တာလဲ၊ ဒဏ်ရာက ခြေထောက်မှာ။

**ကျော်ဗလ** မရှည်နဲ့ဗျာ၊ မျက်စေ့မကောင်းလို့ ခလုပ်တိုက်တာ၊ ရှင်းပြီလား။

**လူနာ (၁)** ရှင်းပြီ၊ ဘယ်လောက်ကျသလဲ။

**ကျော်ဗလ** တစ်ထောင့်ငါးရာ။

**လူနာ (၁)** အဲဒီက ငါးရာအရင်အမ်း၊ နှစ်ထောင်မှတ်ထား သွားပြီ။ ဘယ်တော့မှ ပြန်မလာတော့ဘူး။

**ကျော်ဗလ** ဘယ်လိုလူစားလဲဗျာ၊ အိပ်ထဲက ငါးရာပါ သွားပြီ၊ နောက်တစ်ယောက်။

(လူနာ-၂ ဝင်ထိုင်လိုက်စေ)

**ကျော်ဗလ** ဖြစ်တာကို မှန်မှန်ပြော။

**လူနာ (၂)** မှန်ရာကို သစ္စာဆိုပါမည်။

**ကျော်ဗလ** ဒီမှာ သီချင်းဆိုခိုင်းတာ မဟုတ်ဘူး၊ ပြဇာတ်တိုက်နေတယ်များ ထင်နေသလား။ ဖြစ်တဲ့ရောဂါကို မှန်မှန်ပြောခိုင်းတာ၊ စောစောက လူနာလို ရစ်နေမှာစိုးလို့။

**လူနာ (၂)** အဖြစ်ကတော့ ဒီလိုပါဆရာရယ်၊ ဝသာန်ခါ မှိုလရာသီရောက်ပြီဆိုတာနဲ့။

**ကျော်ဗလ** အဲဒါကို မြကြီးဆိုထားတဲ့ မိုးသီချင်း၊ ဖြစ်တဲ့ ရောဂါကိုပြော။

**လူနာ (၂)** မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်။

**ကျော်ဗလ** အဲဒါ မူကြိုကလေးတွေရဲ့ ဖတ်စာ။

**လူနာ (၂)** ဝသာန်ကာလ မိုးကျပြီဆိုရင်။

**ကျော်ဗလ** အဲဒါဝန်ကြီးပဒေသရာဇာရဲ့ တျာချင်း၊ ဘာကျန်သေးသလဲဆိုစမ်း၊ ဆိုကရေးတီး ပြိုင်ပွဲမှာ ကျုပ်က. . . ရပ်ကွက်အဆင့်အဆို ပြိုင်ပွဲ၊ တတိယရထားတာ။

**လူနာ (၂)** ဘယ်နှစ်ယောက်ပြိုင်တာလဲ ဒေါက်တာ။

**ကျော်ဗလ** သုံးယောက်၊ အို ခင်ဗျားနောက်လိုက်နေရ တာနဲ့၊ ကျုပ်စကားတောင် ဘယ်ရောက်ကုန် မှန်းမသိတော့ဘူး၊ ဘာရောဂါဖြစ်လို့လဲ ပြောစမ်းပါ ရှင်းရှင်း။

**လူနာ (၂)** မိုးဦးကျမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ တုပ်ကွေး။

**ကျော်ဗလ** တုပ်ကွေးဆိုလည်း နှစ်လုံးတည်းနဲ့ ပြီးတဲ့ ကိစ္စ၊ ဒီမှာတော့ ဆေးကုန်နေတယ်၊ ဟိုဘက် က မြန်မာဆေးဆိုင် သွားဝယ်ပါ၊ သေသေ ချာချာမှတ်၊ မနက်ပိုင်းကို ကေသီပန်တစ် ထုပ်စီ၊ ညနေပိုင်းကို မီးမကင်ဆေး တစ်ထုပ် စီ၊ သုံးရက် ဆက်သောက်ပျောက်၊ ကဲ သွားတော့။



**လူနာ (၂)** ဟောဒီဆေးခန်းက ဒေါက်တာသောက်တဲ့ ဆေးလို့ ပြောဝယ်မယ်နော်၊ သွားပြီ တာ့တာ။

(လူနာ (၂) ဝင်သွားစေ)

**ကျော်ဗလ** တစ်ညနေလုံး ဘယ်လိုလူတွေနဲ့ တွေ့နေမှန်း ကို မသိဘူး၊ သွား၊ ဘယ်တော့မှ ပြန်မလာ ကြနဲ့၊ မိန်းကလေးလူနာတော့ မလာကြဘူး။ ဘုရားသိကြားမလို့ အမျိုးသမီးချောချော လေးတွေ လာကြပါဗျာ။

(နှင်းရည်ဝင်း ရောက်လာစေ)

**နှင်းရည်ဝင်း** ဩော်. . ဒီက ဒေါက်တာထူးအောင်လားရှင့်။

**ကျော်ဗလ** ဟုတ်၊ ဟုတ်ကဲ့ ထိုင်ပါဗျာ၊ ထိုင်ပါ၊ အမယ် လေး ဆုတောင်းပြည့်သွားပြီ၊ ဒီကနာမည် လေးက သိပ်လှတာပဲနော်။

**နှင်းဝတ်ရည်လင်း** ကျွန်မဘာမှ မပြောရသေးဘူးလေ၊

(ထူးအောင် ထွက်လာစေ)

**ထူးအောင်** ကျော်ဗလရေ၊ ဆေးရုံမှာ လူနာတွေ မပြတ် လို့ကွ၊ နည်းနည်းနောက်ကျသွားတယ်။

**ကျော်ဇလ** ဟုတ်ကဲ့ ဒေါက်တာ၊ ဒီကလူနာကလည်း ခုမှ ရောက်လာတာပါ။ အာစရိတို့ကတော့ ကံကို ကောင်းတယ်။

**နှင်းရည်ဝင်း** (ထူးအောင်ကို လက်ညှိုးထိုးပြီး) စောစောက လူက ဒေါက်တာထူးအောင်ဆို၊ မဟုတ်ဘူး လား။

**ထူးအောင်** ကျွန်တော်က ထူးအောင်ပါ၊ သူက ကျွန်တော့်တပည့်၊ သိပ်ပြီးနောက်တတ်တာ၊ ဒီလိုပဲ ကျွန်တော်တို့နှစ်ယောက်က အားနေ ရင် ဆေးခန်းမှာ ရယ်စရာတွေပြောပြီး နောက်နေကြတာ၊ လူပျိုဘဝဆိုတာ ဒီအချိန် ပဲ ပျော်စရာ မဟုတ်လားဗျာ။

**နှင်းရည်ဝင်း** ကျွန်မဆေးခန်းကို လာတာက ဒေါက်တာ့ကို လူပျို၊ လူအိုသိချင်လို့လာတာ မဟုတ်ပါဘူး၊ ဒေါက်တာစကားထဲမှာ ကြော်ငြာပါထည့် သွားတာကိုး။

**ထူးအောင်** ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ဘာတွေ ပြောမိသွားမှန်း မသိလိုက်ဘူး။

**နှင်းရည်ဝင်း** ရပါတယ် ဒေါက်တာရယ်၊ တောင်းပန်စရာ မလိုပါဘူး၊ လူဆိုတာ အမှန်တရားကို မြတ်နိုး ကြတာပဲလေ။ အမှန်တရားအတွက် ပြောရဲ



ရတယ်၊ သတ္တိရှိရမယ် မဟုတ်လား၊ လာရင်း ကိစ္စအတွက်တောင် မပြောရသေးဘူး။

**ထူးအောင်** ဟုတ်ကဲ့ ပြောပါ၊ ခင်ဗျာ၊ ကျွန်တော်ဘာ ကူညီရမလဲ။

**နှင်းရည်ဝင်း** ကျွန်မလည်း ဒေါက်တာ့လိုပဲ အမှန်တရားကို ပြောချင်လို့ပါ၊ ကျွန်မတို့က သားအမိနှစ် ယောက်တည်း နေတယ်၊ ဖေဖေက ဆုံးသွား ခဲ့ပြီ၊ ဖေဖေရှိစဉ်ကတော့ မိုးကုတ်မှာ နေ တယ်လေ၊ ဖေဖေကွယ်လွန်သွားပြီးတဲ့ နောက်တော့၊ မိုးကုတ်က ခြံရော၊ တိုက်ရော လုပ်ငန်းတွေပါ ရောင်းပြီး ဒီမြို့ကို ပြောင်း လာကြတာ၊ မိုးကုတ်မှာတော့ အစုရှယ်ယာ လောက်ပဲ ထားတော့တယ်။

**ထူးအောင်** ဟုတ်ကဲ့ သည်မြို့မှာရော ဘာစီးပွားရေးတွေ လုပ်ကြလဲ။

**နှင်းရည်ဝင်း** နည်းနည်းပါးပါး အရောင်းအဝယ်လေးပါ၊ ကျွန်မတို့မှာ စီးပွားရေးအတွက် ပူစရာမလိုပဲ။ လိုနေတာတော့ ကျန်းမာရေးပဲ မေမေက သွေးတိုးနဲ့နှလုံးရှိတယ်။ ဒီတော့ မိသားစု ဆရာဝန်လိုတာပေါ့လေ။ ပထမဒေါက်တာ ဉာဏ်ကျော်သက်ဆိုတာ ရှိတယ်။ သူက

အခု အမေရိကကိုသွားပြီ၊ ဒါကြောင့် စေတနာပါပါနဲ့ စိတ်ရှည်တဲ့ ဆရာဝန်ကို စုံစမ်းရင်း ဒီကိုရောက်လာခဲ့တယ်ဆိုပါတော့ ဒေါက်တာရယ်။

**ကျော်ဗလ** ဟာ. . . ဟုတ်လား။ ခင်ဗျား ကျွန်တော့်ဆရာနဲ့ တွေ့ရတာ သိကြားမင်းနဲ့ တွေ့ရပြီလို့သာ မှတ်ဗျာ၊ ဒေါက်တာက သိပ်သဘောကောင်းတာ စိတ်လည်းရှည်တယ်။ စေတနာလည်းကောင်းတယ်။ တစ်ဖက်သားအပေါ် မေတ္တာထားပြီး ချစ်လည်း ချစ်တတ်တယ်၊ ဒါနဲ့ ဒီကလည်း တစ်ကိုယ်တည်း အပျိုကြီးပဲ မဟုတ်လား။

**ထူးအောင်** ဟေ့ကောင်၊ အားနာစရာ တော်ကြာစိတ်ဆိုးသွားပြီး ဆေးခန်းကိုနောက်ထပ် မလာဘဲ နေတော့မှာဘဲ၊ ဘာတွေ သွားမေးနေတာလဲ၊ သူ့အစား ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဒီကောင်က နေရာတကာ နောက်တာဗျ။

**နှင်းရည်ဝင်း** ရပါတယ် ဒေါက်တာ၊ ကျွန်မအိမ်ထောင် မရှိပါဘူး။ မေးသင့်တဲ့မေးခွန်းပါ။ ဒါပေမယ့် ကျွန်မအပျိုကြီးတော့ မဟုတ်ဘူး၊ အသက် ၂၁ နှစ်ပဲ ရှိသေးတယ်။ အရေးရှိရင် ဒေါက်တာ့ကို အချိန်မရွေးပင့်လို့ရမလားလို့ သိချင်လို့ပါရှင်။

**ထူးအောင်** ဟုတ်ကဲ့၊ လူနာတိုင်းကို ကျွန်တော်တတ်တဲ့ ပညာနဲ့ အသက်ကယ်ဖို့ ရည်ရွယ်ထားတဲ့ အတွက် ကျွန်တော်လက်ခံပါ့မယ်။

**နှင်းရည်ဝင်း** ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်။ မေမေသာသိရင် သိပ်ပြီးဝမ်းသာမှာ၊ ကျွန်မနာမည်က နှင်းရည်ဝင်းပါ။ ဒီမှာ ကျွန်မလိပ်စာကဒ် ဒေါက်တာ့လိပ်စာလည်း ပေးဦးလေ။

**ထူးအောင်** ဟုတ်. . . ဟုတ်ကဲ့ ဒီမှာပါ။ (နှင်းရည်ဝင်းအား လိပ်စာကဒ်ပေးလိုက်စေ)

**နှင်းရည်ဝင်း** ဒါဆို ကျွန်မသွားမယ်နော်။ ဟိုပျော်တတ်တဲ့ ဆရာကြီး။

**ကျော်ဗလ** ကျော်ဗလပါဗျာ။

**နှင်းရည်ဝင်း** နှုတ်ဆက်ခဲ့ပါတယ် ကိုကျော်ဗလ။

**ကျော်ဗလ** ဟုတ်ကဲ့ နေ့တိုင်းလာနော်။ မလာရင် စိတ်ဆိုးမှာ (နှင်းရည်ဝင်း တစ်ချက်လှည့်ပြုံးပြီး ဝင်သွားစေ)

**ထူးအောင်** ဟေ့ကောင်၊ ဘာတွေ ဖြစ်ကုန်ပြီလဲကွာ။ မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ။

**ကျော်ဗလ** အာစရိကလည်းဗျာ အဖြေက ရှင်းနေပြီပဲ။ ဘာလဲ ရင်ထဲမှာ လှိုင်းဂယက်တွေ ဆူပွက်သွားလို့လား၊ ဝင်္ကန္တနှလုံးသား မြစ်ကျဉ်းထဲကို အချစ်မျှားကလေး တစ်စင်း ဝင်လာတာပါ။

**ထူးအောင်** ဘာပြောရမှန်းတောင် မသိတော့ဘူးကွာ၊ မင်းကလည်း ငါတော့ ထူပူသွားတော့တာပဲ။

**ကျော်ဗလ** ဒီမှာ အာစရိ၊ ကုမုဒြာပန်းဆိုတာ လရောင်ဆမ်းမှ လန်းတာပါ၊ လရောင်နဲ့အလားတူတဲ့ အာစရိနဲ့ မေတ္တာရေကို သူမကလေးအပေါ် ပက်ပက်စက်စက် ဖျန်းလိုက်စမ်းပါ အာစရိရာ၊ အရာရာကို ကျော်ဗလတာဝန်ထား၊ လူပျိုလက်ဝက်မီးတဲ့နော်။

**ထူးအောင်** မင်းကတော့ လုပ်ပြီကွာ။

**(မီးပိတ်)**

## အခန်း (၆)

**နေရာ** ရုံးခန်း။

**အချိန်** နေ့။

**အခမ်းအနား** တိုက်အတွင်းခန်း၊ ပန်းချီကားရှေ့တွင် ရုံးခန်းအသွင်သဏ္ဌာန်ဖြစ်အောင် စားပွဲ၊ ကုလားထိုင်များ ချထားပြီး စားပွဲပေါ်တွင် တယ်လီဖုန်း၊ ဖိုင်တွဲများနှင့် စာရွက်စာတမ်းများထားရှိရမည်။

**မီး** ပုံမှန်။

**အသံ** ပုံမှန်။

**ပါဝင်သူများ** (၁) ဗိုလ်မှူးသက်တင်အောင်
(၂) တပ်ကြပ်သက်ထူး
(၃) တပ်သားရွှေအိုး

**ဇာတ်ညွှန်း** ဗိုလ်မှူးသက်တင်အောင်က တပ်ကြပ်သက်ထူးအား ဇာဒပ်ကြီး ရေတပ်စခန်းသို့ ပြောင်းရမည့်အကြောင်း ပြောလိုက်စေ။

## (မီးဖွင့်)

(ဗိုလ်မှူးသက်တင်အောင်က ကုလားထိုင်တွင် ထိုင်နေပြီး တပ်ကြပ်သက်ထူးက စားပွဲရှေ့တွင် မတ်တပ်ရပ်နေရမည်။)

**ဗိုလ်မှူး** ဆရာသက်ထူးဟာ သင်တန်းဆင်းလာကတည်းက ဒီတပ်စခန်းမှာ နေလာခဲ့တာ တော်တော်ကြာသွားပြီနော်၊ တပ်သားဘဝကနေ တပ်ကြပ်အဆင့်တောင် ရခဲ့ပြီပဲ။

**သက်ထူး** ဟုတ်ပါတယ် ဗိုလ်မှူး။

**ဗိုလ်မှူး** ဆရာသက်ထူးက ဒီနှစ်အဝေးသင် နောက်ဆုံးနှစ်ဖြေထားတယ် မဟုတ်လား။ မင်းက ကြိုးစားတယ်ဆိုတော့ အောင်မှာပါ။

**သက်ထူး** ဟုတ်ပါတယ် ဗိုလ်မှူး။

**ဗိုလ်မှူး** ဘာလိုလိုနဲ့ ဘွဲ့တောင်ရတော့မယ်နော်၊ တို့တပ်အနေနဲ့ ဆရာသက်ထူးကို ဂုဏ်ယူပါတယ်။ နိုင်ငံတော်က ပေးတဲ့တာဝန်တွေကိုလဲ ကျေပွန်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း တိုးတက်အောင်ကြိုးစားတယ်။ ဒီအတိုင်းသာ ကြိုးစားသွားရင် အရာရှိလည်း ခဏလေးဖြစ်မှာပဲ။ မင်းမိဘကတော့ သားကောင်းရတနာတစ်ယောက်ရလိုက်ပြီပေါ့ကွာ။



**သက်ထူး** ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဗိုလ်မှူး၊ ရှေ့ကိုလည်း ကျွန်တော် ဆက်ပြီးတော့ ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို ပေးချင်တဲ့ တာဝန်ပေးပါ။

**ဗိုလ်မှူး** မင်းဟာ အခုဆိုတော့ ဆရာတစ်ယောက်ဖြစ်တာနဲ့အညီ ကိုယ့်လက်အောက် တပည့်သားတွေကို စောင့်ရှောက်ရမယ်။ အနစ်နာခံရတယ်။ တကိုယ်ကောင်း မဆန်ရဘူး။ ဒါမှ ဆရာပီသတာ တပည့်တွေအပေါ် ထာဝရ အရိပ်မိုးနိုင်မှ ခေါင်းဆောင်ပီသတာကွ။

**သက်ထူး** ဟုတ်ကဲ့ ဗိုလ်မှူး။

**ဗိုလ်မှူး** မင်းကို ငါယုံကြည်တယ်။ နောက်တစ်ခုက ဇာဒပ်ကြီးရေတပ်စခန်းကို မင်းပြောင်းရတယ်။ တပ်မတော်သားဆိုတာကတော့ သစ္စာလေးချက်မှာ ပါတဲ့အတိုင်းပေါ့။ ပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ရမှာပဲ။ ကြီးမားတဲ့ ဂုဏ်ဒြပ်ဆယ့်နှစ်ရပ်နဲ့ အားဆယ်ပါးကို စံထားပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို မမွေးဖို့ မမေ့ပါနဲ့ကွာ။

**သက်ထူး** ဟုတ်ကဲ့ ကျွန်တော်ပြောင်းပါ့မယ်။ လူပျိုလူလွတ်တစ်ယောက်အနေနဲ့ တာဝန်မကြီး

ပါဘူး ဗိုလ်မှူး၊ ကျွန်တော်က ကဗျာသမား၊ စာပေသမားဆိုတော့ ပင်လယ်ရဲ့ သဘာဝ အလှတွေကိုလည်း လေ့လာချင်ပါတယ်။

**ဗိုလ်မှူး** ပင်လယ်အလှတင် မကဘူး။ တို့နိုင်ငံသား ဆလုံလူမျိုးတွေရဲ့ သဘာဝနဲ့ အလှကိုပါ မင်း မြင်ရမှာပါ။ အခုမင်းသွားရမယ့် ဇာဒပ်ကြီး ကျွန်းနားမှာ တလွန်းဆိုတဲ့ ဆလုံရွာလေး တစ်ရွာရှိတယ်။ တို့တပ်ကပဲ ပြုစုပျိုးထောင် စောင့်ရှောက်ထားတဲ့အတွက် နေရေး၊ စားရေး၊ ဝတ်ရေးမှအစ တော်တော်တိုး တက်နေပါပြီ။ ရွာက ဘုန်းကြီးကျောင်းကို လည်း တို့တပ်ကပဲ ဆွမ်းပို့နေတာ၊ ကျေး လက်ဆေးခန်းလည်း ရှိတယ်။ အဲဒီရွာက ဦးစတီး ဆိုတဲ့သူကို တို့တပ်က ရွာလူကြီး ခန့်ထားတယ်။ သူက ပသျှူးကွ၊ ဆလုံမနဲ့ အိမ်ထောင်ကျပြီး အဲဒီကျွန်းမှာ နေတာကြာ ပြီ၊ မြန်မာစကားလည်း ကျွမ်းတယ်။ ငါလည်း စာရေးပေးလိုက်ပ့ါမယ်။ အားတဲ့အချိန်တွေ သွားလည်ပေ့ါကွာ၊ ငါနဲ့က သိပ်ခင်ကြတာ။

**သက်ထူး** ဗိုလ်မှူးပြောတာနဲ့ ကျွန်တော်က အခုက ချက်ချင်းတောင် ထသွားချင်ပြီ။ အဲဒီရွာမှာ စာသင်ကျောင်းရောရှိသလား ဗိုလ်မှူး။



**ဗိုလ်မှူး** စာသင်ကျောင်းရယ်လို့ သီးသန့်တော့ မရှိ သေးဘူးကွာ၊ အိမ်ခြေကနည်းသေးတာကိုး၊ ဘုန်းကြီးကျောင်းမှာ တို့တပ်က ဆရာတစ် ယောက်ငှားပြီး ကလေးတွေကို စာသင်ပေး နေတယ်။ မင်းရောက်သွားရင် တွေ့မှာပါ။ နောင်တော့လည်း စာသင်ကျောင်း ပေါ်လာ မှာပေ့ါ။

**သက်ထူး** ဟုတ်ကဲ့ ဗိုလ်မှူး၊ ပညာရေး မိုးနည်းရပ်ဝန်း အတွက် ပညာရေးအလင်း တံခါးတွေ ဖွင့် ပေးဖို့လည်း ကျွန်တော် ဝါသနာပါပါတယ်။ အားတဲ့အချိန်မှာ ကလေးတွေကို သွားပြီး စာကူသင်ပေးပ့ါမယ်။

**ဗိုလ်မှူး** ဆရာသက်ထူးရဲ့ စကားတွေကြားရတာ အားရတယ်ကွာ၊ ကဲ ဒါပါပဲကွာ၊ ဆရာသက် ထူးတစ်ယောက် ဆလုံလူမျိုးတို့ရဲ့ သဘာဝ အလှကြားမှာ ပျော်မွေ့နိုင်ပါစေလို့ ငါဆု တောင်းလိုက်ပါတယ်။

**သက်ထူး** (အလေးပြုလိုက်စေ)

**(မီးပိတ်)**

## အခန်း (၇)

**နေရာ** ဒေါ်သန်းရီအိမ်။

**အချိန်** နေ့။

**အခမ်းအနား** အခန်း (၃) အတိုင်း။

**မီး** နေ့အလင်းရောင်။

**အသံ** စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ** (၁) ဒေါ်သန်းရီ
(၂) ဒေါ်အေးတင်

**ဇာတ်ညွှန်း** ထူးအောင် ဆရာဝန်ဖြစ်သွားပြီး ဆေးခန်းဖွင့်ထားသည့်အကြောင်း ဒေါ်သန်းရီက ပြောရမည်။ ဒေါ်အေးတင်က မြဟန်နှင့် ငွေးကိုတို့ ဆေးအမှုနှင့် ထောင်ကျသွားကြသည့်အကြောင်းများ အပြန်အလှန် ပြောကြစေ။

**(မီးဖွင့်)**

(ဒေါ်သန်းရီနှင့် ဒေါ်အေးတင်တို့သည် ဆက်တီကုလားထိုင်တွင် ထိုင်၍ ရေနွေးကြမ်း သောက်နေကြရမည်။)

**ဒေါ်သန်းရီ** (ဝမ်းသာအားရဖြင့်) မအေးတင်ကို ပြောရဦးမယ်။ သားကြီးက ဆရာဝန်ဖြစ်သွားပြီ





လေ။ အခု အခန်းလည်း ဖွင့်ထားတယ်တဲ့။ ဟိုတလောက စာလာတယ်။

**ဒေါ်အေးတင်** ဟယ်၊ ဟုတ်လား။ ဝမ်းသာလိုက်တာ မသန်းရီကလည်း ဆရာဝန်ရဲ့အမေပေါ့နော်၊ ကဲ ဘယ်လောက်ဂုဏ်ရှိလိုက်သလဲ။ ဒီသတင်း အရပ်ထဲ လှည့်ပြောလိုက်ရဦးမယ်။

**ဒေါ်သန်းရီ** သားကြီးက အဲဒီလို ထွန်းပေါက်လာမယ်ဆိုတာ အစောကြီးထဲက ငါသိတယ်။ သူက သူငယ်ချင်းအပေါင်းအသင်းလည်း မထားဘူး။ အရပ်ထဲက လူမှုရေးကိစ္စတွေကိုလည်း အလေးမထားဘူး။ အို ယုတ်စွအဆုံး သာရေး၊ နာရေးတောင် သူစိတ်မဝင်စားဘူးလေ။ သူ့လောကမှာ ကျောင်းစာပဲ၊ သူ့ရည်မှန်းချက်ကို ရောက်အောင်သွားတယ်။ ဘဝရေဆန်ကို ဆန်တက်ပြီး တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ လူစားမျိုးဟဲ့၊ အခုတော့ ပန်းတိုင်ရောက်သွားပြီလေ။ ဟိုကောင်နဲ့က တခြားစီ။

**ဒေါ်အေးတင်** ဟိုကောင်ဆိုလို့ သားလေး သက်ထူးတစ်ယောက်သတင်း ဘာကြားသေးသလဲ၊ ရွာက ထွက်သွားတာ ခြောက်နှစ်လောက်ရှိပြီနော်။

ဒီကောင်လေးနဲ့နော် ရွာကို ခြေဦးတောင် လှည့်မလာဘူး။ နေနိုင်လိုက်တာ။

**ဒေါ်သန်းရီ** ဒီကောင့်အကြောင်းတော့ မေးမနေစမ်းပါနဲ့ အေ။ ဆယ်တန်းတဘုံးဘုံးကျပြီး အိပ်မကပ်ချင်တဲ့ အကောင်၊ ဂစ်တာ တဒေါင်ဒေါင်နဲ့ ဘယ်ရောက်ရောက် သူ့အကြောင်းလည်း ဘာမှ မသိချင်ဘူး။ ကြားလည်း မကြားချင်ဘူး။ နားခါးလွန်းလို့ပါ မအေးတင်ရယ်။ ပြောမနေစမ်းပါနဲ့။

**ဒေါ်အေးတင်** ဒီလို မပြောပါနဲ့ မသန်းရီရယ်၊ မွေးထားတာမှ နှစ်ယောက်တည်း မဟုတ်လား။ ကောင်းကောင်းဆိုးဆိုး သားက သားပဲပေ့ါ။ ကျုပ်ကတော့ သက်ထူးကို ချစ်တယ်တော့။ ဘာကြောင့်လည်းဆိုတော့ ဒီကောင်လေးက ရပ်ရေး၊ ရွာရေးမှာ အရာရာပါတယ်။ လူမှုရေး သိပ်တော်တာ။ လူတစ်ဖက်သားကို ကူညီချင်စိတ်က ရှိသေးတယ်။ စာမေးပွဲကျတာပဲ အပြစ်ပြောစရာရှိတာပါအေ။

**ဒေါ်သန်းရီ** ညည်းကလည်းအေ၊ ချီးမွမ်းစရာမရှိကြံဖန်ပြီး ချီးမွမ်းနေတာ။ ငါမအေကတောင် ပြတ်နိုင်သေးတာ။ ညည်းမို့လို့ သတိရတယ်။ အခုလောက်ဆို လူ့လောကမှာ ရှိသေးရဲ့လား မသိဘူး။ မြေကြီးထဲပဲ ရောက်ပြီလား။ ထောင်ထဲပဲ ရောက်နေပြီလားပဲ။



**ဒေါ်အေးတင်** ထောင်ဆိုလို့ ပြောရဦးမယ် မအေးတင်ရေ၊ ရွာအနောက်က မြဟန်နဲ့ ဌေးကိုကို ညည်း သိတယ်မဟုတ်လား။

**ဒေါ်သန်းရီ** ဟိုတမြန်နှစ်က ကျောင်းထုတ်ခံရတဲ့ ကောင်တွေ မဟုတ်လား။ မသိဘဲနေပါ့မလားအေ။ အရပ်ကလည်းသိ၊ ကွင်းကသိတဲ့ လူမိုက်တွေ အော်ကြောလံတွေလေ၊ ဘာသာတရားလည်း နားမလည်တဲ့ ကောင်တွေပဲ သိတာပေ့ါ။

**ဒေါ်အေးတင်** ဟုတ်ပါရဲ့ရှင်၊ မြို့တက်ပြီး မူးယစ်ဆေးဝါး သုံးကျတယ်ဆိုလား၊ ရောင်းကြတယ်ဆိုလား။ အခုတော့ မိသွားလို့ ထောင်ကျသွားကြပြီတဲ့။ ကဲ ကျမလဲ ပြန်ဦးမယ်။ နောက်မှ အေးအေးဆေးဆေးလာမယ်နော်။

**ဒေါ်သန်းရီ** တော်တော်မိုက်တွင်းနက်တဲ့ဟာတွေ တစ်မျိုးသားလုံး လူညွန့်တုံးရတဲ့ကိစ္စမျိုး သူတို့မို့လို့ လုပ်ကြတယ်။ ငရဲအိုးထဲ ဇောက်ထိုးကျကြပေါစေတော်။

**(မီးပိတ်)**

## အခန်း (၈)

**နေရာ** ဘုန်းကြီးကျောင်းအတွင်းဆောင်။
**အချိန်** နံနက်။
**အခမ်းအနား** ဘုန်းကြီးကျောင်းအတွင်းဆောင် အပြင်ဆင်တွင် ဘုရားစင်၊ ထမင်းစားပွဲဝိုင်းနှင့် သောက်ရေအိုးစင်ကို သင့်သလိုထားရမည်။
**မီး** နံနက်အလင်းရောင်။
**အသံ** စကားပြောသံများ ပီသရမည်။၏
**ပါဝင်သူများ** (၁) ဆရာတော် ဦးနန္ဒိယ
(၂) သက်ထူး
(၃) လေခါ
**ဇာတ်ညွှန်း** ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်လာပို့သော သက်ထူးနှင့် သစ်သီးလာကပ်သော လေခါ တို့ရင်းနှီးသွားကြစေ။

**(မီးဖွင့်)**

(သက်ထူးသည် ဆရာတော်အား ကန်တော့လိုက်ရမည်။)

**ဆရာတော်** ဒကာလေးက၊ တပ်ကို ပြေးလာတာ မကြာသေးဘူး ထင်တယ်။





**သက်ထူး** မှန်ပါဘုရား။ ပြီးခဲ့တဲ့ အပတ်က ပြောင်းလာတာပါဘုရား။

(လေးခါသည် သစ်သီးဗန်းဖြင့် ဝင်လာပြီး ဆရာတော်အား ကပ်လှူစေ)

**ဆရာတော်** ဟော ဒကာမလေးလာ။ ငှက်ပျောသီးတွေက တယ်ကောင်းပါလား။
**လေခါ** မှန်ပါ။ အိမ်မှ စိုက်ထားတဲ့အပင်ကပါ ဘုရား။
**ဆရာတော်** အေး အေး၊ သာဓုကွယ်၊ သာဓု၊ သာဓု၊ ဒီဒကာလေးက တပ်ကိုပြောင်းလာတာ မကြာသေးဘူးတဲ့ (လေခါသည် သက်ထူးကို တစ်ချက်လှမ်းကြည့်လိုက်ရသည်။)ကဲ ဒကာလေးနာမည် ဘယ်လိုခေါ်သလဲ။
**သက်ထူး** သက်ထူးပါ ဘုရား။
**ဆရာတော်** ကောင်းပြီ တကာလေး ကိုသက်ထူး၊ ဒကာလေးက မြို့ကြီးကလာတာဆိုတော့ ဒီအရပ်မှာ ပျင်းနေမှာပဲနော်။
**သက်ထူး** မှန်လှပါ။ တပ်မတော်သားဆိုတာကတော့ ပျော်တယ်၊ ပျင်းတယ်လို့တော့ မဟုတ်ပါဘူးဘုရား။ တာဝန်ကျရာအရပ်မှာ ပျော်အောင်နေရပါတယ် ဘုရား၊ တပည့်တော် ပင်လယ်ကိုလည်း စိတ်ဝင်စားပါတယ်။ မပျင်းပါဘူး

ဘုရား။ နောက်ပြီး ပင်လယ်ပျော်ဆလုံလူမျိုးတွေရဲ့ ဓလေ့ကိုလည်း လေ့လာချင်တာနဲ့ အတော်ပါပဲဘုရား။

**ဆရာတော်** ကောင်းတာပေါ့။ ဒကာလေးရယ်၊ မိမိနေတဲ့ အရပ်ဆိုတာ ပရိရှုပပဲပေါ့။ ကျောင်းကို ဆွမ်းလာပို့ရင်း ဟောဒီက တလွန်းရွာထဲလည်း သွားလည်နော်။ မြို့ကြီးလိုတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒကာကြီးသိချင်တဲ့ ဆလုံတွေရဲ့ဓလေ့ကို သိရတာပေါ့လေ။ ကိုယ့်တိုင်းရင်းသားတွေရဲ့ ဓလေ့ကို သိရတာလဲ ဂုဏ်ယူစရာပဲ မဟုတ်လား။ ကိုယ့်မြေ၊ ကိုယ့်ရေမှာနေကြတာဆိုတော့ လေ့လာသင့်ပါတယ်လေ။

**သက်ထူး** မှန်ပါ။ တပည့်တော် သွားလည်ပါ့မယ်ဘုရား။ အဲဒီရွာမှာ ဦးစတီးဆိုတာ ရှိတယ်လို့ပြောတယ်။ ဗိုလ်မှူးသက်အောင်ကလည်း စာရေးပေးလိုက်ပါတယ်။ နောက်ပြီး တပည့်တော် စုံစမ်းပြီးသွားပါ့မယ် ဘုရား။

**ဆရာတော်** စုံစမ်းစရာမလိုပါဘူး ဒကာလေးရယ်။ ဟောဒီ ဒကာမလေးက လေခါတဲ့။ ဒကာလေး တွေ့ချင်တဲ့ ဦးစတီးရဲ့ သမီးပဲ၊ အပြန်တခါလည်း လိုက်သွားရင် အဆင်ပြေပြီပေါ့။



**သက်ထူး** မှန်ပါဘုရား။ တပည့်တော် လိုက်သွားပါ့မယ်။

**လေခါ** တပည့်တော်လည်း ပြန်ပါဦးမယ် ဘုရား၊ ဦးတင်ပါတယ်။

(လေခါသည် ဆရာတော်အား လက်အုပ်ချီကန်တော့စဉ် သက်ထူးကလည်း တပြိုင်တည်း ကန်တော့စေ)

**ဆရာတော်** ကဲ၊ ဒကာ၊ ဒကာမလေးတို့ စိတ်ဓာတ်အစဉ် ကြည်လင်အေးမြ၊ ချမ်းသာသုခ ရကြပြီး ကောင်းကြိုးချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေ။

**သက်ထူး+လေခါ**ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား။

(သက်ထူးသည် လေခါကို လက်ဆွဲ၍ ဝင်သွားစေ)

**(မီးပိတ်)**

## အခန်း (၉)

**နေရာ** ဆေးခန်း။

**အချိန်** ညနေ။

**အခမ်းအနား** အခန်း (၅)အတိုင်း။

**မီး** ပုံမှန်။

**အသံ** စကားပြောများ ပီသရမည်။

**ပါဝင်သူများ** (၁) ထူးအောင်
(၂) ကျော်ဗလ
(၃) နှင်းရည်ဝင်း

**ဇာတ်ညွှန်း** နှင်းရည်ဝင်းသည် ထူးအောင်အား မွေးနေ့အထိမ်းအမှတ်ကျွေးရန် လာရောက်ဖိတ်ခေါ်စေ။

### (မီးဖွင့်)

(ထူးအောင်နှင့် ကျော်ဗလတို့သည် ဆေးခန်းပိတ်ရန် ပစ္စည်းများ သိမ်းနေကြရမည်။)

**နှင်းရည်ဝင်း** (ဆေးခန်းသို့ ရောက်လာပြီး) ဟော၊ ဆရာတပည့်တွေ ဆေးခန်းပိတ်တော့မယ် ထင်တယ်။





**ထူးအောင်** ဪ ဟုတ်ကဲ့၊ ပိတ်တော့မယ်လေ။ မနှင်းရည်ဝင်း ဘယ်ကလှည့်လာတာလဲ။ ကျွန်တော် ဘာကူညီရမလဲပြောပါ။

**နှင်းရည်ဝင်း** ဒေါက်တာဆီပဲ ဝင်လာတာ။ ဟိုနေ့က မပြောမိလိုက်ဘူး။ ဒီနေ့ နှင်းရည်မွေးနေ့၊ အဲဒါ ကျွေးချင်လို့ လာဖိတ်တာ၊ လိုက်မယ် မဟုတ်လား။

**ထူးအောင်** အားနာစရာကြီးဗျာ။ မွေးနေ့လက်ဆောင် မပေးဘဲနဲ့ ကျွန်တော်လိုက်မစားချင်ဘူး။

**နှင်းရည်ဝင်း** အာစရိကလည်းဗျာ၊ မွေးနေ့လက်ဆောင်ဆိုတာ ပစ္စည်းအထုပ်အထည်ပေးမှ မဟုတ်ပါဘူး။ ဟုတ်တယ်မဟုတ်လား မနှင်းရည်ဝင်း။

**ထူးအောင်** ဟုတ်တာပေါ့။ ကိုကျော်ဗလရဲ့။

**ကျော်ဗလ** ဒီတော့ အာစရိရယ်၊ မနှင်းရည်ဝင်း ကျွေးချင်တဲ့နေရာကို လိုက်သွား၊ လက်ဆောင်ကိစ္စကကျွန်တော့် တာဝန်ထား၊ မနှင်းရည်ဝင်းကရော ဘာကျွေးမှာလဲ။ ကျွန်တော်က ဆရာ့အကြိုက်ကို သိတယ်နော်။

**နှင်းရည်ဝင်း** ထမင်းလိုက်ကျွေးမလားလို့။

**ကျော်ဗလ** (အမူအရာဖြင့်) ရှိုးနေပြီ။

**နှင်းရည်ဝင်း** ဒါဆိုရင် ဒင်းဆန်းရော။

**ကျော်ဗလ** ရိုးနေပြီ။

**နှင်းရည်ဝင်း** ဒါဆိုလည်း ဂျေရိုးနတ်။

**ကျော်ဗလ** ရိုးနေပြီ။

**နှင်းရည်ဝင်း** ကျွန်မဒေါက်တာကြိုက်တာကို မသိတော့ဘူး။

**ကျော်ဗလ** ကဲ အာစရိ၊ အပြင်ရောက်မှ တိုးတိုးလေး ကပ်ပြောလိုက်၊ အခုလောလောဆယ် မွေးနေ့လက်ဆောင်ပေးလိုက်တော့။

**ထူးအောင်** ကျော်ဗလကလည်းကွာ၊ မင်းလည်းသိသားနဲ့ ဘာမှမဝယ်ရသေးဘူးလေ။ အခုမှ သိတဲ့ကိစ္စ၊ ဘာနဲ့သွားပေးရမှာလဲ။

**ကျော်ဗလ** ဟောဒီ နှုတ်ဖျားလေးက တစ်သက်လုံးစွဲသွားမယ့် စကားလက်ဆောင်ပေးလိုက်၊ အာစရိပေးလာမယ့် လက်ဆောင်ကို ဟောဒီလို မနှင်းရီဝင်းက လက်ဖြန့်ပြီးခံထား၊ ကဲ ပြောတော့။ (နှင်းရည်ဝင်း လက်ဖြန့်ထားစေ)

**ထူးအောင်** ဟေ့ကောင် ဘာပြောရမှာလဲ။ မင်းကလည်းကွာ၊ ငါတော့ နားမလည်ဘူး။

**ကျော်ဗလ** နှစ်လုံးတည်း အာစရိရယ်။ ကျွန်တော် သင်ပေးရမလား။

**ထူးအောင်** ကဲ မင်းသင်ပေးတဲ့အတိုင်း ငါပြောမယ်၊ ဒီနေရာမှာ မင်းက ငါ့ဆရာပေါ့ကွာ။



**ကျော်ဗလ** ချစ်တယ်။

**ထူးအောင်** ချစ်တယ်။

**ကျော်ဗလ** ကဲ မနှင်းရည်ဝင်းက လက်ခံလိုက်ပြီဆိုတော့ ပြီးပြီ။ အိုင်တီခေတ်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ကမ္ဘာကြီးတောင် ရွာလေးတစ်ရွာဖြစ်သေးတာ၊ ချစ်တယ်ဆိုတာလည်း စကားနှစ်လုံးတည်းနဲ့ ပြီးပြီပဲ၊ အချိန်ကုန်ခံနေစရာမလိုပါဘူး။ ပွဲသိမ်းသွားပြီ၊ မနှင်းရည်ဝင်းကလည်း အိမ်ကို ဆရာဝန်ပင့်တဲ့အတွက် ပိုက်ဆံပေးစရာ မလိုတော့ဘူး။ ကျွန်တော်တို့လည်း ဆိုင်က ထမင်းချိုင့်ဆွဲရတဲ့ဒုက္ခ ငြိမ်းသွားပြီ။ ကဲ ကျွန်တော်လည်း မနှင်းရီဝင်း မွေးနေ့ကို လိုက်ကပ်စားဖို့ အဝတ်အစားဝင်လဲလိုက်ဦးမယ်။ (ကျော်ဗလ ဝင်သွားစေ)

**နှင်းရည်ဝင်း** အို ကျွန်မရှက်လိုက်တာ ဒေါက်တာရယ်၊ ဒေါက်တာက ဘာပြုလို့ လိုက်ပြောရတာလဲ။ ကိုကျော်ဗလ ဘာတွေ ဒါရိုက်တာ လုပ်သွားမှန်း မသိဘူး။

**ထူးအောင်** သိတာ၊ မသိတာ နောက်မှ စဉ်းစားတော့၊ လောလောဆယ် ထမင်းစားချင်ပြီ၊ ဘယ်လိုစီစဉ်မှာလဲ မနှင်းရည်ဝင်း၊ တကယ့်ကို ဆာနေပြီနော်။

**နှင်းရည်ဝင်း** ကဲ ကိုကျော်ဗလမသိအောင် ကျွန်မတို့နှစ်ယောက် အသံမပေးဘဲ သွားစားကြမယ်။ လာ။

(ထူးအောင် နှင်းရည်ဝင်းလက်တွဲပြီး ဝင်သွားစဉ် ကျော်ဗလသည် တိုက်ပုံအင်္ကျီနှင့် ပုဆိုမပါဘဲ ထွက်လာစေ)

**ကျော်ဗလ** တို့လဲလိုက်မယ် ချန်မထားနဲ့ ဟောဗျ။ ပုဆိုးပါမလာဘူး။ (ရုပ်ခံ)

**(မီးပိတ်)**

## အခန်း (၁၀)

**နေရာ** ဆလုံရွာ။

**အချိန်** နေ့။

**အခင်းအနား** နောက်ခံပင်လယ်ရေပြင် ပန်းချီကားရှေ့တွင် ခြေတံရှည်တဲအိမ်တစ်လုံး ထားရှိရမည်။ တဲအိမ်ဝန်းကျင်တွင် ကျောက်တုံး ကျောက်ဆောင်ကဒ်တင်များရှိရမည်။

**မီး** ပုံမှန်။

**အသံ** နောက်ခံပင်လယ်ရေလှိုင်းသံနှင့် လေတိုက်သံ ခပ်ပါးပါးပေးထားရသည်။ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ** (၁) သက်ထူး
(၂) လေခါ
(၃) ဦးစတီး

**ဇာတ်ညွှန်း** သက်ထူးသည် ဦးစတီးနှင့် ဆလုံလူမျိုးတို့၏ စီးပွားရေးကို မေးပြီး နယ်စပ်တွင် ပစ္စည်းသွားရောင်းရာသို့ အတူလိုက်မည့်အကြောင်း ပြောကြစေ။

**(မီးဖွင့်)**

(ဦးစတီး၏တဲရှေ့သို့ သက်ထူးရောက်လာရမည်။)

**သက်ထူး** ဦးစတီး နေကောင်းရဲ့လား။

**ဦးစတီး** ကောင်းတယ်ဆရာလေး၊ လမ်းလျှောက်လာတာလား။

**သက်ထူး** ဟုတ်ကဲ့၊ ဘုန်းကြီးကျောင်းမှာ ဆွမ်းလာပို့ရင်း၊ ဒီဘက်ကို လျှောက်လာခဲ့တာပါ။ လေခါရှိသလား။

**ဦးစတီး** ရှိပါတယ်၊ အိမ်ပေါ်မှာ ဟင်းချက်နေတယ်။ အနိုင်း သမီးရေ၊ ဆရာလေး လာတယ်ဟေ့။

(လေခါ အိမ်ပေါ်မှ လှေခါးဖြင့် ဆင်းလာစေ)

**လေခါ** ကိုသက်ထူးရောက်လာတာနဲ့ အတော်ပဲ၊ ထမင်းစားပြီးမှ ပြန်နော်။

**ဦးစတီး** ဟုတ်သားပဲ ဆရာလေးရယ်၊ အေးအေးဆေးဆေးပေါ့။ သမီးလက်ရာ စားသွားဦး။

**သက်ထူး** ဟုတ်ကဲ့၊ ကျွန်တော်ဆလုံထမင်းဟင်းကို စားဖူးအောင် စားပြီးမှ ပြန်ပါ့မယ်။ ဒါနဲ့ ဦးစတီးတို့ ဆလုံလူမျိုးတွေက ဘယ်တွေ လုပ်စားကြသလဲ။ ကျွန်တော် ဗဟုသုတရချင်လို့ပါ။

**ဦးစတီး** ဆရာလေးသိချင်တော့လဲ ပြောရတာပေါ့လေ။ ကျွန်တော်တို့ ဆလုံတွေဟာ ရေငုတ်ကျွမ်းကျင်တော့ ပင်လယ်အောက်က ပစ္စည်းတွေနဲ့ပဲ ရှာဖွေစားသောက်ကြတယ်။ သဘာဝ ပုလဲရယ်၊ စေတီခရုရယ်၊ မျှော့အဖြူရယ် အဲဒါတွေကတော့ အဓိကပဲ၊ တစ်ခါတစ်လေ ကျောက်တောင်တွေပေါ်က ငှက်သိုက်ရတယ်။ အဲဒီပစ္စည်းတွေကို နယ်စပ်ကုန်သည်တွေက သိပ်ကြိုက်တယ်။ အခု မီးဖိုပေါ်မှာ တင်ပြီး မီးပြအချောက်ခံထားတာက မျှော့အဖြူလေ (သက်ထူး သေသေချာချာ ကိုင်ကြည့်စေ)

**သက်ထူး** ပုလဲနဲ့ စေတီခရုက ရေအောက်က ငုတ်ယူရတာလား။

**ဦးစတီး** ဟုတ်ပါတယ်။ ဆလုံတွေက ရေငုတ်ကျွမ်းကျင်တယ်လေ။ ဟိုးအရင်တုန်းကတော့ အလွတ်ငုတ်တာ။ အခုတော့ ရေငုတ်ကရိယာပါလာပြီ။ ခေတ်မှီလာတဲ့ သဘောပေါ့လေ။ ဒါပေမယ့် ရေထဲမှာ ကျွမ်းကျင်မှ ပုလဲတို့၊ စေတီခရုတို့ရတာ။

**သက်ထူး** အဲဒီပစ္စည်းတွေကို ဘယ်နှစ်ရက်လောက် စုပြီးမှ သွားရောင်းရသလဲ။

**ဦးစတီး** ပစ္စည်းရတဲ့အပေါ် မူတည်ပါတယ်။ အလွန်ဆုံးတစ်ပတ် ဆယ်ရက်ပေါ့။ ဒီတစ်ခါ သွား

ရောင်းရင် ဆရာလေး လိုက်ခဲ့ပါလား။ ဘီယာ ကောင်းကောင်း တိုက်ပါ့မယ်။

**သက်ထူး** ကျွန်တော့်အတွက် ငွေအကုန်မခံပါနဲ့ ဦးစတီး၊ ကျွန်တော်ဘီယာ မသောက်ပါဘူး။ လိုက်ကြည့်ရရင် ကျေနပ်ပါပြီ။ ဘွန်အိုး၊ ဗဟုသုတပေါ့။

**ဦးစတီး** ဆရာလေးက ကျေးဇူးတင်တဲ့စကားကို ဆလုံလိုဘွန်းအိုးဆိုပြီး ပြောတတ်နေတတ်ပါလား။ ဆလုံစကားကို စိတ်ဝင်စားတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်က ပိုက်ဆံမကုန်ဘူး ဆရာလေး၊ သူတို့က ညှော့်ခံတာပါ။ ဟိုကျရင် ဆရာလေးတွေ့လိမ့်မယ်။ ကဲ ကျွန်တော် ဟိုဘက်လမ်းကို သွားပြီး မနက်ဖြန်ပုလဲငုတ်ဖို့ လူတွေသွားချိန်းလိုက်ဦးမယ်နော်။ လေခါနဲ့ စကားပြောဦး။

(ဦးစတီး ဝင်သွားစေ)

**သက်ထူး** ဟုတ်ကဲ့၊ ဦးစတီး။

**လေခါ** ကိုသက်ထူး။

**သက်ထူး** ဘာလဲ ကော်နန်း။

**လေခါ** ဟယ်။ ကော်နန်းလို့ ပြောလိုက်တယ် ဟုတ်လား။



**သက်ထူး** ဟုတ်တယ် လေခါ။

**လေခါ** ကိုသက်ထူးက ကော်နန်းဆိုတဲ့ ဆလုံစကားရဲ့ အဓိပ္ပာယ်ကို သိလို့လား။

**သက်ထူး** မသိဘူးလေ။ ပါးစပ်ထဲမှာ ပေါ်လာတာကို ပြောလိုက်တာ။ အဓိပ္ပာယ်က ဘာတဲ့လဲ လေခါ။

**လေခါ** အဖြေရခက်လိုက်တာ၊ ကိုသက်ထူးရယ်။ ဘယ်လိုပြောရမလဲ။

**သက်ထူး** အဲဒီစကားရဲ့အဓိပ္ပာယ်က တော်တော်ရိုင်းလို့လား။

**လေခါ** ရိုင်းလို့တော့ မဟုတ်ပါဘူး။ အပြောရခက်နေလို့။

**သက်ထူး** လေခါအပြောရခက်နေရင်၊ တခြားလူတွေကို ကျွန်တော်သွားပြောကြည့်မယ်နော်၊ အဓိပ္ပာယ်သိရတာပေါ့။

**လေခါ** မပြောနဲ့ မပြောနဲ့ ပြဿနာတက်တော့မှာပဲ။

**သက်ထူး** ဒါဆိုလည်း အဓိပ္ပာယ်ပြောပြလေ။ ဒါမှ ကျွန်တော်က ဆင်ခြင်တတ်မှာပေါ့။

**လေခါ** ခက်တာပဲ ကိုသက်ထူးရယ်၊ မပြောလို့ကလည်း မဖြစ်တော့ဘူး။ သူများတွေကို သွားခေါ်မိရင်အခက်၊ ဆလုံကို ကော်နန်းဆိုတာက သမီးရည်းစားတဲ့၊

**သက်ထူး** ဒါဆို၊ လေခါကို ကျွန်တော်က ရည်းစားလို့ ခေါ်လိုက်မိတာပေ့ါနော်။ အားနာလိုက်တာ၊ တောင်းပန်ပါတယ်လေခါ။ ကျွန်တော်ရှေ့ဆက်ပြီး ဆလုံစကားကို ဘာမှ မပြောတော့ပါဘူးဗျာ။ ပါးစပ်ပိတ်ထားလိုက်ပြီ။

**လေခါ** မဟုတ်သေးဘူးလေ။ အပေါင်းကကို သက်ထူးနဲ့ စကားပြောဦးလို့မှာ သွားတယ် မဟုတ်လား။ ပြောသင့်တာတော့ ပြောပေ့ါ။

**သက်ထူး** အပေါင်းဆိုတာက ဘာအဓိပ္ပယ်လဲ။

**လေခါ** အပေါင်းဆိုတာက ဆလုံကို အဖေလို့ခေါ်တာ၊ ကဲပါ ကိုသက်ထူးရယ်၊ မသိလို့ပြောတာဘဲ လေခါ ခွင့်လွှတ်ပါတယ်။

**သက်ထူး** သိလို့ပြောတယ်ဆိုရင်ရော။

**လေခါ** လေခါ မဖြေတတ်ဘူး။ တခြားစကားတွေ ပြောပေ့ါ။ ဆလုံစကားတွေက အများကြီး ရှိသားပဲ။

**သက်ထူး** ကျက်ထားတဲ့ ဆလုံစကားကလည်း ကုန်ပြီ။ ပြောစရာတွေတော့ ရှိတယ်။ မသင်ရသေးတော့ ဘယ်လိုပြောရမလဲလို့ စဉ်းစားနေတာ။

**လေခါ** ချစ်တယ်လို့ ပြောချင်တာ မဟုတ်လား။ ကိုသက်ထူး စိတ်ထဲက ဖြစ်နေတာကို သိပါ



တယ်။ လေခါတို့ ဆလုံတွေက ပွင့်လင်းတယ်နော်။ ညာမပြောနဲ့ ကိုသက်ထူး။ နတ်မကြိုက်ဘူး။ ရွာထိပ်မှာ နတ်တိုင်တွေ့တယ် မဟုတ်လား။

**သက်ထူး** ဟုတ်၊ ဟုတ်တော့၊ ဟုတ်ပါတယ်။ ဟို၊ ဟိုလေ။

**လေခါ** ဟိုမနေနဲ့ လေခါသိတယ်။ ကိုသက်ထူးနဲ့ ဘုန်းကြီးကျောင်းမှာ စတွေ့တယ်။ ဆရာတော်ကို ကန်တော့ပြီးအပြန်မှာ လေခါလက်ကို ဘာလို့ ကိုင်ထားတာလဲ။ ကဲ မှန်မှန်ပြော၊ ဒါမှ နတ်ကြိုက်မှာနော်။

**သက်ထူး** အဲဒါ ဆရာတော် ဦးနန္ဒိရဲ့စကားကို နားထောင်တာလေ။ ဆရာတော်က အပြန်ကျရင် လေခါနဲ့ တစ်ခါတည်း လိုက်သွားလို့ မိန့်လိုက်တယ် မဟုတ်လား၊ ရွာထဲမှာ မသွားတတ် မလာတတ်ဖြစ်ပြီး မျက်စေ့လည်နေမှာစိုးလို့ လေခါရဲ့ လက်ကလေးကို ဟောဒီလို ကိုင်လိုက်တာ။

**လေခါ** အော်၊ ဒါဆို အခု ကိုင်လိုက်တာကရော ပြောလေ။

**သက်ထူး** လေခါကို လက်ထပ်ချင်လို့။

**လေခါ** ဟောတော့၊ ကိုရွှေဗမာက အခုတော့လည်း ဆလုံတွေထက် ပွင့်လင်းပါလား။ အဆင့် တွေကလည်း ကျော်လိုက်တာ၊ ရီးစားတောင် မဖြစ်ရသေးဘူး။ လက်ထပ်ခွင့်တောင်းပြီ။

**သက်ထူး** ကဲ ဘယ်လို သဘောရသလဲ။ လေခါ။ ကိုယ့်ဘဝရဲ့ သင်တန်းမှာ ရှင်လန်းစရာဆို လို့ လေခါတစ်ယောက်တည်းရယ်ပါ။

**လေခါ** လေခါမှာ အမေမရှိတော့တာ မဟုတ်ဘူး လေ။ အဖေနဲ့ တိုင်ပင်ပါဦးမယ်။ လေခါတို့ ဘဝက တစ်နေ့တစ်နေ့ ဒီပင်လယ်ပြင်ကြီး ကိုပဲ ကြည့်ပြီးနေရတာပါ။ မိုးကုန်လို့ ပင်လယ်ကို ထွက်ကြပြီဆိုရင်လည်း လေခါ တို့ရဲ့ ဆလုံလှေပေါ်မှာ လူရော၊ တိရစ္ဆာန် ရော အိမ်လိုပဲ နေကြရတယ်လေ။ ပင်လယ် ပြင်က သာယာနေတဲ့ အချိန်မှာတော့ လေခါ တို့ဘဝကလည်း ပျော်စရာပေါ့။ မုန်တိုင်းကျ ပြီး လှိုင်းတံပိုးတွေ ထန်လာပြီဆိုရင် ရန်ပြု လာတဲ့ မုန်တိုင်းကို အံတုပြီး ဘဝကို ရုန်းကန်ကြရတာပဲ။ ဒီတော့ လေခါတို့ဘဝ က ကြမ်းတမ်းပြီး ဆင်းရဲလှပါတယ် ကိုသက် ထူးရယ်။ လေခါကို ချစ်တယ်ဆိုတာလည်း



တကယ်ပြောတာလားလို့ ကိုသက်ထူးဘက် က စဉ်းစားပါ။ လေခါလည်း အဖေ့သဘော ကို သိချင်သေးတယ်။ ကဲ ထမင်းခူးလိုက်မယ် နော်။ ကိုသက်ထူး ထမင်းစားပြီးမှပြန်ပေ့ါ။

**သက်ထူး** ကျွန်တော် မစားတော့ဘူး လေခါ။

**လေခါ** ဟင်၊ ဘာဖြစ်လို့လဲ၊ စောစောကတော့ ဆလုံထမင်းဟင်းကို စားပြီးမှ ပြန်မယ်ဆို။

**သက်ထူး** ဟုတ်တယ်။ အခုတော့ ကိုယ့်စိတ်တွေ ပြောင်းသွားပြီ။

**လေခါ** ဟင် စိတ်ပြောင်းသွားပြီဆိုတော့ လေခါကို တကယ်ချစ်တာမဟုတ်ဘူးပေ့ါ။ တော်သေး တယ်။ ခေါင်းမညိမ့်မိလိုက်လို့။

**သက်ထူး** သြော်. . လေခါကလည်း ထမင်းစားဖို့ စိတ် ပြောင်းတာကို ပြောတာပါ။ လေခါနဲ့ လက်ထပ်ပြီးမှ လေခါချက်တဲ့ ထမင်းကို စားမယ်လို့ ပြောမလို့၊ လေခါကို ချစ်တဲ့စိတ် ကတော့ ဘယ်တော့မှ မပြောင်းပါဘူးကွာ။ အမှန်ကို ဝန်ခံရရင် လေခါနဲ့ စတွေ့ပြီးထဲ က ကိုယ့်ရဲ့ခန္ဓာ နှလုံးသားထဲမှာ အချစ်ဆို တဲ့ စိတ်တွေ အရှုးအမူးဝင်ပူးကပ်နေသလိုပဲ။ ကိုယ့်အဖြစ်ကလေ အာရုံဦးကိုလည်း မသိ၊

မွန်းတည့်ချိန်ကိုလည်း မသိ၊ ဆည်းဆာချိန်ကိုလည်း မသိ၊ သန်းခေါင်ယံဆိုတာကိုလည်း မသိတော့ဘူး။ ကိုယ့်စိတ်ထဲမှာ ဖြစ်နေတာက ဖူးစာရယ်၊ မေတ္တာရယ်၊ ချစ်တာရယ်၊ ဖိတ်စာရယ်၊ အခါတော်ရယ် ဒါတွေကိုပဲ သိတော့တယ်။ ထပ်ပြီးပြောရရင် ကိုယ့်ရဲ့ နှလုံးသားထဲကို လေခါဆိုတဲ့ ဆလုံမလေးရဲ့ အချစ်ဒရစ်သွင်းလိုက်သလို ခံစားနေရတယ်။ အချစ်ရယ်၊ ဒီတော့ တိမ်ကတ္တီပါ အထက်မှာ စိန်စီအိပ်မက်ကလေးတွေနဲ့ စိတ်ကူးယဉ်နေရတဲ့ဘဝက လွတ်ချင်ပြီ။

**လေခါ** ကိုသက်ထူးစကားတွေ နားထောင်ရတာနဲ့ လေခါတောင် အချစ်ဗဟုသုတတွေ တော်တော်တိုးလာပြီ။ လေခါဆို့ ဆလုံလူမျိုးကတော့ ချစ်ရင်၊ ချစ်တယ်၊ မုန်းရင် မုန်းတယ်ပဲ ပြောတတ်တယ်။ ကိုသက်ထူးက စကားပြောသိပ်ကောင်းတယ်နော်။ နေပါဦး။ အဲဒီစကားလုံးလှလှလေးတွေကို ဘယ်လိုလုပ်ပြီး ပြောချင်စိတ်တွေ ပေါ်လာတာလဲ။

**သက်ထူး** အဲဒါကဗျာတွေ ဖတ်ပြီး ကျက်ထားတာလေ။



**လေခါ** ဟင် ဒါဆို ကိုသက်ထူး ရင်ထဲက မဟုတ်ဘူးပေါ့ သွား။

**သက်ထူး** ဩော်. . လေခါကလည်း စာတွေ ကဗျာတွေ ဖတ်ပြီး ကိုယ့်ပါးစပ်နဲ့ ပြောတော့ ကိုယ့်ရင်တွင်းဖြစ် ဖြစ်သွားတာပေါ့။

**လေခါ** ဒါဆို မနက်ဖြန်လေခါနဲ့ တွေ့ရင် ဘာတွေ ပြောဦးမှာပါလဲ။

**သက်ထူး** ညကျမှ ကဗျာတွေ ကျက်ရဦးမယ်။

**လေခါ** (စိတ်ဆိုးဟန်ဖြင့် လက်သီးနဲ့တို့) ကဲကဲ၊ သွားတော့။

**(မီးပိတ်)**

## အခန်း (၁၁)

**နေရာ** ပင်လယ်ရေအောက်။
**အချိန်** နံနက်။
**အခမ်းအနား** ရေအောက်ခန်း ပန်းချီကား။
**မီး** ပုံမှန်။
**အသံ** ရေလှုပ်သံ။
**ပါဝင်သူများ** (၁) ပန်းအောင်း
(၂) အငင်း
(၃) ဆလုံလူငယ် (၂) ဦး
(၄) ဒေါ်အေးတင်
**ဇာတ်ညွှန်း** ဆလုံလူမျိုးနှစ်ယောက် ရေအောင်ကြမ်းပြင်တွင်ရှိနေပြီး ထပ်၍ ပန်းအောင်းနှင့် အငင်းတို့နှစ်ယောက် ရေအောက်သို့ ဆင်းလာ၍ ပုလဲငုတ်နေသည့်သဏ္ဌာန်ဖြင့် သရုပ်ဆောင်ကြစေ။

**(မီးဖွင့်)**

နောက်ခံတီးလုံးအသံဖြင့်ပုလဲငုတ်ဟန်ပြကြရမည်။ ရေပေါ်သို့ပြန်တက်ချိန်တွင် အမြန် တီးလုံးဖြင့် အံကျဖြစ်ရမည်။

**(မီးပိတ်)**



## အခန်း (၁၂)

**နေရာ** ဒေါ်သန်းရီအိမ်။
**အချိန်** နေ့။
**အခမ်းအနား** အခန်း (၇) အတိုင်း။
**မီး** ပုံမှန်။
**အသံ** စကားပြောသံများ ပီသရမည်။
**ပါဝင်သူများ** (၁) ဒေါ်သန်းရီ
(၂) ထူးအောင်
(၃) နှင်းရည်ဝင်း
(၄) ဒေါ်အေးတင်
**ဇာတ်ညွှန်း** ဒေါ်သန်းရီအိမ်သို့ ထူးအောင်နှင့် နှင်းရည်ဝင်းရောက်လာကြရမည်။ ထူးအောင်က နှင်းရီဝင်းနှင့် လက်ထပ်ပြီးကြောင်း ပြောရမည်။ ဒေါ်သန်းရီအိမ်အား ရောင်းရန်ပြောပြီး ထူးအောင်တို့ဇနီးမောင်နှံက အိမ်သို့ ခေါ်သွားကြစေ။

**(မီးဖွင့်)**

(ဒေါ်သန်းရီနှင့်ဒေါ်အေးတင်တို့ စကားထိုင်ပြောနေကြရမည်။)

**ဒေါ်သန်းရီ** (ဆန်ပြာနေရာမှ) ကဲ မအေးတင် ရေနွေးကြမ်းသောက်လေ၊ ပန်းကန်ထဲမှာ အကြော်တွေရှိတယ်။ ဘယ်ပျောက်နေတာလဲ မရောက်တာတောင် ကြာပြီ။

**ဒေါ်အေးတင်** (ရေနွေးကြမ်းငှဲ့ရင်း) ထန်းတပင်ကိုလေ (၄)ရပ်ကွက်၊ ဆရာတော်ကျောင်း အသစ်ဆောက်တယ်ဆိုတာနဲ့ အလှူငွေလည်း သွားထည့်ရင်း အမျိုးတွေ အိမ်လည်းလည်ရင်း ဆိုပါတော့၊ ဆွဲထားကြတာနဲ့ ၁၀ ရက်လောက်ကြာသွားတယ်။ ဒါနဲ့စကားမစပ် သားဆရာဝန်သတင်း ဘာများကြားသေးသလဲ၊ မသန်းရီ၊ စာလာသေးလား။

**ဒေါ်သန်းရီ** လာတယ် မအေးတင်၊ မင်္ဂလာသတင်းတွေပြောချင်လို့ စောင့်နေတာ။ သားကြီးက မကြာခင် အိမ်ထောင်ပြုတော့မယ့်အကြောင်းရယ်၊ အိမ်ထောင်ပြုပြီးတာနဲ့ ငါ့ကိုလည်း တောမှာတစ်ယောက်တည်းမထားဘဲ မြို့ခေါ်ထားမယ့် အကြောင်းလည်းပါတယ်။ အိုစုံနေတာပဲအေ၊ မကြာခင်လည်း ရွာကိုလာမယ်ဆိုလား စာထဲမှာ ပါတာပဲ။

**မအေးတင်** ကြားရတာ ဝမ်းသာလိုက်တာ မသန်းရီရယ်၊ ဒါနဲ့မိန်းကလေးဘက်က ချောင်ချောင်လည်လည်ပဲတဲ့လား။



အိမ်မှာနေ ကတည်းက ကောင်းကောင်းစား၊
ကောင်းကောင်းဝတ်ပြီး နေချင်တာ
ငါ့မှာလဲ သူ့အတွက်ပဲ လုပ်နေ
တာပဲလေ။ ညည်းလည်းမြင်သား၊ ဒီတော့
အနိမ့်စားထဲက သူမှန်းမယ် မထင်ဘူး။
(ချောင်းနှစ်ချက် ဆိုးလိုက်ရမည်။)
(ထူးအောင်နှင့် နှင်းရီဝင်းတို့ တစ်ဘက်မှထွက်လာစေ)

**ထူးအောင်** အမေ

**ဒေါ်သန်းရီ** ဟော ပြောရင်းဆိုရင်းနဲ့ သားကြီးတို့တောင်ရောက်လာပြီ။ အခုပဲ သားကြီးအကြောင်း ပြောနေတာ၊ မအေးတင် သားကြီးကို ကြည့်လိုက်စမ်း၊ ဘယ်လောက်ခန့်သလဲ။ တသွေးတမွေးနဲ့။

**မအေးတင်** ဟုတ်တယ်၊ မောင်ထူးအောင်ရေ၊ မင်းအမေကတော့ နေ့ရှိသရွေ့ သားကြီးဒေါက်တာ၊ ဒေါက်တာသားကြီးဆိုပြီး တသားထဲသားနေတာ။

**ထူးအောင်** ဒေါ်လေးမအေးတင်ရော နေကောင်းရဲ့လား၊ အမေ့ဆီလာလည်တာနဲ့ တူတယ်။

**ထူးအောင်** အမေ့ကြည့်ရတာ ချောင်းဆိုးဆိုးနေတယ်

**မအေးတင်** လာလည်တာ မဟုတ်ဘူး ဆရာဝန်ကြီးရေ၊ သားအမေတစ်ယောက်တည်း ပျင်းမှာစိုးလို့ လာနေပေးတာ၊ ညကျမှပဲ ပြန်အိပ်တယ်ဆိုပါတော့။

**ထူးအောင်** ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်၊ (ဒေါ်သန်းရီဘက်သို့ လှည့်၍)ဒါ မကြာခင်က လက်ထပ်လိုက်တဲ့ ကျွန်တော့်မိန်းမလေ၊ နာမည်က နှင်းရည်ဝင်းတဲ့ သူတို့ကသားအမိ နှစ်ယောက်တည်းရှိတာ၊ သူတို့က မိုးကုတ်က၊ ခုတော့ ရန်ကုန်ပြောင်းလာကြပြီ အမေရဲ့။

**ဒေါ်သန်းရီ** ဟုတ်လား၊ သမီးက သမီးချောပဲ၊ သားနဲ့ သမီးကို တွေ့ရတာ အမေ အမောပြေသွားတာပဲ (ချောင်းဆိုးလိုက်ရမည်) ရောက်တုန်း ရောက်ခါ အမေ့အိမ်မှာ ပျော်သလောက်နေကြနော်။ မအေးတင်၊ သားနဲ့သမီးက ဘယ်လောက်လိုက်သလဲ ကြည့်စမ်း။

**ဒေါ်အေးတင်** မသန်းရီကတော့ သားသမီးကို အကျိုးပေးတယ်။ သားကလည်း ဆရာဝန်၊ ချွေးမကလည်း သူဌေး လိုက်ဖက်လဲ ညီကြတာ။ နေနဲ့လ ရွှေနဲ့မြဆိုတာ ဒါမျိုးထင်ပါရဲ့ မသန်းရီရယ်။



**ထူးအောင်** အမေ့ကြည့်ရတာ ချောင်းဆိုးဆိုးနေတယ်နော်။ အမေနေမကောင်းဘူးလား။

**ဒေါ်သန်းရီ** ကောင်းပါတယ် သားရယ်၊ အရွယ်ရလာပြီဆိုတော့လည်း ဒီလိုပေါ့၊ ဝေဒနာက ဖိစီးလာပြီလေ၊ ခရီးသွားတွေဆိုတော့လည်း သုသာန်မှတ်တိုင်က နီးလာပြီပဲ။

**ဒေါ်အေးတင်** အေး မင်းအမေကို မင်းသာကြည့်ပြီး ဆေးကုပေတော့ကွယ်၊ မင်းလည်း ဆရာဝန်ဖြစ်နေပြီပဲ၊ ဒေါ်လေးက သူ့ရောဂါကို ထန်းတပင်က ဆေးရုံကို သွားပြမလို့ ခေါ်တာမရဘူး။ သူ့သားကြီးကို ကုခိုင်းမယ်တဲ့၊ မောင်ထူးအောင်ကို အားကိုးနေတာ သူ့ဘဝကလည်း မောင်ထူးအောင်ပဲ မဟုတ်လား။

**နှင်းရည်ဝင်း** ဘာမှ မပူပါနဲ့ အမေရယ်၊ အမေ့သားကြီးက နာမည်ကြီးတဲ့ ဆရာဝန်ပါ။ မြို့ရောက်တော့ ပျောက်သွားလိမ့်မယ်။ သမီးကလည်း အမေ့ကို ပြုစုမှာပေါ့။

**ဒေါ်သန်းရီ** သမီးရဲ့ အားပေးစကားကြားရတာနဲ့ပဲ အမေဝေဒနာတစ်ဝက် ပျောက်သွားပါပြီကွယ်။ သမီးကိုလည်း အမေ အားကိုးပါရစေ၊ မီးစာကုန်ရေခမ်းအဖြစ်နဲ့တော့ ဘဝကို

အဆုံးမသတ်ပါရစေနဲ့ သမီးတို့ရယ်၊ အမေ အားကိုးပါတယ်။

**ထူးအောင်** (နှင်းရည်ဝင်းအား ကြည့်၍) ကဲ အဝင်း၊ မောင်တို့စီစဉ်လာတဲ့အတိုင်း ကောင်းလိမ့်မယ်ထင်တယ်။

**နှင်းရည်ဝင်း** ဟုတ်တယ်မောင်၊ အမေ့ကို ဖွင့်ပြောလိုက်လေ၊ မောင့်နှုတ်ဖျားက ပြောလာတဲ့စကားကို အမေကြားချင်မှာပေ့ါ။

**ထူးအောင်** ကဲ. . . ဒီလိုအမေရေ၊ အခုကျွန်တော်တို့ လင်မယားက အမေ့ကို လာခေါ်တာ၊ အဝင်းတို့မိသားစုက သားအမိနှစ်ယောက်တည်း တိုက်ကြီးကလည်း အကျယ်ကြီးပဲ၊ သူ့အမေက အပေါ်ထပ်မှာနေပြီး သားတို့ကိုအောက်ထပ်တစ်ထပ်လုံး ပေးထားတယ်လေ။ ဒီတော့အမေ ကျွန်တော်တို့နဲ့ လိုက်နေပါ။ အမေ့ကိုလည်း ကျွန်တော့်မျက်စိအောက်မှာပဲ ထားချင်တယ်။ ဘယ်နဲ့လဲ အမေ သဘောကျတယ် မဟုတ်လား။

**ဒေါ်သန်းရီ** အေး. . ကောင်းတော့လည်း ကောင်းပါတယ်။ ဒါပေမယ့်. . .

**ထူးအောင်** အမေကလည်း ဘာတွေ ဒါပေမယ့်နေရတာလဲ၊ ဘာလဲအမေက သားငယ်လူမိုက်ကို အားကိုးမလို့လား။ ဘေးဖယ်ထားလိုက်စမ်းပါ အမေရယ်။

**ဒေါ်သန်းရီ** အို မဟုတ်ပါဘူး သားကြီးရယ်၊ ဒီကောင့်အကြောင်း ထည့်မစဉ်းစားပါဘူး။ ရှိတယ်လို့လည်း မထင်ဘူး။ မင်းမို့လို့ စကားထဲထည့်ပြောနေတာပဲ။ အမေပြောချင်တာက ဖြစ်ပါ့မလားလို့ပါ။

**နှင်းရည်ဝင်း** ဟုတ်ပါတယ် အမေရယ်၊ မောင်စီစဉ်တဲ့အတိုင်း လက်ခံလိုက်ပါ။ သမီးတို့တိုက်ဆိုပေမယ့် အမေ့တိုက်ပဲပေ့ါ၊ သမီးတို့မှာက တိုက်တွေ အများကြီးရှိတာ၊ အမေ့ကိုလည်း သမီးတို့လင်မယားက အနီးကပ်ပြုစုချင်လို့ပါ။ မောင့်အမေကလည်း သမီးအမေမဟုတ်ဘူးလား။ အမေ ဘာအားနာစရာလိုသလဲ။

**ဒေါ်အေးတင်** ကဲ မသန်းရီ၊ အပိုတွေစိတ်ကူးမနေနဲ့ သူတို့စီစဉ်တဲ့အတိုင်း လက်ခံလိုက်။

**ဒေါ်သန်းရီ** ကောင်းပါပြီကွယ်၊ အမေလိုက်ပါ့မယ်။

**ထူးအောင်** ဟုတ်ပြီ အမေလိုက်သလို ဟောဒီက ဒေါ်လေးမအေးတင်လည်း လိုက်ခဲ့။

**ဒေါ်အေးတင်** ဟောတော့။

**(မီးပိတ်)**

## အခန်း (၁၃)

**နေရာ** နယ်စပ်စားသောက်ဆိုင်။

**အချိန်** ည။

**အခမ်းအနား** စားပွဲ (၃)ခုံနှင့် ကောင်တာစားပွဲတစ်ခုခင်းထားပြီး၊ ကောင်တာပေါ်တွင် အရက်ပုလင်းအမျိုးမျိုးတင်ထားရမည်။

**မီး** ရောင်စုံမီးများနှင့် ဒစ်စကိုမီးများအသုံးပြုရမည်။

**အသံ** ထိုင်းသီချင်းများ ဖွင့်ထားရမည်။

**ပါဝင်သူများ**
(၁) ဦးစတီး
(၂) လေခါ
(၃) သက်ထူး
(၄) ပန်းအောင်း
(၅) အငင်း
(၆) ဝိနာပွန်
(၇) ဆွန်ပေါ
(၈) ချွန်ထိုင်း
(၉) စားသောက်သူ (၆) ယောက်





**ဇာတ်ညွှန်း** မီးဖွင့်ပြီးသည်နှင့် စားသောက်ဆိုင်ရှိ စားပွဲတစ်နေရာတွင် ကုန်သည်ဆွန်ပေါတို့ထံ ဦးစတီးတို့က ပုလဲ၊ စေတီခရုနှင့် မျှော့အဖြူများအား ရောင်းကြရမည်။
ဝိနာပွန်က “လွှိုင်ကထုံ”ထိုင်းသီချင်းဆိုနေပြီး သီချင်း အဆုံးတွင် မီးပိတ်လိုက်စေ။

**သက်ထူး** အစ်ကိုလို့ထူးပါ လေခါရဲ့၊ နာမည်ကြီး ထည့်မပြောပါနဲ့ တစ်နေ့ကျရင်လည်း အစ်ကိုလို့ပဲ ခေါ်ရတော့မှာပဲ မဟုတ်လား။

**လေခါ** ထူးပဲ့မယ် အစ်ကိုရယ်၊ ဟိုနေ့က နယ်စပ်ကို လိုက်ခဲ့တာ ပျော်ရဲ့လားဟင်။

**သက်ထူး** အဲဒါကို နောက်မှပြောမယ်။ အခုလောလောဆယ် အရေးကြီးတာကို အစ်ကိုပြောမယ်။ အစ်ကိုပြောမယ့်စကားက လေခါတစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ဆလုံတစ်မျိုးသားလုံးအတွက်ပဲ။

**လေခါ** ဘာများလည်း အစ်ကိုရယ်။

**သက်ထူး** ဟိုနေ့က နယ်စပ်မှာ လေခါတို့ပိုင်တဲ့ ပုလဲရတနာတွေကို သွားရောင်းကြတယ်နော်။

**လေခါ** ဟုတ်တယ်လေ အစ်ကိုရဲ့၊ ဒါကလေခါတို့ဆလုံတွေရဲ့ အစဉ်အလာပဲလေ၊ လေခါတို့က ပုလဲတို့၊ ခရုတို့၊ ငှက်သိုက်တို့ပေးရင် သူတို့က ပိုက်ဆံအပြင် ဘီယာတို့ အရက်တို့ စီးကရက်တို့လို့ ပစ္စည်းတွေ လက်ဆောင်ထည့်ပေးသေးတယ်။ ဟိုနေ့က လော်ပန်ကြီးဆိုရင် လေခါတို့ရဲ့ ဖောက်သည်ကောင်းတွေပဲ၊ လေခါတို့ဆလုံတွေကို သူတို့ဆိုင်ပဲ အမြဲတမ်းထံခါးဖွင့်ထားတာ။



**သက်ထူး** အေး. . . အဲဒါဒီကိစ္စကို သေသေချာချာ နားထောင် အစ်ကိုပြောမယ်။

**လေခါ** ပြောပါအစ်ကို။

**သက်ထူး** ဟိုတစ်နေ့က လေခါတို့ပစ္စည်းတွေကို တန်ဖိုးဖြတ်ပြီးပေးတဲ့ ငွေနဲ့လက်ဆောင်တန်ဖိုးကို အစ်ကိုတွက်ကြည့်တော့ တော်တော်နစ်နာတယ်။ ဒီကောင်တွေ သိပ်ပြီးအမြတ်ကြီးစားတယ်။ ဒီအလုပ်က ရေအောက်မှာ အသက်နဲ့လဲပြီး အလုပ်လုပ်ရတာလေ။ ထိုက်ထိုက်တန်တန်တော့ ရသင့်တာပေါ့။ မသိနားမလည်တဲ့သူတွေဆိုပြီး ညာချတဲ့ သဘောပဲ။ တန်ဖိုးကိုလည်း သူတို့နားလည်တယ်။

**လေခါ** ဒါဆို ဘယ်လိုလုပ်ရမလဲ အစ်ကို။

**သက်ထူး** တို့ပြည်တွင်းမှာပဲ တို့ရောင်းမှာပေါ့။ နိုင်ငံတော်အစိုးရရဲ့ ကျောက်မြတ်ရတနာအရောင်းပွဲတော်မှာ မြန်မာ့ပုလဲတွေကို နိုင်ငံခြားသားကုန်သည်တွေ စိတ်ဝင်စားကြတာကို အစ်ကိုတွေ့ဖူးတယ်။ အဲဒီကိစ္စအတွက် အစ်ကိုစုံစမ်းပြီး အဆက်အသွယ်လုပ်မယ်။ တို့တိုင်းပြည်က ရတဲ့ပစ္စည်းပဲ တခြားမှာသွားပြီး မရောင်းတော့ဘူး။ တန်ရာတန်ကြေးရပြီပေါ့ လေခါ။

**သက်ထူး** အေး. . . အဲဒါဒီကိစ္စကို သေသေချာချာ ပြောပါအစ်ကို။

**လေခါ** ပြောပါအစ်ကို။

**သက်ထူး** ဟိုတစ်နေ့က လေခါတို့ပစ္စည်းတွေကိုတန်ဖိုး ဖြတ်ပြီးပေးတဲ့ ငွေနဲ့လက်ဆောင်တန်ဖိုးကို အစ်ကိုတွက်ကြည့်တော့ တော်တော်နစ်နာ တယ်။ ဒီကောင်တွေ သိပ်ပြီးအမြတ်ကြီးစား တယ်။ ဒီအလုပ်ကရေအောက်မှာအသက်နဲ့ လဲပြီး အလုပ်လုပ်ရတာလေ။ ထိုက်ထိုက် တန်တန်တော့ ရသင့်တာပေါ့။ မသိနားမ လည်တဲ့သူတွေဆိုပြီး ညာချတဲ့ သဘောပဲ။ တန်ဖိုးကိုလည်း သူတို့နားလည်တယ်။

**လေခါ** ဒါဆိုဘယ်လိုလုပ်ရမလဲ အစ်ကို။

**သက်ထူး** တို့ပြည်တွင်းမှာပဲ တို့ရောင်းမှာပေါ့။ နိုင်ငံ တော်အစိုးရရဲ့ ကျောက်မျက်ရတနာ အရောင်းပွဲတော်မှာ မြန်မာ့ပုလဲတွေကို နိုင်ငံ ခြားသားကုန်သည်တွေ စိတ်ဝင်စားကြတာ ကို အစ်ကိုတွေ့ဖူးတယ်။ အဲဒီကိစ္စအတွက် အစ်ကိုစုံစမ်းပြီး အဆက်အသွယ်လုပ်မယ်။ တို့တိုင်းပြည်က ရတဲ့ပစ္စည်းပဲ တခြားမှာသွား ပြီး မရောင်းတော့ဘူး။ တန်ရာတန်ကြေးရပြီ ပေါ့ လေခါ။



**လေခါ** လေခါတို့က နားမလည်ဘူးအစ်ကိုရဲ့၊ အစ်ကိုပြောမှ သိရတာ။ အဲဒီအကြောင်း အဖေသာ သိရင် သိပ်ပြီးဝမ်းသာသွားမှာပဲ၊ အစ်ကို့ကိုလည်း ဆလုံတစ်ရွာလုံးကကျေးဇူး တင်နေကြမှာ။

**သက်ထူး** လေခါကရော။

**လေခါ** လေခါကလည်း ကျေးဇူးတင်တာပေါ့။

**သက်ထူး** ဒါပဲလား။

**လေခါ** နောက်ပြီးတော့ ဝမ်းသာလို့လည်းမဆုံး တော့ဘူးလေ။

**သက်ထူး** နောက်ပြီးတော့။

**လေခါ** ပြောစရာကုန်ပြီ အစ်ကိုရဲ့၊ လေခါစကားလုံး ရှာလို့ မတတ်တော့ဘူး။

**သက်ထူး** ကျန်ပါသေးတယ်။

**လေခါ** ဘာကျန်သေးလို့လဲ အစ်ကို၊ လေခါတော့ မသိတော့ဘူး။ အစ်ကိုသိရင် အစ်ကိုပဲပြော။

**သက်ထူး** အစ်ကို့ကို ချစ်လွန်းလို့ အစ်ကို့ကိုလက်ထပ် ခွင့်တောင်းတာကိုလက်ခံပါတယ်လို့ပြောလေ။

**လေခါ** အစ်ကိုကလည်း အခုမပြောလို့မရဘူးလား။

**သက်ထူး** မရဘူး။ စောစောက စီးပွားရေးကိစ္စကိုအပိုင်း (၁) အနေနဲ့ပြောပြီး၊ အခုဟာက အပိုင်း (၂)

အချစ်ရေးကိစ္စကို ရောက်လာပြီ။ ကဲ အစ်ကို တပ်မှာ လက်ထပ်ခွင့်တောင်းလိုက်တော့မယ်။ လေခါသဘောတူရင် ခေါင်းညိတ်။

**လေခါ** (သက်ထူး၏မျက်နှာကို သေသေချာချာ ကြည့်ပြီး) ခေါင်းညိတ်။ (သီချင်းဝင်ရမည်။)

**သက်ထူး** (ကော်နန်း)၂ အဓိပ္ပာယ်က ချစ်သူရည်းစားတဲ့။

**လေခါ** (ကပ်နိုင်း)၂ အဓိပ္ပာယ်က မောင်မောင် ယောက်ျားတဲ့။

**သက်ထူး** ဆလုံစကားပြောမယ်ကွာ သင်ပေးမှာလား။

**လေခါ** (အပေါင်း)၂ အဓိပ္ပာယ်က ဖေဖေလို့ခေါ်တာ။

**သက်ထူး** မင်းအဖေလည်း မောင့်အဖေပဲ "အပေါင်း" လို့ ခေါ်လိုက်မှာ။

**လေခါ** အနိုင်းလို့ခေါ်တဲ့ သူ့သမီးက မျက်နှာပူ တယ်ကွာ။

**သက်ထူး** ကပ်နိုင်း၊ ယောက်ျား။ ဘီနိုင်း၊ မိန်းမ။

**(မီးပိတ်)**

## အခန်း (၁၅)

**နေရာ** တိုက်အတွင်းခန်း။

**အချိန်** နေ့။

**အခမ်းအနား** ခန့်ညားသော ဆက်တီတစ်စုံ ချထားရမည်။ ဆက်တီစားပွဲပေါ်တွင် ပန်းအိုးတစ်လုံး သတင်းစာနှင့် အင်္ဂလိပ်မဂ္ဂဇင်းအချို့ တင်ထားရမည်။

**မီး** နေ့အလင်းရောင်။

**အသံ** နောက်ခံအင်္ဂလိပ်သီချင်းတစ်ပုဒ်ပါးပါး ဖွင့်ထားရမည်။ စကားပြောများ ပီသရမည်။

**ပါဝင်သူများ** (၁) ထူးအောင်
(၂) နှင်းရည်ဝင်း
(၃) ကျော်ဗလ

**ဇာတ်ညွှန်း** ဧည့်ခန်းထဲ၌ နှင်းရည်ဝင်း စာဖတ်နေစဉ် ထူးအောင်သည် ဟီတာချီကေ့စ်ကို ဆွဲ၍ ဝင်လာရမည်။ နှင်းရည်ဝင်းက ဆီးကြိုပြီး ယောက္ခမဒေါ်သန်းရီအား ရောဂါကြောင့် အိမ်သားများနှင့်အတူမနေဘဲ ခြံထဲရှိ အလုပ်

သမားတန်းလျားတွင် သီးခြားနေစေရန် ထူးအောင်အား တိုက်တွန်းရမည်။ ထူးအောင်က အင်တင်တင်နေပြီးမှ ခေါင်းညိတ်လိုက်စေ။

**(မီးဖွင့်)**

(နှင်းရည်ဝင်းသည် အင်္ဂလိပ်သီချင်းနားထောင်ရင်း မဂ္ဂဇင်းဖတ်နေစဉ် ထူးအောင်ရောက်လာသည်ကို မြင်ရမည်။)

**နှင်းရည်ဝင်း** ဟော မောင်ပြန်လာတာ နောက်ကျလှချည်လား။

**ထူးအောင်** ဟုတ်တယ် အဝင်း၊ ဒီနေ့လူနာတွေကို ကြည့်ရတာများလို့ နည်းနည်းနောက်ကျသွားတယ်။ အဝင်း ထမင်းစားပြီးပြီလား။

**နှင်းရည်ဝင်း** ဟင့်အင်း မစားရသေးဘူးမောင်၊ ပြီးမှမောင်နဲ့ အတူတူ စားတာပေါ့၊ အခုလောလောဆယ် အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့။

**ထူးအောင်** ဘာများလည်း အဝင်းရဲ့၊ ထူးထူးဆန်းဆန်း။

**နှင်းရည်ဝင်း** မောင်က ဆရာဝန်တစ်ယောက်နော်၊ လူနာတွေကို ဆေးကုရုံတွင် မကဘူး၊ ရောဂါတစ်ခုမဝင်ခင် ကြိုတင်ကာကွယ်တားဆီးရမယ့် အသိတရားတွေကိုပါ ပညာပေးနေတဲ့ ဆရာဝန်မဟုတ်လား။



**ထူးအောင်** ဟုတ်တယ်လေ၊ အဲဒါဘာဆန်းလို့လဲ အဝင်းရဲ့ လူနာတစ်ယောက်ရဲ့ ဝေဒနာဆိုတာ သောက်ဆေး၊ ထိုးဆေးနဲ့တင် ကုလို့ရတာ မဟုတ်ဘူး။ လူနာကို အာဟာရဘယ်လို ကျွေးရမယ်၊ ဘယ်လိုထားရမယ်ဆိုတာက အစ နောက်ဆုံးရောဂါမပြန့်ပွားအောင် ဘယ်လိုတားဆီးသင့်တယ်ဆိုတာအဆုံး သိထားဖို့ဆိုတာ သိပ်အရေးကြီးတာပေါ့၊ အခုမောင်တို့ မြန်မာနိုင်ငံကိုကြည့်၊ ကမ္ဘာ့တုပ်ကွေးရောဂါကို ဘယ်လိုကာကွယ်တားဆီးကြတယ်ဆိုတာကို အဝင်းလည်း သတင်းစာတွေ ဖတ်နေတာ သိမှာပေါ့၊ အဖိတ်အစင်ဆိုတာ မရှိဘူး။ ဒီတော့ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်သလဲ။

**နှင်းရည်ဝင်း** အခုလည်း အဝင်းတို့မိသားစုတွေ ဝမ်းသာကြရအောင် မောင့်ကိုပြောမလို့၊ မောင့်အမေ ဒေါ်သန်းရီမှာ ချောင်းတဟွတ်ဟွတ်ဖြစ်နေတာ မောင်သိတယ်နော်။ အဲဒါကလည်း ကြာပြီဆိုတော့ တီဘီလို့မပြောနိုင်ဘူး။ မောင်က ဆရာဝန်ဆိုတော့ မောင်သိမှာပေါ့။

**ထူးအောင်** ဟုတ်တယ်လေ အဝင်းရဲ့၊ အဲဒါကြောင့် မောင်. . .

**နှင်းရည်ဝင်း** မောင်မပြောနဲ့ အဝင်းစကားမဆုံးသေးဘူး၊ မောင်ကအမေ့ကို ခဓာတ်မှန်ရိုက်ထားပါတယ်။ သလိပ်စစ်ထားပါတယ်။ သွေးစစ်ထားပါတယ်လို့ ပြောမလို့ မဟုတ်လား။ စစ်တာတွေစစ်၊ ကုတာတွေကုပါ။ ဒီရောဂါက ပတ်ဝန်းကျင်ကို မကူးနိုင်ဘူးလို့ မပြောနိုင်ဘူး။ စောစောက မောင့်စကားထဲမှာပါပြီးပြီလေ၊ ရောဂါမပြန့်ပွားအောင် ကြိုတင်ကာကွယ်တာဆီးဖို့က အရေးကြီးတယ်ဆို၊ အဲဒီတော့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အဝင်းပြောမယ်။ မောင့်အမေ့ကို ခြံထဲက သစ်သားတန်းလျားမှာ သူ့အဖော် ဒေါ်အေးတင်နဲ့ သီးခြားထားလိုက်။ (ကျော်ဇလရုပ်ခံထားစေ)

**ထူးအောင်** မဟုတ်ဘူးလေ၊ အဝင်းရဲ့. . .။

**နှင်းရည်ဝင်း** ဟုတ်တယ် မောင်ဝင်မပြောနဲ့ဦး။ ဟဲ့ကျော်ဇလ နှင့်ဆရာအမောပြေအောင် သံပုရာရည်တစ်ခွက် မြန်မြန်သွားဖျော်စမ်း။

**ကျော်ဇလ** ဟုတ်ကဲ့ မမလေး။ (ကျော်ဇလ ဝင်သွားစေ)

**နှင်းရည်ဝင်း** နောက်တစ်ခုက အဝင်းတို့မိသားစုဟာ မိုးကုတ်ကဆိုတာ မောင်သိတယ်နော်။ ဟိုက



ကျောက်လုပ်ငန်းတွေကို ဖြုတ်ခဲ့တယ်ဆိုပေမယ့် အငွေ့လောက်တော့ ကျန်သေးတယ်လေ။ နောက်ပြီး အဝင်းတို့သားအမိက အဲဒီက တတ်လာတဲ့ပညာတွေနဲ့ ဒီတိုက်မှာ အရောင်းအဝယ်လုပ်နေတယ်ဆိုတာလည်း မောင်သိတယ်။ ရတနာအရောင်းအဝယ်လာတဲ့ လူတွေဆိုတာက ဈေးထဲမှာ ခရမ်းချဉ်သီးလာဝယ်တဲ့ သူတွေနဲ့ မတူဘူး။ ထည်ထည်ဝါဝါ သန့်သန့်ပြန့်ပြန့် ခန့်ခန့်ညားညားတွေချည်းပဲ၊ စီးလာတဲ့ကားတွေကိုပဲ ကြည့်လေ၊ မောင်တွေ့ပါတယ်။ အဲဒီလိုဂုဏ်သရေမင်္ဂလာရှိတဲ့ လူတွေလာကြတဲ့အချိန်မှာ မောင့်အမေကို တွေ့သွားပြီဆိုပါတော့၊ ဘယ်သူကမှ အဝင်းယောက္ခမ မောင့်အမေလို့ ထင်ကြမှာ မဟုတ်ဘူး။ တောကခေါ်ထားတဲ့အိမ်ဖော်အဖွားကြီးလို့ မြင်သွားကြမှာ သေချာတယ်။ ဒီတော့ မောင်လည်း ဂုဏ်ငယ်မယ်၊ သိက္ခာကျမယ်၊ အရှက်ရမယ်၊ အဲဒါတွေကို မြင်ပြီး ကြိုတင်ကာကွယ်တဲ့အနေနဲ့ မောင့်အမေကို သစ်သားတန်းလျားမှာ ထားတယ်ဆိုတာ မောင်သိစမ်းပါ။

နောင်မှအဝင်းရဲ့ စေတနာကို မောင်သိလာလိမ့်မယ်။
(ကျော်ဗလသံပုရာရည်ခွက်ဖြင့် ဝင်လာစေ)

**ထူးအောင်** အမေလည်း အရွယ်ကလည်းရလာပြီဆိုတော့ စိတ်ထဲက. . .

**နှင်းရည်ဝင်း** အို မောင်ကလည်း အရွယ်ဆိုတာ ထည့်မပြောနဲ့ ဇရာရဲ့ ဝါးမြိုမှုအောက်မှာ ပျိုမြစ်ချင်းတွေက စွန့်ခွာခဲ့တာပဲလေ၊ ဒါဟာ သဘာဝပါပဲ။ အခုကိစ္စကို မောင့်အမေစိတ်ထဲက ဘယ်လိုမှ မထင်စေရဘူး။ မောင်လည်း မျက်နှာပူစရာ မလိုဘူး။ သူတို့ကလည်း ပျော်သွားမှာပါ၊ တောမှာလည်း သစ်သားအိမ်နဲ့ နေနေကြတာမဟုတ်လား။ ကျန်းမာရေးနဲ့ ပိုပြီးတောင် ညီညွတ်သေးတယ်။
(ကျော်ဗလအား ကြည့်၍)ဟဲ့. . . ကျော်ဗလ ငါစီစဉ်တာတွေ ပြောတာတွေကို အားလုံးမှတ်မိတယ်မဟုတ်လား။

**ကျော်ဗလ** (ရှုပ်ခံ၍) ဟုတ်ကဲ့ပါ မမလေး။

**နှင်းရည်ဝင်း** ကဲပါမောင်ရယ်၊ သံပုရာရည်သောက်ပြီးရေသွားချိုးတော့၊ အဝင်းထမင်းပြင်ထားမယ်။ (သက်ထူးသည် သံပုရာရည်ခွက်ကို ကိုင်၍ပြန်ချပြီး စိတ်ပျက်လက်ပျက်ဟန်ဖြင့် ဝင်သွားစေ)

**ကျော်ဗလ** ဒါဆို မမလေး။

**နှင်းရည်ဝင်း** ဒါမဆိုနဲ့ ငါပြောတဲ့အတိုင်းဆို ကျန်းမာရေးအတွက် နေရာပြောင်းရတာပါလို့။

**ကျော်ဗလ** ဟုတ်ကဲ့ မမလေးကြောင့် ပြောင်းရတာပါလို့။

**(မီးပိတ်)**

## အခန်း (၁၆)

**နေရာ** ပျဉ်တန်းလျားအိမ်ခန်း။
**အချိန်** နေ့။
**အခမ်းအနား** သစ်သားကွပ်ပျစ်တစ်လုံးနှင့် သောက်ရေအိုးစင် ချထားရမည်။ ကွပ်ပျစ်ပေါ်တွင် ခေါင်းအုံးနှင့် စောင်ထားရှိရမည်။
**မီး** ပုံမှန်။
**အသံ** စကားပြောသံများ ပီသရမည်။
**ပါဝင်သူများ** (၁) ဒေါ်သန်းရီ
(၂) ဒေါ်အေးတင်
(၃) ကျော်ဇလ
**ဇာတ်ညွှန်း** ဒေါ်သန်းရီသည် သားကြီးဆရာဝန် စီစဉ်ထားသည့်အိမ်တွင် မပျော်ပိုက်ကြောင်း ဒေါ်အေးတင်အား ပြောကြားစေ။

**ဒေါ်အေးတင်** (ပြေးထွက်လာပြီး) မသန်းရီ ထိုင်လိုက်၊ ကျွန်မကိုမှီထား သက်သာသွားအောင်၊ ညက ဆေးမသောက်ဘူးလား။

**ဒေါ်သန်းရီ** ဆေးကုန်သွားလို့ ညက မသောက်ရဘူးလေ။





**ဒေါ်အေးတင်** ဖြစ်မှ ဖြစ်ရလေရှင်၊ ကျွန်မလည်း မနေ့က စောင်တွေ ခြင်ထောင်တွေ လျှော်ရတာများသွားလို့ ပင်ပန်းပြီး အစောကြီးအိပ်ပျော်သွားတယ်။ ဆေးမသောက်လိုက်ရတာ မသိလိုက်ဘူး။ သိရင် ကျွန်မရှင့်သားဆရာဝန်ဆီ သွားတောင်းပါတယ်။

**ဒေါ်သန်းရီ** သွားမတောင်းနဲ့ မအေးတင်၊ သူ့မယားက ကျွန်မတို့တတွေ သူတို့နေတဲ့တိုက်ကို လာတာမကြိုက်ဘူး။ ရောဂါကူးမှာ စိုးလို့တဲ့လေ၊ ဆေးကို ကျော်ဇလနဲ့ ပေးခိုင်းမယ်တဲ့၊ သားက အလုပ်များလို့ ကိုယ်တိုင်မလာအားဘူးဆိုလား။

**ဒေါ်အေးတင်** ရှင့်သားအလိမ္မာတုံးကြီးကလည်း ဘယ်လိုဖြစ်သွားရတာတုန်း၊ မယားပြောသ၍ အကုန်လိုက်လုပ်တာပဲ၊ မဟုတ်မှလွဲရော ဆေးများမိထားသလား မသိဘူး၊ တော်ရုံတန်ရုံလည်း ပြန်ပြောပေါ့တော်၊ သူ့မယားကလည်း သူ့အမေကျတော့ သိတတ်လိုက်တာ၊ မာမီချင်းကို ထပ်နေတာပဲ၊ နေ့ရှိသ၍ သူ့အမေ ကျန်းမာရေးအတွက် သွေးပေါင်ချိန်ပြီး စစ်ဆေးတယ်ဆိုလား၊ ကျော်ဇလပြောတာပဲ။

**ဒေါ်သန်းရီ** ငါလည်း တရားနဲ့ဖြေပါတယ် မအေးတင်ရယ်၊ အတိတ်ဘဝကုသိုလ်ကံချင်းမှ မတူကြဘဲကိုး၊ ညည်းကို ပြောရအုံးမယ် မအေးတင်ရဲ့ ခုတလော ဘာမှမစဉ်းစားဘဲနဲ့ သားငယ်သက်ထူးကို သတိရရနေတယ်။

**ဒေါ်အေးတင်** သူ့စိတ်က မသန်းရီဆီရောက်နေလို့နေမှာပေါ့လေ၊ သူ့ဘဝသူမြှုပ်ပြီး ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားနေလို့ မသန်းရီဆီမဆက်သွယ်တာ နေမှာပါ။ တစ်နေ့တော့ ရောက်လာပါလိမ့်မယ်လို့ ကျွန်မတော့ ထင်တာပဲ၊ ဒီကောင်လေးကို ကျွန်မတော့ လျှော့မတွက်ရဲဘူး။

**ဒေါ်သန်းရီ** သားကြီး ဆရာဝန်ဖြစ်မှ ဆေးမကုရလို့ ငါတော့ သေရတော့မှာလား မသိပါဘူးဟယ်၊ ဒါပေမယ့် ခွင့်လွှတ်ပါတယ် မအေးတင်ရယ်။

(ကျော်ဇလရောက်လာစေ)

**ကျော်ဇလ** ဒေါ်လေးမသန်းရီ၊ နေကောင်းရဲ့လား၊ သောက်ဆေးလာပို့တာလေ၊ ဘယ်လိုသောက်ရမယ်ဆိုတာ သိတယ်နော်။

**ဒေါ်အေးတင်** ဆေးလာပို့တာ နောက်ကျလို့ မနေ့ညက မသောက်လိုက်ရဘူး။ မောင်ကျော်ဇလရဲ့၊



မင်းကလည်း ဆေးကုန်မှန်းသိရဲ့သားနဲ့ လာပို့မှပေါ့ကွယ်၊ သူ့ရောဂါအခြေအနေကို မင်းလည်း သိသားပဲ။

**ကျော်ဇလ** ကျွန်တော်သိတာပေါ့ ဒေါ်လေးရယ်၊ ကျွန်တော်က သူတို့ရဲ့ အခိုင်းခံသက်သက်ပါ။ ကျွန်တော်ဘာမှ လုပ်လို့မရဘူး။ အာစရိက မနေ့ညနေက သောက်ဆေးပို့ခိုင်းမလို့ဘဲ၊ သူ့မယားက ဂျန်းရှင်းအိပ်ကို သွားချင်တယ်။ ဂမုန်းပွင့်ကို သွားချင်တယ်။ စီးတီးမတ်ကို ဈေးဝယ်သွားချင်တယ်ဆိုတာနဲ့ မိုးချုပ်မှ ပြန်ရောက်လာကြတယ်လေ။ ပြန်လာတော့လည်း သူ့မယားက ခေါင်းထဲက ငြီးစိစိနေတယ်။ မူးနောက်နောက်ဖြစ်တယ်ဆိုပြီး ချွဲနေတာနဲ့ အာစရိလည်း ပြာယာခတ်ပြီး အချိန်ကုန်သွားတော့တာပဲ ဒေါ်လေးရယ်၊ ကျွန်တော်လည်း နေရတာ စိတ်ညစ်တယ်။

**ဒေါ်အေးတင်** မင်းကရော မင်းဆရာကို သူ့မယားအကြောင်း မပြောပြဘူးလား။ ဒီလောက် ယုတ်မာနေတာ။

**ကျော်ဇလ** ပြောလို့ မရတော့ဘူးဒေါ်လေး၊ ရုပ်ရည်လေးကိုကြည့်ပြီး စိတ်ပုတ်လိမ့်မယ်လို့ မထင်

တာနဲ့ ကျွန်တော်လည်း ကြားက ရည်းစား ဖြစ်အောင် ဖန်တီးလိုက်တာ၊ ကျွန်တော့် အပြစ်ပါ ဒေါ်လေးရယ်၊ ကဲ ကျွန်တော်ပြန် မယ်။ နောက်ကျသွားရင် သူ့မယားက ကျွန်တော့်ကို နှစ်ပြားမတန်အောင် ပြော တော့မယ်။ သချင်းဆို၊ ကနခုတ်စုတ်၊ ကာလနာမ၊ အကြင်နာမေတ္တာတွေ ကင်းပြီး သိမ်ဖျင်းနိမ့်ကျတဲ့ ဟာမ၊ ကြည့်စမ်းပါဦးဗျာ၊ ဒေါ်လေးလိုရောဂါသည်ကို ရက်ရက်စက် စက် ဒီလိုနေရာမှာ လာထားတယ်ဗျာ၊ သူရော တစ်နေ့ မအိုရ မနာရဘူးလား၊ ပြန် မယ်နော် ဒေါ်လေး။ ဒါပေမယ့် အိမ်မှာ မပြောရဲတာတွေ ဒီမှာ ကျွန်တော်ပြောချင် သေးတယ်။

**ဒေါ်အေးတင်** ပြောသာ ပြောစမ်းပါ ကျော်ဇလရယ်၊ ရေငတ်ရင် ဒေါ်လေးခပ်ပေးမယ်။

**ကျော်ဇလ** ဒီမှာ ဒေါက်တာကတော်ကြီးရဲ့ မရဏလမ်း မှာ မီးပွိုင့်မရှိဘူးနော်၊ ဘဝရဲ့ဟိုင်းဝေး သင်္ချိုင်းမှာ ဂိတ်ဆုံးတယ်ဆိုတာ ခင်ဗျားသိ ထားစမ်းပါဗျ၊ ခင်ဗျားမသေခင် မသေမရှင် မှာ ခြေလျင်ပုရွတ်ဆိတ်တပ်ကြီးက ဒရွတ်



တိုက် ကိုက်ဖြတ်ဆွဲချီသွားလို့ တစ်ကိုယ်လုံး ဇလာနတ္တိဖြစ်သွားလိမ့်မယ်နော်။ အဲဒီတော့ ကျုပ်ကလား ကြည့်မှာ။

**အတွင်းမှအသံ** ကျော်ဇလ။

**ကျော်ဇလ** ဟော ငှက်ဆိုးထိုးသံကြားပြီ. . . ဗျာ မမလေး။

**အတွင်းမှအသံ** ဗျာမနေနဲ့ ကြာတယ်။ မြန်မြန်လာ။

**ကျော်ဇလ** (လာပါပြီဗျ)၊

**(မီးပိတ်)**

## အခန်း (၁၇)

**နေရာ** — တပ်တွင်း အိမ်ထောင်သည် လိုင်းခန်းအတွင်း။

**အချိန်** — နေ့။

**အခမ်းအနား** — သစ်သားဆက်တီစားပွဲနှင့် ခုံမြင့်ပေါ်တွင် TV တစ်လုံးတင်ထားရမည်။

**မီး** — ပုံမှန်။

**အသံ** — စကားပြောသံများ ပီသရန်။

**ပါဝင်သူများ** — (၁) သက်ထူး
(၂) လေခါ
(၃) ရွှေအိုး

**ဇာတ်ညွှန်း** — လုပ်သက်ခွင့်တင်ထားသော သက်ထူးသည် လေခါအားခေါ်၍ မိခင်ရှိရာ မွေးရပ်မြေသို့ သွားရန် တိုင်ပင်ကြစေ။

**(မီးဖွင့်)**

(ဆက်တီနှစ်ယောက် ကုလားထိုင်ပေါ်တွင် နှစ်ယောက်သား ထိုင်နေကြရမည်။)

**သက်ထူး** — လေခါ။

**လေခါ** — ဘာလဲအစ်ကို။





**သက်ထူး** — အစ်ကိုလုပ်သက်ခွင့် တစ်လတင်ထားတယ်။ ဒီရက်ထဲမှာ ကျလာလိမ့်မယ်ထင်တယ်။ ရွာကနေပြီး အစ်ကိုခြေရာဖျောက်ခဲ့တာလည်း ကြာပြီလေ၊ အခုအိမ်ထောင်ကျပြီဆိုတော့ လေခါနဲ့အတူ အမေ့ကို သွားကန်တော့ချင်တယ်။

**လေခါ** — အစ်ကိုတို့ရွာက အဝေးကြီးလား။

**သက်ထူး** — ဒီကနေဆိုရင်တော့ ဝေးတာပေါ့လေ။ ကော့သောင်းကနေပြီး ရန်ကုန်ကို သွားရမယ်။ ဆက်ပြီး ရန်ကုန်ကနေ ထန်းတပင်ကို သွားရင် အေးရွာလေးဆိုတဲ့ အစ်ကိုတို့ရွာကို ရောက်တာပေါ့။

**လေခါ** — အေးရွာလေးတဲ့လား။ နာမည်လေးက လှလိုက်တာနော်။ လေခါလည်း ဗမာရွာကို ရောက်ဖူးသွားတာပေါ့လေ။ လေခါတို့ ဆလုံရွာနဲ့ ဘယ်လိုကွာသလဲ။

**သက်ထူး** — သဘာဝအလှတွေက တစ်မျိုးစီရှိတာပဲ လေခါရဲ့၊ လေခါတို့ ရွာက ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ပင်လယ်ပြင်က မျက်စေ့တဆုံးပဲ။ အစ်ကိုတို့ရွာတွေကျတော့ အတူတူပါပဲ လေခါရဲ့၊ တို့မြန်မာပြည်က ဘယ်နေရာမဆို အလှကိုယ်စီရှိနေတာပဲ မဟုတ်လား။

**လေခါ** အစ်ကိုတို့ရွာရောက်ရင် အစ်ကို့အမေက လေခါနဲ့ အစ်ကိုကို သဘောတူပုံ့မလားလို့၊ သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မလဲ အစ်ကို။

**သက်ထူး** စိတ်ပူရန်ကော လေခါရယ်၊ အမေကရိုးသား ဖြူစင်တာကို သိပ်ကြိုက်တာ၊ လူတစ်ဘက် သားကိုလည်း ခင်တတ်တယ်။ နောက်ပြီး သဘောလည်း ကောင်းတယ်။ လေခါ့ကို အစ်ကို့ထက် ပိုချစ်မှာ သေချာတယ်။ ဒါတော့ ယုံ၊ အမေ့အကြောင်းကို သိပြီးသား။

**လေခါ** ဟင်၊ ဘာဖြစ်လို့လဲ အစ်ကိုရဲ့၊ အစ်ကိုက သားအရင်းလေ၊ လေခါက အစ်ကိုနဲ့ စပ်မှ တော်ရမှာ၊ ဘာဖြစ်လို့ လေခါကို ပိုချစ်မှာလဲ။

**သက်ထူး** မှန်တယ်။ ဒါပေမယ့်. . အစ်ကို့ကို လူဆိုးဆို ပြီး အမေက စိတ်ဆိုးနေတာ။ ဒါကြောင့် လေခါကို ပိုချစ်မှာလို့ ပြောတာ။

**လေခါ** အစ်ကိုက လူဆိုးမဟုတ်ပါဘူး။ လူလိမ္မာပါ။ ဘာသာတရားလည်း ကိုင်းရှိုင်းတယ်။ လူကြီး သူမတွေကိုလည်း ရိုသေတယ်။ လူမှုရေး လည်း နားလည်တယ်လေ။

**သက်ထူး** ဘာပဲဖြစ်ဖြစ်ပေါ့ လေခါရယ်၊ လေခါက အစ်ကို့ကို ချစ်ရင်ပြီးတာပဲ။



**လေခါ** အစ်ကိုရယ်၊ ချစ်လို့ပဲ "ကော်နန်း"လို့ခေါ်တဲ့ သမီးရည်းစားဘဝကနေ အိမ်ထောင်သည် တွေ ဖြစ်နေကြပြီပဲ။

**သက်ထူး** ဟုတ်ပါတယ် လေခါ၊ အစ်ကိုလေခါကို ယုံ တယ်။ လေခါက ဆလုံကို "ကော်နန်း"လို့ ထည့်ပြောလိုက်မှပဲ အစ်ကိုလဲ ဆလုံစကား ထပ် သင်ချင်စိတ်ပေါက်လာတယ်။ အစ်ကို သင်ပေးမလား။

**လေခါ** သင်ပေးမှာပေါ့ အစ်ကိုရဲ့၊ အစ်ကို့မိန်းမပဲ ဟာ။

**သက်ထူး** ဒါဆိုရင် အစ်ကို့နားတိုး
(နှစ်ယောက်တိုးကပ်လိုက်စေ)

**သက်ထူး** မိန်းမကို ဘယ်လိုခေါ်သလဲ။

**လေခါ** ဘီနိုင်း- တဲ့။

**သက်ထူး** ကဲ ဟုတ်ပြီ၊ ယောက်ျားကိုရော။

**လေခါ** ကပ်နိုင်း - တဲ့။

**သက်ထူး** ကပ်နိုင်း ဟုတ်လား။ ဒါဆို အစ်ကို့နားကပ် ဦးလေ။

**လေခါ** အို အစ်ကိုကလည်း၊ ဒါက ဆလုံစကားသင် တာ။

**သက်ထူး** ဟုတ်ပါတယ်။ ကပ်နိုင်းဆိုကပ်။ ကပ်ဦး။
(ရွှေအိုး ထွက်လာစေ)

**ရွှေအိုး** ဆရာသက်ထူး၊ ခွင့်စာကျလာပြီရော့၊ သွားမယ်နော်။

(ရွှေအိုးဝင်သွားစေ)

**သက်ထူး** ခွင့်စာကလည်း ဒီအချိန်မှ လာပေးတယ်။ မနက်မှပေးလည်း ရတဲ့ကိစ္စ၊ ကဲ လေခါ၊ ယောက်ျားကို ကပ်နိုင်း ဟုတ်တယ်နော်။

**လေခါ** ဟုတ်ပါတယ်။ အစ်ကိုရဲ့။

**သက်ထူး** ကပ်နိုင်းဆိုတဲ့အတိုင်း အစ်ကို့နားကပ်ပါဦး။

**လေခါ** ကဲ ကပ်ပြီ၊ ကပ်ပြီ။

(ရွှေအိုး ထွက်လာစေ)

**ရွှေအိုး** ဆရာသက်ထူး၊ ခရီးသွားရက် လေးရက်ပါတယ်နော်။ မေ့နေမှာစိုးလို့ သွားမယ်နော်။

**သက်ထူး** ဩော်. . ရွှေအိုးဆိုတဲ့ကောင်ကွာ၊ ဒါများ တကူးတက လာပြောနေရသေးတယ်။ ဒီတစ်ခါတော့ နောက်ထပ်ပြောစရာတော့ ကုန်ပြီ။ လေခါ အားရပါးရသာ ကပ်တော့။ တကယ်ကပ်။

(ရွှေအိုးထွက်လာစေ)

**ရွှေအိုး** မနက်ဖန် ကော့သောင်းကို သင်္ဘောတကယ် ကပ်မယ်တဲ့ ဆရာသက်ထူးရေ၊ သွားပြီနော်။

**သက်ထူး** ကဲ၊ လေခါရေ၊ မကပ်နဲ့ ရွှေမိုးလည်း မလာနဲ့ တော့ဟေ့။

**(မီးပိတ်)**

## အခန်း (၁၈)

**နေရာ** ရွာလမ်း။

**အချိန်** နေ့။

**အခမ်းအနား** ရွာလမ်းပန်းချီကားချပ် ဆွဲနိုင်သည်။

**မီး** ပုံမှန်။

**အသံ** နောက်ခံတေးသီချင်းကို ဖွင့်ပေးရမည်။

**ပါဝင်သူများ** (၁) သက်ထူး
(၂) လေခါ
(၃) ရွာသူရွာသားများ။

**ဇာတ်ညွှန်း** နောက်ခံတေးသီချင်းသံနှင့်အတူ သက်ထူးသည် ဇနီးဖြစ်သူလေခါကို လက်တွဲခါ ရွာသို့ ရောက်လာပြီး၊ မိခင်အား မတွေ့တော့သည့်အတွက် မေးမြန်းစုံစမ်းရန် လိုက်သွားစေ။

**(မီးဖွင့်)**

(သက်ထူးသည် နောက်ခံတေးသီချင်းအတိုင်း သရုပ်ဆောင်သွားစေ)

ဝါးလပ်××× ဇာတိချက်ကြွေ မွေးမြေနေရာ အခြေချနေထိုင်လာတဲ့ ဘဝအစရွာ ××× (အမေရှိရာ ခြေဦးလှည့်ခါ ရောက်ရပြီပေါ့ တစ်ခါ)

××× အမေမုန်းတဲ့သားလည်း အမေ့အပြုံးကို မော်ကာကြည့်ဖို့ ခရီးနှင်ခဲ့တာ×××

×××(အမေ့နဖူးပြင်ဝအောင် ဖူးမည်။ အမေ့ဆံချည်ထွေး ဝအောင် မွှေးမည်။ အမေ့လက်ကလေးတွေကို ဝအောင် ထွေးမည်)[၂] သားလှရတနာ ချိန်ခါ မီ

ဦးတင်ဖို့ရာ (အမေ့ရှိရာ)[၂] အပြေးအလွှား အသော့ အလျှင် ခရီးနှင်ခဲ့တာ ×××။

စုံ××× အမေ့အိမ်ရာ ဗလာနတ္ထိ ဘာမျှမရှိတာတွေ့တဲ့အခါ ××× သားရင်မှာ ဝေဒနာစွဲ ကြေကွဲလုမ တတ်ခံရတာ အမေ ဘယ်မှာလည်း ဘယ်ရပ် ဘယ်ရွာရှိလေမလည်းလို့ (အမေ့ခြေရာ)[၂] ဖွေရှာကောက်ခါ လျှောက်ရလေတော့မှာ။

**(မီးပိတ်)**

## အခန်း (၁၉)

**နေရာ** ပျဉ်တန်းလျား အိမ်ခန်း။

**အချိန်** နေ့။

**အခမ်းအနား** အခန်း (၁၆) အတိုင်း။

**မီး** ပုံမှန်။

**အသံ** စကားပြောသံ။ အ- ပီသရမည်။

**ပါဝင်သူများ**
(၁) ဒေါ်သန်းရီ
(၂) ဒေါ်အေးတင်
(၃) သက်ထူး
(၄) လေခါ
(၅) ကျော်ဗလ
(၆) နှင်းရည်ဝင်း

**ဇာတ်ညွှန်း** သက်ထူးနှင့်လေခါတို့သည် ဒေါ်သန်းရီအိမ်သို့ ရောက်လာကြရမည်။ သက်ထူးကို ရုတ်တရက် မြင်လိုက်သည့် ဒေါ်သန်းရီသည် ဝမ်းသာဝမ်းနည်း ဖြစ်သွားရမည်။ သက်ထူးက မိခင်အား ၎င်းတပ်သို့ ခေါ်သွားရမည်။ ဒေါ်သန်းရီ လိုက်သွားစေ။

**(မီးဖွင့်)**

ဒေါ်သန်းရီသည် ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ချောင်းဆိုရာမှ သွေးများထွက်လာရမည်။

**ဒေါ်အေးတင်** ဟင်၊ မသန်းရီ ချောင်းဆိုးရင် သွေးတွေပါလာပါလား။ ဒီအတိုင်း နေလို့မဖြစ်ဘူး။ ရှင့်သား ဆရာဝန်ဆီသွားပြောဦးမှ။

**ဒေါ်သန်းရီ** နေပါစေ။ မအေးတင်ရယ်။ ခဏပါ တော်ကြာ ပျောက်သွားမှာပေ့ါ။ သားတို့က အလုပ်အားတာမဟုတ်ဘူး။ သူ့မိန်းမ သိသွားလို့ သူ့အိမ်ထောင်ရေး ထခိုက်နေပါဦးမယ် ဟယ်။

**ဒေါ်တင်အေး** အို ဘာပဲဖြစ်ဖြစ်၊ ကျွန်မတော့ သွားပြောမှပဲ၊ ဒါသေရေးရှင်ရေး မသန်းရီ၊ ခဏစောင့်။ (ဒေါ်အေးတင် တဘက်သို့ ဝင်သွားစေ)

**ဒေါ်သန်းရီ** သားကြီး၊ သားကြီး အမေ့မျှော်လင့်ချက်တွေ ဝေးခဲ့ရပြီပေ့ါ သားရယ်၊ အမေ့ဝေဒနာကို အမေသိပါတယ်။ အမေမသေခင်မှာ သားကြီးရဲ့ မျက်နှာကို ပျော်ပျော်ရွှင်ရွှင်နဲ့ တွေ့သွားချင်ပါတယ်ကွယ်။ ဘဝနေညိုလို့ ကွန်းခိုရာ ပျောက်ရမယ့် အမေ့ဘဝကို အမေသိပါတယ်။ ငါ့သားကြီးဟာ အမေကိုယ်တိုင် မြေဆီကျွေးပြီး၊ ရေကြည်လောင်း



ခဲ့ရတဲ့ အမေ့ရဲ့ မေတ္တာပန်းပါ။ ပန်းပျိုးသူက အမေဆိုတာ သားသိစေချင်တယ်။ အခုတော့ အမေ့ရဲ့ မေတ္တာရေအေးတွေ တိုက်ကျွေးချင်ပေမယ့် မင်းမိန်းမက မဟာတံတိုင်းကြီးလို ခြားလိုက်တဲ့အတွက် အသက်ရှင်လျက်နဲ့ သားနဲ့အမေ ဝေးရပြီပေ့ါ၊ သားကြီးကပါ အမေ့အပေါ် သံသယမြူတွေဆိုင်းနေပြန်တော့ အမေဖြစ်ချင်တိုင်း ချစ်ချင်တိုင်း မဖြစ်ရတော့ဘူးပေ့ါ၊ သားရယ်၊ အမေက သားနဲ့တွေ့တဲ့အခါ သံသယအမွေတွေကို ရှင်းချင်လို့ပါ။ သားကြီးလည်း ဒီအတိုင်းဆက်ပြီး အမှားတွေနဲ့ အလျားလိုက်ကူးနေရင် အမောဆိုက်မှ ပင်လယ်ရဲ့မာယာကို သိလိမ့်မယ်ကွဲ့ သားကြီးရဲ့။

**ဒေါ်အေးတင်** မသန်းရီ ဘာတွေ တစ်ယောက်တည်း ပြောနေတာလည်း မောနေဦးမယ်။ တော့်ချွေးမနဲ့ တွေ့တယ်၊ တော်ကြာမှ သူကိုယ်တိုင် ဆေးလာ ပို့ပေးမယ်တဲ့။ တကတည်း ကြီးကျယ်လိုက်တာ၊ ဘာအလုပ်မှရှိတာ မဟုတ်ဘဲနဲ့ တီဗွီထိုင်ကြည့်နေတယ်လေ၊ ဇာတ်သိမ်းခန်းရောက်ခါနီးလို့တဲ့၊ သေမဲ့လူနာဆို အသက်မီလိုက်မှာ မဟုတ်ဘူး၊ နေပါဦး အိမ်ဘေးမှာ

မီးကွင်းဂမုန်းတွေ့ထားတယ်။ ကျွန်မအရေ ကြိတ်ပြီး ယူလာမယ်၊ အဲဒါ သောက်လိုက်ရင် လောလောဆယ်တော့ သက်သာသွားမှာပေါ့လေ (ဒေါ်အေးတင် ဝင်သွားစေ)

**ဒေါ်သန်းရီ** ငါ့အတွက် အဲဒီလောက်လည်း အပင်ပန်းခံမနေပါနဲ့ မအေးတင်ရယ်၊ ကံစီမံရာပေါ့လေ၊ ကြုံလာရတဲ့ကာလ လူ့ဘဝမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ချည်းပါပဲ။
(သက်ထူးနှင့် လေခါရောက်လာစေ)

**သက်ထူး** အမေ့ (ဒေါ်သန်းရီသည် သက်ထူးအား မမှတ်မိသလိုဖြစ်နေစေ)

**သက်ထူး** အမေ၊ သက်ထူးလေ၊ အမေ မချစ်တဲ့ သားမိုက်၊ သက်ထူးပါ၊ ကြမ္မာနှောက်လို့ ဝိုင်းထောက်အပြစ်တင်ခံခဲ့ရတဲ့ သားလူမိုက်လေ။

**ဒေါ်သန်းရီ** ဟင် သားလေး။ အမေ့သားလေး။ သားအမေ့ဆီ ပြန်လာတယ်နော်။

**သက်ထူး** ဟုတ်ပါတယ် အမေ၊ သားအမေ့ဆီ ပြန်လာတာပါ။ ရွာမှာအမေ့ကို မတွေ့တာနဲ့ အမေရှိတဲ့နေရာကို သားစုံစမ်းပြီး လိုက်လာတာပါ။ သားမိုက်ခဲ့သမျှကို ခွင့်လွှတ်ပါအမေရယ်၊ သားဟာ အမေ့ကို စုန်ကန်ထွက်လာတာ



မဟုတ်ပါဘူး၊ သားထွက်ပေါက်အတွက် အမေ့ရင်ခွင်ထဲက ခုန်ပျံထွက်လာတာပါ။ အမေ့ကို ဘာမဆိုအသိမပေးမိတဲ့ မိုက်ပြစ်တွေကြောင့် သားမှာ အပြစ်ရှိပါတယ်။ အဲဒီအပြစ်တွေကို ခွင့်လွှတ်ပေးပါ အမေရယ်၊ သားကန်တော့ပြီး တောင်းပန်ပါတယ်။ အမေ့နှုတ်ဖျားက သားကို ခွင့်လွှတ်တယ်ဆိုတဲ့ စကားကြားပါရစေ အမေရယ်၊ အသက်တရာရှည်သော သူပင် အနှစ်တစ်ရာပတ်လုံး ပြုစုကျွေးမွေးသော်မှ မိဘကျေးဇူးမကျေဘူးတဲ့။ အစ်ကိုကြီးလိုပဲ သားက အမေ့ကို တစ်လှည့်ပြုစုချင်လို့လာခဲ့တာပါ၊ အမေရယ် သားကို ခွင့်လွှတ်ပါနော်။

**ဒေါ်သန်းရီ** အမေခွင့်လွှတ်ပါတယ် သားရယ်၊ သားနှုတ်ဖျားက အမေ့ကို ပြုစုချင်တယ်ဆိုတဲ့ စကားကြားရတာနဲ့ အမေဝမ်းသာလို့ မဆုံးပါဘူး။ အမေ့ဘဝတစ်သက်လုံး ခုလို ပျော်ရွှင်မှုမျိုးနဲ့ ခံစားရဖို့ဆိုတာ အမေမမျှော်လင့်မိခဲ့ဘူး။ အမေသေပျော်ပါပြီကွယ်၊ အခုသားရောက်လာလို့ အမေ့ရောဂါတွေလည်း ပျောက်သွားပြီ။

**သက်ထူး** အမေ့နှုတ်ဖျားက သားကို ခွင့်လွှတ်တယ်ဆိုတဲ့ စကားက အမှောင်မိုက်ခဲ့ဖူးတဲ့ သားရဲ့ အတိတ်ဘဝကို အလင်းရောင်ဆန်းလိုက်သလိုပါပဲ အမေရယ်၊ အစ်ကိုကြီး ဆရာဝန်က အမေ့အတွက် သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ မဟုတ်လား။ ကျွန်တော်လည်း အစ်ကိုကြီးလောက် မဟုတ်ပေမယ့် လမ်းခင်းလို့ရတဲ့ ကျောက်တစ်ခဲပါ အမေ၊ အစ်ကိုကြီးလို အမေ့ရဲ့ အနာဂါတ်ဘဝကို ရွှေရောင် မသုတ်နိုင်ပေမယ့် ကျွန်တော့်စေတနာက အောက်ခံဆေးပါ အမေ။

**ဒေါ်သန်းရီ** မဟုတ်ဘူး၊ သားကမှ မိဘကိုသိတဲ့၊ ရိုသေတဲ့၊ လေးစားတဲ့၊ အကြင်နာပိုတဲ့ သားကောင်းရတနာပါကွယ်။ မင်းအဖေသာရှိရင် ဘယ်လောက်ဂုဏ်ယူလိုက်မလဲ။ သားဟာ အမေ့ရင်ခွင်ကို အေးမြစေတဲ့ ရတနာအစစ်ကွဲ့ သားရဲ့။

**သက်ထူး** အမေနေရတာ အဆင်ပြေတယ် မဟုတ်လား။

**ဒေါ်သန်းရီ** အဆင်ပြေတယ်လို့လဲ မဟုတ်ပါဘူး သားရယ်၊ အမေတို့အရွယ်ဆိုတာက ကျန်းမာရေးကလည်း ချွတ်ယွင်းလာပြီပေါ့၊ ဖောက်ပြန်လာတဲ့ ရောဂါတွေကို အကြောင်းခံပြီး အပူသောကဘေးတွေနဲ့ ထွေးလုံးရစ်ပတ်နေရတဲ့ ကာလမဟုတ်လား၊ အလိုမကျမှုတွေ ပေါ်လာရင် မျိုချ၊ ခန္တီတရားတွေနဲ့ ကျောက်ချပြီး တရာနှလုံးသွင်းနေရတာပေါ့ သားရယ်၊ သားရော အဆင်ပြေတယ် မဟုတ်လား။

**သက်ထူး** သားအဆင်ပြေပါတယ် အမေရယ်၊ သားဒီအခြေအနေကနေ ဒီဘဝရောက်လာရတာ အမေ့ရဲ့ အားအင်နဲ့ပါ၊ သားအမေ့ကို အမြဲတမ်း သတိရနေတယ်။ ဒါပေမယ့် စိတ်သာရောက်ရတာပါ၊ လူက မရောက်နိုင်ခဲ့ဘူး။ လူမရောက်ပေမယ့် စာကတော့ ရောက်သင့်တာပဲ၊ ဒါလည်း သားပျက်ကွက်ခဲ့တယ်။ ဒီတော့ အမေရယ် စိတ်သာရောက်တဲ့အတွက် စိတ်သာရှင်စော ဘုရားဟောဆိုပြီး သားကို ထပ်မံပြီး ခွင့်လွှတ်ပါဦးနော်၊ သားထပ်ပြီး တောင်းပန်ပါရစေ။

**သက်ထူး** ဟင်၊ ဒီသွေးတွေက အမေအန်ထားတာတွေ မဟုတ်လား။

**ဒေါ်သန်းရီ** နည်းနည်းပါးပါးပါ သားရယ်။

**သက်ထူး** အစ်ကိုကြီးက ဆရာဝန်ဆို မကြည့်ဘူးလား၊ အမေ့ကို ဒီလိုပဲ ပစ်ထားသလား၊ ရက်စက်လိုက်တာ အစ်ကိုကြီးရယ်၊ အမေ့ကျေးဇူးတွေကို အစ်ကိုကြီးဆပ်နေတာလား၊ အဖေဆုံးပါးသွားကတည်းက အစ်ကိုကြီးကို လူလားမြောက်အောင် ဆရာဝန်ဖြစ်တဲ့အထိ ကျွေးမွေးပြုစုခဲ့ရတာတွေကို မထောက်ထားတော့ဘူးလားဗျာ၊ မေ့လွယ် ပျောက်လွယ်လိုက်တာဗျာ။ ကျွန်တော် အစ်ကိုကြီးကိုတွေ့ပြီး ပြောချင်တယ် အမေရယ်။

**ဒေါ်သန်းရီ** သား ဘာဖြစ်လို့ စိတ်မကောင်းစရာတွေ လျှောက်ပြောနေတာလဲ၊ အမေ့ဘဝမှာ ဘာမှ မလိုတော့ဘူးကွယ်၊ အခုသားအမေ့နားမှာရှိနေပြီဆိုတော့ အမေ့အားတက်သွားပြီ သားရဲ့၊ သားလေးဟာ အမေ့အတွက် အားဆေးတစ်ခွက်ပါ သားရဲ့၊ ဘယ်သူ့မှ အပြစ်မတင်ပါနဲ့။

**သက်ထူး** ကြည့်စမ်းပါဦး အမေရယ်၊ မမေနေရတဲ့ ဘဝက သစ်တိုသစ်ဆွေးတွေနဲ့ ဆောက်ထားတဲ့ တန်းလျားမှာ ဆင်းဆင်းရဲရဲ သူတို့ကျတော့ နှစ်ထပ်တိုက်ကြီးပေါ်မှာ ဇိမ်နဲ့ ကိုယ့်



ရွာ ကိုယ်ပြန်ပါလား အမေရယ်၊ ဒီလောက်ဒုက္ခပင်လယ် ရေစုံမျှောနေရတဲ့ ဘဝမှာ အမေမို့လို့ မာန်တင်းပြီးနေတယ်၊ ရွာမှာလည်း အိမ်ရှိရဲ့သားနဲ့။

**ဒေါ်အေးတင်** ရွာမှာ အိမ်မရှိတော့ဘူးလေ၊ ဒီမှာ ဘယ်နေချင်ပါ့မလဲ မောင်သက်ထူးရယ်၊ ရွာကအိမ်ကို မာယာပြည့်နှက်နေတဲ့ မင်းမရီးလက်ချက်နဲ့ ရောင်းပြီးသွားပြီကွယ့်၊ အခုအခါ မင်းအမေဟာ ပြေးစရာ မြေမရှိတော့တဲ့ ဘဝရောက်နေရပြီ၊ မင်းကလည်း အခုမှ ရောက်လာတာကို၊ ဒေါ်လေးလည်း မင်းအမေရဲ့ အဖြစ်ကို ကြည့်ပြီး ရင်နာလို့မဆုံးတော့ပါဘူးကွယ်၊ ငါလည်း သူ့အားငယ်မှာစိုးလို့ အဖော်ပြုပြီးလာနေရတာ မောင်သက်ထူးရဲ့။

**သက်ထူး** အမေ အခုအချိန်ကစပြီး စိတ်ပျော်တော့။ နေရောင်၊ လရောင် မရှိတဲ့ အချိန်အခါမှာ အမေ့ဘဝအတွက် သားလို ရေနံဆီမီးခွက်ကလည်း အလင်းရောင် ပေးနိုင်ပါတယ်ဗျာ။ အမေ့ကို သားတို့နဲ့ ခေါ်သွားမယ်။ ဩော် မေ့လိုက်တာ အမေရယ်၊ ဟောဒါ သားရဲ့

မိန်းမ လေခါတဲ့။ သူတို့က ဆလုံလူမျိုး၊ ပင်လယ်က ကျွန်းပေါ်မှာနေတယ်လေ။

**ဒေါ်သန်းရီ** ဟယ် ဟုတ်လား။ သမီးလေးက ချစ်စရာလေးပဲ။ နေပါဦးသားရယ်။ ရှာရှာဖွေဖွေ သားက ဘယ်လိုလုပ်ပြီး သူနဲ့မှ ဖူးစာဆုံရတာလဲ။ အမေ့ကိုလည်း ပြောစမ်းပါဦး။

**သက်ထူး** ဟုတ်သားပဲ။ သားအခြေအနေတွေကို အမေမှ မသိသေးဘဲ။ သားကို အခုဘဝက အခြေအနေထိ တိုးတက်ပြောင်းလဲလာအောင် လုပ်လိုက်တာ ဆရာဦးချစ်လှိုင်ပါ။ ဆရာ့ကျေးဇူးကြောင့် သားအခုလိုအောင်မြင်ခဲ့တာ။ ဆရာက သားကို ရေတပ်ထဲ ထည့်ပေးခဲ့တယ်။ သားလည်း ကြိုးစားတာနဲ့ ရေတပ်ထဲမှာပဲ ဆယ်တန်းအောင်ပြီး ဘွဲ့ရခဲ့တယ် ဆိုပါတော့။ အခုသားက ဇာဒပ်ကြီး ရေတပ်စခန်းကို ပြောင်းရတယ်။ ဟောဒီ လေခါတို့ရွာက ဇာဒပ်ကြီးကျွန်းနားက “တလွန်း”လို့ ခေါ်တဲ့ ဆလုံရွာလေးပါ။ သူနဲ့ ကျွန်တော်က ရွာဦးဘုန်းကြီးကျောင်းမှာ ဆွမ်းသွားပို့ရင်း ဆုံခဲ့တယ်ဆိုပါတော့ အမေရယ်။ ကဲ လေခါ အမေ့ကို ကန်တော့ကြရအောင်။



**ဒေါ်သန်းရီ** ငါ့သားနဲ့သမီး သက်တော်ရာကျော်ရှည်ပြီး အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်။

**သက်ထူး** ပေးတဲ့ဆုနဲ့ပြည့်ပါစေ အမေ။ ကဲ အမေ သားနဲ့တခါတည်း လိုက်ဖို့ပြင်တော့။ အမေလည်း သားတို့လင်မယားနဲ့အတူ တပ်ထဲက လိုင်းခန်းမှာ လိုက်နေပါ။ ဟိုရောက်ရင် အမေပျော်သွားမှာပါ။ လေခါတို့ ဆလုံရွာကလည်း ပင်လယ်ရဲ့ သဘာဝအလှတွေနဲ့ ချယ်မှုန်းထားလို့ ပျော်စရာသိပ်ကောင်းတာ အမေရဲ့။ လေကောင်း လေသန့်လည်း ရတယ်။ လေခါမှာလည်း အမေမရှိတော့ဘူး။ သားအဖနှစ်ယောက်နေတာ။ ကျွန်တော်တို့ တပ်နဲ့ နီးတော့ မကြာမကြာ သူတို့ရွာကို ရောက်တယ်လေ။

**ဒေါ်အေးတင်** ဟုတ်တယ်။ မသန်းရီ ဘာမှ စိတ်ကူးမလွဲနဲ့။ ရှင့်သားလေးနဲ့ တခါတည်း လိုက်သွား။ ရှင် စိတ်ချမ်းသာမှာ။ အသက်ရှည်မှာ သေချာတယ်။ အသက်ရှင်ပါလျက်နဲ့ ကန်သင်းရိုးပေါ်က စာခြောက်ရုပ်လိုဖြစ်ခဲ့ရတဲ့ ရှင့်ဘဝ ခုတော့ လွတ်ပြီပေါ့။ ကျွန်မလည်း ရွာပြန်မယ်။

**ဒေါ်သန်းရီ** လိုက်မှာပါ မအေးတင်ရယ်။ တကယ်တော့ သားလေးဟာ တပ်မတော်ရဲ့ သားကောင်း တစ်ယောက်ဖြစ်သလို ငါ့ဘဝအတွက်လည်း တကယ့်သားကောင်း ရတနာတစ်ယောက် ပါ။ ကိုယ့်ရွာနဲ့ ကိုယ့်ကျောင်း၊ ကိုယ့်ချောင်းနဲ့ ကိုယ့်လယ်ပြင်၊ ကိုယ့်ဝန်းကျင်နဲ့ ကိုယ့်ဘဝ မှာ ပျော်အောင်နေပြီ မအေးတင်ရေ။

**လေခါ** သမီးကလည်း အစ်ကိုနဲ့ ထပ်တူထပ်မျှ အမေ့ကိုပြုစုပါ့မယ်။ စိတ်မပူပါနဲ့။

**သက်ထူး** ဒေါ်လေး မအေးတင်ကရော အမေနဲ့တခါ တည်းလိုက်ခဲ့လေ။ ဘာဖြစ်လို့ ရွာကို ပြန် တော့မှာလဲ။ ကျွန်တော်ကျွေးနိုင်ပါတယ်။ ဆလုံရွာမှာလည်း ဆလုံလူပျိုကြီးတွေ ရှိပါ တယ်။ ဒေါ်လေးရဲ့။ သူတို့က ရေငုတ်သိပ် ကျွမ်းကျင်တာ၊ ဒေါ်လေးကိုလည်း ရေငုတ် ကျွေးလိမ့်မယ်။

**ဒေါ်အေးတင်** မောင်သက်ထူးကလည်း ဘာတွေပြောနေ တာလဲ။ အသက်ကြီးမှ ရှက်စရာကွယ်။ ငုတ်လည်း မငုတ်နဲ့။ သူတို့ကျွေးတာလည်း မစားပါရစေနဲ့။

**ဒေါ်သန်းရီ** ဒါဆို ညည်းမလိုက်ဘူးလား။



**ဒေါ်အေးတင်** လိုက်မှာပေ့ါ မသန်းရီရဲ့။

(နှင်းရည်ဝင်းနှင့် ကျော်ဗလရောက်ပါစေ)

**နှင်းရည်ဝင်း** လိုက်သွားကြပါရှင်။ မြန်မြန်လိုက်သွားကြ ပါ။ ရှင်တို့ကို ဒီကသွားစေချင်နေတာကြာပြီ။ ကယ်တင်ရှင်က ခုမှ ရောက်လာတာကိုး။

**သက်ထူး** ဟုတ်ပါတယ်ဗျာ၊ ဗန္ဓုကဗ္ဗလာမြကျောက်ဖျာ ကြီး တင်းလာတော့လည်း သကြားမင်း ရောက်လာရတာပေ့ါလေ။ နေပါဦး ခင်ဗျားက အစ်ကိုကြီးမယား ခပ်ကြွားကြွားဆိုတာလား

**နှင်းရည်ဝင်း** မင်းစကားပြောတာ မိုက်ရိုင်းလှချည်လား။ ဒေါက်တာထူးအောင်ကတော်၊ ဟောဒီခြံ ပိုင်ရှင်၊ မိုးကုတ်ကျောက်တွင်းသူဌေးသမီး သိပြီလား။

**သက်ထူး** ဟုတ်ကဲ့၊ ခင်ဗျားနဲ့သိရလို့တော့ ဝမ်းမသာ ချင်ဘူးဗျာ၊ ကျုပ်အစ်ကိုကြီးကို ခင်ဗျားက ငွေနဲ့ ပေါက်ဝယ်ထားတာကိုး။ ဒီမှာ မြေခွေး က ဝံပုလွေတစ်ကောင်ဖြစ်ဖို့ လွယ်ပေမယ့် ဝံပုလွေက လေူတော့ ဖြစ်မလာနိုင်ဘူးနော်။ တကယ့်လူဆိုတာ ကြင်နာတတ်တယ်ဗျ။ လူဖြစ်လာအောင် ကြိုးစားကြစမ်းပါဗျာ။ အဲဒါမှ မြတ်တာဗျ။ သူဌေးသမီးကြီးရဲ့။

**နှင်းရည်ဝင်း** ရှင်ထပ်ပြီး ရိုင်းလာပြန်ပြီ။ စာမတတ်ဘူး လား။

**သက်ထူး** ဟုတ်ကဲ့၊ ဘွဲ့တစ်ခုတော့ ရထားပါတယ်ဗျာ။ ခင်ဗျားတို့သားအဖနှစ်ယောက်ပေါင်းထက် ငါးတန်းကြီးတယ်ပေါ့။

**နှင်းရည်ဝင်း** ပြောလေ မိုက်ရိုင်းလေပါပဲ။ ကျော်ဗလ ငါ့ခြံထဲက ဆွဲထုတ်လိုက်စမ်း။

**ကျော်ဗလ** နားထောင်ကောင်းတယ် မမလေးရဲ့။

**နှင်းရည်ဝင်း** နင်ပါ အလုပ်ပြုတ်သွားချင်သလား။

**ကျော်ဗလ** ဩော်. . မမလေးကလည်း နောက်ပြောတာပါ။ ကျွန်တော်က မမလေးရဲ့ ဘော်ဒီကတ်လေ။ မမလေးကို ထိရင် ဘယ်ခံပါ့မလဲ။ ဒီမှာ ဆရာလေးပါစပ်နဲ့ ကြိုက်သလောက်ပြော လက်နဲ့တော့ မထိနဲ့။ နူတတ်တယ်။ (နှင်းရည်ဝင်း ရုပ်ခံထားစေ)

**သက်ထူး** ကျေးဇူးတင်ပါတယ်။ အမျှော်အမြင်ကြီးလှတဲ့ ကိုကျော်ဗလရယ်။ ပြောချင်သေးတယ်ဗျာ။ ဒီမှာ မိတ်ဆွေကောင်းမကောင်းဆိုတာ ပစ္စည်းဥစ္စာ နည်းပါးလာမှ သိရတယ်ဗျ။ ဆွေမျိုး ကောင်းမကောင်းဆိုတာလည်း ဘေးဒုက္ခကျရောက်မှ သိတယ်။ အခု



ကျုပ်အမေ ဒုက္ခတွေ့နေပြီ။ သွေးတွေလည်းအံလို့၊ ကြည့်စမ်း။ ခင်ဗျားတို့လင်မယားက ဆွေမျိုးမဟုတ်ဘူး။ အရင်းတွေနော်။ ဘာတွေ ကူညီသလဲ။ ဘာတွေလုပ်ပေးသလဲ။ ရပါတယ်။ တစ်နေ့ ကျုပ်အမေလည်း သေရမှာပါ ကျုပ်တို့လည်းသေ၊ ခင်ဗျားတို့ လင်မယားတွေလည်း သေမျိုးချည်းပဲ မဟုတ်လား။ ဒါ သဘာဝပဲလေ။ အဲဒီသေခြင်းတရားတွေရော နားလည်ကြရဲ့လား။ ဒီအချိန်မှာတော့ ခင်ဗျားဟာ ရွှေငွေစိန်ကျောက်၊ နီလာကျောက်နဲ့ ပတ္တမြားတွေ ဝေဆာနေလို့ စိတ်တိုင်းကျနိုင်တဲ့ သူဌေးမတစ်ဦး ဖြစ်နေတာပါ။ သံသရာမှာ ကြီးငယ်မဟူ နေ့မြင်ညပျောက်ပြီး တစ်ဖျောက်ဖျောက်နဲ့ သစ်ရွက်ခြောက် ကြွေသလို သေနေကြတာတွေကို တကယ်မှတ်နေသလား။ ခင်ဗျားတို့မိသားစုဟာ မာန်မာနတွေ အစွန်းရောက်ပြီး တရားမမြင်ပဲ အမှားစခန်းဝင်နေတဲ့သူတွေဗျ။ တစ်နေ့ လူလုံးမလှလို့ အပူလုံးကြွပြီး သေမင်းက လက်ပြခေါ်မှ အမှားတွေ ပြေးမြင်မိပါသဖြင့် ဘုရားတပည့်တော်တို့အား တရားရေအေး တိုက်ကျွေးပါဆိုလို့ မရတော့ဘူး

နော်။

**နှင်းရည်ဝင်း** ကဲ ရှင်ပြောလို့ ဝပြီမဟုတ်လား။ မြန်မြန်ကြွ၊ တော်ကြာပတ်ဝန်းကျင်က ဒီအိမ်မှာမျက်လှည့်ဆရာဆေးလာရောင်းတယ်ထင်နေမယ်။

**ဒေါ်သန်းရီ** လာပါ သားရယ်။ သွားကြစို့။ ဘာမှ ထပ်မပြောနဲ့တော့။

**သက်ထူး** ဩော်.. အစ်ကိုကြီး၊ အစ်ကိုကြီး သမုဒ်ပင်လယ်ကြောမှာ မျောနေတဲ့ ဗေဒါကို လှတယ်ထင်နေတာကို။ ဧရာနဒီက ဗေဒါမှ လှတာဗျ။ လာလေခါ သွားမယ်။ (သက်ထူး၊ လေခါ၊ ဒေါ်သန်းရီ၊ ဒေါ်အေးတင်တို့ ဝင်သွားစေ)

**နှင်းရည်ဝင်း** အမယ်လေး၊ ငါ့ခြံထဲလာပြီး စော်ကားသွားလိုက်တာ၊ ကျော်ဗလ။

**ကျော်ဗလ** ဗျာ၊ မမလေး။

**နှင်းရည်ဝင်း** ပိုးသတ်ဆေးဖြန်းပါတော့လား။

**ကျော်ဗလ** ဟုတ်ကဲ့၊ မမလေးကိုလား။

**နှင်းရည်ဝင်း** မဟုတ်ဘူး။ နင့်အလောင်းကို။

(ကျော်ဗလရုပ်ခံထားစေ)

**(မီးပိတ်)**

## အခန်း (၂၀)

**နေရာ** ကမ်းစပ်စေတီ။

**အချိန်** ညာ။

**အခမ်းအနား** ပင်လယ်ရေပန်းချီကားရှေ့ကျောက်ဆောင်တွင် ထုံးစေတီတစ်ဆူထားရှိရမည်။

**မီး** စေတီအား အဖြူရောင်မီးများ ထွန်းထားရမည်။ လထွက်မည်။

**အသံ** လှိုင်းပုတ်သံအချို့ဖွင့်ထားပြီး၊ စကားပြောသံများ ပီသရမည်။

**ပါဝင်သူများ** (၁) ဦးစတီး
(၂) သက်ထူး
(၃) လေခါ
(၄) ဒေါ်သန်းရီ
(၅) ဒေါ်အေးတင်
(၆) ရွာသူရွာသား

**ဇာတ်ညွှန်း** ဆလုံရွာ သီတင်းကျွတ်ဆီမီးမျှောပွဲတွင် ရွာသူရွာသားအားလုံး ဆင်နွှဲကြစေ။

**(မီးဖွင့်)**

(ဆီမီးမျှောရန်နေရာတွင် ဦးစတီးနှင့် ဒေါ်သန်းရီတို့
တွေ့ကြရမည်။)

**ဦးစတီး** ဒီက မောင်သက်ထူးတို့အမေ ရွာကိုရောက်လာတဲ့အချိန်နဲ့ ရွာက ဆီမီးမျှောပွဲနဲ့ ကြုံကြိုက်တာ သိပ်ကံကောင်းတာပေါ့ဗျာ။

**ဒေါ်သန်းရီ** ဟုတ်ကဲ့ ကျွန်မကုသိုလ်ပေါ့လေ။ ဦးစတီးတို့ဆလုံရွာကလေးက တော်တော်သာယာလှပသားပဲ။ နေချစ်စဖွယ်ပဲနော်။

**ဦးစတီး** ဟုတ်ကဲ့ အခုလို ကျွန်တော်တို့ရွာသာယာစည်ကားတာကလည်း ဇာဒပ်ကြီးရေတပ်ရဲ့ကျေးဇူးပါပဲ၊ ကျွန်တော်တို့ကို လိုလေသေးမရှိအောင် အမြဲစောင့်ရှောက်တယ်လေ။ ဒီက ဒေါ်သန်းရီသား ကျွန်တော့်သားမက်မောင်သက်ထူးကလည်း ရွာကို သံယောဇဉ်သိပ်ရှိတာ။ ရွာသူရွာသားတွေ အားလုံးကသူ့ကို ခင်ကြတယ်။ သူ့ကြောင့် စာကြည့်တိုက်လည်း ပေါ်ပေါက်လာခဲ့တယ်။ ရွာသူရွာသားတွေကလည်း စာဖတ်ဖြစ်ကြတယ်။ သူက စာရေးဆရာဆိုတော့ သိပ်အဆင်ပြေတာပဲ။ တကယ်တော့ မောင်သက်ထူးဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ သားကောင်းရတနာတစ်ယောက်ပါ။ ကျွန်တော့်သမီးနဲ့အကြောင်းဆက် ပေါင်းဖက်ကြတယ်ဆိုကတည်းက ကျွန်တော်သိပ်ဝမ်းသာနေတာ။



**ဒေါ်သန်းရီ** ဟုတ်ကဲ့၊ ကျွန်မသားလေးကို ဦးစတီးတို့တတွေက သားလေးတစ်ယောက်လို သဘောထားပြီး ချစ်ကြ ခင်ကြတယ် ကြားရလို့ဝမ်းသာလှပါတယ်ရှင်၊ ကျေးဇူးလည်းတင်ပါတယ်။

**ဦးစတီး** ကျွန်တော့်စကားမှာ အမှားပါရင် ပြောနော်။ ကျွန်တော့်တို့ဆလုံတွေက ရိုးသားတယ်။ စကားပြောရင်လည်း ပွင့်လင်းတယ်။ ဗမာစကားတော့ သိပ်မတတ်ဘူး။

**ဒေါ်သန်းရီ** ဟုတ်ကဲ့ မမှားပါဘူးရှင်။ ပြောပါ၊ ကျွန်မကလည်း ပွင့်လင်းတာကို သဘောကျပါတယ်။ မပြောတတ်တဲ့ ဗမာစကားတွေကျတော့လဲ ကျွန်မသင်ပေးပါမယ်။ ဦးစတီး ရဲရဲသာပြောပါ။

**ဦးစတီး** ဒါနဲ့ ဒေါ်သန်းရီ ကျွန်တော်တို့ဆလုံရွာမှာပျော်ရဲ့လား။

**ဒေါ်သန်းရီ** ဟုတ်ကဲ့။ ပျော်ပါတယ်။ ကျွန်မလည်း ဆလုံတွေရဲ့ဘဝကို စိတ်ဝင်စားပါတယ်။ သိသင့်

တာလေးတွေလည်း သိချင်ပါတယ်။ ဗဟုသုတရအောင်ပြောပါ ဦးစတီး။ ကျွန်မ စိတ်ဝင်တစား နားထောင်ပါ့မယ်။

**ဦးစတီး** ကျေးဇူးတင်ပါတယ်ဗျာ။ တကယ်တော့ ကျွန်တော်တို့ ဆလုံလူမျိုးတွေဟာ နှစ်ပေါင်းများစွာ အိပ်မောကျနေရာကနေ ခုဆိုရင် ခေတ်ပြတင်းတံခါးကို ဖွင့်ပြီး ကမ္ဘာအရပ်ရပ်ကို ခေါင်းပြူကြည့်တတ်လာပြီဗျ။ ကျွန်တော်တို့ ဆလုံတွေဟာ အနုံညာတ သုညမဟုတ်ဘဲ ဂုဏ်မာနနဲ့ ပြည့်ဝတဲ့ လူမျိုးတွေပါဗျာ။ ကျွန်တော်တို့လူမျိုးတွေကို စော်ကားလာလို့ကတော့ လူတစ်ယောက် မှိန်းတစ်ချောင်းကျန်တဲ့အထိ အနိုင်မခံ အရှုံးမပေးဘဲ အလံမချ မာန်တစ်ဆဆနဲ့ နေတဲ့လူမျိုးဗျ။

**ဒေါ်သန်းရီ** ဟုတ်ကဲ့၊ ဒီက ဦးစတီးက သခင်စတီးလား။ ဦးစတီးလား။ ဒီစကားတွေပြောလို့ မေးကြည့်တာနော်။ စိတ်မဆိုးပါနဲ့။

**ဦးစတီး** ပင်လယ်ပျော် ဦးစတီးပါ။ သခင်စတီးမဟုတ်ပါဘူး။ ရွာမှာ မောင်သက်ထူးက စာကြည့်တိုက်ဖွင့်ပေးထားတယ်လေ။ စာတွေဖတ်ရင်းဖတ်ရင်းနဲ့ ဗဟုသုတတိုးလာပြီး ဒီစကား



တွေ ပြောတတ်လာတာပါ။

**ဒေါ်သန်းရီ** ဟုတ်ကဲ့ ပြောပါဦး၊ နားထောင်လို့ ကောင်းတယ်နော်။

**ဦးစတီး** ဒေါ်သန်းရီက သားလေးမောင်သက်ထူးကို အစက မိုက်တယ်လို့ ထင်ခဲ့သေးတယ်နော်။ ဒါက ဒီလိုရှိပါတယ်။ 'ပ'စောက်ကို အထက်စီးက အမြင်မှာ ပစောက်လို့ မြင်တယ်။ ဘေးကကြည့်တော့ 'င'ပေါ့။ အောက်ကကြည့်တော့ 'ဂ'ငယ်ဖြစ်နေရော။ ဘယ်လိုပဲကွာခြားပေမယ့် စာလုံးတစ်လုံးထဲ မဟုတ်လား။ ကောင်းတာကို သုံးသပ်ပြီး မြင်တတ်ဖို့ပဲ လိုပါတယ်။ တကယ်တော့ ဒေါ်သန်းရီသားဟာ သားပါပဲ။ ကောင်းတဲ့အမြင်နဲ့ကြည့်ရင် သားကောင်းပေါ့ဗျာ။ ဘာမှ ငြင်းစရာမလိုပါဘူး။

**ဒေါ်သန်းရီ** မှန်လိုက်လေ။ ဗမာစကားသိပ်မတတ်လို့ပဲနော်။ ဒါနဲ့ ဦးစတီးက ရွာမှာမြန်မာစာကျူရှင်ဖွင့်ထားသလားလို့ပါ။

**ဦးစတီး** ကြံကြံဖန်ဖန်ဗျာ၊ ဒေါ်သန်းရီက တယ်နောက်တာကိုး။ ကျွန်တော်က စာကြည့်တိုက်

မှာ စာဖတ်တယ်လေ။ ပြောပြီးပြီပဲ။

**ဒေါ်သန်းရီ** ဟုတ်တာပေါ့လေ။ စာဖတ်တော့လည်း စာတတ်တာပေါ့။ နောက်ထပ် ဘာစာအုပ်တွေများ ဖတ်ထားသေးသလဲ။ (ပြောပါဦး)

**ဦးစတီး** မောင်သက်ထူးဟာ သဘောကောင်းသလောက် ရုပ်ကလည်း ချောတယ်နော်။ ဒေါ်သန်းရီကိုလည်း ကျွန်တော်အကဲခတ်လို့ရပါတယ်။ အပွေးမြင် အပင်သိဆိုသလို ဥဩတွန်တာနဲ့ နွေရာသီဆိုတာ သိရပေါ့ဗျာ။ ကလေးဘဝမှာ ရင်က ဝေဒနာပေါ်လာရင် မကြာခင်ပျောက်ကင်းသွားသတဲ့။ လူငယ်ကျတော့ ခံစားနေရတဲ့ အသည်းဝေဒနာကို တခါတည်း ကမ္ဗည်းတင်ကြတော့တာပဲ။ လူကြီးဘဝကျတော့လည်း ဝေဒနာဖိစီးလာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တမှတ်ပြီး ဖျောက်ရတာပေါ့။ ကျွန်တော်ကတော့ လူငယ်ဘဝကို သဘောကျတယ်။ ဒါကြောင့် မောင်သက်ထူးကို ချစ်စရာကောင်းတယ်လို့ ပြောတာပေါ့။ ဟောဒီက မောင်သက်ထူးအမေဆိုရင်လည်း ဒီလိုပဲနော်။ သားနဲ့တူတဲ့ အမေဆိုတာ ဒါမျိုးလား မသိဘူး။ သဘောလည်း ကောင်းတယ်။



ရုပ်လည်း ချောတယ်။ ဒါကြောင့် ချစ်စရာ။

**ဒေါ်သန်းရီ** (တုန်တုန်ရီရီဖြင့်) သားရေ မြန်မြန်လာပါဟဲ့။ အမယ်လေး နင်တို့ကလည်း ဘယ်ရောက်နေကြတာလဲ၊ နင့်ယောက္ခမကြီးက ဗမာစကားသိပ်မတတ်ဘူးတဲ့။ အမေကို ရုပ်ကလည်း ချော၊ ချစ်စရာလည်း ကောင်းတယ်တဲ့။ အမေတော့ သွေးအံလို့မသေဘဲ ဒါကြီးနဲ့ တွေ့မှ အသက်ထွက်တော့မယ် ထင်တယ်။

**ဦးစတီး** စကားဥပမာပေးတာပါဗျာ၊ ကျွန်တော်လည်း ကျန်းမာရေးက ဒီလောက်မကောင်းပါဘူး။ သိပ်လည်း အထင်မကြီးပါနဲ့ ဒေါ်သန်းရီရယ်။

**လေခါ** အဖေက နောက်တတ်တယ် အမေရဲ့။ အမေ့သားနဲ့ တွေ့ပြီးတည်းက သားကောင်းတစ်ယောက်တော့ ရပြီဆိုပြီး ပျော်နေတာ။

**ဒေါ်သန်းရီ** ကဲ ဒီလိုဆို အားလုံးပျော်ကြရအောင်နော်။

(သီချင်းဝင်ရမည်)

ဖြူစင်နှလုံးသား ထက်မြတ်စွမ်းအားအလီလီ ×××
ပြည့်စုံအရင်းတည် အားမာန်ဝင့်ချီ တို့လူငယ်များသည် ×××
မျိုးချစ်စိတ်ဓာတ်မှန်ကန်ရဲရင့်တည်ကြည် ×××
နိုင်ငံတော်အတွက် အစဉ်အမြဲရပ်တည်နေမည် ×××

မြန်မာ့အလှမြေသည် အားသစ်ဝေစီ ထူးတင့်ဂုဏ်ရည် ×××

ဖွံ့ဖြိုးအလှစည်   မြန်မာ့ရွှေပြည် ×××
ခေတ်အသွင်အမြင်ဆန်း ပန်းခင်းသည့်လမ်းလျှောက်လှမ်း
ကိုယ်စီ ×××
ဆန္ဒတူညီ သံသယသွေဖြီ အမှန်ဘဝအခြေတည်ကြံဆ
ရှယ်ရည် ×××
ဒီမိုကရေစီ နိုင်ငံတော်သစ် အခြေအမြစ်ခိုင်မာစွာဆောက်တည်
တိုင်းရင်းသားမောင်နှမများ လက်တွဲချစ်ကြည် စုစည်းညီညီ
မြန်မာ့အလှမြေသည် အားသစ်ဝေစီ ထူးတင့်ဂုဏ်ရည်
သားကောင်းရတနာ မွန်မြတ်လှပေသည်။

**(တဖြည်းဖြည်း ပြည်ဖုံးကားပိတ်)**

❖ ❖ ❖ ❖ ❖



၂၀၀၉ ခုနှစ် စာပေဗိမာန်စာမူဆု

ပြဇာတ်စာပေ တတိယဆုရ

# လူငယ်အားမာန်နှင့် သားကောင်းရတနာပြဇာတ်များ

ရေးသူ - တင်ထွန်းဦး (ယဉ်ကျေးမှု)

အဖ ဦးမောင်ကြီးနှင့် အမိ ဒေါ်လှချိုတို့မှ ၁၉၄၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၌ မွေးဖွားသည်။

လွမ်းစေတီဘုရားကြီးကျောင်းတိုက်ရှိ ဆရာတော် ဦးသုမနကျောင်းနှင့် အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ တပ်မတော် (လေ) တွင် အမှုထမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်မှ အငြိမ်းစားယူသည်အထိ အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး (ပြဇာတ်စာရေးဆရာ၊ ဒါရိုက်တာ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) တွင် ပြဇာတ်အကဲဖြတ် အတွင်းရေးမှူးအဖြစ် တာဝန်ယူရသည်။

နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှစ၍ ဟာသဝတ္ထုများ ရေးသားပြီး စာပေနယ်ထဲသို့ ရောက်ရှိခဲ့သည်။ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆု ငါးကြိမ်၊ မြဝတီစာပေဆု (ဆောင်းပါး) နှစ်ကြိမ် ရရှိခဲ့သည်။

အမည်ရင်း ဦးတင်ထွန်းဦး ဖြစ်သည်။

နေရပ်လိပ်စာ- အမှတ် (၆၆၀)၊ ဝရဏာ (၄) လမ်း၊
၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။